# နိဒါန်း
# ကျမ်းပြုပုဂ္ဂိုလ်ရှင်မာတေဦးဘဝမှတ်တမ်း

ကျမ်းပြုပုဂ္ဂိုလ် **မာတေဦး**သည် **ဂါလိလေ**နယ်မှ**ဂျူး**လူမျိုး **အာလ်ဖေ**၏သား ဖြစ်သည် (မာ၂း၁၄) သူသည်အခွန်ခံသူအဖြစ် အမှုထမ်းသူဖြစ်၏(လု၅း၁၇)။ သခင်**ယေရှု**၏နောက်လိုက်တပည့်မဖြစ်မီ၊ သူ၏အမည်မှာ **လေဗီ**ဖြစ်၏ သူသည် **တိဘေရိယ**အိုင် အနီးတွင် သခင်**ယေရှု**နှင့်တွေ့ပြီး "ငါ့နောက်သို့ လိုက်ခဲ့လော့"ဟု ကိုယ်တော်ခေါ်တော်မူသောအခါ ကိုယ်တော်၏ နောက်တော်သို့လိုက်သဖြင့် တပည့်တော် တစ်ဆယ့်နှစ်ပါးတွင် **မာတေဦး**(ဘုရားသခင်ပေးသနားတော်မူသောဆုကျေးဇူး) အမည်ဖြင့် တစ်ပါး အပါအဝင် ဖြစ်လာသည်။

သခင်**ယေရှု** ကောင်းကင်ဘုံသို့တက်ကြွတော်မူပြီးနောက်၊ **မာတေဦး**သည် လူမျိုးခြားတို့ အလယ်၌၊ သတင်းကောင်းကိုဟောပြောရန်မသွားမီ၊အေဒီ(၅၀)ခုနှစ်တွင်**မာတေဦး**ကဤသတင်းကောင်းကို**အာရမိုက်**ဘာသာစကားဖြင့်ရေးသားခဲ့သည်။ခရစ်ယာန်ဘာသာကိုသက်ဝင်ယုံကြည်လာကြသောလူမျိုးခြားတို့အတွက်လည်းရည်ရွယ်၍ အေဒီ(၆၅)ခုနှစ်တွင်ဤကျမ်းကို**ဂရိ**ဘာသာစကားသို့ ပြန်ဆို ရေးသားခဲ့သည်။ ထိုသို့ပြန်ဆိုရာတွင် **မာတေဦး**ကိုယ်တိုင် (သို့မဟုတ်)**ဂရိ**ဘာသာစကားကို ကျွမ်းကျင်သော အခြားသူတစ်ဦးမှ ပြန်ဆိုထားကြောင်းကိုမူ အတိအကျ မသိရချေ။

ရှေးထုံးသက်သေအရ၊ **မာတေဦး**သည်**ပါလက်စတိုင်း**ပြည်အတွင်းရှိ၊ **ဂျူး**လူမျိုးများကို တရားဒေသနာဟောကြားခဲ့၏။ နောက်ပိုင်းတွင်၊ **ပါလက်စတိုင်း**ပြည်ပသို့ထွက်၍ **အီသီယိုပီးယ**၊ **ပါရှား**၊ **ဆီးရိယ**၊ **ဂရိ**နှင့် **အိုင်ယာလန်**နိုင်ငံများသို့တိုင် သွားရောက်၍တရားဒေသနာဟောကြားခဲ့ပြီး တရားတော်အတွက်အသေခံခဲ့သောသူဖြစ်သည်။

## ရှင်မာတေဦးကျမ်းရေးသားပြုစုထားပုံ

**မာတေဦး**သည် သခင်**ယေရှု** အကြောင်းကို၊ အဖြစ်အပျက်၊အစီအစဉ်အတိုင်း ရေးသားရန်မရည်ရွယ်ခဲ့ပေ။ သို့သော် မတူညီသော အချက်အလက်များကို စုစည်း ရေးသားခဲ့ပြီး၊ သခင်**ယေရှု**သည် **မိုးဇက်**အသစ်ဖြစ် ကြောင်းနှင့်၊ ကယ်တင်ရှင်မက်ဆိယ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ကိုယ်တော်သည်၊ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်ထားတော်မူသော ကတိတော်နှင့်အညီ၊ ကြွလာတော်မူမည့်ကယ်တင်ရှင်ဖြစ်ကြောင်း၊သတင်းကောင်းကိုကြေညာရာတွင် **ဂျူး**လူမျိုးများအတွက်သာမက၊ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့အတွက်ကြေညာခြင်းဖြစ်သည်။

**မာတေဦး**သည် သခင်**ယေရှု**ဟောတော်မူသော တရားဒေသနာတော်ကို အပိုင်းကဏ္ဍ(၅)ခု အောက်တွင် စုစည်းထားသည်။ ယင်းတို့မှာ–

(၁) တောင်ပေါ်ဒေသနာတော် (အခန်းကြီး ၅–၇)
(၂) နိုင်ငံတော်နှင့်ဆိုင်ရာ သတင်းကောင်းကိုဟောပြောရန် တမန်တော်ကြီးများကို ညွှန်ကြားခြင်း (အခန်းကြီး ၁၀)
(၃) ဘုရားသခင် နိုင်ငံတော်နှင့် ခိုင်းနှိုင်းသော ပုံဥပမာများ (အခန်းကြီး ၁၃)
(၄) သခင်**ယေရှု**၏ နောက်လိုက် တပည့်များ၌ ရှိသင့်သော ကျင့်စဉ်များ (အခန်းကြီး ၁၈) နှင့်
(၅) ကပ်ကမ္ဘာကုန်ဆုံးမည့် အကြောင်းနှင့် ဘုရားသခင်နိုင်ငံတော်တည်ထောင်မည့်အကြောင်းကြိုတင် ဟောကြားခြင်း (အခန်းကြီး ၂၄–၂၅)

# အခန်းကြီး (၁)

## သခင်ယေရှု၏ဆွေစဉ်မျိုးဆက်

(လု၊၃း၂၃-၃၈)

၁။ [၁]**အာဗြဟံ**၏သားတော်၊ **ဒေးဗစ်**၏သားတော်
ဖြစ်တော်မူသော ခရစ်တော်**ယေရှု**၏ဆွေတော်စဉ်
၂။ မျိုးတော်ဆက်ဟူမူကား။ **အာဗြဟံ**၏ သား
**အီဇတ်**၊ **အီဇတ်**၏သား **ယာကုပ်**၊ **ယာကုပ်**၏
သားများမှာဂျူဒနှင့် ညီအစ်ကိုတစ်စု တို့ဖြစ်ကြ
၃။ ၏။ **ဂျူဒေယပြည်**တွင်**တာမာ**မှဖွားမြင်သောသား
**ပဲရက်**နှင့်**ဇာရ**။
၄။ **ပဲရက်**၏သား **ဟေဇရုံ**။ **ဟေဇရုံ**၏သား **အာရမ်**။
**အာရမ်**၏သား**အာမီးနာဒပ်**၊ **အာမီးနာဒပ်**၏သား
**နာရှွန်**၊ **နာရှွန်**၏သား **ဆောလမုန်**။
၅။ **ဆောလမုန်**တွင် **ရာဟပ်**မှ ဖွားမြင်သော **ဘိုဇ်**၊
**ဘိုဇ်**တွင်**ရုသ်**မှဖွားမြင်သော**သြဘက်**၊**သြဘက်**၏
၆။ သား**ဂျက်ဆေ**။ **ဂျက်ဆေ**၏သားမှာ **ဒေးဗစ်**မင်း
ကြီးဖြစ်သတည်း၊**ဒေးဗစ်**မင်းကြီးတွင်**ဥရိယ**၏ဇနီး
ဖြစ်ခဲ့ဖူးသောမိန်းမမှဖွားမြင်သောသား**ဆောလမုန်**၊
၇။ **ဆောလမုန်**၏သား **ရေဟောဘိုအမ်**၊ **ရေဟောဘို
အမ်**၏သား**အာဘိယ**၊**အာဘိယ**၏သား**အာဆပ်**။
၈။ **အာဆပ်**၏သား**ယောရှဖတ်**၊**ယောရှဖတ်**၏သား
**ဂျိုရမ်**၊ **ဂျိုရမ်**၏သား **ဥဇိယ**။
၉။ **ဥဇိယ**၏သား **ဂျိုသမ်**၊ **ဂျိုသမ်**၏သား **အာဟတ်**
၁၀။**အာဟတ်**၏သား **ဟေဇေကိယ**။ **ဟေဇေကိယ**၏
သား**မာနာဆေ**၊**မာနာဆေ**၏သား**အာမွန်**၊ **အာမွန်**
၁၁။ ၏သား**ဂျိုစီယ**။**ဂျိုစီယ**၏သား**ယေခိုနီယ**နှင့်သူ၏
ညီအစ်ကိုတစ်စုတို့သည်**ဗာဗီလုံ**ပြည်သို့အကျဉ်း
သားအဖြစ်ခေါ်ဆောင်သွားခြင်းခံခါနီး ကာလတွင်
၁၂။ မွေးဖွားခဲ့ကြ၏။**ဗာဗီလုံ**ပြည်သို့ခေါ်ဆောင်သွား
ခြင်းခံရပြီးနောက်**ယေခိုနီယ**၏သား**စလာသီအဲလ်**၊
**စလာသီအဲလ်**၏သား**ဇယ်ရုဗာဘဲလ်**။
၁၃။**ဇယ်ရုဗာဘဲလ်**၏သား **အာဘီယု**၊ **အာဘီယု**၏
သား**အေလိယကိမ်**၊**အေလိယကိမ်**၏သား**အာဇော်**
၁၄။**အာဇော်**၏သား**ဇာဒေါက်**၊**ဇာဒေါက်**၏သား**အာခိမ်**၊
**အာခိမ်**၏သား **အေလိယု**။
၁၅။**အေလိယု**၏သား **အေလိယာဇာ**၊ **အေလိယာဇာ**၏
၁၆။ သား**မာသန်**၊ **မာသန်**၏သား **ယာကုပ်**။**ယာကုပ်**၏
သားသည်ကား**မာရိယ**၏ ခင်ပွန်းဖြစ်သော **ဂျိုးဇက်**
ပေတည်း၊**မာရိယ**မှခရစ်တော်ဟုခေါ်ဝေါ်သမုတ်ခြင်း
ခံရသော **ယေရှု**ကို ဖွားမြင်လေ၏။

၁၇။ ဤသို့ဖြင့် ဆွေမျိုးစဉ်ဆက်စုစုပေါင်းကား**အာဗြ
ဟံ** မှ **ဒေးဗစ်**တိုင်အောင် တစ်ဆယ့်လေးဆက်၊
**ဒေးဗစ်**မှစ၍ **ဗာဗီလုံ**ပြည်သို့ ဖမ်းဆီးခေါ်ဆောင်
သွားခြင်းခံရသည့် အချိန်တိုင်အောင်တစ်ဆယ့်လေး
ဆက်၊**ဗာဗီလုံ**ပြည်သို့ဖမ်းဆီးခေါ်ဆောင်သွားခြင်း
ခံရသည့်အချိန်မှစ၍ခရစ်တော်သခင်တိုင်အောင်တစ်
ဆယ့်လေးဆက်ဖြစ်သတည်း။

## သခင်ယေရှုဖွားမြင်တော်မူခြင်း

၁၈။ ခရစ်တော်**ယေရှု** ဖွားမြင်တော်မူခြင်းကား ဤသို့
ဖြစ်သတည်း။ ကိုယ်တော်၏ မယ်တော်ဖြစ်သော
**မာရိယာ**သည်**ဂျိုးဇက်**နှင့်စေ့စပ်ထိမ်းမြားထားစဉ်
အတူ မပေါင်းသင်းမီ သန့်ရှင်းသောဝိညာဉ်တော်
အားဖြင့် ပဋိသန္ဓေစွဲလျက်ရှိသည်ကို တွေ့ရ၏။
၁၉။ သူမ၏ခင်ပွန်း **ဂျိုးဇက်**သည် ဖြောင့်မတ်သောသူ
တစ်ယောက်ဖြစ်သည်နှင့်အညီ သူမအား အရှက်
တကွဲမဖြစ်စေလိုသောကြောင့်တိတ်တဆိတ်စွန့်ခွာ
၂၀။ မည်ဟုရည်ရွယ်ခဲ့၏။ ထိုသို့ ကြံစည်နေခိုက်တွင်
ထာဝရ ဘုရားသခင်၏ကောင်းကင် တမန်သည်
အိပ်မက်၌ ထင်ရှားပြ၍ဆိုသည်မှာ**ဒေးဗစ်**၏သား
**ဂျိုးဇက်**၊ သင်၏ခင်ပွန်း **မာရိယာ**ကို ထိမ်းသိမ်း
စောင့်ရှောက်ရန်မကြောက်ရွံ့လေနှင့်။အကြောင်းမူ
ကားသူမ၏ဝမ်းထဲ၌စွဲသောပဋိသန္ဓေသည်သန့်ရှင်း
သော ဝိညာဉ်တော်အားဖြင့် ဖြစ်၏။
၂၁။ သူမသည် သားယောကျ်ားကို ဖွားမြင်လိမ့်မည်၊
သူ၏အမည်ကို**ယေရှု**[၂]ဟုသင်မှည့်ခေါ်ရလိမ့်မည်။
အဘယ်ကြောင့်ဆိုသော်သူသည်မိမိလူမျိုးကိုသူတို့
၏အပြစ်များမှကယ်ချွတ်မည့်သူ ဖြစ်သောကြောင့်
၂၂။ တည်းဟုဆို၏။ ဤအကြောင်းအရာအားလုံးသည်
ကား ထာဝရဘုရားသခင်သည်ပရောဖက်အားဖြင့်
ပေးတော်မူခဲ့သော ဗျာဒိတ်တော် ပြည့်စုံစေမည့်
၂၃။ အကြောင်း ဖြစ်သတည်း။ ဗျာဒိတ်တော်ဟူမူကား
"ကြည့်လော့၊ သမီးကညာသည် ပဋိသန္ဓေစွဲယူ၍
သားယောကျ်ားကိုဖွားမြင်လိမ့်မည်။ သူ၏အမည်
ကို **ဧမာနုအဲလ်**ဟုမှည့်ခေါ်ကြလိမ့်မည်။အဓိပ္ပာယ်
မှာ ငါတို့နှင့်အတူ ရှိတော်မူသောဘုရားဟုဆိုလို
၂၄။ သတည်း။ **ဂျိုးဇက်**သည် အိပ်ပျော်နေရာမှနိုးလာ
လျှင် ထာဝရဘုရား၏ ကောင်းကင် တမန်တော်
မိန့်မှာသည့်အတိုင်းပြု၍ သူ၏ခင်ပွန်း**မာရိယ**ကို
ထိမ်းသိမ်းစောင့်ရှောက်လေ၏။ ထို့နောက်သူမ

---

၁/၁း၁ ခရစ်တော်ယေရှုသည် အာဗြဟံမှဆင်းသက်၍ဒေးဗစ်၏သား တော်ဖြစ်သည်ဟု ဆိုလိုသည်။

၂/၁း၂၁ "ယေရှု"ဟူသော အမည်သည်ကား ဟေဗြူးဘာသာ စကားဖြင့် "ယေဟိုရှုအ"မှ ဆင်းသက်လာ၍ အနက်အဓိပ္ပာယ်မှာ"ထာဝရဘုရားသခင်သည် ကယ်တင်တော်မူ၏။"ဟု ဆိုလိုသည်။

သည်သားဦးကိုဖွားမြင် သည့်တိုင်အောင်**ဂျိုးဇက်**[၃]
၂၅။ သည်သူမကို မပေါင်းသင်းဘဲနေလေ၏။ ဖွားမြင်
သောသားကိုလည်း **ယေရှု**ဟူသောအမည်ဖြင့်မှည့်
ခေါ်လေ၏။

## အခန်းကြီး(၂)

## မင်းပညာရှိများလာရောက်ဖူးမျှော်ကြခြင်း

၁။ **ဟေရုဒ်**မင်းကြီးလက်ထက် **ဂျူဒေယ**ပြည် **ဘက်သ**
**လေဟင်**မြို့[၁]တွင်**ယေရှု**ဖွားမြင်သောအခါအရှေ့တိုင်း
နိုင်ငံများမှ နက္ခတ္တပညာရှင် မင်းကြီးများသည်
၂။ **ဂျေရုဆလင်**မြို့သို့ ရောက်လာကြ၏။ သူတို့ကမေး
မြန်းကြသည်မှာ ယခုဖွားမြင်တော်မူသော၊**ဂျူး**လူမျိုး
တို့၏ ရှင်ဘုရင်သည် အဘယ်မှာရှိတော်မူသနည်း၊
ငါတို့သည် သူ၏ ကြယ်ကို အရှေ့ပြည်၌မြင်ကြရ
သည်ဖြစ်၍ သူ့ကိုဖူးမျှော်ပူဇော်ရန် ရောက်လာကြ
၃။ ခြင်းဖြစ်သည်ဟုဆိုကြ၏။ ထိုအကြောင်းကို ကြား
လျှင် **ဟေရုဒ်**မင်းကြီးနှင့်တကွ **ဂျေရုဆလင်**တစ်မြို့
လုံးသည် တုန်လှုပ်ချောက်ချားခြင်း ဖြစ်ကြ၏။
၄။ **ဟေရုဒ်**မင်းကြီးသည် ရဟန်းအကြီးအကဲများနှင့်လူ
တို့အထဲမှ ကျမ်းတတ်ဆရာများကို စုဝေးစေလျက်
**ခရစ်တော်**သည်မည်သည့်အရပ်တွင် မွေးဖွားခြင်းခံရ
လိမ့်မည်နည်းဟု မေးမြန်းလေ၏။
၅။ ထိုသူတို့ကလည်း **ဂျူဒေယ**ပြည်**ဘက်သလေဟင်**မြို့
တွင်ဖွားမြင်ပါလိမ့်မည်။ပရောဖက်တစ်ပါးရေးထားခဲ့
၆။ သောကျမ်းတွင်၊အို**ဂျူဒေယ**ပြည်**ဘက်သလေဟင်**မြို့
**ဂျူဒေယ**မြို့များအလယ်တွင် သင်သည် မေးမိုန်သိမ်
ငယ်သော မြို့မဟုတ်၊ အကြောင်းမူကား ငါ၏**အစ္စ**
**ရေးလ်**လူမျိုးကိုအုပ်စိုးမည့်ဘုရင် တစ်ပါးသည်သင်
၏အထဲမှ ပေါ်ထွန်းလိမ့်မည်[၂]ဟု ဟောကြားထားခဲ့
ကြောင်း **ဟေရုဒ်**မင်းကြီးအား လျှောက်ထားကြ၏။
၇။ ထိုအခါ **ဟေရုဒ်**မင်းကြီးသည် ပညာရှင်မင်းကြီးတို့
အား လျှို့ဝှက်စွာခေါ်ပြီးလျှင် ကြယ်ပေါ်ထွန်းသော
အချိန်ကာလကိုသေချာစွာမေးမြန်းလေ၏။
၈။ ထို့နောက်သူက သင်တို့ သွားကြ၍ ထိုသူငယ်ကို
ရှာဖွေကြလော့။ တွေ့လျှင်ငါသည်လည်းလာ၍သူ့ကို
ဖူးမျှော်ပူဇော်နိုင်ရန် ငါ့ထံသို့လာရောက်အကြောင်း
ကြားကြပါဟုမိန့်မှာလျက် ထိုသူတို့ကို**ဘက်သလေ**
၉။ **ဟင်**မြို့သို့ စေလွှတ် လိုက်လေ၏။ ထိုသူတို့သည်
မင်းကြီး၏ စကားကိုကြားနာပြီးမှ ထွက်ခွာသွားကြ
သောအခါ အရှေ့တိုင်းနိုင်ငံတွင်သူတို့မြင်ခဲ့ကြသော
ကြယ်သည် ရုတ်တရက်ပေါ်လာ၍ သူတို့ရှေ့မှ ဦး
ဆောင်သွားရာ သူငယ်တော်ရှိသော အရပ်ပေါ်သို့
၁၀။ ရောက်လျှင် ရပ်တန့်နေလေ၏။ သူတို့သည်လည်း
ကြယ်ကိုမြင်ကြသောအခါအလွန်ဝမ်းမြောက်ဝမ်းသာ
ဖြစ်ကြ၏။
၁၁။ အိမ်ထဲသို့ဝင်ကြလျှင်သူငယ်တော်ကိုသူ၏မယ်တော်
**မာရိယာ**နှင့်အတူတွေ့မြင်ကြသောကြောင့်ပျပ်ဝပ်ရှိခိုး
ကြလျက် မိမိတို့ ဘဏ္ဍာပစ္စည်းတို့ကို ဖွင့်ကြပြီး ရွှေ၊
လော်ဗန်နှင့် မီးရား[၃]တို့ကို ဆက်ကပ်ကြ၏။
၁၂။ ထို့နောက်**ဟေရုဒ်**မင်းကြီးထံသို့မပြန်ကြရန်အိပ်မက်
၌သတိပေးခြင်းခံရသဖြင့်သူတို့သည်မိမိတို့တိုင်းပြည်
သို့ အခြားသောလမ်းဖြင့် ပြန်သွားကြ၏။

## အီဂျစ်ပြည်သို့ထွက်ပြေးတိမ်းရှောင်ခြင်း

၁၃။ ထိုသူတို့ထွက်ခွာ သွားကြပြီးနောက် ထာဝရဘုရား
၏ကောင်းကင်တမန်တော်သည် အိပ်မက်၌**ဂျိုးဇက်**
အား ထင်ရှားပြ၍ ပြောသည်မှာ ထလော့၊ သူငယ်
တော်နှင့် သူ၏ မယ်တော်ကို ခေါ်ဆောင်ပြီးလျှင်
**အီဂျစ်**ပြည်သို့ ထွက်ပြေးတိမ်းရှောင်လော့၊ နောက်

---

**၃/၁း၂၅** "သားဦးကိုဖွားမြင်သည့်တိုင်အောင်"ဟုဆိုရာတွင်ဤကျမ်းချက်အရ သားဦးကိုဖွားမြင်ပြီးသည်နောက် ဂျိုးဇက်သည်မာရိယနှင့် ပေါင်းသင်းတော့သည်ဟုမဆိုလို၊ကျမ်းရေးပုဂ္ဂိုလ်ဖော်ပြလိုသည်မှာမယ်တော်မာရိယ၌ကညာစင်မပျက်ဘဲ၊စွဲသောပဋိသန္ဓေသည်ဂျိုးဇက်နှင့်မသက်ဆိုင်ဘဲသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဖြစ်သည်ဟူ၍သာ ဆိုလိုခြင်းဖြစ်သည်။ ဂရိဘာသာစကားတွင် 'တိုင်အောင်'ဖြစ်သည်ဟူသော စကားလုံးကို၊ အသုံးပြုသောကျမ်းစာ၌ရှေးထုံးသက်သေကိုကောက်ကြည့်ပါက၊ လာလတ္တံ့သောအနာဂတ်ကာလအတွက်မဆိုလို၊လွန်ခဲ့ပြီးသောအတိတ်ကာလအတွက်ကိုသာ ဆိုလိုသည်။ ဤကဲ့သို့အဓိပ္ပာယ်ကောက်ယူရကြောင်း၊ ဤကျမ်းချက်နှင့်အလားတူကျမ်းချက်များကိုနှိုင်းယှဉ်နိုင်သည်။

ဥပမာ ကမ္ဘာဦးကျမ်း၈း၇တွင်"ကျီးသည်ရေခမ်းသည့်တိုင်အောင်ပြန်မလာ"ဟုဆိုရာ၌နောင်တွင် ပြန်လာသည်ဟုမဆိုလို။ ဓမ္မရာဇဝင်ဒုတိယစောင်၆း၂၃တွင်လည်း"မိခါလသည်သေသည့်တိုင်အောင်ပဋိသန္ဓေမစွဲ"ဟုဆိုရာ၌ သေပြီးသည် နောက်တွင် ပဋိသန္ဓေစွဲသည်ဟုမဆိုလိုကြောင်းသိနိုင်၏။

"သားဦး"ဟုခေါ်ရာတွင်လည်း နောင်တွင်သားသမီးမွေးသည်ဟုမဆိုလို ကျမ်းစာ၌အသုံးပြုသည်မှာတစ်ဦးတည်းသောသားကိုလည်းသားဦးဟုခေါ်လေ့ရှိသည်။

ထိုကဲ့သို့မာနာဆေ၏တစ်ဦးတည်းသောသားဘာခ်ရ်ကိုသားဦးဟု ခေါ်သည်။ (ဂျိုရှုအ ၁၇း၁) လက်ဝါးကပ်တိုင်ပေါ်တွင် တွဲလွဲနေတော်မူသော သခင်ယေရှုသည် မယ်တော်ကို ကြည့်ရှုစောင့်ရှောက်ရန် မှာထားသောအခါ၊ မယ်တော်၌ကိုယ်တော်အပြင်၊ အခြားသားသမီးများရှိခဲ့ပါလျှင်အဘယ်ကြောင့်ထိုသားသမီးတို့ကိုမမှာကြားဘဲ၊ယောဟန်ကိုမှာထားတော်မူရသနည်း။ (ရဟန္တာ– ခရီစောစတုံ)

**၁/၂း၁** ဂျူဒေယပြည် ဘက်သလေဟင်မြို့ဟု ခေါ်ရခြင်းမှာ ဂါလိလေနယ်တွင် ဘက်သလေဟင်မြို့တစ်မြို့ရှိသောကြောင့်ဖြစ်သည်။ ဘက်သလေဟင်၏ အဓိပ္ပာယ်ကား "မုန့်၏အိမ်"ဟုဆိုလိုသည်။

**၂/၂း၆** မိက္ခာအနာဂတ္တိကျမ်း ၁း၂

**၃/၂း၁၁** ရွှေ၊လော်ဗန်၊မီးရာ။ရွှေသည်ရှင်ဘုရင်အဖြစ်၏အမှတ်လက္ခဏာ၊ လော်ဗန်သည် ဘုရားအဖြစ်အမှတ်လက္ခဏာ၊ မီးရားသည်သေခြင်းနှင့်မကင်းသော လူသားအဖြစ်၏ အမှတ်လက္ခဏာဖြစ်ကြသည်။ မီးရာ ဆိုသည်မှာ အလောင်းများကို မပုပ်မပျက်ရအောင်၊အသုံးပြုသောအမွှေးအကြိုင်ဖြစ်သည်။

တဖန်ငါပြောဆိုမည့်အချိန်တိုင်အောင် ထိုအရပ်တွင်
နေထိုင်လော့၊အကြောင်းမူကား**ဟေရုဒ်**မင်းကြီးသည်
သူငယ်တော်ကို သတ်ရန် ရှာဖွေလိမ့်မည်ဟုဆို၏။
၁၄။ **ဂျိုးဇက်**သည်လည်းထ၍ သူငယ်တော်နှင့်မယ်တော်
ကိုခေါ်ဆောင်ကာ ညတွင်းချင်းပင် **အီဂျစ်**ပြည်သို့
၁၅။ ထွက်ခွာသွားပြီး။ **ဟေရုဒ်**မင်းကြီးအနိစ္စရောက်သည့်
တိုင်အောင် ထိုအရပ်တွင် နေထိုင်လေ၏။ ဤ
အကြောင်းအရာသည်ကားငါ၏သားကို**အီဂျစ်**ပြည်
မှ ငါခေါ်ဆောင်ခဲ့ပြီဟူ[၄]၍ ပရောဖက်အားဖြင့်
ထာဝရ ဘုရားမိန့်တော်မူသော ဗျာဒိတ်တော်
ပြည့်စုံစေမည့် အကြောင်းဖြစ်သတည်း။

## ဘက်သလေဟင်မြို့ရှိသူငယ်များသတ်ဖြတ်ခံရခြင်း

၁၆။ ပညာရှိမင်းကြီးများသည် မိမိအားလှည့်စားသွားကြ
ကြောင်းကို **ဟေရုဒ်**မင်းကြီးသိသောအခါ ပြင်းထန်
စွာ အမျက်ထွက်လေ၏။ ထို့နောက်ပညာရှိမင်းကြီး
တို့ ထံမှမေးမြန်းထားခဲ့သော ကြယ်ပေါ်ထွန်းသည့်
အချိန်ကာလကိုထောက်လျက်**ဘက်သလေဟင်**မြို့နှင့်
အနီးပတ်ဝန်းကျင် ကျေးရွာများရှိ နှစ်နှစ်အရွယ်နှင့်
နှစ်နှစ်အောက် ယောကျာ်းလေးများကို သတ်စေ၏။
၁၇။ ဤသို့ဖြင့် ပရောဖက် **ယေရမိယ** ဟောခဲ့သော
အကြောင်းအရာ ပြည့်စုံစေပြန်၏။ ပရောဖက်ဟော
ထားချက်သည်ကား။
၁၈။ **ရာမာ**အရပ်တွင် ပြင်းထန်စွာ ငိုကြွေးသောအသံကို
ကြားရပြီ၊**ရာခဲလ်**သည်မိမိသားများအတွက် ငိုကြွေး
လျက်ရှိ၏။ သူမ၏သားတို့မရှိကြတော့ပြီဖြစ်သော
ကြောင့် သူမသည် စိတ်မဖြေသိမ့်နိုင်[၅]ဟူ၍ဖြစ်၏။
၁၉။ **ဟေရုဒ်**မင်းကြီး အနိစ္စရောက်ပြီးသောအခါ ထာဝရ
ဘုရားသခင်၏ကောင်းကင်တမန်တော်သည် **အီဂျစ်**
ပြည်တွင် **ဂျိုးဇက်**အား ထင်ရှားပြ၍ပြောသည်မှာ။
၂၀။ ထလော့၊ သူငယ်တော်နှင့် သူ၏ မယ်တော်ကိုခေါ်
ဆောင်လျက် **အစ္စရေးလ်**ပြည်သို့သွားလော့၊သူငယ်
တော်ကိုသတ်ဖြတ်လိုသူတို့သည်သေကြလေပြီဟုဆို
၂၁။ ၏။ **ဂျိုးဇက်**သည်ထ၍သူငယ်တော်နှင့်မယ်တော်ကို
ခေါ်ဆောင်ပြီးလျှင် **အစ္စရေးလ်**ပြည်သို့ ပြန်လာလေ
၂၂။ ၏။ သို့သော် **အာခေလေဦးသ**ည် ခမည်းတော်
**ဟေရုဒ်**မင်းကြီး၏အရိုက်အရာကိုဆက်ခံလျက်**ဂျူဒေ
ယ**ပြည်တွင်အုပ်ချုပ်မင်းလုပ်နေသည်ကိုကြားရသော
ကြောင့် ထိုပြည်သို့မသွားဝံ့ဘဲရှိလေ၏။ ထို့နောက်
အိပ်မက်တွင် ဗျာဒိတ်တော်ခံရသဖြင့်**ဂါလိလေ**ပြည်
သို့ သွား၍။
၂၃။ **နာဇရက်**အမည်ရှိသောမြို့တွင် သွားရောက် နေထိုင်
လေ၏။ ဤသို့ဖြင့်ကိုယ်တော်အား**နာဇရက်သား**[၆]ဟု
ခေါ်ဝေါ်ကြလတ္တံ့ဟူသောပရောဖက်များ၏ဟောထား
ချက် ပြည့်စုံစေမည့်အကြောင်း ဖြစ်သတည်း။

## အခန်းကြီး (၃)

## နိုင်ငံတော်အကြောင်းဟောပြောတော်မူခြင်း

၁။ ထိုနေ့ရက်တို့၌ **ယောဟန် ဗတ္တိဇံ**သည်
**ဂျူဒေယ**ပြည် တောကန္တာရ တွင်ထွက်ပေါ်လာ
၂။ ၍။ နောင်တရကြလော့၊ ကောင်းကင်နိုင်ငံတော်
သည် ရောက်လုနီးပြီဟု ဟောပြောလေ၏။
၃။ ပရောဖက်**အီဇာယ** ဟောထားခဲ့သည့်အတိုင်းထာဝရ
ဘုရားကြွလာတော်မူမည့်လမ်းကို ပြင်ဆင်ကြလော့၊
ကိုယ်တော်၏လမ်းများကိုဖြောင့်တန်းစေကြလော့ဟု
တောကန္တာရ၌ကြွေးကြော်သောသူ၏အသံသည်ကား
၄။ **ယောဟန်**ပင်ဖြစ်သတည်း။ **ယောဟန်**သည်ကုလား
အုပ်မွေးဖြင့်ရက်လုပ်သောအဝတ်ကိုဝတ်ဆင်၍ခါး၌
သားရေခါးစည်းကြိုးကို စည်းထားလျက်၊ သူသည်
ကား ကျိုင်းကောင်နှင့် တောပျားရည်တို့ကိုသာ
၅။ စားသောက်ခဲ့၏။ထိုအခါ**ဂျေရုဆလင်**မြို့မှစ၍**ဂျူဒေ
ယ**နယ်တလျှောက်လုံးနှင့် **ဂျော်ဒန်**မြစ်တလျှောက်ရှိ
ဒေသမှ လူအပေါင်းတို့သည် သူ့ထံသို့ လာကြ၏။
၆။ ထိုသူတို့သည်မိမိတို့အပြစ်များကိုထုတ်ဖော်ဝန်ခံကြ
လျှက်**ဂျော်ဒန်**မြစ်တွင်ဆေးကြောခြင်းကိုခံယူကြ၏။
၇။ **ဖာရိဇေဦး**[၁]နှင့်**ဇဒ္ဒုဇေဦး**[၂]များတို့သည်လည်းမိမိထံမှ
ဆေးကြောခြင်းခံယူရန်လာကြသည်ကို**ယောဟန်**မြင်

---

**၄/ ၂း၁၅** ဟိုဆေးယ ၁၁း၁

**၅/ ၂း၁၈** ရာမာငိုကြွေးမြည်တမ်းခြင်း များပြားသောနေရာကို ဆိုလိုသည်။ (ယေ၊ ၃၁း၁၅)

**၆/ ၂း၂၃** နာဇရေဦး အနက်ကားရှုတ်ချခြင်းမခန့်မညားပြုခြင်းကိုခံရသောသူဟု ဆိုလိုသည်။ ပရောဖက်အများတို့သည် ကိုယ်တော်ကို နာဇရေဦးမခေါ်ကြ၊ လူတို့တွင်နောက်ဆုံးသောသူ စသည်တို့ဖြင့်ခေါ်ကြ၏။ ရှင်မာတေဦးသည် လည်း ကိုယ်တော်ကိုနာဇရေဦးအမည်နှင့်ခေါ်သည်မဟုတ်။ ဤကျမ်းချက်၌ စကား၏ အနက်ကိုသာဆိုလိုသည်။ (အီဇာ ၁၁။ ၁း၅၃၊ ဇခါ ၃၊၈၊ ၉၊၁၉။)

**၁/ ၃း၇** ဖာရိဇေဦးအနက်အဓိပ္ပာယ်ကား ဂျူဒေယလူမျိုးတို့မှ ခွဲခြား၊ သီးသန့် နေထိုင်သူများဟုအဓိပ္ပာယ်ရသည်။ ဘာသာရေးဥပဒေကို တင်း ကြပ်စွာလိုက်နာ၍အပေါ်ယံမြင်သာအောင်တရားကျင့်သူများဖြစ်ကြ၏။ ခန္ဓာ ကိုယ်နှင့်ဝိညာဉ်ပေါင်းစပ်၍ရှင်ပြန်ထမြောက်ခြင်းကိုလည်းကောင်း၊ သိကြား တမန်တို့ကိုလည်းကောင်း၊ ယုံကြည်ကြ၏။

**၂/ ၃း၇** ဇဒ္ဒုဇေဦးတို့သည်ရဟန်းမျိုးများဖြစ်၍ရဟန်းအကြီးအကဲ၊ ဇဒ္ဒေါက်မှ ဆင်းသက်လာသူများဖြစ်ကြ၏။ ရဟန်းအကြီးအကဲအရိုက်အရာနှင့်ရဟန်းတို့ တွင် မြင့်မားသောရာထူးများကို ရယူထားကြသည်။ သူတို့သည်ချမ်းသာ၍ အာဏာရှိသူများဖြစ်ကြပြီး၊ဖာရိဇဲတို့သည်၊သာမန်လူတန်းစားများဖြစ်ကြသည်၊ ဇဒ္ဒုဇဲတို့သည်ရှင်ပြန်ထမြောက်ခြင်း၊နာမ်ဝိညာဉ်အသက်ရှိခြင်းနှင့်ကောင်းကင် တမန်များကို မယုံကြည်ကြပေ။

သောအခါ၊ အချင်းမြွေဆိုးအမျိုးတို့၊ ကျရောက်လာ
မည့်ဘေးဒဏ်မှလွတ်မြောက်စေရန်မည်သူသည်သင်
၈။ တို့ကိုသတိပေးသနည်း။စစ်မှန်သောနောင်တသံဝေဂ
ရခြင်းနှင့်ဆီလျော်သောအကျင့်ကိုလိုက်ကျင့်ကြလော့
၉။ **အာဘရာဟမ်**သည် ငါတို့အဖဖြစ်သည်ဟု သင်တို့
ကိုယ်သင်တို့ မပြောဆိုကြနှင့်။ ဘုရားသခင်သည်
ဤကျောက်ခဲများကို**အာဘရာဟမ်**၏သားများအဖြစ်
ဖန်ဆင်းနိုင်တော်မူသည်ဟုသင်တို့အားငါအမှန်ဆို၏
၁၀။ သစ်ပင်အမြစ်နားမှာ ပုဆိန်က အဆင်သင့်ထား
လျက်ရှိသည်ဖြစ်၍ ကောင်းသော အသီးကိုမသီး
သည့်အပင် ရှိသမျှတို့ကို ခုတ်လှဲ၍ မီးရှို့လိမ့်
၁၁။ မည်။ နောင်တသံဝေဂရခြင်းငှာ ငါသည်သင်တို့
ကိုရေဖြင့်ဆေးကြော၏။ငါ့နောက်တွင်ကြွလာမည့်သူ
သည် ငါ့ထက်တတ်ကျွမ်းနိုင်၏။သူ၏ခြေနင်းတော်
ကိုမျှသယ်ဆောင်ခြင်းငှာငါမထိုက်။[၃] သူသည်သင်တို့
ကို သန့်ရှင်းသောဝိညာဉ်တော်ဖြင့် လည်းကောင်း၊
မီးဖြင့်လည်းကောင်း၊ ဆေးကြောတော်မူလိမ့်မည်။[၄]
၁၂။ ကိုယ်တော်၏လက်တော်တွင် စကောပါလျက် မိမိ
တလင်းကိုရှင်းလင်းစေတော်မူပြီး မိမိ၏ ဂျုံစပါးကို
ကျီတွင် စုသိမ်းတော်မူလိမ့်မည်။ အဖျင်းကိုမူကား
မငြိမ်းနိုင်သောမီးဖြင့်ရှို့တော်မူလိမ့်မည်ဟုဟောပြော
လေ၏။[၅]

## သခင်ယေရှုဆေးကြောခြင်းခံယူတော်မူခြင်း

(မာ ၁း၉–၁၁၊လု ၃း၂၁–၂၂)

၁၃။ ထိုအခါသခင်**ယေရှု**သည်**ယောဟန်**ထံမှ ဆေးကြော
ခြင်းကိုခံယူရန် **ဂါလိလေနယ်**မှ**ဂျော်ဒန်**မြစ်ကမ်းသို့
၁၄။ ကြွလာတော်မူ၏။[၆] သို့ရာတွင် **ယောဟန်**ကတပည့်
တော်သည် ကိုယ်တော်ထံမှဆေးကြောခြင်းကိုခံယူရ
မည့်သူ ဖြစ်ပါလျက်နှင့် ကိုယ်တော်သည် အဘယ့်
ကြောင့် တပည့်တော်ထံသို့ကြွလာတော်မူပါသနည်း
ဟုဆိုလျက် ကိုယ်တော်ကိုတားမြစ်လေ၏။
၁၅။ ကိုယ်တော်ကလည်း သူ့အား ပြန်ပြောတော်မူသည်
ကား ယခုမှာရှိပါစေ၊အကြောင်းမူကားဖြောင့်မှန်ရာ
အလုံးစုံတို့ကို ငါတို့လိုက်နာသင့်သည်ဟု[၇] ဆိုသဖြင့်
**ယောဟန်**သည်လည်း သဘောတူလေ၏။
၁၆။ သခင်**ယေရှု**သည်ဆေးကြောခြင်းခံတော်မူပြီးရေထဲမှ
တက်လာတော်မူစဉ်တွင်ကောင်းကင်သည်ပွင့်လာပြီး
ဘုရားသခင်၏ ဝိညာဉ်တော်သည်ကိုယ်တော်အပေါ်
သို့ ချိုးငှက်သဏ္ဌာန်ဖြင့် ဆင်းသက်လာသည်ကို
၁၇။ မြင်တော်မူ၏။ထို့နောက်ရုတ်တရက်ကောင်းကင်မှအ
သံထွက်ပေါ်လာသည်ကား ဤသူသည်ငါနှစ်သက်
မြတ်နိုးရာ ငါ၏ချစ်သား ပေတည်းဟူ၍ဖြစ်
သတည်း။

## အခန်းကြီး (၄)

## သခင်ယေရှုသည်စာတန်နတ်ဆိုး၏ နှောင့်ယှက်ခြင်း ကိုခံရတော်မူခြင်း

(မာ ၁း၁၂–၁၃၊ လု ၄း၁–၁၃)

၁။ ထို့နောက် စာတန်နတ်ဆိုး၏နှောင့်ယှက်ခြင်းကိုခံရ
စေခြင်းငှာ ဝိညာဉ်တော်သည် သခင်**ယေရှု**ကိုတော
ကန္တာရသို့ ခေါ်ဆောင်သွားတော်မူ၏။[၁]
၂။ ကိုယ်တော်သည်နေ့လေးဆယ်ညလေးဆယ်ပတ်လုံး
အစာရှောင်တော်မူပြီးနောက်ဆာလောင်မွတ်သိပ်ခြင်းကို
၃။ ခံစားရ၏။ ထိုအခါနှောင့်ယှက်တတ်သောသူ[၂]သည်
အထံတော်သို့ ချဉ်းကပ်၍ ကိုယ်တော်အားလျှောက်
ထားသည်မှာသင်သည်ဘုရားသခင်၏သားတော်မှန်
လျှင်ဤကျောက်ခဲများကိုပေါင်မုန့်ဖြစ်စေရန်အမိန့်ရှိ
တော်မူပါဟု ဆိုလေ၏။
၄။ ကိုယ်တော်ကလည်းလူသည်အစားအစာအားဖြင့်သာ
အသက်ရှင်သည်မဟုတ်၊ ဘုရားသခင်၏နှုတ်တော်
ထွက် စကားရှိသမျှအားဖြင့် အသက်ရှင်ရသည်ကို
ကျမ်းစာတွင် ရေးထားသည်ဟုပြန်ပြောတော်မူ၏။
၅။ ထိုအခါ နတ်ဆိုးသည်ကိုယ်တော့်အားသန့်ရှင်းသော
မြို့တော်သို့ခေါ်ဆောင်သွား၍ဗိမာန်တော်၏အထွတ်ပေါ်

---

**၃/ ၃း၁၁** ယောဟန်ပေးသောဆေးကြောခြင်းသည်အပြစ်များကိုဖြေလွှတ်နိုင်သောအခွင့်အာဏာမရှိ။ သခင်ယေရှု၏ ဆေးကြောခြင်းမူကား၊ အပြစ်များကိုဖြေလွှတ်ပိုင်သော အခွင့်အာဏာရှိ၍ စိတ်ဝိညာဉ်ကို အပြစ်မှသန့်ရှင်းစင်ကြယ်စေ၏။ ကျေးဇူးတော်နှင့်လည်းပြည့်စုံစေ၍ထိုစိတ်ဝိညာဉ်၌ဘုရားသခင်ကိုချစ်သော ချစ်ခြင်းမီးလျှံထွန်းတောက်လောင်စေ၏။ (ရဟန္တာ ဂျေရုမ်း)

**၄/ ၃း၁၁** ယောဟန်၏ဆေးကြောခြင်းသည်နောင်တရသူတို့အတွက်၊ဝိညာဉ်တော်ထံမှ အခွင့်လွှတ်ခြင်းခံရပြီး၊ နောင်တမရသော သူတို့အတွက်မူ၊ ဘုရားသခင်၏စီရင်ခြင်းအားဖြင့် ပျက်စီးဆုံးရှုံးကြရလိမ့်မည်။

**၅/ ၃း၁၂** လူကောင်းတို့ကို၊ လူဆိုးတို့မှခွဲထားတော်မူလိမ့်မည်။

**၆/ ၃း၁၃** သခင်ယေရှုသည် လူတို့၏အပြစ်များကို၊ မိမိကိုယ်တော်တိုင်ခံထမ်းတော်မူ၍ လူတို့ခံထိုက်သော အပြစ်ဒဏ်များကိုလည်းဆပ်ဖြေလိုတော်မူသောကြောင့်၊ကိုယ်တိုင်အပြစ်မရှိသော်လည်း၊အပြစ်ရှိသူကဲ့သို့လာ၍ယောဟန်လက်မှဆေးကြောခြင်းကိုခံတော်မူ၏။

**၇/ ၃း၁၅** ဖြောင့်မှန်ရာတရား၏ အနက်ကားဘုရားသခင်၏အလိုတော်ကိုလိုက်နာဆောင်ရွက်ခြင်းဟု ဆိုလိုသည်။

---

**၁/ ၄း၁** ပထမ အာဒံသည် နတ်ဆိုးနှောင့်ယှက်ခြင်း၌ပါဝင်ကျရောက်ခဲ့သောကြောင့် ဒုတိယအာဒံသည် နတ်ဆိုး၏နှောင့်ယှက်ခြင်းကိုခုခံတိုက်ခိုက်အောင်မြင်သော နည်းလမ်းကိုပြသလိုသည်။ ထိုနည်းလမ်းကားဘုရားသခင်၏ကျေးဇူးတော်ဖြင့် စောင်မခြင်းကိုခံယူခြင်း၊ ဆုတောင်းခြင်း၊ ဘုရားသခင်နှုတ်ကပါတ်တော်ကို ဆင်ခြင်နှလုံးသွင်းခြင်းတို့ဖြစ်သည်။

**၂/ ၄း၃** နှောင့်ယှက်တတ်သောသူ။ နတ်ဆိုး၏အမည်။အပြစ်မကောင်းမှုများတွင်ပါဝင်ကျရောက်စေခြင်းငှာနတ်ဆိုးသည်သွေးဆောင်တတ်သောကြောင့် ဤအမည်ဖြင့်သူ့ကိုခေါ်ဆို၏။

၆။ ၌တင်ထားလျက်။ ကိုယ်တော်အား လျှောက်ထား
သည်မှာ၊သင်သည်ဘုရားသခင်၏သားတော်မှန်လျှင်
သင်၏ကိုယ်ကိုအောက်သို့ပစ်ချပါလော့၊အကြောင်းမူ
ကားကျမ်းစာ၌ရေးထားသည်မှာသင့်ကိုစောင့်ရှောက်
ရန်ကောင်းကင်တမန်တို့အားမိန့်မှာထားသောကြောင့်
သင်၏ခြေကို ကျောက်ခဲတစ်လုံးနှင့်မျှ မထိခိုက်စေ
ခြင်းငှာ၊သူတို့သည်သင့်ကိုလက်များဖြင့်ချီမကြလိမ့်
မည်ဟု ဆိုပြန်၏။
၇။ သခင်**ယေရှု**ကလည်း သင်၏အရှင် ဘုရားသခင်
ကိုစုံစမ်းခြင်းမပြုရဟူ၍ ကျမ်းစာတွင်ရေးထားသည်
၈။ ဟုမိန့်တော်မူ၏။ တစ်ဖန် နတ်ဆိုးသည်
ကိုယ်တော်ကို အလွန် မြင့်မားသော တောင်ပေါ်သို့
ခေါ်ဆောင်သွား ပြန်၍ လောက တိုင်းနိုင်ငံများနှင့်
ယင်းတို့၏ ဘုန်းစည်းစိမ် တို့ကိုပြလျက်။
၉။ သင်သည် ပျပ်ဝပ်၍ ငါ့ကို ရှိခိုးပါလျှင် ဤအရာ
အားလုံးကို သင့်အား ငါပေးမည်ဟုပြောလေ၏။
၁၀။ ထိုအခါသခင်**ယေရှု**က ဆုတ်ဟဲ့စာတန်[၃]၊ ကျမ်းစာ၌
ရေးထားသည်ကား သင်၏အရှင် ဘုရားသခင်ကို
ရှိခိုးကိုးကွယ်ရမည်၊ကိုယ်တော်တစ်ပါးတည်းကိုသာ
သင်အစေခံရမည်ဟု သူ့အားမိန့်တော်မူ၏။
၁၁။ စာတန်သည်လည်း ကိုယ်တော့် ထံပါးမှ ထွက်ခွါ
သွားလေ၏။ ထို့နောက်ကောင်းကင်တမန်တို့သည်
အထံတော်သို့ ချဉ်းကပ်ကြလျက် လိုရာကိစ္စများကို
ဆောင်ရွက်ပေးကြလေ၏။

## ဂါလိလေနယ်တွင်တရားဒေသနာဟောပြောတော်မူခြင်း

(မာကု ၁း၁၄–၁၅၊ လု ၄း၁၄–၁၅)

၁၂။ **ယောဟန်** ဖမ်းဆီးချုပ်နှောင်ခံရကြောင်းကို သခင်
**ယေရှု**သည် ကြားတော်မူလျှင် **ဂါလိလေ**ပြည်သို့
၁၃။ ပြန်ကြွသွားတော်မူ၏။ ကိုယ်တော်သည် **နာဇရက်**
မြို့မှ ထွက်ခွာတော်မူ၍ **ဇာဗုလုံ**နှင့်**နဿတာလိ**နယ်
စပ်ရှိ၊ ပင်လယ်ကမ်းခြေမြို့ဖြစ်သော**ကာဖာနာအုမ်**မြို့
၁၄။ သို့သွား၍သီတင်းသုံးတော်မူ၏။ဤအကြောင်းအရာ
သည်ကား ပရောဖက်**အီဇာယ**ဟောထားချက်ပြည့်စုံ
၁၅။ စေရန်ဖြစ်သတည်း။ ဟောထားချက်မှုကား၊**ဇာဗုလုံ**
နှင့်**နဿတာလိ**နယ်ရှိ၊ပင်လယ်ကမ်းခြေတစ်လျှောက်
မှလည်းကောင်း၊ **ဂျော်ဒန်**မြစ်တစ်ဘက်ကမ်းမှလည်း
ကောင်း၊ လူမျိုးခြားတို့ နေထိုင်ရာ **ဂါလိလေ**နယ်
၁၆။ မှောင်မိုက်တွင် ရှိနေကြသော လူတို့သည် ကြီးစွာ
သောအလင်းကို မြင်ကြရပြီ။ သေမင်းနိုင်ငံ၏အရိပ်
တွင်နေထိုင်ကြသောသူတို့အပေါ်သို့အလင်းတော်ပေါ်
၁၇။ ထွန်းလေပြီ[၄] ဟူ၍ ဖြစ်သတည်း။ ထိုအချိန်မှ စ၍
သခင်**ယေရှု**က နောင်တ ရကြလော့။ ကောင်းကင်
နိုင်ငံတော်သည် နီးလာပြီဟု မိန့်တော်မူ၍ တရား
ဒေသနာတော်ကို စတင်ဟောကြားတော်မူလေ၏။

## ပထမဦးဆုံးတပည့်တော်များကိုခေါ်တော်မူခြင်း

(မာကု ၁း၁၆–၂၀၊ လု ၅း၁–၁၁)

၁၈။ သခင်**ယေရှု**သည် **ဂါလိလေ** ပင်လယ်ကမ်းခြေတစ်
လျှောက်ကြွသွားတော်မူစဉ် ပင်လယ်၌ပိုက်ကွန်ချနေ
သော တံငါသည် ညီအစ်ကိုနှစ်ဦးဖြစ်သည့်**ပေတရု**
အမည်ရှိ **စီမုန်**နှင့် သူ၏အစ်ကို **အန္ဒြေ**တို့ကို
၁၉။ မြင်တော်မူ၏။ ထိုအခါ ကိုယ်တော်ကငါ့နောက်သို့
လိုက်ကြလော့၊ ငါသည်သင်တို့ကို လူဖမ်းသော
တံငါသည်များဖြစ်စေမည်ဟုသူတို့အားမိန့်တော်မူ၏၊
၂၀။ ချက်ခြင်းပင်သူတို့သည်လည်းမိမိတို့၏ပိုက်ကွန်များ
ကို ထားခဲ့၍ နောက်တော်သို့ လိုက်ကြ၏။
၂၁။ ကိုယ်တော်သည်ထိုနေရာမှရှေ့သို့အနည်းငယ်ဆက်၍
ကြွသွားတော်မူသောအခါ၊ **ဇေဗေဒေဦး**၏သားများ
ဖြစ်သည့် **ယာကုပ်**နှင့်သူ၏ ညီ**ယောဟန်**တည်းဟူ
သောအခြားညီအစ်ကိုနှစ်ယောက်တို့သည်မိမိတို့ဖခင်
နှင့်အတူလှေထဲတွင်ပိုက်ကွန်များပြင်ဆင်နေကြသည်
ကိုမြင်တော်မူလျှင် သူတို့ကိုလည်း ခေါ်တော်မူ၏။
၂၂။ ထိုသူတို့သည်လည်း လှေနှင့်ဖခင်ကိုထားခဲ့၍နောက်
တော်သို့ ချက်ခြင်းလိုက်ခဲ့ကြ၏။

## ဒေသနာတော်ဟောကြားတော်မူခြင်းနှင့်အနာရောဂါများကိုပျောက်ကင်းစေတော်မူခြင်း

(လု ၆း၁၇–၁၉)

၂၃။ ကိုယ်တော်သည် **ဂါလိလေ**နယ် တစ်ဝှမ်းလုံးတွင်
လှည့်လည်ကာ သူတို့၏တရားဇရပ်များ၌ဆုံးမသွန်
သင်တော်မူလျက် နိုင်ငံတော်နှင့် ဆိုင်ရာ ဧဝံဂေလိ
သတင်းကောင်းကိုဟောပြောတော်မူ၍ လူတို့တွင်စွဲ
ကပ်သောအနာရောဂါ အမျိုးမျိုးတို့ကို ပျောက်ကင်း
၂၄။ ချမ်းသာစေတော်မူ၏။ ကိုယ်တော်၏သတင်းတော်
သည်**ဆီးရီးယ**ပြည်တစ်ဝှမ်းလုံးတွင်ပျံ့နှံ့ကျော်ကြား
သဖြင့်လူတို့သည်အမျိုးမျိုးသောရောဂါဝေဒနာစွဲကပ်
သူရှိသမျှနှင့်နတ်ဆိုးစီးသူများ၊ဝက်ရူးနာစွဲကပ်သူများ
နှင့်လက်ခြေသေသူများကိုအထံတော်သို့ခေါ်ဆောင်ခဲ့
ကြရာ ကိုယ်တော်သည် ထိုသူတို့အားအနာရောဂါ
ပျောက်ကင်းစေတော်မူ၏။

၃/၄း၁၀ စာတန်။ ရန်သူ၊ ဆန့်ကျင်ဘက်ပြုသူဟုဆိုလိုသည်။

**၄/၄း၁၇**မှောင်မိုက်နှင့်သေမင်းနိုင်ငံ၏အရိပ်။ဘာသာခြားတို့အလယ်၌နေထိုင်ကြသောဂါလိလေနယ်သားတို့ပြုခဲ့သည့်မိုက်မှားခြင်းများကိုဥပမာပေးရေးသားထားခြင်းဖြစ်သည်။

၂၅။ ဂါလိလေနယ်၊ ဒေကာပိုလစ်၊[၅] ဂျေရုဆလင်မြို့၊
ဂျူဒေယပြည်နှင့် ဂျော်ဒန်မြစ်တဘက်ကမ်းမှများစွာ
သော လူအစုအဝေးတို့သည် ကိုယ်တော်၏နောက်
တော်သို့ လိုက်ကြလေ၏။

# အခန်းကြီး(၅)

## တောင်ပေါ်ဒေသနာ

၁။ ကိုယ်တော်သည် လူအစုအဝေးတို့ကိုမြင်တော်မူလျှင်
တောင်ပေါ်သို့ တက်၍ ထိုင်နေတော်မူ၏။ တပည့်
တော်တို့သည် အထံတော်သို့စုဝေးလာကြသောအခါ၊
၂။ ကိုယ်တော်သည် မိမိနှုတ်တော်ကိုဖွင့်၍ သူတို့အား
ဟောပြော သွန်သင်တော်မူသည်ကား၊

### မင်္ဂလာတရားရှစ်ပါး (လု ၆း၂၀–၂၃)

၃။ အတွင်းစိတ်ဖြင့် ဆင်းရဲသောသူတို့သည် မင်္ဂလာရှိ
ကြ၏။[၁] အကြောင်းမူကား ကောင်းကင်နိုင်ငံတော်
၄။ သည်ထိုသူတို့၏နိုင်ငံဖြစ်၏။ ဝမ်းနည်းငိုကြွေးသော
သူတို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကားသူတို့
သည် နှစ်သိမ့်ခြင်းခံကြရလိမ့်မည်။ စိတ်နှလုံးနူးညံ့
သိမ်မွေ့သော သူတို့သည် မင်္ဂလာရှိကြ၏။
၅။ အကြောင်းမူကားသူတို့သည်မြေကို[၂]ပိုင်ဆိုင်ကြရလိမ့်
၆။ မည်။ ဖြောင့်မတ်ခြင်းတရားကိုဆာငတ်သောသူတို့
သည်မင်္ဂလာရှိကြ၏။[၃] အကြောင်းမူကားသူတို့သည်
လိုအင်ဆန္ဒပြည့်ဝကြလိမ့်မည်။

၇။ ကြင်နာသနားတတ်သောသူတို့သည်မင်္ဂလာရှိကြ၏။
အကြောင်းမူကား သူတို့သည် ကြင်နာသနားခြင်း
၈။ ခံကြရလိမ့်မည်။ စိတ်နှလုံးရိုးသားဖြူစင်သောသူတို့
သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကားသူတို့သည်
၉။ ဘုရားသခင်ကို ဖူးမြင်ကြရလိမ့်မည်။ ငြိမ်းချမ်းရေး
အတွက်ကြိုးပမ်းဆောင်ရွက်သော သူတို့သည်မင်္ဂလာ
ရှိကြ၏။အကြောင်းမူကားသူတို့သည်ဘုရားသခင်၏
သားများဟု အခေါ်ခံကြရလိမ့်မည်။
၁၀။ ဖြောင့်မတ်ခြင်း တရားအတွက်ညှဉ်းပန်းနှိပ်စက်ခြင်း
ခံရသော သူတို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူ
ကားကောင်းကင်နိုင်ငံတော်သည်သူတို့၏နိုင်ငံဖြစ်၏
၁၁။ လူတို့သည်ငါ့အတွက်ကြောင့်သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ
ပြီးမဟုတ်မမှန်ဘဲ အမျိုးမျိုးပြစ်တင်ရှုတ်ချကြသော
အခါ သင်တို့သည် မင်္ဂလာရှိကြ၏။
၁၂။ ဝမ်းမြောက် ဂုဏ်ယူကြလော့၊ အကြောင်းမူကား
ကောင်းကင် နိုင်ငံတော်တွင် သင်တို့ ခံစားရမည့်
ဆုလာဘ်သည်ကြီးမားလှပေ၏။ သင်တို့မတိုင်မီရှိခဲ့
သောပရောဖက်များကိုလည်းသူတို့သည်ဤနည်းတူ
ကဲ့ရဲ့ညှဉ်းဆဲခဲ့ကြ၏။

### လောက၏ဆား၊လောက၏အလင်း

(မာ ၉း၅၀ ၊ လု ၁၄း၃၄–၃၅)

၁၃။ သင်တို့သည်လောက၏ဆား[၄]ဖြစ်ကြ၏။ဆားမူကား
အငန်ဓာတ် ကင်းပျောက်ခဲ့လျှင်ငန်သောအရသာကို
မည်သို့ပြန်လည်ရရှိနိုင်မည်နည်း၊ယင်းသည်မည်သို့
မျှ အသုံးမဝင်တော့ဘဲအပြင်သို့ပစ်လိုက်၍လူတို့ခြေ
၁၄။ ဖြင့်နင်းချေ ခံရရုံသာရှိပေမည်။သင်တို့သည်လောက
၏အလင်း[၅]ဖြစ်ကြ၏။ တောင်ပေါ်တွင် တည်ထား
သော မြို့ကို ဝှက်ကွယ်ထား၍မရနိုင်။
၁၅။ ဆီမီးကိုထွန်း၍ တောင်းဇလားအောက်၌ထားလေ့မရှိ

---

**၅/၄း၂၅** ဒေကာပိုလစ်။ ဂရိဘာသာစကားတွင်"ဒေကာ"သည်"တစ်ဆယ့်"ဟု အဓိပ္ပါယ်ရပြီး၊"ပိုလစ်"သည်"မြို့"ဟုအဓိပ္ပာယ်ရသည်။ဂါလိလေပင်လယ်အရှေ့ဘက်နှင့် တောင်ဘက်တွင်ရှိသော "မြို့ဆယ်မြို့"ကိုဆိုလိုသည်ထိုမြို့များတွင် ဘာသာခြားလူများနေထိုင်ကြသည်။

**၁/၅း၃** အတွင်းစိတ်ဖြင့် ဆင်းရဲသောသူဟုဆိုရာ၌စိတ်ပူပန်သောသူစိတ်ညစ်သောသူ၊ စိတ်ဆင်းရဲခြင်းရှိသောသူတို့ကိုမဆိုလို။ စိတ်ကိုနှိမ့်ချသောသူတို့ကိုသာဆိုလိုသည်။ ဤသူတို့၏စိတ်နှလုံးသည်၊လောကီစည်းစိမ်ချမ်းသာ၌ စွဲလန်းတပ်မက်ခြင်းမရှိ။ ဥစ္စာမရှိလျှင်သည်းခံတတ်၏။ ရှိလျှင်လည်း မိမိ၌မရှိသကဲ့သို့နေထိုင်ကျင့်ကြံကြ၏။ကောင်းကင်နိုင်ငံတော်၏စည်းစိမ်ချမ်းသာကို မျှော်လင့်တောင့်တလျှက်၊ မိမိအလိုဆန္ဒ မပြည့်စုံသေးသောကြောင့် အတွင်း စိတ်ဖြင့် ဆင်းရဲသောသူဟူ၍ဆိုလိုသည်။

**၂/၅း၅** မြေ။ ဆိုလိုသည်မှာ "ကောင်းကင်နိုင်ငံတော်"ကို ဆိုလိုသည်။ (ဆာလံ ၃၇း၂၉)

**၃/၅း၆**ဖြောင့်မတ်ခြင်းတရားကိုဆာငတ်သောသူ။ဘုရားတရား၌ကြည်ညိုခြင်းမှစ၍မြတ်သောအကျင့်ပါရမီများကို ရအံ့သောငှာကြီးစွာသောစိတ်အလိုဆန္ဒရှိသောသူတို့ကို ဆိုလိုသည်။ (ရဟန္တာ ဂျေရုမ်း)

ထိုမင်္ဂလာ ရှစ်ပါးတို့သည် ဘုရားသခင်ထံတော်သို့၊ရောက်အပ်သောအဆင့်သုံးဆင့်ကိုဖော်ပြသည် ထိုအဆင့်သုံးဆင့်တို့မှာ–
၁။ အပြစ်မှသန့်ရှင်းခြင်း၊
၂။ ကျေးဇူးတော်နှင့်ပြည့်စုံခြင်း၊
၃။ ဘုရားသခင်ထံ၌ဆည်းကပ်နေခြင်းတို့ဖြစ်၏။

၁. အပြစ်မှသန်ရှင်းခြင်းဟူသည်ကား(က)စိတ်ကိုနှိမ့်ချခြင်း (အတွင်းစိတ်ဖြင့်ဆင်းရဲခြင်း) (ခ) နူးညံ့သိမ်မွေ့ခြင်း (စိတ်နူးညံ့သိမ်မွေ့သောသူ) (ဂ) နောင်တရခြင်း (ငိုကြွေးသောသူ) တည်း။
၂. ကျေးဇူးတော်နှင့် ပြည့်စုံခြင်းဟူသည်ကား (က)အကျင့်ပါရမီတို့ကိုအလိုဆန္ဒရှိခြင်း(ဖြောင့်မတ်ခြင်းတရားကိုဆာငတ်သောသူ)(ခ)ချစ်ခြင်းမေတ္တာ(သနားခြင်းရှိသောသူ)တည်း။
၃. ဘုရားသခင်ထံ၌ဆည်းကပ်နေခြင်းဟူသည်ကား၊
(က)စိတ်နှလုံး၏စင်ကြယ်ခြင်း(စိတ်နှလုံးဖြူစင်သောသူ)
(ခ)ငြိမ်သက်ခြင်း(ခိုက်ရန်ကိုငြိမ်းစေသောသူ)
(ဂ)ဘုရားအတွက်ကြောင့်ဆင်းရဲခံခြင်း(နှောင့်ယှက်ညှဉ်းဆဲခြင်းကိုခံရသောသူများ) တည်း။

**၄/၅း၁၃** ဆား။ ဆားသည် အစားအသောက်တို့ကို မပုပ်မသိုးစေရန် ထိန်းသိမ်းပေး သကဲ့သို့ သင်တို့သည်လည်း လူ့အသိုင်းအဝိုင်းကို အပြစ်ဒုစရိုက်မှကင်းစေရန် ထိန်းသိမ်း သွန်သင်ပေးရမည့် ဝတ္တရားရှိ၏။ ထို့ကြောင့်အပုပ်အစပ်နှင့်တူသောဒုစရိုက်နှင့်သင်တို့ကိုယ်တိုင်မကင်းကြလျှင်လူတကာ၏စွန့်ပစ်ခံရ၍ ခြေဖြင့်အနင်းခံကြရပေမည်။

**၅/၅း၁၄** အလင်း။သင်တို့သည်လောက၌မှားယွင်းသောအယူအဆနှင့်မိုက်မဲသောအယူဝါဒများကိုပယ်ရှင်း၍ အမှန်တရားကိုထွန်းပြောင်စေသောအလင်းဖြစ်ရမည်။ ထို့ကြောင့် စိုးရိမ်ခြင်း မရှိဘဲ ရဲရင့်စွာဟောပြောကြလော့။

ကြ။ အိမ်သူအိမ်သားအားလုံးအတွက် အလင်းရစေ
ခြင်းငှာ ဆီမီးခုံပေါ်မှာ တင်ထားလေ့ရှိကြ၏။
၁၆။ ဤနည်းတူပင် လူတို့သည် သင်တို့၏ကောင်းသော
အကျင့်များကို မြင်ကြ၍ ကောင်းကင်ဘုံ၌ရှိတော်မူ
သောသင်တို့အဖ၏ဘုန်းဂုဏ်တော်ကိုချီးမွမ်းစေခြင်း
ငှာ၊သင်တို့၏အလင်းကိုလူတို့ရှေ့မှာထွန်းလင်းစေကြ
လော့။

## ပညတ်ဥပဒေအကြောင်းသွန်သင်တော်မူခြင်း

၁၇။ ပညတ်ဥပဒေကျမ်းနှင့် ပရောဖက်ကျမ်းများကို ပယ်
ဖျက်ခြင်းငှါ၊ ငါလာသည်ဟုမထင်ကြနှင့်။ပယ်ဖျက်
ခြင်းငှါမဟုတ်၊ ပြီးပြည့်စုံစေခြင်းငှာငါလာသတည်း
၁၈။ သင်တို့အား ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့်
မြေကြီး ပျောက်ကွယ်သွားသည့်တိုင်အောင်အားလုံး
သည် ပြီးပြည့်စုံခြင်းသို့မရောက်မချင်းပညတ်တရား
ကျမ်းမှ အငယ်ဆုံးသော စာလုံးတစ်လုံး၊ အသတ်
အလပ် တစ်ခုမျှ မကွယ်မပျောက်ရာ။
၁၉။ ထို့ကြောင့် မည်သူမဆို ဤအငယ်ဆုံးသောပညတ်
တို့တွင် တစ်ပါးပါးကို ကိုယ်တိုင်ကျူးလွန်၍ အခြား
သူတို့အားလည်း ထိုနည်းတူ ကျူးလွန်ရန်
သွေးဆောင်လျှင် ထိုသူသည်ကောင်းကင်နိုင်ငံတော်
တွင်အသိမ်ငယ်ဆုံးသောသူ[6]ဟုအခေါ်ခံရလိမ့်မည်။[7]
သို့ရာတွင်မည်သူမဆိုပညတ်တော်များကိုကိုယ်တိုင်
ကျင့်၍အခြားသူတို့အားလည်းကျင့်ရန်သွန်သင်လျှင်
ထိုသူသည်ကောင်းကင်နိုင်ငံတော်တွင်ကြီးမြတ်သော
၂၀။ သူ[8]ဟုအခေါ်ခံရလိမ့်မည်။ အကြောင်းမူကားသင်တို့
၏အကျင့်သည် ကျမ်းတတ်ဆရာများနှင့်**ဖာရိဇေဦး**
တို့၏အကျင့်တရားထက်သာ၍မမွန်မြတ်လျှင်သင်တို့
သည် ကောင်းကင်နိုင်ငံသို့ဝင်ကြရလိမ့်မည်မဟုတ်
ဟုငါဆို၏။

## အမျက်ဒေါသမထွက်အပ်ကြောင်း
## (လု ၁၂:၅၇-၅၉)

၂၁။ လူ့အသက်ကို မသတ်နှင့်။ သတ်သော သူသည်
ရုံး၌အပြစ်စီရင်ခြင်းကိုခံထိုက်၏ဟူ[9]၍ရှေးလူကြီးတို့
အား ပညတ်ထားခဲ့သည်ကိုသင်တို့ကြားခဲ့ရလေပြီ။
၂၂။ ငါမူကား သင်တို့အားဆိုသည်မှာမည်သူမဆိုမိမိညီ
အစ်ကိုအပေါ် အမျက် ဒေါသထွက်လျှင် ရုံးတော်၌
အပြစ်စီရင်ခြင်းကို ခံထိုက်၏။ မိမိ ညီအစ်ကိုအား
**ရာကာ**[10]ဟုခေါ်၍ ကဲ့ရဲ့စော်ကားသောသူသည်လွှတ်
တော်၌ အပြစ်စီရင်ခြင်းကိုခံထိုက်၏။မိမိညီအစ်ကို
အားအရူးဟုခေါ်သောသူသည်**ဂေဟေနာ**[11]မီးဒဏ်ကို
ခံထိုက်၏။
၂၃။ ထို့ကြောင့် သင်၏ အလှူကိုပူဇော်ရန်ယဇ်ပလ္လင်သို့
ယူဆောင်လာသောအခါ သင်၏ညီအစ်ကိုသည်သင့်
အပေါ်အပြစ်တင်စရာတစ်စုံတစ်ခုရှိသည်ကိုထိုနေရာ
၂၄။ ၌သင်သတိရလျှင်။သင်၏အလှူကိုယဇ်ပလ္လင်ရှေ့မှာ
ထားခဲ့၍ သူနှင့် သင့်မြတ်အောင်ဦးဆုံးပြောဆိုပြီးမှ
အလှူကိုပူဇော်ဆက်ကပ်လော့။
၂၅။ သင်၏ တရားပြိုင်ဘက်နှင့်အတူတရားရုံးသို့သွားနေ
စဉ်လမ်း၌သူနှင့် ပြန်လည် သင့်မြတ်အောင်အလျင်
အမြန်ပြုလော့၊ထိုသို့မပြုလျှင်သူသည် သင့်ကိုတရား
သူကြီး၏လက်သို့ အပ်လိမ့်မည်။တရားသူကြီးသည်
လည်းသင့်ကို မင်းအမှုထမ်းအားအပ်၍ထောင်ထဲ၌ချ
၂၆။ ထားလိမ့်မည်။ သင်ပေးဆောင်ရမည့်ငွေကို အကုန်
အစင်မပေးမချင်းထောင်ထဲမှထွက်ရလိမ့်မည်မဟုတ်
ဟု[12] သင့်အား ငါအမှန်ဆို၏။

## တစ်ပါးသူ၏မယားကိုမပြစ်မှားအပ်ကြောင်း

၂၇။ တစ်ပါးသူ၏မယားကို မပြစ်မှားရဟူသော ပညတ်
၂၈။ စကားကိုသင်တို့ကြားခဲ့ကြပြီ၊ ငါမူကားသင်တို့အား
ဆိုသည်မှာအမျိုးသမီးတစ်ဦးအားကိလေသာစိတ်နှင့်
ကြည့်သောသူ ဟူသမျှသည် မိမိစိတ်နှလုံးတွင် ထို
၂၉။ အမျိုးသမီးကိုပြစ်မှားလေပြီ။ အကယ်၍သင်၏လက်
ယာ မျက်စိသည် သင့်ကိုအပြစ်ထဲသို့ကျရောက်စေ
လျှင် ထိုမျက်စိကိုထုတ်ပစ်လော့။ အကြောင်းမူကား
သင်၏ ကိုယ်ခန္ဓာတစ်ခုလုံးငရဲသို့ချခြင်း ခံရသည်

---

**၆/ ၅း၁၉** အသိမ်ငယ်ဆုံးသောသူ။ဆိုသည်ကားဘုရားသခင်နိုင်ငံတော်နှင့် လုံး၀ မသက်ဆိုင်ရဟုဆိုလိုသည်။ (ရဟန္တာ ဩဂုတ်စတင်း။ ရဟန္တာ ဂျေရုမ်း)

**၇/ ၅း၁၉** အခေါ်ခံရလိမ့်မည်။ (ဟေဗြဲဘာသာ ရှုးထုံးစံ) ဖြစ်လိမ့်မည်။

**၈/ ၅း၁၉** ကြီးမြတ်သောသူ။ ကောင်းကင်နိုင်ငံတော်သို့ ရောက်လိမ့်မည်။ ကောင်းကင်နိုင်ငံတော်၌ရှိရှိသမျှသော သူတို့သည်ကားကြီးမြတ်ကြ၏။ဘုရား၏သားများဖြစ်ကြ၏။ခရစ်တော်၏အမွေခံဘက်များဖြစ်ကြ၏။ရှင်ဘုရင်များ ဖြစ်ကြ၏။

**၉/ ၅း၂၁** ဤအခန်းငယ်နှစ်ခု (၂၁-၂၂)၏ ဆိုလိုချက်မှာ ရှေးကျမ်း၌ဤ ပညတ်သည်လူ့အသက်သတ်ခြင်းကိုသာတားမြစ်သည်။ ခရစ်တော်၏တရား၌မူကား ချစ်ခြင်းမေတ္တာ၌ကျူးလွန်တတ်သောအပြစ်ဟူသမျှကိုတားမြစ်သည် ဖြစ်၍မိမိညီအစ်ကိုကို ဒေါသထွက်သောသူသည် စီရင်ခြင်းကိုခံထိုက်လေပြီ။ အတွင်းစိတ်မှ ဒေါသအမျက်ကို ပြင်ပသို့ထွက်စေ၍ သူတစ်ပါးကိုမရိုမသေ ပြုခြင်းနှင့် အသေရေဖျက်ခြင်းအစရှိသော နှုတ်အကျင့်တို့ဖြင့်ပြစ်မှားလျှင် ထိုသူသည်ထာ၀ရငရဲဒဏ်ကို ခံထိုက်လေဦးမည်။ (ရဟန္တာ ဩဂုတ်စတင်း၊ ရဟန္တာ ဟီလာရီ၊ ရဟန္တာခရီစောစတုံ)

**၁၀/ ၅း၂၂** ရာကာ။အသုံးမကျသောသူ၊ အရူး၊ သတင်းပုပ်သောသူ၊ဆိုးညစ်သောသူ။

**၁၁/ ၅း၂၂** ဂေဟေနာ။ ဂျေရုဆလင်မြို့ပြင်မှာရှိသောအရပ်။ ထိုအရပ်၌ဘာသာခြားတို့သည်မိမိတို့သားသမီးများကို“မိုလုတ်”ဟုခေါ်သောရုပ်တုကြီးရှေ့၌ မီးရှို့ပူဇော်ကြ၏။ ထို့အပြင်ထိုနေရာ၌ပင် မြို့၏အပုပ်အစပ်များကိုစုပုံမီးရှို့ကြ၏။ ထို့ကြောင့် အပြစ်ဒဏ်ခံရာအရပ်ဖြစ်သော ငရဲကို“ဂေဟေနာ”ဟုခေါ်ဆိုကြသည်။

**၁၂/ ၅း၂၆** ဤဥပမာ၏အနက်ကား သင်ပြစ်မှားမိသောသူကိုသူ့အသက်ရှင်စဉ်အခိုက်ကျေနပ်အောင်ပြုလော့။ သို့မှသာ ဘုရားသခင်ရှေ့တော်၌သင်သည် စီရင်ခြင်းမခံရဘဲနေလိမ့်မည်။ ထိုသို့မပြုလုပ်လျှင်သင့်ကိုအခွင့်မလွှတ်ဘဲနေလိမ့်မည်။

ထက်ကိုယ်အင်္ဂါတစ်ခုဆုံးရှုံးရသည်ကသာ၍ကောင်း
၏။[၁၃]
၃၀။ သင်၏လက်ယာလက်သည် သင့်ကိုအပြစ်ထဲသို့ကျ
ရောက်စေလျှင်ထိုလက်ကိုဖြတ်ပစ်လော့။အကြောင်းမူ
ကား သင်၏ကိုယ်ခန္ဓာတစ်ခုလုံး ငရဲသို့ချခြင်းခံရ
သည်ထက် ကိုယ်အင်္ဂါတစ်ခုဆုံးရှုံးရသည်ကသာ၍
ကောင်း၏။

## လင်ခန်းမယားခန်းမပြတ်စဲနိုင်ကြောင်း

(မာ ၁၉း၉၊ မာကု ၁၀း၁၁–၁၂ ၊ လု ၁၆း၁၈)

၃၁။ မည်သူမဆိုမိမိမယားနှင့် ကွာရှင်းလိုလျှင်ဖြတ်စာကို
၃၂။ ပေးစေ[၁၄]ဟူ၍လည်းအဆိုရှိ၏။ငါမူကားသင့်တို့အား
ဆိုသည်မှာအိမ်ထောင်ရေးဖောက်ပြန်ခြင်းအကြောင်း
မှတစ်ပါး[၁၅]အခြားအကြောင်းပြချက်ဖြင့်မိမိမယားကို
ကွာရှင်းသော သူသည် သူမအား အကျင့်တရား
ဖောက်ပြန်ခြင်းသို့ ရောက်စေ၏။ကွာရှင်းထားသော
အမျိုးသမီးကိုယူသောသူသည်လည်းသူ့မယားကိုပြစ်
မှားရာရောက်၏။

## ကျိန်ဆိုခြင်းမပြုအပ်ကြောင်း

၃၃။ တစ်ဖန်၊ မမှန်ကန်သောကျိန်ဆိုခြင်းကိုမပြုနှင့်၊သင်
ပြုသောကတိသစ္စာကို ဘုရားသခင်ရှေ့တော်၌တည်
စေလော့ဟု ရှေးလူကြီးတို့အားပညတ်ထားသည်ကို
၃၄။ သင်တို့ကြားခဲ့ရပြီ။ ငါမူကားသင်တို့အားဆိုသည်မှာ
ကျိန်ဆိုခြင်းကို လုံးဝမပြုရ၊[၁၆] ကောင်းကင်ကိုလည်း
တိုင်တည်၍မကျိန်ဆိုရ၊ အကြောင်းမူကား ကောင်း
ကင်သည် ဘုရားသခင်၏ ပလ္လင်တော်ဖြစ်၏။

၃၅။ ကမ္ဘာမြေကြီးကိုလည်း တိုင်တည်၍ မကျိန်ဆိုရ၊
အကြောင်းမူကား ကမ္ဘာမြေကြီးသည်ဘုရားသခင်၏
ခြေတင်ရာခုံဖြစ်၏။ **ဂျေရုဆလင်** မြို့တော်ကိုလည်း
တိုင်တည်၍မကျိန်ဆိုရ၊အကြောင်းမူကားထိုမြို့သည်
ကြီးမြတ်သော ဘုရင်၏မြို့တော်ဖြစ်၏။
၃၆။ သင်၏ ဦးခေါင်းကိုလည်း တိုင်တည်၍မကျိန်ဆိုရ၊
အကြောင်းမူကားဆံခြည်တစ်ပင်ကိုမျှဖြူစေခြင်းမည်း
၃၇။ စေခြင်းငှာ၊ သင်မတတ်နိုင်။ သင်တို့ စကားမူကား
ဟုတ်သည်ဟုဆိုလိုလျှင် ဟုတ်သည်ဟု ပြောလော့၊
မဟုတ်ပါဟုဆိုလိုလျှင် မဟုတ်ပါဟုပြောလော့။ဤ
ထက်ပိုသောစကားသည်မကောင်းခြင်းမှလာ၏။[၁၇]

## လက်စားချေခြင်းမပြုအပ်ကြောင်း

(လု ၆း၂၉–၃၀)

၃၈။ မျက်စိအစား မျက်စိ၊သွားအစားသွားဟူသောပညတ်
၃၉။ စကားရှိသည်ကို သင်တို့ကြားသိကြရပြီ။ ငါမူကား
သင်တို့အားဆိုသည်မှာ သင်တို့ကိုထိခိုက်စော်ကား
သူအားမခုခံကြနှင့်၊[၁၈] သင်၏လက်ယာဖက်ပါးကိုရိုက်
ပုတ်သောသူအား ကျန်ပါးတစ်ဖက်ကိုလည်းလှည့်၍
၄၀။ ပေးဦးလော့။[၁၉] သင်၏အင်္ကျီကို ရယူလို၍ သင့်ကို
တရားစွဲသော သူအားသင်၏ဝတ်လုံကိုလည်းယူစေ
လော့။
၄၁။ တစ်စုံတစ်ယောက်သည် သင့်ကို အနိုင်အထက်ပြု၍
ခရီးတစ်မိုင်သွားစေလျှင်ထိုသူနှင့်အတူနှစ်မိုင်သွားဦး
၄၂။ လော့။ သင့်ထံ တောင်းခံသောသူအား ပေးလော့၊
သင့်ထံမှ ချေးငှား လိုသော သူကိုလည်းမငြင်းပယ်
လေနှင့်။

## ရန်သူကိုချစ်ရမည့်အကြောင်း

(လု ၆း၂၇–၂၈၊၃၂–၃၆)

၄၃။ သင်နှင့်နီးစပ်သောသူကို ချစ်လော့၊သင်၏ရန်သူကို
မုန်းလော့[၂၀]ဟူသော ပညတ်စကားရှိသည်ကိုသင်တို့
၄၄။ ကြားသိကြပြီ။ ငါမူကားသင်တို့အားဆိုသည်မှာသင်

---

**၁၃/ ၅း၂၉** သင်စွဲလန်းတပ်မက်သော အရာတစ်ခုသည်သင့်မျက်စိကဲ့သို့ပင် အရေးပါသော်လည်းအပြစ်သို့ကျရောက်ရခြင်း၏အကြောင်းရင်းဖြစ်လာခဲ့လျှင် ထိုအရာကိုငဲ့ညှာခြင်းမရှိဘဲဖယ်ရှားလော့။အကြောင်းမူကားငရဲ၌ခံရမည်ထက် လောက၌ကောင်းသောအရာတို့ကိုစွန့်လွှတ်လိုက်ရခြင်းသည်သာ၍ကောင်း၏။ (ရဟန္တာ ဩဂုတ်စတင်း၊ ရဟန္တာ ခရိဇောစတုမ်)

**၁၄/ ၅း၃၁** လင်ခန်း၊ မယားခန်း မပြတ်နိုင်ကြောင်းသွန်သင်ခြင်း။အဖြေကို မာတေဦး ၁၉း၉ တွင်ကြည့်ပါ။

**၁၅/ ၅း၃၂** အိမ်ထောင်ရေး ဖောက်ပြန်ခြင်းမှတစ်ပါး။ ဆိုလိုသည်မှာ အိမ်ထောင်ရေး သစ္စာဖေါက်သောအပြစ်ရှိလျှင်လည်း လင်မယားမပြတ်စဲနိုင်။ လူအများရှေ့တွင်လင်ခန်း၊မယားခန်းပြတ်သော်လည်းထိုဇနီးမောင်နှံသည် နောက်အိမ်ထောင်မပြုနိုင်။ ဖတ်စာပေး၍ ကွာထားသော မိန်းမကိုယူသော သူသည် သူ့ယားကိုပြစ်မှားခြင်းအပြစ်သို့ရောက်၏ဟု ကိုယ်တော်မိန့်တော်မူ သောကြောင့်၊ ကွာရှင်းထားသော မိန်းမသည် လူတို့ရှေ့မှာကွာရှင်းထား သော်လည်း ဘုရားရှေ့မှာမကွာမရှင်း။ လွတ်လပ်သူမဟုတ်။ အကြောင်း မူကားဘုရားသခင်စုံဖက်ထားသည်ကိုလူသည်မခွဲခွါစေနှင့်ဟုကျမ်းစာလာ၏။ (မာတေဦး ၁၉း၆)

**၁၆/ ၅း၃၄** ကျိန်ဆိုခြင်းကိုလုံးဝတားမြစ်သည်မဟုတ်။လူအများသည်တရား တော်အတိုင်းနေကြပါလျှင် ကျိန်ဆိုခြင်းပြုရန်အကြောင်းမရှိ။သို့သော်လူသား သည်မကောင်းမှုပြုခြင်း၌စိတ်ယိမ်းယိုင်မှုရှိခြင်းကြောင့်ကျိန်ဆိုခြင်းကိုပြုကြ၏၊ (ဥပမာ–တရားရုံး) သခင်ယေဇူး၏သွန်သင်ချက်သည်အယောင်ဆောင်ခြင်း၊ လှည့်ဖျားခြင်းကိုဆန့်ကျင်၍ ရိုးသားခြင်းနှင့်ဖြောင့်မှန်စွာပြောဆိုရန်နှိုးဆော် သည်။ သံပေါလူးသည်လည်းကျိန်ဆိုခြင်းကိုပြုခဲ့၏။ (ရော ၁း၉,ဖိလိပ္ပိ ၁း၈) အသင်းတော်သည်လည်း အရေးအကြောင်းရှိလျှင်ကျိန်ဆိုခြင်းကို ခွင့်ပြု၏။

---

**၁၇/ ၅း၃၇** "ဟုတ်သည်"နှင့်"မဟုတ်ပါ"ဟူသော စကားထက်ပို၍ပြောသော စကားသည် မကောင်းပါဟု မဆိုလိုချေ။ လူတို့၏အပြုအမူ၊ အကျင့်အကြံ တို့ကို ထောက်ရှု၍အကျင့်မကောင်းမှုသာ၊၎င်းတို့သည် မကောင်းဖြစ်လာ၏။

**၁၈/ ၅း၃၉** ထိခိုက်စော်ကားသူကို စိတ်လိုက်မာန်ပါတုန့်ပြန်ခြင်းမပြုနှင့်ဟု ဆိုလိုသည်။

**၁၉/ ၅း၃၉** ဤစကားအတိုင်း တသွေမတိမ်း လိုက်နာရမည်ဟုမဆိုလို။ဤ ကျမ်းပိုဒ်များ၏အဓိပ္ပါယ်မှာစိတ်လိုက်မာန်ပါတုံ့ပြန်ခြင်းဖြင့်ချစ်ခြင်းမေတ္တာကို မဖျက်ဆီးဘဲ၊ သည်းခံခြင်းတရားထားရမည်ဟုဆိုလိုသည်။

**၂၀/ ၅း၄၂** သင်နှင့်နီးစပ်သောသူကို ချစ်လော့၊ သင်၏ရန်သူကိုမုန်းလော့။ ပထမပိုဒ်သည် ဘုရားသခင်၏ပညတ်ဖြစ်၍မူရင်းကျမ်း၌လည်းရေးသားထား သည်။ ဒုတိယပိုဒ်မှာမူမူရင်းကျမ်းတွင်ရေးမထားဘဲဘာရမိုက်ဆိုရိုးစကားသာ ဖြစ်ပြီး"ရန်သူကိုချစ်ရန်မလို"ဟုဆိုလိုခြင်းဖြစ်သည်။

တို့၏ရန်သူတို့ကို ချစ်ကြလော့၊ သင်တို့ကို
၄၅။ နှိပ်စက်ညှဉ်းဆဲသောသူတို့အဖို့မေတ္တာပို့ကြလော့။သို့
မှသာ သင်တို့သည်ကောင်းသူ၊ ဆိုးသူတို့အပေါ်၌
မိမိ၏နေကိုထွက်စေတော်မူ၍ဖြောင့်မတ်သူ၊မဖြောင့်
မတ်သူတို့အပေါ်၌ မိုးကိုရွာစေတော်မူသောကောင်း
ကင်ဘုံ၌ရှိတော်မူသည့်သင်တို့အဘ၏သားများဖြစ်
ကြလိမ့်မည်။
၄၆။ အကြောင်းမူကားသင်တို့သည်မိမိတို့အားချစ်သောသူ
များကိုသာချစ်ခင်ကြပါမူအဘယ်အကျိုးခံစားရမည်
နည်း၊ အခွန်ခံသောသူများပင်လျှင်ဤသို့ပြုကြသည်
၄၇။ မဟုတ်လော့။[၂၁] သင်တို့၏ညီအစ်ကိုများကိုသာသင်
တို့နှုတ်ဆက်ကြလျှင်သင်တို့သည်မည်သည့်ထူးခြား
၄၈။ ချက်ကို ပြုသနည်း။ ထို့ကြောင့် ကောင်းကင်ဘုံ၌
ရှိတော်မူသောသင်တို့၏အဖသည်ကောင်းမြတ်ပြည့်
စုံတော်မူသည့်နည်းတူ သင်တို့သည်လည်း ကောင်း
မြတ် ပြည့်စုံခြင်း ရှိကြလော့။

## အခန်းကြီး (၆)

## အလှူဒါနပြုခြင်း

၁။ သင်တို့၏ ကုသိုလ်ကောင်းမှုကို လူများမြင်စေခြင်း
ငှာ၊ သူတို့ ရှေ့မျက်မှောက်တွင် မပြုရန်သတိပြုကြ
လော့၊ သို့မဟုတ်လျှင် ကောင်းကင်ဘုံ၌ ရှိတော်မူ
သောသင်တို့၏အဖထံတော်မှ အကျိုးကျေးဇူးမခံစား
၂။ ရဘဲရှိလိမ့်မည်။ ထို့ကြောင့်သင်သည် လှူဒါန်းပေး
ကမ်းသောအခါ လူတို့၏ ချီးမွမ်းခြင်း ခံရအောင်
တရားဇရပ်များနှင့် လမ်းများပေါ်တွင် လှူဒါန်းကြ
သောသူတော်ကောင်းယောင်ဆောင်သူ[၁] များပြုသကဲ့
သို့ထင်ပေါ်ကျော်ကြားအောင် မပြုလေနှင့်၊ သင်တို့
အား ငါအမှန်ဆိုသည်ကား ထိုသူတို့သည် မိမိတို့
၃။ အကျိုးကို ရရှိကြပြီးဖြစ်သည်။ သို့သော်သင်မူကား
လှူဒါန်းပေးကမ်းသောအခါ သင်၏လကျာ်လက်ပြု
၄။ သောအမှုကိုလက်ဝဲလက်မသိစေနှင့်၊ ဤသို့ဖြစ်လျှင်
သင်၏အလှူသည်မထင်မရှားရှိ၍မထင်မရှားပြုသော
အမှုကိုမြင်တော်မူသောသင်၏အဖသည်သင့်အားဆု
ကျေးဇူး ပေးသနားတော်မူလိမ့်မည်။

### ဆုတောင်းခြင်း

၅။ သင်တို့သည် ဆုတောင်း ပတ္ထနာပြုသောအခါလူတို့
မြင်စေခြင်းငှာ တရားဇရပ်များနှင့် လမ်းဆုံလမ်းခွ
များတွင်ရပ်လျက်ဆုတောင်းခြင်းကိုပြုလိုကြသောသူ
တော်ကောင်း ယောင်ဆောင်သူတို့ကဲ့သို့မပြုကြနှင့်၊
သင်တို့အား ငါအမှန်ဆိုသည်ကားသူတို့သည်မိမိတို့
၆။ အကျိုးကို ရရှိကြပြီးဖြစ်သည်။သင်မူကားဆုတောင်း
သောအခါ သင်၏အခန်းတွင်းသို့ဝင်၍တံခါးကိုပိတ်
ပြီးမှ ဆိတ်ကွယ်ရာ၌သင်၏အဖထံဆုတောင်းလော့၊
ဆိတ်ကွယ်ရာ၌ပြုသောဆုတောင်းခြင်းကိုမြင်တော်မူ
သောသင်၏အဖသည် သင့်ကိုဆုကျေးဇူးပေးသနား
တော်မူလိမ့်မည်။
၇။ သင်တို့ ဆုတောင်းကြသောအခါ လူမျိုးခြားများ
ကဲ့သို့များစွာသောစကားလုံးများကိုမရွတ်ဆိုကြနှင့်၊[၂]
အကြောင်းမူကား သူတို့သည်များစွာသောစကားတို့
ဖြင့် မိမိတို့တောင်းလျှောက်ကြသည့် ဆုပြည့်စုံလိမ့်
၈။ မည်ဟုထင်မှတ်ကြ၏။ သင်တို့မူကား သူတို့ကဲ့သို့
မပြုကြနှင့် သင်တို့၌ လိုအပ်သောအရာကို သင်တို့
မတောင်းမီကပင် သင်တို့၏အဖသည်သိတော်မူ၏။

### သခင်ဘုရား၏ဆုတောင်းပတ္ထနာတော်

(လု ၁၁:၂-၄)

၉။ ထို့ကြောင့် သင်တို့သည်ဤသို့ဆုတောင်းကြရမည်။
'ကောင်းကင်ဘုံ၌ ကျိန်းဝပ်တော်မူသောကျွန်ုပ်တို့၏
အဖ၊ကိုယ်တော်၏နာမတော်အားရိုသေလေးမြတ်ခြင်း
၁၀။ ရှိပါစေသော။[၃] ကိုယ်တော်၏ နိုင်ငံတော်သည်
ရောက်ပါစေသော၊[၄] ကောင်းကင်ဘုံ၌ ဖြစ်သကဲ့သို့
မြေကြီးပေါ်၌လည်း ကိုယ်တော်၏အလိုတော်သည်
၁၁။ ပြည့်စုံပါစေသော။ နေ့စဉ် လိုအပ်သောအစားအစာ
ကိုကျွန်ုပ်တို့အား ယနေ့၌ပင် ပေးသနားတော်မူပါ။[၅]
၁၂။ ကျွန်ုပ်တို့ကို ထိခိုက်ပြစ်မှားသောသူတို့၏အပြစ်ကို

---

**၂၁/၅း၄၆** ရောမဘုရင်တို့သည် အခွန်ကောက်ခံခြင်းအမှုကို စေခိုင်းရန် ဂျူးလူမျိုးများထဲမှကိုယ်ကျိုးရှာတတ်သောစိတ်ထားယုတ်ညံ့သောသူတို့ကိုသာရွေးချယ်ခိုင်းစေတတ်၏။ ထို့ကြောင့် အခွန်ခံဟူ၍ခေါ်ဝေါ်ခံရသူတို့သည် အပြစ်ဒုစရိုက်ပြုသူများဟုအားလုံးကလက်ခံထားတတ်၏။လောဘကြီးပြီးဆင်းရဲသားများအပေါ်ဖိစီးနှိပ်စက်ကြ၏။ဘုရင့်အရှိန်အဝါနှင့်အခွန်ငွေသာမကအပိုငွေများကိုလည်းမတရားသဖြင့်တောင်းခံတတ်သောကြောင့်အမည်ပျက်သူများဖြစ်ကြ၏။

**၁/၆း၂** သူတော်ကောင်းယောင်ဆောင်သူများ။ဂရိဘာသာစကားအားဖြင့် "ဟိပိုခရိတ်"ဟုခေါ်သည်။ ဆိုလိုသည်မှာအတွင်း၌ စိတ်မဖြောင့်သော်လည်း အပြင်၌သူတော်ကောင်းယောင်ဆောင်သဖြင့်လူတို့၏ချီးမွမ်းခြင်းကိုခံလိုသောကြောင့်ကောင်းမှုများကိုပြုတတ်ကြ၏။

**၂/၆း၇** များစွာသောစကားလုံးများကိုမရွတ်ဆိုကြနှင့်။ဘုရားနှင့်ပေါင်းစပ်ခြင်းဖြစ်ပြီးတိုတောင်းစွာဆုတောင်းရမည်ဟုမဆိုလို။ဆုတောင်းခြင်းဆိုသည်မှာသီကုံးထားသောစကားများကို အဓိပ္ပာယ်မဲ့ရွတ်ဆိုရုံမျှသာမဟုတ်ဟု ဆိုလိုသည်။ သခင်ယေရှုသည် တစ်ညလုံးဆုတောင်းတော်မူ၏။ (မာတေဦး ၁၄း၂၄,လု၆း၁၂)ဟုဆိုရာ၌သခင်ယေရှုသည်မိမိအဘခမည်းတော်နှင့်ပေါင်းစပ်ဆက်သွယ်လျက် နေခဲ့သည်ဟုဆိုလို၏။ တမန်တော်ကြီးပေါလုသည်လည်း အဆက် မပြတ်ဆုတောင်းလေ့ရှိ၏။ (ရောမ ၁း၉)

**၃/၆း၈** "နာမတော်"၏အနက်အဓိပ္ပာယ်ကား"ဘုရားသခင်"ဟုဆိုလိုသည်။

**၄/၆း၁၀** "ကိုယ်တော်၏နိုင်ငံတော်သည်ရောက်ပါစေသော"လောကီမင်းတို့အုပ်စိုးသောနိုင်ငံကိုမဆိုလို။ မေတ္တာတရားတရားမျှတမှုနှင့်အေးချမ်းသာယာခြင်းပြည့်ဝနေသောနိုင်ငံကို ဆိုလို၏။

**၅/၆း၁၁** နေ့စဉ်လိုအပ်သောအစားအစာ"သည်ကားဝိညာဉ်အစာနှင့်ကာယစာဖြစ်သတည်း။ ဝိညာဉ်အစားအစာဆိုသည်ကားဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ကိုယ်တော်မြတ်စက္ကရမင်းတူးဖြစ်၏။

ကျွန်ုပ်တို့ အခွင့်လွှတ်သကဲ့သို့ကျွန်ုပ်တို့၏အပြစ်
၁၃။ များကိုလည်းအခွင့်လွှတ်တော်မူပါ။အပြစ်ပြုရန်သွေး
ဆောင် နှောင့်ရှက်ခြင်းသို့ကျွန်ုပ်တို့ကိုမကျရောက်
စေဘဲအပြစ်မကောင်းမှုများမှကင်းလွတ်စေတော်မူပါ။
၁၄။ အကြောင်းမူကားသင်တို့သည်တစ်ပါးသူတို့၏အပြစ်
များကိုအခွင့်လွှတ်ကြလျှင်ကောင်းကင်ဘုံ၌ရှိတော်မူ
သောသင်တို့၏အဖသည်လည်းသင်တို့၏အပြစ်များ
ကို အခွင့်လွှတ်တော်မူလိမ့်မည်။
၁၅။ သင်တို့မူကားတစ်ပါးသူတို့၏အပြစ်ကိုအခွင့်မလွှတ်
ကြလျှင် သင်တို့၏အဖသည်လည်းသင်တို့၏အပြစ်
များကို ခွင့်လွှတ်တော်မူလိမ့်မည် မဟုတ်။’

## အစာရှောင်၊ ဝါရှောင်ခြင်း

၁၆။ သင်တို့သည် အစာရှောင်ခြင်းကို ပြုကြသောအခါ
သူတော်ကောင်း ယောင်ဆောင် သူတို့ကဲ့သို့မျက်နှာ
မသာမယာ ညှိုးငယ်ခြင်း မရှိကြနှင့်၊ အကြောင်းမူ
ကား သူတို့သည် မိမိတို့အစာရှောင်နေကြသည်ကို
လူများမြင်စေခြင်းငှာ ညှိုးငယ်သော မျက်နှာအသွင်
ကိုဆောင်ကြ၏ သင်တို့အား ငါအမှန်ဆိုသည်ကား
သူတို့သည် မိမိတို့အကျိုးကို ရရှိကြပြီးဖြစ်သည်။
၁၇။ သင်မူကား အစာရှောင်သောအခါသင်၏ဦးခေါင်းကို
၁၈။ ဆီလိမ်းကျံ၍ မျက်နှာကိုသစ်လော့၊[၆] သင်အစာရှောင်
နေသည်ကိုလူတို့မြင်စေရန်မဟုတ်ဘဲမျက်စိနှင့်မမြင်
နိုင်သော သင်၏အဖမြင်တော်မူစေရန်ဖြစ်၏။ဆိတ်
ကွယ်ရာ၌ပြုသောအရာတို့ကိုမြင်တော်မူသောသင်၏
အဖသည် သင့်ကို ဆုကျေးဇူးပေးသနားတော်မူလိမ့်
မည်။

## ကောင်းကင်ဘုံ၌ဘဏ္ဍာတော်စုဆောင်းခြင်း

(လု ၁၂း၃၃-၃၄)

၁၉။ သံချေး ပိုးရွဖျက်ဆီးနိုင်၍ သူခိုးများဖောက်ထွင်းခိုး
ယူနိုင်သော လောက ဥစ္စာရတနာကို[၇] မစုဆောင်းကြ
၂၀။ နှင့်။သံချေးပိုးရွလည်းမဖျက်ဆီးနိုင်၊သူခိုးများလည်း
ဖောက်ထွင်း ခိုးယူခြင်း မပြုနိုင်သော ကောင်းကင်
ဘဏ္ဍာ[၈] ကိုသာ ဆည်းပူးစုဆောင်းကြလော့။
၂၁။ အဘယ်ကြောင့်ဆိုသော် သင်၏ဘဏ္ဍာရှိရာအရပ်၌
သင်၏စိတ်နှလုံးလည်းရှိ၏။

## လူ့ခန္ဓာကိုယ်၏ဆီမီး

၂၂။ မျက်စိသည်ခန္ဓာကိုယ်၏ဆီမီးဖြစ်၏။သင်၏မျက်စိ
ကြည်လင်သန့်ရှင်းလျှင် သင်၏ခန္ဓာကိုယ်တစ်ခုလုံး
၂၃။ လင်းလိမ့်မည်။ သင်၏ မျက်စိမကောင်းလျှင်မူကား
သင်၏ခန္ဓာကိုယ်တစ်ခုလုံးသည် မှောင်မိုက်၌ရှိလိမ့်
မည်။ အကယ်၍ သင်၌ရှိသော အလင်းသည်မှောင်
မိုက်ဖြစ်လာလျှင် ထိုမှောင်မိုက်သည် မည်မျှထူထပ်
လိမ့်မည်နည်း။

## ဘုရားသခင်နှင့်ငွေကြေးဥစ္စာ

(လု ၁၆း၁၃)

၂၄။ မည်သူမျှ သခင်နှစ်ပါး[၉] ကိုအစေမခံနိုင်။အကြောင်း
မူကားသခင်တစ်ပါးကိုမုန်း၍တစ်ပါးကိုချစ်လိမ့်မည်၊
သခင်တစ်ပါးကိုသစ္စာခံ၍တစ်ပါးကိုမထီမဲ့မြင်ပြုလိမ့်
မည် သင်တို့သည် ဘုရားသခင်နှင့် **မာမုန်**[၁၀] နှစ်ပါး
စလုံးကို အစေမခံနိုင်။

## ဘုရားသခင်၌ယုံကြည်အားထားခြင်း

( လု ၁၂း၂၂-၃၁)

၂၅။ ထို့ကြောင့် သင်တို့အားငါဆိုသည်ကားသင်တို့ဘဝ
အသက်ရှင်ရေးအတွက်မည်သည့်အရာကိုစားသောက်
ရမည်၊ သင်တို့ခန္ဓာကိုယ်အတွက်မည်သည့်အရာကို
ဝတ်ဆင်ရမည်ကို စိုးရိမ်ပူပန်ခြင်း မရှိကြနှင့်။[၁၁]
အသက်သည် အစာထက် မြတ်သည်မဟုတ်လော၊
ခန္ဓာကိုယ်သည်အဝတ်ထက်မြတ်သည်မဟုတ်လော။
၂၆။ မိုးကောင်းကင်ငှက်တို့ကိုကြည့်ရှုကြလော့၊ထိုငှက်တို့
သည်မျိုးစေ့လည်းမကြဲ၊ကောက်နှံများကိုလည်းမရိတ်
သိမ်း၊ ကျီများတွင်လည်းသိုလှောင်ခြင်းမပြုကြချေ။
သို့သော်ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့၏
အဖသည်ထိုငှက်တို့ကိုကျွေးမွေးတော်မူ၏။ သင်တို့
သည်ငှက်များထက်သာ၍မြတ်ကြသည်မဟုတ်လော။
၂၇။ သင်တို့တွင် မည်သူသည် စိုးရိမ်ကြောင့်ကြခြင်းဖြင့်
မိမိဘဝသက်တမ်းကိုအနည်းငယ်တိုးစေနိုင်သနည်း။
၂၈။ သင်တို့သည်အဘယ်ကြောင့်ဝတ်ဆင်မှုအတွက်စိုးရိမ်
ကြောင့်ကြနေကြသနည်း၊ လယ်ကွင်းပြင်ရှိတောနှင်း
ပန်းတို့မည်သို့ရှင်သန်နေကြသည်ကိုသတိမူကြလော့
ယင်းတို့သည်အလုပ်လည်းမလုပ်၊ဖိုင်းလည်းမငင်ကြ၊
၂၉။ သို့ရာတွင်သင်တို့အားငါဆိုသည်မှာဘုန်းတန်ခိုးကြီး
သော **ဆောလမုန်**ဘုရင်သည်ပင်လျှင်ထိုပန်းပင်တစ်
၃၀။ ပင်ကဲ့သို့လှပစွာမဆင်မြန်းနိုင်ခဲ့ချေ။ ယုံကြည်ခြင်း

---

**၆/၆း၁၇** သင်ဝါရှောင်သောအခါသူတစ်ပါးသိအောင်ဖော်ပြရန်မလိုပေ။အရှေ့တိုင်းသားများသည်မျက်နှာလန်းဆန်းရွှင်ပြစွာရှိစေရန်ဦးခေါင်းကိုဆီလိမ်းကျံတတ်ကြသည်။

**၇/၆း၁၉**လောကဥစ္စာရတနာ။မြေကြီးပေါ်မှာမတည်မြဲသောစည်းစိမ်ချမ်းသာကိုဆိုလိုသည်။

**၈/၆း၂၀** ကောင်းကင် ဘဏ္ဍာဟူသည်ကားကုသိုလ်ကောင်းမှုများကိုဆိုလိုသည်။

**၉/၆း၂၄** သခင်နှစ်ပါး။ ဆန့်ကျင်ဘက်ဖြစ်သောအရာများကိုစေခိုင်းသောသခင်နှစ်ပါး

**၁၀/၆း၂၄** “မာမုန်” အဓိပ္ပာယ်မှာအာရမိုက်ဝေါဟာရဖြစ်ပြီးဥစ္စာစည်းစိမ်ဟုဆိုလိုသည်။ အာဆီးရီးယန်းလူမျိုးတို့၏ စီးပွားရေးဘုရားဖြစ်၏။

**၁၁/၆း၂၅** စားဝတ်နေရေးအတွက်၊ ကြံစည်လုပ်ကိုင်ခြင်းကို တားမြစ်ခြင်းမဟုတ်။ လောဘစိတ်ဖိစီးမှုကြောင့် စိုးရိမ်ကြောင့်ကြခြင်းများကိုသာတားမြစ်သည်။

အားနည်းသောသင်တို့ယနေ့ရှင်သန်လန်းဆန်းလျက်
မနက်ဖန်မီးဖိုထဲသို့ပစ်ချခြင်းခံရသောလယ်ကွင်းပြင်
မှတောမြက်ပင်ကိုပင် ဘုရားသခင်သည်ဤသို့အလှ
ဆင်ပေးတော်မူလျှင် သင်တို့ကိုမူကား ထိုထက်မက
အဆပေါင်းများစွာဆင်ယင်ပေးလိမ့်မည်မဟုတ်လော၊
၃၁။ ထို့ကြောင့် သင်တို့သည် မည်သည့်အရာကို စား
သောက်ကြရမည်။မည်သည့်အရာဝတ်ဆင်ကြရမည်
ကိုစိုးရိမ် ပူပန်ခြင်းမရှိကြနှင့်။
၃၂။ လူမျိုးခြားတို့သာလျှင် ဤအရာခပ်သိမ်းကိုရှာဖွေ
တတ်ကြ၏။အကြောင်းမူကားကောင်းကင်ဘုံရှင်သင်
တို့အဖသည် ဤအရာအားလုံးစုံကို သင်တို့လိုအပ်
၃၃။ ကြောင်း သိတော်မူ၏။ သို့ဖြစ်၍ ဘုရားသခင်၏
နိုင်ငံတော်နှင့်ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားကို
ရှေးဦးစွာရှာကြလျှင် ကိုယ်တော်သည် သင်တို့အား
ထိုအရာအားလုံးစုံကို ထပ်လောင်း၍ ပေးသနား
တော်မူလိမ့်မည်။
၃၄။ ထို့ကြောင့် မနက်ဖြန်နေ့အတွက် မစိုးရိမ်ကြနှင့်။
မနက်ဖြန်နေ့သည် မိမိအတွက် စိုးရိမ်လိမ့်မည်။
တစ်နေ့တာကြုံတွေ့ရသည့်စိုးရိမ်ပူပန်ခြင်းများသည်
ထိုနေ့အတွက် လုံလောက်ပေ၏။[၁၂]

## အခန်းကြီး (၇)
## သူတစ်ပါးအပြစ်ကို စီရင်ဆုံးဖြတ်ခြင်း မပြုအပ်ကြောင်း (လု ၆း၃၇-၄၂)

၁။ စီရင်ဆုံးဖြတ်ခြင်းကိုမပြုကြနှင့်။သို့ဖြစ်လျှင်သင်တို့
သည်လည်း စီရင်ဆုံးဖြတ်ခြင်းခံရလိမ့်မည်မဟုတ်။
၂။ အကြောင်းမူကား သင်တို့စီရင်ဆုံးဖြတ်သည့်အတိုင်း
သင်တို့သည်လည်းစီရင်ဆုံးဖြတ်ခြင်းခံကြရလိမ့်မည်
သင်တို့ တိုင်းချိန်သောပမာဏဖြင့်သင်တို့သည်တိုင်း
ချိန်ခြင်း ခံကြရလိမ့်မည်။
၃။ အဘယ်ကြောင့်သင်သည်မိမိမျက်စိအတွင်းရှိသစ်တုံး
ကိုမမြင်ဘဲ၊ သင့်ညီအစ်ကို၏ မျက်စိအတွင်းရှိသစ်
၄။ သားစကို မြင်ပါသနည်း။ [၁]သင်၏မျက်စိထဲတွင်
သစ်တုံးရှိနေပါလျက်နှင့်သင်၏ညီအစ်ကိုအားသင်၏
မျက်စိထဲမှ သစ်သားစကို ထုတ်ပေးပါရစေဟု
၅။ သင်အဘယ်သို့ ဆိုနိုင်သနည်း။ အသင်သူတော်
ကောင်းယောင်ဆောင်သူ၊သင်၏မျက်စိထဲမှသစ်တုံး
ကိုဦးစွာထုတ်ပစ်လော။[၂] သို့မှသာသင့်ညီအစ်ကို၏
မျက်စိထဲမှသစ်သားစကိုထုတ်ပစ်ရန် ကောင်းစွာမြင်
နိုင်ပေလိမ့်မည်။

## သန့်ရှင်းမွန်မြတ်သော အရာများကိုမညစ်ညူးစေအပ်ကြောင်း

၆။ သန့်ရှင်းမွန်မြတ်သော အရာများကိုခွေးတို့အားမပေး
ကြနှင့်။ သင်တို့၏ပုလဲရတနာများကိုလည်းဝက်များ
ရှေ့မှာပစ်ချမထားကြနှင့်။[၃] ထိုသို့ပြုခဲ့လျှင် ဝက်တို့
သည် ထိုအရာများကို ခြေနှင့် နင်းခြေပြီး၊လှည့်၍
သင်တို့ကို ကိုက်ကြလိမ့်မည်။

## ဆုတောင်းခြင်း၏ တန်ခိုးအာနိသင်
(လု ၁၁း၉-၁၃)

၇။ တောင်းကြလော့၊တောင်းလျှင်သင်တို့အားပေးတော်မူ
လိမ့်မည်။ ရှာကြလော့၊ ရှာလျှင်တွေ့ကြလိမ့်မည်။
၈။ တံခါးကိုခေါက်ကြလော့၊ခေါက်လျှင်သင်တို့အားဖွင့်
ပေးလိမ့်မည်။တောင်းသောသူသည်ရ၏။ရှာသောသူ
သည်တွေ့၏။ တံခါးခေါက်သောသူအားဖွင့်ပေးလိမ့်
၉။ မည်။ သင်တို့တွင် မည်သူသည် မိမိသားကမုန့်ကို
တောင်းလျှင်ကျောက်ခဲကိုပေးမည်နည်း။
၁၀။ ငါးကိုတောင်းလျှင်မည်သူသည်မြွေကိုပေးမည်နည်း။
၁၁။ ဆိုးမိုက်သော သင်တို့ပင်လျှင်သင်တို့သားသမီးများ
အား ကောင်းသောအရာများကို ပေးတတ်ကြလျှင်
ကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့၏အဖသည်
လည်းမိမိထံတောင်းလျှောက်သူတို့အားကောင်းသော
အရာများကို ထိုထက်မကပို၍ပေးတော်မူမည်မဟုတ်
လော။

## ရွှေဥပဒေသ (လု ၆း၃၁)

၁၂။ သူတစ်ပါးတို့သည်သင်တို့အားပြုစေလိုသည့်အတိုင်း
သင်တို့သည်လည်း သူတစ်ပါးတို့အားပြုကြလော့။
ဤသည်ကား ပညတ် တရားကျမ်းနှင့် ပရောဖက်
ကျမ်းတို့၏ အနှစ်သာရပေတည်း။

## ကျဉ်းမြောင်းသောတံခါး
(လု ၁၃း၂၃-၂၄)

၁၃။ ကျဉ်းမြောင်းသောတံခါးမှ ဝင်ကြလော့။ပျက်စီးခြင်း
သို့ ပို့ဆောင်သော လမ်းသည် လိုက်ရန်လွယ်ကူ၍
တံခါးသည်လည်းကျယ်ဝန်းသဖြင့်လူများစွာတို့သည်
၁၄။ ထိုလမ်းကိုလိုက်ကြ၏။ သို့သော်ထာဝရအသက်သို့

---

၁၂/၆း၃၄ နေ့စဉ်နေ့တိုင်း သင်တို့အတွက် စိုးရိမ်ပူပန်စရာအကြောင်းပေါ်တတ်၏။ နောက်တစ်နေ့အတွက် ကြိုတင်ပူပန်ကြောင့်ကြခြင်းဖြင့် အဘယ့်ကြောင့် ပို၍ဝန်လေးအောင်လုပ်ရသနည်း။

၁/၇း၄ သင်၏ကြီးမားသောအပြစ်ကိုမမြင်ဘဲသူတစ်ပါး၏ကြီးမားသောအပြစ်ကိုသာမြင်တတ်၏။

၂/၇း၅ ရှေးဦးစွာသင်၏အမှားကို သင်ပြုပြင်လော့။ ထို့နောက်မှ သူတစ်ပါး၏အမှားကို သင်ပြုပြင်နိုင်မည်။

၃/၇း၆ သန့်ရှင်းမွန်မြတ်သောအရာများနှင့်ပုလဲရတနာတို့ကိုဘုရားသခင်နိုင်ငံတော်နှင့်ဆိုင်သောသတင်းကောင်းဖြင့် နှိုင်းယှဉ်သည်။ခွေးနှင့်ဝက်သည်ဓမ္မဟောင်းကာလက မသန့်ရှင်းသောသတ္တဝါများအဖြစ် သတ်မှတ်ခံရပြီးဘာသာ ရေးစာပေများ၌ ပညာအသိမရှိသူများကိုခွေး၊ ဝက်နှင့်ပုံခိုင်းနှိုင်းသည်။

ပို့ဆောင်သောလမ်းမူကားခက်ခဲ၍တံခါးသည်လည်း
ကျဉ်းမြောင်းသဖြင့်လူအနည်းငယ်တို့သာထိုလမ်းကို
လိုက်ကြ၏။[၄]

## အပင်နှင့်အသီးကိုကြည့်ခြင်း

(မာကု ၁၂း၃၃ ၊ လု ၆း၄၃–၄၄)

၁၅။ အယောင်ဆောင် ပရောဖက်များကိုသတိပြုကြလော့။
သူတို့သည်အတွင်း၌လုယက်စားသောက်တတ်သော
ဝံပုလွေများ ဖြစ်ကြလျက်သိုးရေကိုလွှမ်းခြုံကာ[၅]သင်
၁၆။ တို့ထံသို့လာကြ၏။ထိုသူတို့၏အသီးများကိုထောက်
၍ သူတို့သည် မည်သူဖြစ်သည်ကိုသိကြလိမ့်မည်။
ဆူးပင်တို့မှစပျစ်သီးကိုလည်းကောင်း၊အနှစ်မဲ့ဆူးပင်
ငယ်တို့မှတည်သီးများကိုလည်းကောင်း၊ခူးဆွတ်လေ့
၁၇။ ရှိကြသလော။ဤနည်းတူမျိုးကောင်းသောအပင်သည်
အသီးကောင်းကို သီးတတ်သည်။
၁၈။ မျိုးညံ့သော အပင်မူကား အသီးညံ့ကိုသီးတတ်၏။
မျိုးကောင်းသော အပင်သည် အသီးညံ့ကိုမသီးနိုင်၊
မျိုးညံ့သောအပင်သည်လည်း အသီးကောင်းကိုမသီး
၁၉။ နိုင်ပေ။အသီးကောင်းကိုမသီးသောအပင်မှန်သမျှတို့
၂၀။ ကိုခုတ်လှဲ၍မီးထဲသို့ပစ်ချရမည်။ငါတစ်ဖန်ဆိုသည်
ကားထိုသူတို့၏အသီးများကိုထောက်၍သူတို့မည်သူ
ဖြစ်သည်ကို သိကြလိမ့်မည်။

## တပည့်စစ်တပည့်မှန် (လုဖ်း၄၆ ၊၁၃း၂၇)

၂၁။ ငါ့ကိုသခင်၊ သခင်ဟုခေါ်သောသူတိုင်းကောင်းကင်
နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်၊ကောင်းကင်ဘုံ၌
ရှိတော်မူသောငါ့ခမည်းတော်၏အလိုတော်ကိုဆောင်
ရွက်သောသူသာလျှင် ဝင်ရလိမ့်မည်။
၂၂။ တရားစီရင်သော နေ့ရက် ရောက်သောအခါများစွာ
သောသူတို့က ငါ့အား သခင်၊သခင်၊ကျွန်ုပ်တို့သည်
ကိုယ်တော်၏နာမတော်နှင့်ဟောပြောခဲ့ကြပါပြီ၊ကိုယ်
တော်၏နာမတော်နှင့်နတ်ဆိုးများကိုနှင်ထုတ်ခဲ့ကြပါ
ပြီ။ကိုယ်တော်၏နာမတော်နှင့်များစွာသောတန်ခိုးတို့
ကိုပြခဲ့ကြသည် မဟုတ်ပါလောဟု မေးလျှောက်ကြ
၂၃။ လိမ့်မည်။ ထိုအခါငါကသင်တို့ကို လုံးဝမသိ၊
မတရားသော အမှုကိုပြုသောသူတို့၊ ငါ့ထံမှထွက်
ခွာသွားကြလော့ ဟူ၍သူတို့အား အတိအလင်း
ပြောလိမ့်မည်။

## အုတ်မြစ်နှစ်မျိုး (လု ၆း၄၇–၄၉)

၂၄။ ငါ၏စကားကို ကြား၍ ကျင့်သောသူဟူသမျှသည်
ကျောက်ပေါ်မှာ မိမိအိမ်ကိုဆောက်သောပညာရှိနှင့်
၂၅။ တူလိမ့်မည်။မိုးရွာရေကြီးမုန်တိုင်းထန်သဖြင့်ထိုအိမ်
ကို ရိုက်ခတ်သော်လည်း ကျောက်[၆]ပေါ်မှာတည်
၂၆။ ဆောက်ထားသောကြောင့် မပြိုမလဲချေ။ငါဟောပြော
သောဤစကားများကိုကြား၍၊မကျင့်ဘဲနေသောသူဟူ
သမျှသည် သဲပေါ်မှာမိမိအိမ်ကို ဆောက်သောသူ
၂၇။ မိုက်နှင့်တူလိမ့်မည်။မိုးရွာရေကြီးမုန်တိုင်းထန်သဖြင့်
ထိုအိမ်ကိုရိုက်ခတ်ခဲ့သော်ပြိုလဲ၍ကြီးစွာသောပျက်စီး
ခြင်းသို့ရောက်ရလိမ့်မည်ဟု မိန့်တော်မူ၏။
၂၈။ သခင်ယေရှုသည် ဤအကြောင်းအရာများကိုဟော
ပြောတော်မူပြီးသောအခါ ကိုယ်တော်၏သွန်သင်
ချက်များကို ကြားနာရသူအပေါင်းတို့သည် လွန်စွာ
၂၉။ အံ့သြကြကုန်၏။အဘယ်ကြောင့်ဆိုသော်ကိုယ်တော်
သည်ထိုသူတို့၏ ကျမ်းတတ်ဆရာတို့ကဲ့သို့မဟုတ်
ဘဲ၊သြဇာအာဏာဖြင့် ဟောပြောသွန်သင်တော်မူ၏။

## အခန်းကြီး (၈)
## အနာကြီးရောဂါသည်တစ်ဦးကိုပျောက်ကင်းစေတော်မူခြင်း။

(မာကု ၁း၄၀–၄၄ ၊ လု ၅း၁၂–၁၄)

၁။ ကိုယ်တော်သည် တောင်ပေါ်မှ ဆင်းကြွလာတော်မူ
သောအခါများစွာသောလူအစုအဝေးတို့သည်နောက်
၂။ တော်မှလိုက်ကြ၏။ ထိုအခါအနာကြီးရောဂါစွဲသော
သူတစ်ယောက်သည်လာ၍ကိုယ်တော်ရှေ့မှောက်တွင်
ဒူးထောက်လျှက်သခင်၊အလိုတော်ရှိလျှင်တပည့်တော်
ကိုသန့်ရှင်းစေနိုင်ပါသည်ဟုတောင်းပန်လျှောက်ထား
၃။ လေ၏။**ယေရှု**ကလည်းလက်တော်ကိုဆန့်၍ထိုသူကို
တို့ထိကာ၊ ငါအလိုရှိ၏။ သန့်ရှင်းစင်ကြယ်ခြင်းသို့
ရောက်စေဟုမိန့်တော်မူလျှင်၊ အနာကြီးရောဂါသည်
ချက်ခြင်း ပျောက်ကင်းလေ၏။
၄။ သခင်**ယေရှု**ကဤအကြောင်းကိုမည်သူ့အားမျှမပြော
မိစေရန် သင်သတိပြုလော့၊ သို့ရာတွင် သွား၍
သင့်ကိုယ်ကိုရဟန်းအားပြလော့၊လူတို့ရှေ့တွင် သက်
သေဖြစ်စေခြင်းငှာ **မိုးဇက်**မိန့်မှာထားသည့်အတိုင်း
လှူဖွယ်ဝတ္ထုကို ပူဇော်ဆက်သလော့ဟု ထိုသူအား
မိန့်တော်မူ၏။

---

၄/ ၇း၁၄ ကျဉ်းမြောင်းသောလမ်းနှင့်တံခါးသည် ဘုရားသခင်ပညတ်တော်တို့ကိုဆိုလိုသည်။ကျဉ်းမြောင်းသည်ဆိုသောအကြောင်းမှာ ထိုပညတ်တို့သည်ကိလေသာ တဏှာနှင့်ဆန့်ကျင်ဘက်ဖြစ်၍တင်းကြပ်စွာ စောင့်စည်းရမည်။ကျယ်သောတံခါးနှင့်လွယ်သောလမ်းသည်ကား၊လောဘ၊ ဒေါသ၊ မောဟတို့ကိုမချုပ်တည်းနိုင်ခြင်းဟု ဆိုလိုသည်။

၅/ ၇း၁၅ သိုးရေကိုဝတ်ခြုံကာ။အဓိပ္ပာယ်မှာအပေါ်ယံချောမောအောင်ပြောဆိုတတ်ပြီး မမှန်မကန်ရာများနှင့်လမ်းမှားရာသို့ပို့ဆောင်တတ်၍ပျက်စီးခြင်းသို့ရောက်စေတတ်သောသူဟု ဆိုလိုသည်။

၆/ ၇း၂၅ "ကျောက်" ဟူသည်ကား ကောင်းသော အကျင့်ဖြင့်အသက်ရှင်သော ယုံကြည်ခြင်းကို ဆိုလိုသည်။

## လူတစ်ရာတပ်မှူး၏အစေခံကိုရောဂါပျောက် ကင်းစေတော်မူခြင်း

(လု၇း၁–၁၀၊ယောင်း၄၆–၅၄)

၅။ ကိုယ်တော်သည် **ကာဖါနာအုမ်**မြို့သို့ ကြွဝင်တော်မူ
သောအခါ၊ လူတစ်ရာတပ်မှူး တစ်ယောက်သည်
၆။ အထံတော်သို့ချဉ်းကပ်ပြီးလျှင်၊ သခင်၊ကျွန်တော်၏
အစေခံတစ်ယောက်သည် ခြေလက်သေသည့်ရောဂါ
ဖြင့် အိမ်တွင် ဝေဒနာခံစားနေရပါသည်ဟုလျှောက်
၇။ ထားလေ၏။ ကိုယ်တော်ကငါလာ၍သူ့ကိုပျောက်
၈။ ကင်းချမ်းသာစေမည်ဟု မိန့်တော်မူလျှင်၊ လူတစ်
ရာတပ်မှူးကပြန်လျှောက်သည်မှာသခင်၊ကျွန်တော်
၏ အိမ်မိုးအောက်သို့ကိုယ်တော်ကြွဝင်တော်မူခြင်း
ကို ကျွန်တော်မခံထိုက်ပါ။ တစ်ခွန်းမျှသာအမိန့်ရှိ
တော်မူပါလျှင်၊ ကျွန်တော်၏ အစေခံသည်ရောဂါ
ပျောက် ကင်းချမ်းသာပါလိမ့်မည်။
၉။ အဘယ်ကြောင့်ဆိုသော်ကျွန်တော်သည်မင်းအာဏာ
စက်အောက်တွင် နေသူဖြစ်ပြီးကျွန်တော်၏ လက်
အောက်တွင် စစ်သားများရှိပါ၏။ တစ်ယောက်
ကိုသွားဟုဆိုလျှင်သွားပါ၏။ အခြားတစ်ယောက်ကို
လာခဲ့ဟုဆိုလျှင်လာပါ၏။ ကျွန်တော်၏ အစေခံကို
လည်း ဤအမှုကို လုပ်လိုက်ဟုဆိုလျှင်ထိုသူသည်
လုပ်ပါ၏[1]ဟု လျှောက်လေ၏။
၁၀။ သူ၏စကားကို**ယေရှု**ကြားတော်မူလျှင် အံ့သြတော်မူ
၍၊ [2]မိမိနောက်တော်တွင်လိုက်ပါလာကြသောသူတို့
အားမိန့်တော်မူသည်မှာသင်တို့အားငါအမှန်ဆိုသည်
ကား ဤမျှလောက် ကြီးမားသော ယုံကြည်ခြင်းကို
**အစ္စရေးလ်**လူမျိုး၌ပင် ငါမတွေ့ဖူးသေး။
၁၁။ သင်တို့အားငါဆိုသည်ကားအရှေ့အရပ်နှင့်အနောက်
အရပ်တို့မှ လူများစွာတို့သည်လာကြ၍ကောင်းကင်
နိုင်ငံတော်၌ **အာဘရာဟမ်**၊ **အီဇတ်**၊**ယာကုပ်**တို့နှင့်
အတူစားသောက်ပွဲ၌ထိုင်ကြလိမ့်မည်။[3]
၁၂။ နိုင်ငံတော်၏သားသမီး[4]တို့မူကားအပြင်အရပ်မှောင်
မိုက်[5]ထဲသို့နှင်ထုတ်ခြင်းခံကြရလိမ့်မည်။ထိုအရပ်၌ငို
ကြွေးခြင်း၊အံကြိတ်ခြင်းရှိလိမ့်မည်ဟုမိန့်တော်မူ၏။
၁၃။ ထို့နောက်သခင်**ယေရှု**ကလူတစ်ရာတပ်မှူးအားသွား
လော့၊သင်ယုံကြည်သည့်အတိုင်းသင်၌ဖြစ်စေဟုမိန့်
တော်မူ၏။ ထိုအချိန်နာရီ၌ပင် အစေခံသည် ရောဂါ
ပျောက်ကင်းလေ၏။

## ပေတရု၏ယောက္ခမကိုအဖျားပျောက် စေတော်မူခြင်း

(မာၤး၂၉–၃၁၊လု၄း၃၈–၃၉)

၁၄။ **ယေရှု**သည် **ပေတရု**၏ အိမ်သို့ကြွဝင်တော်မူသော
အခါ **ပေတရု**၏ ယောက္ခမသည်ဖျား၍အိပ်ရာတွင်
၁၅။ လဲနေသည်ကိုမြင်တော်မူ၏။ ကိုယ်တော်သည်သူမ
၏လက်ကိုကိုင်တော်မူလျှင်သူမသည်အဖျားပျောက်
သွားသဖြင့် ထ၍ကိုယ်တော်အားဧည့်ဝတ်ပြုလေ၏။

## အခြားတန်ခိုးလက္ခဏာများ

(မာကု ၁း၃၂–၃၄၊လု ၄း၄၀–၄၁)

၁၆။ ညနေအချိန်တွင် လူတို့သည်နတ်ဆိုးစီးခံရသောသူ
များစွာတို့ကိုအထံတော်သို့ခေါ်ဆောင်ခဲ့ကြရာ ကိုယ်
တော်သည် တစ်ခွန်းမျှသာအမိန့်ပေးရုံဖြင့် နတ်ဆိုး
တို့ကိုနှင်ထုတ်နိုင်တော်မူ၏။မကျန်းမာသူအားလုံးတို့
ကိုလည်း ပျောက်ကင်းချမ်းသာ စေတော်မူ၏။
၁၇။ ထိုအကြောင်းအရာသည်ကားသူသည်ငါတို့၏ဖျားနာ
ခြင်းများကို ယူဆောင်တော်မူ၍ ငါတို့၏ ရောဂါ
ဝေဒနာများကို ခံထမ်းတော်မူ၏ဟူသော ပရောဖက်
**အီဇာယ** ဟောထားချက် ပြည့်စုံစေမည့်အကြောင်း
တည်း။

## ခရစ်တော်၏ နောက်လိုက်ဖြစ်လိုသူများ

(လု ၉း၅၇–၆၀)

၁၈။ သခင်**ယေရှု**သည် မိမိအနီးတွင် ဝိုင်းရံလျက်ရှိသော
လူအစုအဝေးကို မြင်တော်မူလျှင် အိုင်တစ်ဖက်
ကမ်းသို့ကူးသွားရန် တပည့်တော်တို့အားအမိန့်ပေး
၁၉။ တော်မူ၏။ ထိုအခါ ကျမ်းတတ်ဆရာတစ်ဦးသည်
အထံတော်သို့ချဉ်းကပ်၍ ဆရာသခင်၊အရှင်ကြွသွား
မည့်နေရာတိုင်းသို့ကျွန်တော်လိုက်ပါမည်ဟုလျှောက်
၂၀။ လေ၏။သခင်**ယေရှု**ကလည်းမြေခွေးတို့၌၊တွင်းများ
ရှိကြ၏။ကောင်းကင်ငှက်တို့တွင်အသိုက်များရှိကြ၏။
လူသား[6]မှာမူကားခေါင်းချစရာနေရာမျှမရှိဟုသူ့အား
၂၁။ မိန့်တော်မူ၏။ တပည့်တော်တို့တွင် အခြားတစ်ဦး

**၁/ ၈း၉** ကျွန်တော်သည် မင်းအာဏာစက်အောက်တွင်ရှိသော်လည်းကျွန်တော်၏ငယ်သားတို့သည် ကျွန်တော်ခိုင်းသမျှကိုဆောင်ရွက်သကဲ့သို့လောကအရာအားလုံးစုံကို အစိုးရသော ကိုယ်တော်၏ အမိန့်တော်တစ်ခွန်းမျှနှင့်ပင် အနာရောဂါရှိသမျှသည် ပျောက်ကင်းပါလိမ့်မည်။

**၂/ ၈း၁၀**အံ့သြတော်မူ၍ဟူသည်ဤသူ၏ယုံကြည်ခြင်းကြီးမားမှုကိုမမျှော်လင့်ဘဲကြား၍ ကိုယ်တော်အံ့သြတော်မူသည်မဟုတ်၊ မိမိနောက်သို့လိုက်သော ပရိတ်သတ်တို့ကို သင်ခန်းစာပေးစေခြင်းငှာ ကိုယ်တော်အံ့သြတော်မူသည်။

**၃/ ၈း၁၁** စားသောက်ပွဲ၌ထိုင်ကြလိမ့်မည်။ အဓိပ္ပာယ်မှာကောင်းကင်နိုင်ငံတော်သည် စားသောက်ပွဲပမာဖြစ်၏။အဘယ့်ကြောင့်ဆိုသော်လူမျိုးအပေါင်းတို့ကို ငြိမ်းချမ်းခြင်း၊ ဝမ်းမြောက်ရွှင်လန်းခြင်း၊ နှလုံးအလိုပြည့်ဝခြင်းရစေရာ အကြောင်းဖြစ်သောကြောင့်တည်း။

**၄/ ၈း၁၂** နိုင်ငံတော်၏သားသမီးတို့ဟူသည်ကား ဂျူးလူမျိုးများတည်း။

**၅/ ၈း၁၂** မှောင်မိုက်ဟူသည်ကားဘုရားသခင်၏အလင်းတော်နှင့်ဆန့်ကျင်ဘက်ဖြစ်ခြင်းကို ဆိုလိုသည်။

**၆/ ၈း၂၀** မိမိကိုယ်ကို“လူသား”ဟုခေါ်တော်မူခြင်းအကြောင်းမှာလူသာမညဖြစ်သည်ဟုဆိုလိုခြင်းမဟုတ်။ လူ၏အဖြစ်ကိုယူတော်မူခြင်းသည် လူတို့ကိုကယ်တင်ခြင်း၏မူလအကြောင်းရင်းဖြစ်သောကြောင့်“လူသား”ဟုခေါ်ဝေါ်ခြင်းဖြစ်သည်။

ကလည်း သခင်၊ ကျွန်တော်၏အဖကိုသင်္ဂြိုဟ်ရန် ပထမဦးစွာသွားပါရစေဟု လျှောက်လေ၏။

၂၂။ သို့သော် **ယေရှု**က ငါ့နောက်သို့ လိုက်လော့၊ လူသေ တို့သည်မိမိတို့လူသေများကိုသင်္ဂြိုဟ်ကြပါစေ[၇]ဟု မိန့်တော်မူ၏။

## လေမုန်တိုင်းကိုငြိမ်သက်စေတော်မူခြင်း

(မာကု ၄း၃၅–၄၁၊လု ၈း၂၃–၂၅)

၂၃။ သခင်**ယေရှု**သည်လှေပေါ်သို့တက်တော်မူသောအခါ တပည့်တော်တို့သည်လည်းကိုယ်တော်နှင့်အတူလိုက်

၂၄။ ကြ၏။ပင်လယ်တွင်ရုတ်တရက်မုန်တိုင်းပြင်းထန်စွာ ကျရောက်သဖြင့်လှေသည်လှိုင်းတံပိုးများအကြားတွင် နစ်လုမတတ်ဖြစ်လေ၏။ သို့သော်ကိုယ်တော်မူကား ကျိန်းစက်လျက် ရှိတော်မူ၏။

၂၅။ တပည့်တော်တို့သည်အထံတော်သို့ချဉ်းကပ်၍ကိုယ်တော်ကိုနှိုးပြီးလျှင်သခင်၊ကယ်တော်မူပါတပည့်တော်တို့ သေကြရပါတော့မည်ဟု အသနားခံ ကြ၏။

၂၆။ ကိုယ်တော်ကလည်း ယုံကြည်ခြင်းအားနည်းသူတို့၊ အဘယ့်ကြောင့် ကြောက်ရွံ့ကြသနည်း[၈]ဟုသူတို့အား မိန့်တော်မူ၏။ထို့နောက်ထတော်မူ၍လေနှင့်ပင်လယ် ကို ဟန့်တားတော်မူသောအခါလွန်စွာငြိမ်သက်သာ

၂၇။ ယာခြင်းဖြစ်လာလေ၏။သူတို့[၉]သည်လည်းအံ့သြကြ ၍၊ဤသူသည်မည်သို့သောသူနည်း၊လေနှင့်ပင်လယ် တို့ပင်လျှင် သူ့ကိုနာခံကြပါသည်တကားဟု ဆိုကြ ကုန်၏။

## ဂါဒါရာနယ်၌နတ်ဆိုးများကို နှင်ထုတ်တော်မူခြင်း

(မာကု ၅း၁–၂၀၊ လု၈း၂၆–၃၉)

၂၈။ ကိုယ်တော်သည် တဖက်ကမ်းရှိ **ဂါဒါရာ**နယ်သို့ ရောက်တော်မူသောအခါနတ်ဆိုးစီးခြင်းခံရသောသူ နှစ်ဦးတို့သည်သင်္ချိုင်းဂူများအကြားမှထွက်လာကြ ပြီး၊ကိုယ်တော်ထံသို့လာကြ၏။သူတို့သည်ကြောက် မက်ဖွယ်ကောင်းအောင်ကြမ်းတမ်းခက်ထန်ကြ၍ ထို

၂၉။ လမ်းကိုမည်သူမျှ မသွားဝံ့ကြ။ ထိုသူတို့က ဘုရားသခင်၏သားတော်၊ကိုယ်တော်သည်ကျွန်တော်တို့ကို မည်သို့ ပြုလိုပါသနည်း။ အချိန်မကျမီ ကျွန်တော် တို့ကိုဒဏ်ခတ်ရန် ဤအရပ်သို့ ကြွလာတော်မူ ပါသလော[၁၀] ဟုအော်ဟစ်ကြ၏။

၃၀။ ထိုသူတို့နှင့်မနီးမဝေးတွင်ဝက်အုပ်ကြီးတစ်အုပ်သည် အစာစားလျက်ရှိ၏။

၃၁။ နတ်ဆိုးတို့ကလည်း ကိုယ်တော်သည်ကျွန်တော်တို့ ကိုနှင်ထုတ်တော်မူလျှင် ဝက်အုပ်ထဲသို့ဝင်ပါရစေဟု

၃၂။ တောင်းပန်ကြ၏။ကိုယ်တော်ကလည်းသွားကြလော့ ဟုမိန့်တော်မူ၏။ ထိုအခါ နတ်ဆိုးတို့သည်ထွက်၍ ဝက်များထဲသို့ ဝင်ကြသဖြင့် ဝက်အုပ်တစ်အုပ်လုံး သည် ချောက်ကမ်းပါးအတိုင်းပင်လယ်တွင်းသို့ပြေး ဆင်းကာရေတွင်နစ်မြုပ်သေဆုံးကြကုန်၏။

၃၃။ ဝက်ကျောင်းသောသူတို့သည်မြို့တွင်းသို့ပြေးဝင်သွား ကြပြီးလျှင်နတ်ဆိုးစီးခံရသော သူတို့၏အကြောင်းမှ စ၍ ဖြစ်လေသမျှတို့ကိုပြောပြကြလေ၏။

၃၄။ သို့ဖြစ်၍ တစ်မြို့လုံးသည်**ယေရှု**ကိုတွေ့ရန်ထွက်လာ ကြ၏။ သူတို့သည် ကိုယ်တော်ကိုတွေ့မြင်ကြသော အခါမိမိတို့ဒေသမှထွက်ခွာသွားတော်မူပါရန်တောင်း ပန်ကြ၏။[၁၁]

## အခန်းကြီး (၉)

## လက်ခြေသေသူကိုပျောက်ကင်းစေတော်မူခြင်း

(မာကု ၂း၁–၁၂၊ လု ၅း၁၇–၂၆)

၁။ ကိုယ်တော်သည် လှေပေါ်သို့ တက်တော်မူ၍ ပင်လယ်ကိုဖြတ်ကူးသဖြင့်မိမိမြို့[၁]သို့ ရောက်တော်မူ၏။

၂။ ထိုအခါ ခြေလက်သေ၍ အိပ်ရာပေါ်မှာလဲနေသော သူတစ်ယောက်ကို ကိုယ်တော့်ထံသို့ သယ်ဆောင် လာကြ၏။ကိုယ်တော်သည်သူတို့၏ယုံကြည်ခြင်းကို မြင်တော်မူလျှင် ခြေလက် သေသောသူအားငါ့သား၊

**၇/၈း၂၂** တပည့်တော်တို့၏ ဆွေမျိုး၊ မိဘတို့နှင့်ဆိုင်ရာ သင်္ဂြိုဟ်ခြင်း ဝတ္တရားများကို ကိုယ်တော်တားမြစ်တော်မူလိုသည်မဟုတ်။ လူအပေါင်းတို့၌ ကယ်တင်ခြင်းချမ်းသာနှင့်ဆိုင်သောအမှုသည်သာ၍ ကြီးမြတ်သောကြောင့်၊ ထိုအမှုကို ကန့်ကွက်သမျှအရာတို့ကိုပယ်ရှားရမည်ဟု သွန်သင်ပြသလိုသော ကြောင့်ဖြစ်၏။

**၈/၈း၂၆** တပည့်တော်တို့သည် မိမိတို့ကိုကိုယ်တော်ကယ်ဆယ်တော်မူနိုင် ကြောင်းကိုယုံကြည်ကြသော်လည်း ကိုယ်တော်ကျိန်းစက်နေတော်မူသောအခါ များ၌ မိမိတို့တွေ့ကြုံရသော ဘေးအန္တရာယ်တို့ကို၊ ကိုယ်တော်မသိနိုင်ရာဟု ထင်မှတ်သောကြောင့်ဖြစ်၏။ သင်၌စိုးရိမ်ပူပန်ခြင်းရှိသလော သခင်ယေရှု သည်ကျိန်းစက်နေတော်မူ၏။သို့သော်ကိုယ်တော်သည်သင်၏စိုးရိမ်ပူပန်ခြင်း ကိုသိတော်မူ၍ ကယ်ဆယ်တော်မူမည့်အကြောင်းသင်ယုံကြည်ကိုးစားလော့။ (ရဟန္တာခရိဇော စတုမ်)

**၉/၈း၂၆** ထိုနေရာ၌အခြားလှေများလည်းရှိသောကြောင့်လူအများရှိကြ၏။ (မာကု ၄း၃၆)

**၁၀/၈း၂၉** နတ်ဆိုးသည်အပြစ်ရောက်သည့်နေ့မှစ၍အပြစ်ဒဏ်ခံလျက်ရှိ၏။ သို့သော်စာတန်သည်ဤလောကတွင်ကြီးစိုးခွင့်ရသည့်ကာလပတ်လုံး၊နတ်ဆိုး တို့သည်လည်း လူတို့ကိုနှောင့်ယှက်ခွင့်ရကြ၏။စီရင်ဆုံးဖြတ်တော်မူသောနေ့ ရောက်လျှင်၊ ကြီးမားသော အပြစ်ဒဏ်ကိုခံကြရလိမ့်မည်။ ထို့ကြောင့် သခင်ယေရှုသည် အချိန်မကျမီစီရင်ဆုံးဖြတ်ခြင်းပြုတော်မူမည်ကိုနတ်ဆိုးတို့ အလွန်ကြောက်ရွံ့ကြ၏။

**၁၁/၈း၃၄** တန်ခိုးကြီးသောသူသည် မိမိတို့အားဘေးဥပဒ်ပြုမည်ကိုစိုးရိမ်မြဲ ဖြစ်ကြ၏။ဤသူတို့သည် လောကီဥစ္စာပစ္စည်းများကိုသာစွဲလန်းကြသူများဖြစ် သောကြောင့် ခရစ်တော်သည်ထာဝရအသက်နှင့်ဆိုင်ရာကျေးဇူးများနှင့်တကွ ကြွလာတော်မူသော်လည်း မိမိတို့၏လောကစည်းစိမ်ချမ်းသာကိုသိမ်းယူမည် ကို စိုးရိမ်၍ ကိုယ်တော်ကို ထွက်ကြွသွားတော်မူပါရန်တောင်းပန်ကြ၏။

**၁/၉း၁** "မိမိမြို့"ဟူသည်ကား ကိုယ်တော် သီတင်းသုံးမြဲဖြစ်သောကာပါ နာအုမ်မြို့ဖြစ်၏။

အားမငယ်နှင့်၊ သင်၏အပြစ်များအခွင့်လွှတ်ခြင်းခံရ
၃။ လေပြီဟုမိန့်တော်မူ၏။ကျမ်းတတ်ဆရာအချို့တို့က
ဤသူသည်ဘုရားသခင်ကိုထိခိုက်၍[၂] ပြောဆိုသည်
ဟု မိမိတို့စိတ်ထဲ၌ ဆိုကြ၏။
၄။ သခင်**ယေရှု**သည် သူတို့၏စိတ်ထဲမှ ထင်မြင်ယူဆ
ချက်ကိုသိမြင်တော်မူ၍သင်တို့သည်အဘယ့်ကြောင့်
၅။ စိတ်ထဲ၌အဆိုးမြင်ကြသနည်း။မည်သည့်စကားသည်
ပြောရန်သာ၍ လွယ်ကူသနည်း။ သင်၏အပြစ်များ
အခွင့်လွှတ်ခြင်းခံရပြီဟုဆိုခြင်းလော။[၃]
၆။ သို့မဟုတ် လှမ်းသွားလော့ဟုဆိုခြင်းလော။ သို့ရာ
တွင် လူသားသည် လောကတွင်အပြစ်များကိုအခွင့်
လွှတ်ပိုင်ကြောင်း သင်တို့သိမြင်စေအံ့ဟု ဆိုလျှက်
လက်ခြေသေသောသူအား ထလော့။သင်၏အိပ်ယာ
၇။ ကိုယူ၍ အိမ်သို့ပြန်လော့ဟု မိန့်တော်မူ၏။ထိုသူ
၈။ သည်လည်းထ၍မိမိအိမ်သို့ပြန်သွားလေ၏။လူအစုအ
ဝေးတို့သည် ထိုအချင်းအရာကိုမြင်သောအခါထိတ်
လန့်ကြ၍လူသားတို့အားဤသို့သောတန်ခိုးအာဏာ
ကိုပေးတော်မူသည့်ဘုရားသခင်၏ဘုန်းဂုဏ်တော်ကို
ချီးမွမ်းကြလေ၏။

## မာတေဦးကိုခေါ်တော်မူခြင်း

(မာကု ၂း၁၃–၁၇၊ လု ၅း၂၇–၃၂)

၉။ သခင်**ယေရှု**သည် ထိုနေရာမှ ကြွသွားတော်မူစဉ်
[၄]**မာတေဦး**အမည်ရှိသောသူတစ်ယောက်သည် အခွန်
ရုံးတွင်ထိုင်နေသည်ကို မြင်တော်မူလျှင် ငါ့နောက်
၁၀။ သို့ လိုက်လော့ဟု သူ့အားမိန့်တော်မူ၏။ သူသည်
လည်းထ၍ နောက်တော်သို့လိုက်လေ၏။ကိုယ်တော်
သည် **မာတေဦး**၏အိမ်တွင် ညစာစားတော် မူစဉ်
အခွန်ခံသူတို့နှင့် အပြစ်ရှိသူ တို့သည်လည်း
လာကြ၍ ကိုယ်တော်နှင့်တပည့်တော်တို့၏ စားပွဲ
၁၁။ တွင်အတူပါဝင် စားသောက်ကြ၏။ **ဖာရိရှဲဦး**
တို့သည် ဤအချင်းအရာကို မြင်ကြလျှင် သင်တို့
ဆရာသည် အဘယ့်ကြောင့် အခွန်ခံသူများ၊
အပြစ်ရှိသူများနှင့် အတူ စားသောက်ပါသနည်းဟု
၁၂။ တပည့်တော်တို့အားဆို၏။ ထိုစကားကိုကိုယ်တော်
ကြားတော်မူသောအခါ သူတို့အား မိန့်တော်မူသည်
ကားကျန်းမာသောသူသည် ဆေးဆရာကို မလိုအပ်၊
ဖျားနာသောသူသာလျှင်လိုအပ်၏။
၁၃။ ယဇ်ပူဇော်ခြင်းကိုမဟုတ်၊ ကရုဏာ သနားခြင်းကို
ငါနှစ်သက်တော်မူ၏[၅]ဟူသောကျမ်းစကား၏အနက်
အဓိပ္ပာယ်ကိုသွား၍သင်ယူကြလော့၊အကြောင်းမူကား
ဖြောင့်မတ်သောသူတို့ကိုမဟုတ်၊အပြစ်ရှိသောသူတို့
ကိုခေါ်ရန်ငါလာသည်ဟုမိန့်တော်မူ၏။

## အစာရှောင်ခြင်းအကြောင်း

(မာကု ၂း၁၈–၂၂၊ လု ၅း၃၃–၃၉)

၁၄။ ထိုအခါ **ယောဟန်**၏တပည့်တို့သည်ကိုယ်တော့်ထံ
သို့ချဉ်းကပ်၍ ကျွန်တော်တို့နှင့်**ဖါရိရှဲဦး** တို့သည်
ကြိမ်ဖန်များစွာအစာရှောင်ကြ၍ကိုယ်တော်၏တပည့်
တော်တို့မူကားအဘယ့်ကြောင့်အစာမရှောင်ဘဲနေကြ
၁၅။ သနည်းဟုမေးလျှောက်ကြ၏။သခင်**ယေရှု**ကလည်း
မင်္ဂလာဆောင်သတို့သား[၆]၏အပေါင်းအဖော်တို့သည်
မိမိတို့နှင့်အတူသတို့သား ရှိနေစဉ် ဝမ်းနည်းပူဆွေး
ကြမည်လော။ သို့သော် သတို့သားကို သူတို့ထံမှ
ခေါ်ဆောင်သွားမည့်နေ့ရက်များရောက်လာလိမ့်မည်။
ထိုအခါ သူတို့သည် အစာရှောင်ကြလိမ့်မည်။
၁၆။ မည်သူမျှအဝတ်ဟောင်းကိုပိတ်စသစ်နှင့်ဖာထေးလေ့
မရှိ။ထိုသို့ပြုလျှင်ပိတ်စသစ်သည်အဝတ်မှရုန်းသဖြင့်
စုတ်ပြဲသည့်နေရာမှာ ပို၍ကျယ် လာတတ်၏။[၇]
၁၇။ ထို့အပြင် စပျစ်ရည်သစ်ကို သားရေဗူးဟောင်းတွင်
ထည့်လေ့မရှိ၊ထည့်ခဲ့ပါလျှင်သားရေဗူးကွဲသဖြင့်စပျစ်
ရည်ယိုဖိတ်ကာ ပျက်စီးတတ်၏။စပျစ်ရည်သစ်ကိုမူ
ကားသားရေဗူးသစ်တွင်ထည့်သောအခါနှစ်မျိုးစလုံး
မပျက်မစီးဘဲ ရှိလိမ့်မည်ဟု မိန့်တော်မူ၏။

## အရာရှိတစ်ဦး၏သမီးကိုပြန်ရှင်စေခြင်းနှင့် သွေးသွန်သောအမျိုးသမီးအားပျောက်ကင်းစေခြင်း (မာကု၅း၂၁–၄၃၊လု၈း၄၀–၅၆)

၁၈။ ကိုယ်တော်သည် ဤစကားများကိုမိန့်တော်မူစဉ်တွင်
အရာရှိ တစ်ဦးသည်အထံတော်သို့ချဉ်းကပ်၍ပျပ်ဝပ်
လျက်ကျွန်တော်၏သမီးသည်ယခုပင်သေဆုံးသွားပါ
ပြီ။သို့သော်ကိုယ်တော်ကြွလာတော်မူ၍သူမအပေါ်၌
လက်တော်ကိုတင်တော်မူလျှင်အသက်ပြန်ရှင်လာပါ
လိမ့်မည်ဟု လျှောက်ထားလေ၏။

---

၂/၉း၃ "ဘုရားသခင်ကိုထိခိုက်၍ပြောဆိုသည်"ဟုဆိုရခြင်းအကြောင်းမှာ၊ ဘုရားသခင်မှတစ်ပါး မည်သူမျှအပြစ်ကိုခွင့်မလွှတ်နိုင်။ သို့ဖြစ်၍ယခုသခင်ယေရှုသည်ဘုရားအရာကိုယူသောကြောင့်ဘုရားကိုထိခိုက်၍ပြောဆိုသည်ဟု ယူဆကြ၏။

၃/၉း၅ ဤအရာနှစ်ခုစလုံးကို လူမတတ်နိုင်၊ သို့ဖြစ်၍လူနာကိုပျောက်ကင်းစေခြင်းသည်ခက်ခဲသောအရာဖြစ်လျှက်နှင့်ခရစ်တော်သည်တတ်နိုင်တော်မူလျှင်ဤမျှလောက်မခက်ခဲသောအပြစ်လွှတ်ခြင်းအရာကိုလွယ်လင့်တကူတတ်နိုင်တော်မူလိမ့်မည်။

၄/၉း၉ "မာတေဦး"ဟူသောအမည်၏အဓိပ္ပာယ်မှာဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးဟုဆိုလိုသည်။

၅/၉း၁၃ ကရုဏာသနားခြင်းနှင့်ဆိုင်ရာ ဝတ္တရားများကို ဝတ်ပြုကိုးကွယ်ခြင်း၊ ဝိနည်းများထက်ပို၍ တန်ဘိုးထားတော်မူ၏။မိုးဇက်၏ကျင့်ဝတ်တရားများကို မလေးမစားပြုခြင်းမဟုတ်ချေ။

၆/၉း၁၅ အသင်းတော်ကို မိမိအသွေးတော်နှင့်ဝယ်ယူတော်မူသောကြောင့် ကိုယ်တော်ကို မင်္ဂလာဆောင်သတို့သားဟု ခေါ်ဝေါ်သမုတ်၏။

၇/၉း၁၆ သခင်ယေရှု၏ တရားတော်သည်မိုးဇက်၏ပညတ်ဥပဒေဘောင်အတွင်း၌ကန့်သတ်၍မရနိုင်ကြောင်းကိုဆိုလိုခြင်းဖြစ်သည်။

၁၉။ သခင်**ယေရှုး**သည်လည်းထတော်မူ၍တပည့်တော်တို့
နှင့်အတူ ထိုသူ၏နောက်သို့ လိုက်တော်မူ၏။
၂၀။ ထိုအခါ တစ်ဆယ့်နှစ်နှစ်ပတ်လုံးသွေးသွန်နာစွဲကပ်
နေသော အမျိုးသမီးတစ်ယောက်သည်ကိုယ်တော်၏
နောက်မှချဉ်းကပ်၍ ဝတ်လုံတော်၏အနားဖျားကိုတို့
၂၁။ လေ၏။[၈] အကြောင်းမူကား သူမကကိုယ်တော်၏
ဝတ်လုံတော်ကိုသာတို့ထိရပါလျှင် ငါသည်ပျောက်
ကင်းချမ်းသာရ လိမ့်မည်ဟု မိမိစိတ်ထဲတွင်
ဆိုသော ကြောင့်ဖြစ်၏။
၂၂။ သခင်**ယေရှုး**သည်လှည့်၍ ကြည့်တော်မူလျှင်သူမကို
မြင်တော်မူသဖြင့် ငါ့သမီး၊အားမငယ်နှင့်၊သင်၏ယုံ
ကြည်ခြင်းသည်သင့်ကိုကျန်းမာစေပြီဟုမိန့်တော်မူ၏
ထိုအချိန်နာရီမှစ၍ထိုအမျိုးသမီးသည်ရောဂါပျောက်
၂၃။ ကင်းလေ၏။ **ယေရှုး**သည် အရာရှိ၏အိမ်သို့ရောက်
တော်မူသောအခါတီးမှုတ်သောသူများနှင့်ဆူညံလျက်
ရှိသော လူပရိသတ်ကိုမြင်တော်မူ၏။
၂၄။ ထိုအခါ ကိုယ်တော်က ဖယ်ကြလော့၊ သူငယ်မ
သေသည်မဟုတ်၊အိပ်ပျော်လျက်သာရှိသည်[၉]ဟု မိန့်
တော်မူသော် ထိုသူတို့သည် ကိုယ်တော်ကို ပြောင်
၂၅။ လှောင်ရယ်မောကြ၏။ကိုယ်တော်သည်လူအစုအဝေး
ကိုအပြင်သို့ထွက်စေပြီးလျှင် အခန်းတွင်းသို့ဝင်
တော်မူ၍ သူငယ်မ၏ လက်ကိုကိုင်လျက်ထူမတော်
မူသောအခါ သူငယ်မသည် ထလာလေ၏။
၂၆။ ဤအဖြစ်အပျက်၏ သတင်းသည် ထိုဒေသတွင်
ပျံ့နှံ့သွားလေ၏။

## မျက်မမြင်နှစ်ဦးကို မြင်စေတော်မူခြင်း

၂၇။ သခင်**ယေရှုး**သည် ထိုအရပ်မှ ထွက်ကြွတော်မူစဉ်
မျက်မမြင် နှစ်ဦးတို့သည် နောက်တော်မှလိုက်ကြ၍
**ဒေးဗစ်**၏သားတော်၊ ကျွန်တော်တို့ကိုသနားတော်
၂၈။ မူပါဟုဟစ်အော်တောင်းလျှောက်ကြ၏။[၁၀] ကိုယ်တော်
သည် အိမ်သို့ ဝင်တော်မူသောအခါ ထိုမျက်မမြင်
နှစ်ယောက်တို့သည် အထံတော်သို့ချဉ်းကပ်ကြ၏။
သခင်**ယေရှုး**ကလည်း ဤအမှုကို ငါတတ်နိုင်သည်
ဟု သင်တို့ ယုံကြည်ကြသလောဟု သူတို့အား
မေးတော် မူလျှင်သူတို့က ယုံကြည်ပါ၏ သခင်ဟု
၂၉။ လျှောက်ကြ၏။ ထိုအခါကိုယ်တော်သည် သူတို့၏
မျက်စိများကိုတို့ထိတော်မူ၍ သင်တို့ယုံကြည်ခြင်းရှိ
ကြသည့်အတိုင်းသင်တို့၌ဖြစ်စေဟုမိန့်တော်မူလျှင်။
၃၀။ သူတို့၏ မျက်စိများပွင့်လာကြ၏။ သခင်**ယေရှုး**က
လည်း ဤအမှုကိုမည်သူမျှမသိစေနှင့်ဟုကြပ်တည်း
၃၁။ စွာတားမြစ်တော်မူ၏။သို့ရာတွင်ထိုသူတို့သည်အထံ
တော်မှ ထွက်သွားကြပြီးလျှင်ကိုယ်တော်၏သတင်း
တော်ကိုထိုဒေသတွင်ပျံ့နှံ့ကျော်ကြားစေကြ၏။

## နတ်ဆိုးစီးခံရ၍ဆွံ့အသူတစ်ဦး

(လု၁၁း၄–၁၅)

၃၂။ ထိုသူတို့ ထွက်သွားကြပြီးနောက် လူအချို့တို့သည်
နတ်ဆိုးစီးခံရ၍ ဆွံ့အနေသောသူတစ်ယောက်ကို
၃၃။ အထံတော်သို့ခေါ်ဆောင်ခဲ့ကြ၏။သူ့ထံမှနတ်ဆိုးကို
နှင်ထုတ်လိုက်သောအခါဆွံ့အသောသူသည်စကား
ပြောလေ၏။လူအစုအဝေးသည်လည်း လွန်စွာအံ့ဩ
ကြလျက် ဤသို့သောအဖြစ်အပျက်မျိုးကို**အစ္စရေးလ်**
အမျိုးတွင် တစ်ခါမျှမမြင်စဖူးဟုဆိုကြ၏။
၃၄။ **ဖာရီဇေဦး**တို့ကမူကား သူသည် နတ်ဆိုးမင်းကိုအမှီ
ပြု၍နတ်ဆိုးများကို နှင်ထုတ်သည်ဟုဆိုကြ၏။

ရိတ်သိမ်းစရာများစွာရှိ၏

( မာ ၆း၆–၃၄၊ လု ၁၀း၂–၃)

၃၅။ သခင်**ယေရှုး**သည် မြို့ရွာရှိသမျှတို့ကိုလှည့်လည်ပြီး
လျှင် တရားဇရပ်များတွင် သွန်သင်တော်မူ၍ နိုင်ငံ
တော်၏ သတင်းကောင်းကိုဟောကြားလျက် အနာ
ရောဂါ အမျိုးမျိုးတို့ကို ပျောက်ကင်းစေတော်မူ၏။
၃၆။ ကိုယ်တော်သည်လူအစုအဝေးတို့ကိုမြင်တော်မူသော
အခါ ထိုသူတို့သည်သိုးထိန်းမဲ့သည့် သိုးများကဲ့သို့
အားကိုးစရာမရှိ၊ ပူပင်သောက ရောက်နေကြသော
ကြောင့် သူတို့အပေါ် သနားကရုဏာ သက်ရောက်
၃၇။ တော်မူ၏။ထိုအခါကိုယ်တော်ကအသီးအနှံရိတ်စရာ
များစွာရှိ၏လုပ်ဆောင်သောသူတို့မူကားနည်းကြ၏။
၃၈။ ထို့ကြောင့်မိမိလယ်ခင်းသို့လုပ်ဆောင်သောသူတို့ကို
စေလွှတ်တော် မူမည့်အကြောင်း လယ်ခင်းရှင်ထံ
တောင်းလျှောက်ကြလော့ဟုတပည့်တော်တို့အားမိန့်
တော်မူ၏။

## အခန်းကြီး (၁၀)

## တပည့်တော်ကြီးတစ်ဆယ့်နှစ်ပါး

(မာကု ၃း၁၃–၁၉၊ လု ၆း၁၂–၁၆)

၁။ သခင်**ယေရှုး**သည် တပည့်တော်တစ်ဆယ့်နှစ်ပါးတို့
ကို အထံတော်သို့ ခေါ်ဆောင်တော်မူပြီးနောက်ညစ်
ညမ်းသော နတ်ဆိုးများကို နှင်ထုတ်နိုင်ရန်နှင့်အနာ

---

**၈/၉း၂၀** မသန့်ရှင်းသည်ဟု အထင်နှင့်ရှက်ကြောက်၍ဝတ်လုံတော်အနားဖျားကိုမျှတို့ရပါလျှင် ရောဂါပျောက်ကင်းချမ်းသာမည်ဟု ယုံကြည်၏။ ထိုသို့သောစိတ်နှလုံး၏ ယုံကြည်ခြင်းကို ဘုရားသခင်ကြည့်ရှုတော်မူ၏။

**၉/၉း၂၄** သမ္မာကျမ်းစာတော်၌ သေခြင်းကို အိပ်ပျော်ခြင်းဟု တင်စားပြောဆိုထားသည် သူငယ်မအိပ်ပျော်လျှက်ရှိသည်ဟု ယေရှုးမိန့်တော်မူခြင်းသည်သူငယ်မ၏ အမှန်တကယ်သေခြင်းကို ငြင်းပယ်ခြင်းမဟုတ်။သူငယ်မသည်သေခြင်းမှ နိုးထခြင်းခံရမည်ကို အခိုင်အမာပြောဆိုခြင်းဖြစ်သည်။

**၁၀/၉း၂၇** မျက်မမြင်နှစ်ဦးတို့၏ယုံကြည်ခြင်းကိုစုံစမ်းအံ့သောငှာလမ်းခရီးတစ်လျှောက်လုံးတွင်ကိုယ်တော်သည်သူတို့၏အသနားခံမှုကိုပြန်ဖြေတော်မမူ။

ရောဂါ အမျိုးမျိုးကို ပျောက်ကင်းစေနိုင်ရန်တန်ခိုး
၂။ အာဏာကိုပေးတော်မူ၏။တပည့်တော်ကြီးတစ်ဆယ့်
နှစ်ပါးတို့၏ အမည်များကားပထမဦးစွာ**ပေတရု**[1]ဟု
၃။ ခေါ်သော**စီမုန်**နှင့်သူ၏အစ်ကို**အန္ဒြူး၊ ဇေဗေဒေဦး**
၏သားနှစ်ယောက်ဖြစ်ကြသော**ယာကုပ်**နှင့်သူ၏ညီ
**ယောဟန်၊ဖိလစ်**နှင့်**ဗာသိုလိုမေဦး၊ သောမတ်**နှင့်
အခွန်ခံသူ**မာတေဦး၊ အာလ်ဖေဦး**၏သား **ယာကုပ်**
၄။ နှင့်**သာဒေဦး**။ **ကာနန်**နယ်သား**စီမုန်**နှင့်ကိုယ်တော့်
ကိုအပ်နှံသောဂျူဒ**အီစကာရီယုဒ်**တို့ဖြစ်ကြသတည်း

## တပည့်တော်ကြီးများကိုစေလွှတ်တော်မူခြင်း

(မာကု ၆း၇–၁၃၊ လု ၉း၂၅၊ ၁၀း၃–၁၂)

၅။ သခင်**ယေရှု**သည် တပည့်တော်ကြီးတစ်ဆယ့်နှစ်ပါး
တို့ကိုစေလွှတ်တော်မူ၍ မိန့်မှာတော်မူသည်ကားလူ
မျိုးခြားတို့၏ အရပ်ဒေသများသို့ မသွားကြနှင့်။
၆။ **ဆမာရီတန်**တို့၏ မြို့ရွာများကိုလည်း မဝင်ကြနှင့်။[2]
**အစ္စရေးလ်** လူမျိုးများထဲမှ ပျောက်လွင့်နေသောသိုး
၇။ များထံသို့သာ သွားကြလော့။ သင်တို့သည်သွားကြ
စဉ်တွင်ကောင်းကင်နိုင်ငံတော်သည်နီးလာပြီဟုဟော
၈။ ပြောကြလော့။ ဖျားနာသော သူတို့ကိုပျောက်ကင်း
စေကြလော့၊ သေသော သူတို့ကိုအသက်ပြန်ရှင်စေ
ကြလော့၊အနာကြီးရောဂါသည်တို့ကိုစင်ကြယ်စေကြ
လော့၊နတ်ဆိုးများကိုနှင်ထုတ်ကြလော့၊သင်တို့သည်
အဖိုးအခမပေးဘဲ ခံယူရရှိကြသည်ဖြစ်၍၊ အဖိုးအခ
၉။ မယူဘဲ ပေးကမ်းကြလော့။သင်တို့၏ခါးပိုက်ဆောင်
အိတ်၌ ရွှေ၊ ငွေ၊ ကြေးနီတို့ကိုလည်းကောင်း။
၁၀။ လမ်းခရီးအတွက် လွယ်အိတ်၊ဝတ်ရုံနှစ်ထည်၊ဘိနပ်
နှင့်တောင်ဝှေးကိုလည်းကောင်း၊ သယ်ဆောင်မသွား
ကြနှင့်၊ အကြောင်းမူကား လုပ်ဆောင်သောသူသည်
မိမိ နှင့် ထိုက်သင့်သော ရိက္ခာကို ရထိုက်၏။
၁၁။ မည်သည့် မြို့ရွာသို့မဆို သင်တို့ဝင်ကြသောအခါ
ယုံကြည်လေးစားထိုက်သူကိုမေးမြန်း၍သင်တို့ထွက်
ခွာမသွားမည်တိုင်အောင်ထိုသူ၏အိမ်တွင်နေထိုင်ကြ
လော့။
၁၂။ အိမ်သို့ဝင်သောအခါ ဤအိမ်၌ငြိမ်းချမ်းသာယာခြင်း
၁၃။ ရှိပါစေဟု နှုတ်ဆက်ကြလော့။ အကယ်၍ ထိုအိမ်
ထောင်စုသည် ခံစားထိုက်လျှင် သင်တို့မင်္ဂလာပေး
သောငြိမ်းချမ်းသာယာခြင်းသည် သူတို့အပေါ်သက်
ရောက်လိမ့်မည်။ မခံစားထိုက်လျှင်မူကား ထိုငြိမ်း
ချမ်းသာယာခြင်းမင်္ဂလာသည် သင်တို့ထံသို့ပြန်လာ
၁၄။ လိမ့်မည်။[3] အကြင်သူသည်သင်တို့ကိုလက်မခံသည့်
အပြင်၊ သင်တို့စကားကိုလည်းနားမထောင်လျှင်သင်
တို့၏ခြေမှမြေမှုန့်ကိုခါပစ်၍ထိုအိမ်သို့မဟုတ်ထိုမြို့မှ
၁၅။ ထွက်ခွါသွားကြလော။ သင်တို့အားငါအမှန်ဆိုသည်
ကား တရားစီရင် တော်မူမည့်နေ့၌ **ဆောဒုံ**မြို့နှင့်
**ဂေါမော်ရာ**မြို့[4]တို့သည် ထိုမြို့ထက်ပို၍သက်သာကြ
လိမ့်မည်။

## ကျရောက်မည့်နှိပ်စက်ညှဥ်းဆဲခြင်းများ အကြောင်း

(မာကု ၁၃း၉–၁၃၊လု၁၂–၁၁–၁၂၊၂၁း၁၂–၁၉)

၁၆။ ဝံပုလွေများထဲသို့သိုးများကိုစေလွှတ်သကဲ့သို့သင်တို့
ကို ငါစေလွှတ်၏။ထို့ကြောင့်သင်တို့သည်မြွေကဲ့သို့
လိမ်မာပါးနပ်လျက် ချိုးငှက်ကဲ့သို့အပြစ်ကင်းစင်ကြ
၁၇။ လော့။သို့သော်လူတို့ကိုသတိပြုကြလော့။အကြောင်း
မူကား သူတို့သည်သင်တို့ကိုတရားရုံး၌အပ်နှံကြ၍
သူတို့၏တရားဇရပ်များ၌ ရိုက်နှက်ကြလိမ့်မည်။
၁၈။ သင်တို့သည် ငါအတွက်ကြောင့် မြို့ဝန်များနှင့်
ရှင်ဘုရင်များ ရှေ့မှောက်သို့ ပို့ဆောင်ခြင်း ခံကြရ
လိမ့်မည်။ ဤသို့ဖြင့်သင်တို့သည် သူတို့နှင့်လူမျိုး
ခြားတို့ရှေ့မှာ သက်သေခံနိုင်ကြလိမ့်မည်။
၁၉။ သို့ရာတွင် သင်တို့ကို အပ်နှံကြသောအခါ သင်တို့
မည်သို့ ပြောဆိုရမည်၊ မည်သည့်အရာကိုပြောဆိုရ
မည်ကို မစိုးရိမ်ကြနှင့်။သင်တို့ပြောဆိုရမည့်စကား
များကို ထိုအချိန်၌ပင် သင်တို့သိကြလိမ့်မည်။
၂၀။ အကြောင်းမူကား ပြောဆိုမည့် သူသည် သင်တို့
မဟုတ်ကြ၊ သင်တို့အဖ၏ဝိညာဉ်တော်သည်သင်တို့
အားဖြင့် ပြောဆိုတော်မူခြင်းသာ ဖြစ်လိမ့်မည်။
၂၁။ ညီအစ်ကိုချင်းတစ်ယောက်ကိုတစ်ယောက်သေစေရန်
အပ်နှံ ကြလိမ့်မည်။ အဖသည်လည်း သားကိုသေ
စေခြင်းငှာ အပ်နှံလိမ့်မည်။သားသမီးတို့သည်လည်း
မိဘတို့ကိုဖီဆန်၍သတ်ဖြတ်စေကြလိမ့်မည်။
၂၂။ သင်တို့သည် ငါ၏နာမတော်အတွက်လူအပေါင်းတို့
၏ မုန်းတီးခြင်းကိုခံကြရလိမ့်မည်။သို့ရာတွင်အဆုံး
တိုင်အောင် တည်ကြည်သောသူသည်ကယ်တင်ခြင်း
၂၃။ ခံရလိမ့်မည်။ မြို့တစ်မြို့၌သင်တို့ကိုလိုက်လံညှဥ်းဆဲ
ကြလျှင် အခြားတစ်မြို့သို့ ထွက်ပြေးတိမ်းရှောင်ကြ

**၁/၁၀း၂** “ပထမဦးစွာ ပေတရု”ဟုဆိုရာ၌ အသက်အရွယ်ကြောင့်မဟုတ်၊ အရင်ဦးစွာ တပည့်တော်အရာသို့ ရောက်သောကြောင့်လည်းမဟုတ်။ပေတရုသည် အသင်းတော်၌ ဦးခေါင်းဖြစ်သည်ကို ရည်မှတ်၍တပည့်တော်တို့တွင် ပေတရုကို ပထမဟု ရှင်မာတေဦးကရေးထားသည်။

**၂/၁၀း၆** ဆမာရိယနယ်တွင် နေထိုင်သူတို့ကို ဆမာရီတန်လူမျိုးဟု ခေါ်သည် သူတို့သည်ဂျူးဘာသာမှခွဲထွက်၍ဂေရာဇိန်တောင်ပေါ်တွင်ဗိမာန်တော်တစ်ခုဆောက်လုပ်၍ ဝတ်ပြုကိုးကွယ်ကြသည်။ သူတို့သည်မိုးဇက်၏တရားကိုယူလျှက်၊ ရုပ်တုကိုးကွယ်ခြင်းကိုလည်း ကျင့်သုံးကြသည်ဂျူးလူမျိုးတို့နှင့် ဆမာရီတန်တို့သည် တစ်ဦးနှင့်တစ်ဦး မသင့်မြတ်ကြချေ။

**၃/၁၀း၁၃** သင်တို့၏ဟောပြောခြင်းသည်သင်တို့အတွက်အကျိုးရှိလိမ့်မည်။ (ရဟန္တာ ဩဂုတ်စတင်း)

**၄/၁၀း၁၅** ထိုမြို့များ၌ သခင်ဘုရား၏တရားတော်ကို မကြားနာကြရသေးသောကြောင့်တည်း။

လေ့။ သင်တို့အားငါအမှန်ဆိုသည်ကားလူသားကြွ
လာမည့်နေ့ရက်တိုင်အောင် **အစ္စရေးလ်**မြို့ ရွာရှိသမျှ
တို့တွင် ထွက်ပြေးတိမ်းရှောင်ရန်နေရာမကုန်နိုင်ပေ။
၂၄။ တပည့်သည်ဆရာထက်မသာ၊ကျွန်သည်လည်းသခင်
၂၅။ ထက်မကြီးမြတ်နိုင်။[၅]တပည့်သည်ဆရာကဲ့သို့လည်း
ကောင်း၊ ကျွန်သည် သခင်ကဲ့သို့လည်းကောင်း
ဖြစ်လျှင်လုံလောက်လေပြီ။ အိမ်ထောင်ဦးစီးကို**ဘဲလ်
ဇေဘု**[၆]ဟုခေါ်ကြလျှင် အိမ်သူအိမ်သားတို့ကိုမည်မျှ
ဆိုးရွားသောအမည်များနှင့်ခေါ်ဝေါ်ကြလိမ့်မည်နည်း၊

## မည်သူ့ကိုကြောက်ရမည်နည်း

(မာကု ၈း၃၈၊ လု၉း၂၆၊ ၁၂း၂–၉)

၂၆။ ထို့ကြောင့် သူတို့ကို မကြောက်ကြနှင့်။ ထုတ်ဖော်
ပြောခြင်းမခံရစေရန်ဖုံးကွယ်ထားနိုင်သည့်အရာမရှိ။[၇]
လူမသိစေရန်လျှို့ဝှက်ထားနိုင်သည့်အရာဟူ၍လည်း
၂၇။ မရှိ။ အမှောင်တွင်သင်တို့အားငါပြောသောအရာကို
အလင်းတွင်ပြောကြားကြလော့၊သင်တို့တီးတိုးကြားရ
သောအရာကိုလည်းအိမ်မိုးထက်မှကြေငြာကြလော့။[၈]
၂၈။ ကိုယ်ခန္ဓာကို သတ်၍ ဝိညာဉ်ကို မသတ်နိုင်သော
သူတို့ကိုမကြောက်ကြနှင့်။ဝိညာဉ်နှင့်ကိုယ်ခန္ဓာကိုပါ
ငရဲ၌ဖျက်ဆီးနိုင်သော သူကိုသာကြောက်ကြလော့။
၂၉။ စာငှက်နှစ်ကောင်ကို ငွေတစ်ပဲဖြင့် ရောင်းရသည်
မဟုတ်လော။သင်တို့အဖ၏အလိုတော်မရှိဘဲစာငှက်
တစ်ကောင်မျှ မြေပေါ်သို့ မကျရ။
၃၀။ သင်တို့ဦးခေါင်း၌ရှိသမျှဆံပင်တို့သည်လည်းရေတွက်
၃၁။ ထားလျက်ရှိ၏။[၉] ထို့ကြောင့်မကြောက်ကြနှင့်။သင်
တို့သည်စာငှက်မြောက်များစွာထက်ပို၍တန်ဖိုးရှိကြ
၏။

## ခရစ်တော်ကိုဝန်ခံသူနှင့်ငြင်းပယ်သူ

၃၂။ သို့ဖြစ်၍ အကြင်သူသည် လူတို့ရှေ့မှာငါ့ကိုသိမှတ်
ဝန်ခံလျှင်ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏ခမည်း
တော်ရှေ့မှာ ငါသည် ထိုသူ့ကို သိမှတ် ဝန်ခံမည်။
၃၃။ အကြင်သူမူကား လူတို့ရှေ့မှာ ငါ့ကို ငြင်းပယ်လျှင်
ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏ခမည်းတော်ရှေ့
မှာ ငါသည် ထိုသူ့ကို ငြင်းပယ်မည်။

## သခင်ယေရှုအတွက်စိတ်ဝမ်းကွဲရခြင်း

(လု ၁၂း၅၁–၅၃၊ ၁၄း၂၆–၂၇)

၃၄။ ငါသည် ကမ္ဘာပေါ်သို့ ငြိမ်းချမ်းသာယာခြင်းကို ယူ
ဆောင်လာသည်ဟု မထင်မှတ်ကြနှင့်၊ငြိမ်းချမ်း
သာယာခြင်းကိုမဟုတ်၊ဓါးကိုသာယူဆောင်လာ၏။[၁၀]
၃၅။ အကြောင်းမူကားသားနှင့်အဖ၊သမီးနှင့်အမိ၊ချွေးမနှင့်
ယောက္ခမအချင်းချင်း ရန်ဘက်ဖြစ်စေအံ့သောငှာငါ
၃၆။ လာ၏။လူတစ်ဦး၏ရန်သူများကားမိမိ၏အိမ်သူအိမ်
သားများပင် ဖြစ်လိမ့်မည်။[၁၁]

## ကိုယ်ကျိုးစွန့်၍ ခရစ်တော်နောက်သို့လိုက်ခြင်း

(မာ ၈း၃၄–၃၅၊ လု ၁၄း၂၆–၂၇၊ ၉း၂၃–၂၄)

၃၇။ အကြင်သူသည် အဖသို့မဟုတ် အမိကိုငါ့ထက်ပို၍
ချစ်လျှင် ထိုသူသည် ငါနှင့်မထိုက်တန်၊ အကြင်
သူသည်သားသို့မဟုတ်သမီးကိုငါ့ထက်ပို၍ချစ်လျှင်
၃၈။ ထိုသူသည် ငါနှင့်မထိုက်တန်။ မိမိ၏လက်ဝါးကပ်
တိုင်[၁၂]ကိုယူ၍ ငါ့နောက်သို့ မလိုက်သောသူသည်
၃၉။ လည်း ငါနှင့်မထိုက်တန်။မိမိအသက်ကိုရှာသောသူ
သည်အသက်ကိုဆုံးရှုံးလိမ့်မည်။ငါအတွက်ကြောင့်မိ
မိအသက်ဆုံးရှုံးခံရသောသူသည်ထာဝရအသက်ကိုရ
လိမ့်မည်။[၁၃]

## ဆုလာဘ်များ

(မာကု ၉း၃၇–၄၁၊လု ၉း၄၈၊ ၁၀း၁၆၊ ယော ၁၃း၂၀)

၄၀။ သင်တို့ကို လက်ခံသော သူသည် ငါ့ကိုလက်ခံ၏။
ငါ့ကိုလက်ခံသော သူသည်လည်း ငါ့ကိုစေလွှတ်
၄၁။ တော်မူသောသူကိုလက်ခံ၏။ ပရောဖက်[၁၄]ဖြစ်သော
ကြောင့် ထိုသူကိုလက်ခံသောသူသည်ပရောဖက်၏
ဆုလာဘ်ကိုရလိမ့်မည်။ဖြောင့်မတ်သောသူဖြစ်သော
ကြောင့် ထိုသူကိုလက်ခံသော သူသည် ဖြောင့်မတ်
၄၂။ သောသူ၏ဆုလာဘ်ကို ရလိမ့်မည်။ သင်တို့အား
ငါအမှန်ဆိုသည်ကား အကြင်သူသည်ဤအငယ်ဆုံး
သော သူတို့တွင် တစ်ယောက်အား ငါ၏တပည့်

---

**၅/၁၀း၂၄** ငါ့ထက် သင်တို့ကိုသာ၍ စာနာထောက်ထားခြင်းပြုလိမ့်မည်ဟု မထင်ကြနှင့်။

**၆/၁၀း၂၅** ဘဲလ်ဇေဘုလ် ဟူသည်ကား နတ်ဆိုးတို့၏မင်းကိုဆိုလိုသည်။

**၇/၁၀း၂၆** ဧဝံဂေလိသတင်းကောင်းကိုဖုံးကွယ်ထား၍မရ။ မကြောက်မရွံ့ဘဲ ဟောကြားကြရမည်။

**၈/၁၀း၂၇** (လုကာ ၁၂း၃) ဂျူးလူမျိုးတို့ နေထိုင်ရာဒေသများတွင်အိမ်များသည်အိမ်းမိုးပြန့်များဖြစ်၍အိမ်မိုးပေါ်တွင်စကားဝိုင်းဖွဲ့ပြောခြင်း၊ကြေငြာခြင်းတို့ကိုပြုလေ့ရှိကြ၏။ထို့ကြောင့် လူနည်းစုရှေ့တွင် သခင်ယေရှုဟောကြားခဲ့သည့်တရားတော်ကို လူတိုင်းကြားသိစေရန်အိမ်အမိုးပေါ်မှကြော်ငြာစေသည်။

**၉/၁၀း၃၀** ဤမြေကြီးပေါ်တွင်သေးငယ်သော အရာဟူ၍မရှိ။အရာအားလုံးကို ဘုရားသခင်စီမံထိန်းသိမ်းအုပ်ချုပ်တော်မူသည်။

**၁၀/၁၀း၃၄** ငါ၏နာမ၌ သင်တို့ဟောပြောလတ္တံ့သော တရားကို၊လူတို့သည် အငြင်းအခုံမပြုဘဲ နာယူကြမည်ဟု မထင်ကြနှင့်။ အေးချမ်းစွာ လက်ခံမည်မဟုတ်၊ သေသည်တိုင်အောင် ခုခံခြင်းရှိလိမ့်မည်။

**၁၁/၁၀း၃၆** တစ်အိမ်တည်း၌ အိမ်သားအချို့သည်ငါ၏တပည့်ဖြစ်ကြ၍အချို့မှာမူ မယုံကြည်ဘဲနေကြပြီး၊ သင်တို့ကို ညှဉ်းဆဲနှိပ်စက်လိမ့်မည်။

**၁၂/၁၀း၃၈** လက်ဝါးကပ်တိုင်သည်ကားဆင်းရဲဒုက္ခအမျိုးမျိုးကိုဆိုလိုသည်။

**၁၃/၁၀း၃၉** ငါ့ကိုငြင်းပယ်ခြင်းအားဖြင့်ဤဘဝအသက်နှင့် လောကီဥစ္စာချမ်းသာကိုရလိုသောသူသည် ထာဝရအသက်ရှင်ခြင်းကို ဆုံးရှုံးလိမ့်မည်။ ငါ့ကိုဝန်ခံခြင်းကြောင့် ဤဘဝအသက်နှင့် လောကီဥစ္စာကို ဆုံးရှုံးခြင်းခံရလျှင်မူ ထာဝရအသက်ရှင်ခြင်းကို ရလိမ့်မည်။

**၁၄/၁၀း၄၀** "ပရောဖက်" ဟူသည်ကား နောင်ဖြစ်လတ္တံ့သော အရာများကို ဟောတတ်သောသူဟုဆိုလိုသည်။ တစ်ခါတစ်ရံတရားဟောသောတမန်တော်ကိုလည်း ပရောဖက်ဟုခေါ်သည်။

ဖြစ်သောကြောင့် ရေအေးတစ်ခွက်ကို ပေးလျှင် ထို
သူသည် မိမိဆုလာဘ်ကို ဆုံးရှုံးလိမ့်မည်မဟုတ်ဟု
မိန့်တော်မူ၏။

## အခန်းကြီး (၁၁)
## ယောဟန်က သခင်ယေရှုးထံ လူလွှတ်၍ မေးမြန်းခြင်း

(လု၇း၁၈–၂၃)

၁။ သခင်**ယေရှုး**သည် တပည့်တော်တစ်ဆယ့်နှစ်ပါးတို့
အား သွန်သင် မိန့်မှာတော်မူပြီးသောအခါသူတို့၏
မြို့ရွာများတွင် ဟောပြောသွန်သင်ခြင်းငှာထိုအရပ်မှ
၂။ ထွက်ကြွတော်မူ၏။ **ယောဟန်**သည် ခရစ်တော်ပြု
တော်မူသောအမှုအရာများကို ထောင်တွင်းမှ ကြားရ
သောအခါမိမိ၏တပည့်များကိုစေလွှတ်၍ကိုယ်တော်
၃။ သည်ကြွလာတော်မူမည့်သူဖြစ်သလော၊ သို့မဟုတ်
တပည့်တော်တို့သည် အခြားတစ်ဦးကို စောင့်မျှော်
ရဦးမည်လောဟု မေးလျှောက်လေ၏။
၄။ သခင်**ယေရှုး**ကလည်း ထိုသူတို့အားပြန်ပြောတော်မူ
သည်မှာသင်တို့ကြားရသမျှတို့ကို**ယောဟန်**ထံသွား၍
၅။ ပြောကြလော့၊မျက်မမြင်တို့သည်မျက်စိပြန်မြင်ကြရ
၏။ခြေမစွမ်းသောသူတို့သည်လှမ်းသွားကြ၏။အနာ
ကြီးရောဂါသည်တို့သည်စင်ကြယ်ခြင်းသို့ရောက်သို့
ရောက်ကြရ၏။နားပင်းသောသူတို့သည်နားကြားကြ
ရ၏။သေသောသူတို့သည်အသက်ပြန်ရှင်လာကြ၏။
ဆင်းရဲသော သူတို့သည်သတင်းကောင်းကိုကြားနာ
၆။ ကြရ၏။ငါ့အပေါ်ယုံကြည်အားကိုးမှုမပျက်ပြယ်သော
သူသည်မင်္ဂလာရှိ၏[1]ဟုမိန့်တော်မူ၏။

## သခင်ယေရှုးသည်ယောဟန်ကိုသက်သေခံခြင်း

၁၁း၇–၁၉၊(လု ၇း၂၄–၃၅)

၇။ ထိုသူတို့ ထွက်သွားကြလျှင် **ယေရှုးသည်ယောဟန်**
ကိုအကြောင်းပြု၍ လူအစုအဝေးတို့အား မိန့်တော်မူ
သည်ကား၊ သင်တို့သည် အဘယ်အရာကိုကြည့်အံ့
သောငှာ တောအရပ်သို့ ထွက်သွားကြသနည်း၊လေ
တိုက်သဖြင့် လှုပ်ရှားသော ကျူပင်[2]ကိုလော။
၈။ သင်တို့သည် အဘယ်အရာကိုကြည့်အံ့သောငှာသွား
ကြသနည်း၊ဝတ်ကောင်းစားလှကိုဝတ်ဆင်ထားသော
သူကိုလော၊ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော
သူတို့သည်ကားဘုရင့်နန်းတော်များ၌နေတတ်ကြ၏။

၉။ သို့ဖြစ်လျှင် အဘယ်အရာကိုကြည့်ရှုခြင်းငှာ ထွက်
သွားကြသနည်း။ ပရောဖက်ကိုလော၊ မှန်ပေ၏။
သင်တို့အား ငါဆိုသည်ကား ပရောဖက်ထက်ပင်
၁၀။ ကြီးမြတ်သောသူ ဖြစ်၏။ အကြောင်းမူကားကြည့်
လော့၊ သင်သွားရာလမ်းကိုပြင်ဆင်အံ့သောငှာငါ၏
တမန်ကိုသင်၏ အရှေ့၌ ငါစေလွှတ်မည်ဟူသော
ရေးထားချက်သည် ဤသူကိုပင်ဆိုလိုသတည်း။
၁၁။ သင်တို့အားငါအမှန်ဆိုသည်ကား၊မိန်းမများမှဖွားမြင်
သောသူတို့တွင် **ယောဟန်**ထက် ကြီးမြတ်သောသူ
မပေါ်ထွန်းသေး၊[3] သို့သော်ကောင်းကင်နိုင်ငံတော်၌
အငယ်ဆုံးသော သူသည် **ယောဟန်**ထက်သာ၍
ကြီးမြတ်၏။
၁၂။ **ယောဟန်ဗတ္တိဇံ**လက်ထက်မှစ၍ယနေ့တိုင်အောင်
အနှောင့်အယှက်များစွာ ခံပြီးမှ ကောင်းကင်နိုင်ငံကို
ရရှိကြ၏။[4] ခွဲမလျှော့သူတို့သာလျှင် နိုင်ငံတော်သို့
မရမကရောက်ကြ၏။
၁၃။ အဘယ်ကြောင့်ဆိုသော်**ယောဟန်**ပေါ်ထွန်းလာသည့်
အချိန်တိုင်အောင် ပရောဖက်များနှင့်ပညတ်ကျမ်းတို့
၁၄။ က ကြိုတင်ဟောကြားထားခဲ့ကြ၏။ သင်တို့သည်
ထိုဟောကြားချက်များကို လက်ခံကြမည်ဆိုပါလျှင်
ဤသူကားလာလတ္တံ့သော**ဧလိယ**[5]ပင်ဖြစ်၏။
၁၅။ ကြားခြင်းငှါနားရှိသောသူမူကား ကြားပါစေ။
၁၆။ သို့သော်ငါသည်ဤလူမျိုးဆက်ကိုမည်သည့်အရာနှင့်
ပုံနှိုင်းရမည်နည်း၊[6] ဤလူမျိုးဆက်သည် ဈေးအလယ်
တွင်ထိုင်နေသောကလေးသူငယ်များနှင့်တူ၏။ သူတို့
သည် မိမိတို့၏ ကစားဖော်များအားလှမ်း ခေါ်
လျက် ငါတို့သည် တီးမှုတ်ကြသော်လည်း။
၁၇။ သင်တို့သည် မကခုန်ကြ၊ ငိုချင်းချသော်လည်း
သင်တို့သည် မငိုကြွေးကြဟု ပြောဆိုတတ်၏။
၁၈။ အကြောင်းမူကား**ယောဟန်**သည်စားသောက်ခြင်းမပြု
ဘဲလာသည်ရှိသော်သူ၌နတ်ဆိုးစီးနေသည်ဟုဆိုကြ

**၁/၁၁း၆** ငါခံရသော ဒုက္ခများကိုမြင်၍ ဘုရားမဟုတ်ဟုအများကပြောဆို
လာသောအချိန်၌ စိတ်မပျက်သူကို ဆိုလိုသည်။

**၂/၁၁း၇** ကျူပင်သည်အားနည်းခြင်း၊ ယိမ်းယိုင်တတ်ခြင်းကိုတင်စားရေး
သားထားခြင်း ဖြစ်သည်။

**၃/၁၁း၁၁** မိန်းမကဖွားသောသူတို့ဟုဆိုရာ၌ မိန်းမများမှ၊သာမန်မွေးဖွားသူ
တို့ကိုဆိုလိုသည်။ သခင်ယေရှုးမှာမူ သတို့သမီးကညာစင်မှ ဖွားမြင်၏။
ယောဟန်ထက် ကြီးမြတ်သောသူဖြစ်၏။

**၄/၁၁း၁၂** ကောင်းကင်နိုင်ငံတော်ကိုအနှောင့်အယှက်များစွာခံထမ်းပြီးမှရရှိ
ကြ၏ဟုဆိုရာတွင် အနှောင့်အယှက်၊ အတားအဆီးများစွာကိုကျော်ဖြတ်ပြီးမှ
သာ၊ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ထိုက်သည်ဟု ဆိုလိုသည်။

**၅/၁၁း၁၆** ဤသူကား လာလတ္တံ့သောဧလိယဖြစ်၏။ယောဟန်သည်ဧလိယ
၏စိတ်နေသဘော၊ စွမ်းအားသတ္တိဖြင့်လာ၏။ မိုးဇက်သည်ပညတ်ဥပဒေများ
ကိုကိုယ်စားပြုသကဲ့သို့ ဧလိယသည်ပရောဖက်များကိုကိုယ်စားပြု၍လာသည်။
ယောဟန်သည် ပရောဖက်တို့တွင် နောက်ဆုံးကြွလာသောပရောဖက်ဖြစ်၍၊
လာလတ္တံ့သော ဧလိယဟု ခေါ်ဆိုနိုင်၏။

**၆/၁၁း၁၆** ဤလူမျိုးကိုမူကား၊အဘယ်အရာနှင့်ပုံနှိုင်းရမည်နည်း။ဂျူးလူမျိုး
တို့သည် မိမိတို့သီဆိုသည့်တေးသွားအလိုက်၊သခင်ယေရှုးနှင့်ယောဟန်ကိုက
စေလိုကြ၏။ သူတို့သည် မိမိတို့ကျင့်ထုံး၊ မိမိတို့လိုလားသော ပုံစံအတိုင်း
သခင်ယေရှုးနှင့်ယောဟန်ကို ဟောပြောစေချင်ကြ၏။

၁၉။ ၏။ လူသားသည်စားသောက်လျှက်လာသည်ရှိသော်
သင်တို့က ကြည့်လော့၊ ဤသူသည် အစားကျူး
အသောက်ကျူးသော သူပါတကား၊အခွန်ခံသူတို့နှင့်
အပြစ်ရှိသောသူတို့၏မိတ်ဆွေပါတကားဟုဆိုကြ၏၊
သို့သော်လည်း ဉာဏ်ပညာတော်သည်ကားမိမိ
လုပ်ဆောင်ချက်များအားဖြင့် အသိအမှတ်ပြုခြင်းကို
ခံရ၏ဟုမိန့်တော်မူ၏။

## နောင်တမရသောမြို့များ

(လု၁၀း၁၂–၁၅)

၂၀။ အချို့မြို့များတွင် အံ့သြဘွယ်ရာနိမိတ်လက္ခဏာများ
ကိုပြတော်မူခဲ့သော်လည်း ယင်းတို့သည် နောင်တ
မရကြသောကြောင့် ကိုယ်တော်သည်ဤသို့ပြစ်တင်
၂၁။ ဆုံးမတော်မူ၏။ ကိုယ်တော်က အိုခိုရာဇင်မြို့၊ သင်
သည်အမင်္ဂလာရှိ၏။ အိုဘက်ဇိုင်ဒါမြို့[၇] သင်သည်
အမင်္ဂလာရှိ၏။အကြောင်းမူကားသင်တို့ တွင်ငါပြခဲ့
ဖူးသောတန်ခိုးလက္ခဏာများကိုတိုင်ရာနှင့်ဆီဒုံမြို့တို့
၌ပြခဲ့ပါလျှင်ထိုမြို့တို့သည်လျှော်တေအဝတ် ကိုဝတ်
၍ပြာနှင့်လူးလျက်[၈]ကြာမြင့်စွာကပင်နောင်တရခဲ့ကြပေ
၂၂။ လိမ့်မည်။ သို့ရာတွင် သင်တို့အားငါဆိုသည်ကား
တရားစီရင်တော်မူသောနေ့၌သင်တို့သည်တိုင်ရာနှင့်
စီဒုံမြို့များထက်ပို၍ အပြစ်ဒဏ်ခံရလိမ့်မည်။
၂၃။ အိုကာဖာနာအုမ်၊ သင်သည်လည်းကောင်းကင်တိုင်
အောင် မြှောက်စားခြင်းခံရလိမ့်မည်လော။သင်သည်
ငရဲတိုင်အောင်သက်ဆင်းခံရလိမ့်မည်။ အကြောင်းမူ
ကား၊သင်၌ပြသောတန်ခိုးလက္ခဏာတို့ကို ဆီဒုံမြို့၌
ပြခဲ့ပါမူ ထိုမြို့သည်ယနေ့တိုင်အောင်တည်ရှိနေပေ
၂၄။ မည်။ သို့ရာတွင်ငါဆိုသည်ကားတရားစီရင်တော်မူ
သောနေ့၌ ဆီဒုံမြို့သည် သင့်ထက် သက်သာရာရ
လိမ့်မည်။

## ငါထံသို့လာကြလော့

(လု၁၀း၂၁–၂၂)

၂၅။ ထိုအခါသခင်ယေရှု မိန့်တော်မူသည်ကား၊မိုးနှင့်မြေ
ကို အစိုးရတော်မူသော အဖ၊ကိုယ်တော်သည်ပညာ
အလိမ္မာနှင့်ပြည့်စုံသော သူတို့အား ဤအရာများကို
ထိမ်ဝှက်ထားတော်မူလျှက်သူငယ်တို့အားဖော်ပြတော်
၂၆။ မူသည်ဖြစ်၍ ကျေးဇူးတော်ကိုချီးမွမ်းပါ၏။မှန်ပါ၏
အဖ၊ ဤသည်ကား ကိုယ်တော်၏မြတ်သောအလို
၂၇။ တော်ပေတည်း။ငါ၏ခမည်းတော်သည်ခပ်သိမ်းသော
အရာတို့ကိုငါ့အားလွှဲအပ်တော်မူသည်။ခမည်းတော်မှ
တစ်ပါးမည်သူမျှသားတော်ကိုမသိ၊ ခမည်းတော်ကို
လည်း သားတော်နှင့် သားတော် ဖော်ပြလိုသူများမှ
တစ်ပါး အခြားမည်သူမျှမသိ။
၂၈။ ဝန်လေး၍ ပင်ပန်းနွမ်းနယ်သော သူအပေါင်းတို့[၉]
ငါ့ထံသို့လာကြလော၊ ငါသည်သင်တို့ကိုအားဖြည့်
၂၉။ လန်းဆန်းစေမည်။ငါ့ထမ်းပိုး[၁၀]ကိုယူ၍ ထမ်းကြ
လော့။ ငါ့ထံမှသင်ယူကြလော့။ အကြောင်းမူကား၊
ငါသည် နူးညံ့သိမ်မွေ့၍နှိမ့်ချသော စိတ်နှလုံးရှိ၏။
သင်တို့၏ စိတ်နှလုံးသည် သက်သာရာရလိမ့်မည်။
၃၀။ အကြောင်းမူကား ငါ့ထမ်းပိုးသည် ထမ်းရလွယ်၏။
ငါ၏ဝန်သည်လည်းပေါ့၏ဟု မိန့်တော်မူ၏။

## အခန်းကြီး (၁၂)

## ဥပုသ်နေ့၏အရှင်၊သခင်ယေရှု

(မာကု၂း၂၃–၂၈၊လု၆း၁–၅)

၁။ ထိုကာလ၌ သခင်ယေရှုသည်ဥပုသ်နေ့[၁]တွင်ဂျုံခင်း
တို့ကို ဖြတ်သန်းသွားစဉ် တပည့်တော်တို့သည်
ဆာမွတ်ကြသောကြောင့်ဂျုံနှံများကိုဆွတ်ခူး၍စားကြ
၏[၂]။
၂။ ဤအချင်းအရာကို ဖာရိရှဲဦးတို့မြင်ကြလျှင် ကိုယ်
တော်၏ တပည့်တော်တို့သည် ဥပုသ်နေ့၌မပြုအပ်
သောအရာ[၃]ကိုပြုကြပါသည်တကားဟုကိုယ်တော်အား
၃။ လျှောက်ကြ၏။ ကိုယ်တော်ကလည်း ထိုသူတို့အား
မိန့်တော်မူသည်ကားဒေးဗစ်မင်းကြီးသည် ဆာမွတ်
သောအခါမိမိနှင့်ပါသောသူတို့နှင့်တကွမည်သည့်အရာ
၄။ ပြုသည်ကိုလည်းကောင်း၊ရဟန်းတို့မှတစ်ပါးမိမိဖြစ်
စေမိမိနှင့်ပါသော သူတို့ဖြစ်စေ မစားအပ်သောရှေ့
တော်တင်မုန့်ကိုဘုရားသခင်၏ အိမ်တော်သို့ဝင်၍
မည်ကဲ့သို့ စားခဲ့ကြသည် လည်းကောင်း၊ သင်တို့

---

**၇/၁၁း၂၁** ခိုရာဇင်မြို့နှင့်ဘက်ဇိုင်ဒါမြို့။ထိုမြို့နှစ်မြို့သည်ဂျေနာဇရက်ပင်လယ်အနောက်ဖက်ကမ်းရှိ၊သခင်ယေရှုသတင်းသုံးတော်မူသောကာဖာနာအုမ်မြို့၏အနီး၌ရှိကြ၏။

**၈/၁၁း၂၁** လျှော်တေကိုဝတ်၍ ပြာနှင့်လူးလျှက်။ ရှေးကာလကနောင်တတရားဟူသည့်အမှတ်လက္ခဏာအဖြစ်၊ လျှော်တေအဝတ်ကိုဝတ်၍ပြာပေါ်တွင်ထိုင်လေ့ရှိကြ၏။

**၉/၁၁း၂၈** ဝန်လေး၍ ပင်ပန်းသောသူဟုဆိုရာ၌ အပြစ်ဝန်ကိုထမ်းသောသူလည်းရှိ၏။(ရဟန္တာ– ဩဂုတ်စတင်း၊ဂျေရုမ်း၊ခရစ်ဇော်ဇတုမ်)ဖါရီရှဲတို့စီစဉ်ထားသောဝိနည်းဥပဒေများကိုထမ်းသူလည်းရှိ၏။ဤလောက၌ဆင်းရဲဒုက္ခနှင့်အနှောင့်အယှက်ဝန်တို့ကို ထမ်းသောသူလည်း ရှိ၏။

**၁၀/၁၁း၂၈** ငါ၏ထမ်းပိုးဟူသည်ကား ဧဝံဂေလိတရား၏ထမ်းပိုး၊ ယုံကြည်ခြင်းနှင့်မေတ္တာတရား၏ထမ်းပိုးကိုဆိုလိုသည်။ သူတော်မြတ်တို့ဆည်းပူးအပ်သောပါရမီတို့၏အပြစ်မူလတရားသည် စိတ်နှိမ့်ချခြင်းတရားနှင့်နူးညံ့သိမ်မွေ့ခြင်း တရားဖြစ်၍ ထိုတရားနှစ်ပါးတို့ကို ငါ့ထံမှသင်ယူကြလော့။

**၁/၁၂း၁** ဥပုသ်နေ့၊ ဂျူးလူမျိုးတို့၏ ဥပုသ်နေ့သည် စနေနေ့ဖြစ်၏။

**၂/၁၂း၁** မိုးဇက်၏တရားအတိုင်း ဆာမွတ်သောသူတို့သည်အသီးအနှံများကို ခူးဆွတ်၍ စားခွင့်ရှိ၏။

**၃/၁၂း၂** မိုးဇက်၏ ပညတ်တရားနောက်တွင် ထည့်သွင်းစီရင်ထားသောသေးငယ်သည့် ဥပဒေများစွာအန် တစ်ခုဖြစ်၏။

၅။ မဖတ်ဘူးကြသလော။[၄]ရဟန်းတို့သည်ဗိမာန်တော်၌
ဥပုသ်ကိုချိုးဖောက်သော်လည်းအပြစ်မသင့်ကြောင်းကို[၅]
၆။ တရားကျမ်း၌သင်တို့မဖတ်ဘူးကြလော။သင်တို့အား
ငါဆိုသည်ကားဗိမာန်တော်ထက်ကြီးမြတ်သော အရာ
၇။ သည်ဤနေရာ၌ ရှိသတည်း။ ယဇ်ပူဇော်ခြင်းကို
မဟုတ်၊ကရုဏာသနားခြင်းကို ငါနှစ်သက်၏ဟူ
သောစကားကိုနားလည်ကြလျှင်အပြစ်နှင့်ကင်းသော
သူတို့ကိုသင်တို့သည်အပြစ်စီရင်ကြလိမ့်မည်မဟုတ်။
၈။ အကြောင်းမူကား လူသားသည် ဥပုသ်နေ့၏အရှင်
သခင်ဖြစ်သတည်း။[၆]ဟုမိန့်တော်မူ၏။

## လက်တစ်ဖက်သေသူကိုပျောက်ကင်းစေတော်မူခြင်း

(မာကု ၃း၁–၆၊ လု ၆း၆–၁၁)

၉။ ကိုယ်တော်သည် ထိုအရပ်မှ ကြွတော်မူ၍ သူတို့၏
တရားဇရပ်သို့ဝင်တော်မူ၏။ ထိုနေရာ၌ လက်တစ်
၁၀။ ဖက်သေသော သူတစ်ယောက်ရှိ၏။ သူတို့ကဥပုသ်
နေ့၌ရောဂါကိုပျောက်ကင်းစေအပ်သလောဟု ကိုယ်
တော်ကိုပြစ်တင်စွပ်စွဲလိုသောကြောင့်မေးလျှောက်ကြ
၁၁။ ၏။ ကိုယ်တော်ကလည်း သင်တို့တွင်မည်သူသည်
မိမိ၌သိုးတစ်ကောင်ရှိ၍ထိုသိုးသည်ဥပုသ်နေ့၌တွင်း
ထဲသို့ကျခဲ့လျှင်ဆွဲမတင်ဘဲနေမည်နည်း။
၁၂။ လူသည်သိုးထက်များစွာ အဖိုးထိုက်သည်မဟုတ်ပါ
လော၊သို့ဖြစ်၍ဥပုသ်နေ့၌ကောင်းသောအမှုကိုပြုလုပ်
ခြင်းသည်သင့်လျော်ပေ၏ဟုမိန့်တော်မူ၏။
၁၃။ ထို့နောက် လက်သေသောသူအားသင်၏ လက်ကို
ဆန့်လော့ဟု မိန့်တော်မူလျှင် ထိုသူသည် လက်ကို
ဆန့်လိုက်ရာ ထိုလက်သည်အခြားလက်တစ်ဖက်ကဲ့
သို့ အကောင်းပကတိဖြစ်လေ၏။
၁၄။ **ဖာရီဇေဦး**တို့သည် ထွက်သွားကြ၍ ကိုယ်တော်ကို
မည်ကဲ့သို့လုပ်ကြံနိုင်မည့်အကြောင်းတိုင်ပင်ကြ၏။

## ရွေးကောက်ခြင်းခံရသူ

(မာကု ၃း၇–၁၂၊ လု ၆း၁၇–၁၉)

၁၅။ သခင်**ယေရှူး**သည် ဤအကြောင်းကို သိတော်မူလျှင်
ထိုအရပ်မှထွက်ခွာသွားတော်မူ၏။[၇] များစွာသောလူ
တို့သည် နောက်တော်သို့လိုက်ကြသဖြင့်ကိုယ်တော်
သည် သူတို့၏ရောဂါဝေဒနာများကိုပျောက်ကင်းစေ
၁၆။ တော်မူ၏။သို့ရာတွင် သတင်းတော်ကိုမပျံ့နှံ့စေမည့်
၁၇။ အကြောင်းသူတို့အားမိန့်မှာတော်မူ၏။ဤအကြောင်း
အရာသည်ကား ပရောဖက်**အီဇာယ** ဟောထားချက်
ပြည့်စုံမည့်အကြောင်းတည်း။
၁၈။ ဟောထားချက်မူကားငါရွေးကောက်သောငါ၏အစေ
ခံ၊ ငါအလွန်နှစ်သက်၍ချစ်မြတ်နိုးသောသူကိုကြည့်
လော့။[၈]သူ့အပေါ်၌ငါ၏ဝိညာဉ်တော်ကိုသက်ရောက်
စေသဖြင့် သူသည်လူမျိုးခြားတို့အားတရားမျှတခြင်း
အကြောင်းကို ဟောကြားလိမ့်မည်။
၁၉။ သူသည် ငြင်းခုံခြင်း၊ ဟစ်အော်ခြင်းကို ပြုလိမ့်မည်
မဟုတ်။ သူ၏အသံကိုလည်းလမ်းမများ၌မည်သူမျှ
၂၀။ ကြားရလိမ့်မည်မဟုတ်။သူသည်နင်းချေထားခြင်းခံရ
သည့်ကျူပြင်ကိုမချိုး၊မီးခိုးငွေ့မျှသာကျန်သောမီးဇာ
ကိုလည်းမငြိမ်းသတ်ဘဲတရားမျှတမှု စိုးမိုးလာသည့်
တိုင်အောင်သူဆောင်ရွက်လိမ့်မည်။[၉]
၂၁။ လူမျိုးတစ်ကာတို့ သည်လည်းသူ၏ နာမတော်၌
မျှော်လင့်အားထားကြလိမ့်မည် ဟူ၍လာသတည်း။

## သခင်ယေရှူး နှင့် ဘဲလ်ဇေဘုလ်

(မာကု ၃း၂၂–၃၉၊ လု ၁၁း၁၄–၂၃၊ ၁၂း၁၀)

၂၂။ ထိုအခါ နတ်ဆိုးစီးခြင်း ခံရသောကြောင့် ဆွံ့အ၍
မျက်စိမမြင်သော သူတစ်ယောက်ကို အထံတော်သို့
ဆောင်ခဲ့ကြလျှင် ကိုယ်တော်သည် သူ့ကို ပျောက်
ကင်းစေတော်မူသည်ဖြစ်၍ သူသည်မျက်စိလည်းမြင်
၂၃။ နိုင်ပြီး စကားလည်းပြောနိုင်၏။ ရှိသမျှသော လူ
တို့သည်လည်းမိန်းမောတွေဝေကြ၍ဤသူသည်ကား
**ဒေးဗစ်**၏သား[၁၀]ဖြစ်နိုင်ပါသလောဟုမေးကြ၏။
၂၄။ **ဖာရီဇေဦး**တို့ကြားကြလျှင် ဤသူသည် နတ်ဆိုး
မင်း**ဘဲလ်ဇေဘုလ်**ကို အမှီပြု၍သာ နတ်ဆိုးတို့ကို
၂၅။ နှင်ထုတ်သည်ဟုဆိုကြ၏။ကိုယ်တော်သည်သူတို့၏
အတွင်း စိတ်ကိုသိတော်မူသောကြောင့် သူတို့အား
မိန့်တော်မူသည်မှာ မည်သည့် တိုင်းနိုင်ငံတွင်မဆို
အချင်းချင်း ဆန့်ကျင်ကွဲပြားကြလျှင်၊ မကြာမီ
ပျက်စီးလိမ့်မည်။ ထိုနည်းတူ ကွဲပြားလျက်ရှိသော

**၄/၁၂း၄** ကိုယ်တော်ကလည်းမိန့်တော်မူသည်မှာဒေးဗစ်နှင့်အတူထွက်ပြေးသောသူတို့သည် ရှေ့တော်တင်မုန့်များကို စားသောက်ခွင့်ရှိသကဲ့သို့ဆာမွတ်သောတပည့်တော်များသည်လည်း အသီးအနှံများကို ခူးစားခွင့်ရှိ၏။

**၅/၁၂း၅** ရဟန်းတို့သည်ဥပုသ်နေ့တို့၌ပူဇော်ရန်ယဇ်ကောင်များသတ်ခြင်း၊ အရေခွံဆုတ်ခြင်း၊ ယဇ်ပလ္လင်ပေါ်သို့ဆောင်ယူသွားခြင်း ထင်း၊မီးထည့်ခြင်းစသည့်ဥပုသ်ချိုးဖောက်ရာများကို ပြုကြသော်လည်း အပြစ်မသင့်ကြ။

**၆/၁၂း၈** လူသားသည် မိုးဇက်၏တရားကိုပယ်ဖျက်ခြင်းငှာမဟုတ်၊စုံလင်စေခြင်းငှာ၊ လာသောကြောင့်ထိုတရားကိုစိုးပိုင်တော်မူသည်။ထိုနည်းတူဥပုသ်နေ့ကိုလည်း စိုးပိုင်တော်မူသည်။

**၇/၁၂း၁၅** ဒုက္ခရစရိယာ ကျင့်ခံတော်မူရာအချိန်မရောက်သေးသောကြောင့် ကိုယ်တော်ထိုအရပ်မှ ထွက်ခွာတော်မူ၏။ (မာတေဦး ၂၆း၄၅)

**၈/၁၂း၁၈** ဤကျမ်းချက်သည် သခင်ယေရှူးကိုညွှန်း၏။သခင်ယေရှူးသည်ဘုရားအဖြစ်တော်အားဖြင့်ခမည်းတော်နှင့်ဇာတိတစ်ပါးတည်းဖြစ်တော်မူသော်လည်းလူ့အဖြစ်၌ လူ၏ဒုက္ခဝေဒနာများကို ခံယူတော်မူခြင်းဖြင့်ခမည်းတော်၏အလိုတော်ကို ဆောင်ရွက်တော်မူသောကြောင့် အစေခံအမည်ကိုယူတော်မူ၏။

**၉/၁၂း၂၀** စိတ်အားငယ်သောသူကို ဆိုလိုသည်။ အပြစ်အမှားကျင့်မိ၍ ငရဲဒဏ်ခံထိုက်သူတို့ကို ကြမ်းတမ်းစွာ ဆုံးမတော်မူသည်မဟုတ်၊ တရားလမ်းကိုလျှောက်နိုင်ရအောင်နူးညံ့သိမ်မွေ့စွာ ဖိတ်ခေါ်လိမ့်မည်။

**၁၀/၁၂း၂၃** ဒေးဗစ်၏သား။ ကြိမ်ဖန်များစွာ ကတိထားတော်မူသည်အတိုင်းဒေးဗစ်မျိုးအနွယ်မှ လာလတ္တံ့သော မက်ဆီးယဖြစ်မည်လော။

မြို့ သို့မဟုတ် အိမ်ထောင်စုသည်လည်း မတည်တံ့နိုင်ရာ။
၂၆။ နတ်ဆိုးသည်လည်း နတ်ဆိုးကို နှင်ထုတ်သည်မှန်လျှင် အချင်းချင်းဆန့်ကျင်၍ ကွဲပြားခြင်းဖြစ်သောကြောင့်သူ၏နိုင်ငံသည်မည်သို့တည်တံ့နိုင်မည်နည်း၊
၂၇။ အကယ်၍ငါသည်**ဘဲလ်ဇေဘလ်**ကိုအမှီပြု၍နတ်ဆိုးတို့ကိုနှင်ထုတ်လျှင် သင်တို့၏သားတို့သည်မည်သူ့ကို အမှီပြု၍ နှင်ထုတ်ကြသနည်း။ ထို့ကြောင့်သင်တို့၏သားများသည် သင်တို့ကိုအဆုံးအဖြတ်ပေးသူ
၂၈။ များဖြစ်ကြလိမ့်မည်။ ငါမူကား ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် နတ်ဆိုးများကိုနှင်ထုတ်သည်မှန်လျှင် ဘုရားသခင်၏ နိုင်ငံတော်သည်သင်တို့
၂၉။ အပေါ်သို့ရောက်လေပြီ။ မည်သူသည် ခွန်အားကြီးသူကိုဦးစွာမချည်နှောင်ဘဲ သူ၏အိမ်သို့ဝင်၍ ဥစ္စာပစ္စည်းများကို လုယူနိုင်ပါမည်နည်း။[၁၁] သူ့ကိုချည်နှောင်ပြီးမှသာလုယူနိုင်မည်။
၃၀။ ငါ့ဘက်၌ မရပ်တည်သော သူသည်ငါနှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ငါနှင့်အတူ မစုစည်းသောသူသည်ကွဲပြားမှုကိုဖြစ်စေသည်။
၃၁။ ထို့ကြောင့် သင်တို့အား ငါဆိုသည်ကား အပြစ်ဟူသမျှနှင့် ဘုရားသခင်ကို ထိခိုက်စော်ကားခြင်းများအတွက်လူတို့သည်အခွင့်လွှတ်ခြင်းခံရလိမ့်မည်။
၃၂။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်[၁၂] ဘုရားကို ထိခိုက်သော အပြစ်သည်ကား ယခုဘဝ၌သော်လည်းကောင်း၊နောင်ဘဝ၌သော်လည်းကောင်း၊အခွင့်လွှတ်ခြင်းခံရလိမ့်မည်မဟုတ်။

## အသီးမြင်အပင်သိ

(မာကု ၇း၁၆–၁၇၊ လု ၆း၄၄–၄၅)

၃၃။ မျိုးကောင်းသောအပင်ကိုပြုစုပျိုးထောင်လျှင်ကောင်းသောအသီးကိုရလိမ့်မည်။ မျိုးညံ့သောအပင်ကိုပြုစုပျိုးထောင်လျှင် ညံ့သော အသီးကို ရလိမ့်မည်။ အကြောင်းမူကားအသီးကိုထောက်၍အပင်ကိုသိရ၏။
၃၄။ အချင်းမြွေဆိုးအမျိုးတို့၊သင်တို့သည်ဆိုးယုတ်သူများဖြစ်လျက် ကောင်းသောစကားကိုမည်သို့ပြောနိုင်ကြသနည်း။ စိတ်နှလုံး၌ ပြည့်လျှံနေသည့်အရာများကိုနှုတ်ကပြောဆိုတတ်၏။
၃၅။ ကောင်းမြတ်သောသူသည် မိမိ၏ကောင်းမြတ်သောစိတ်နှလုံး ဘဏ္ဍာတိုက်အတွင်းမှကောင်းမြတ်သောအရာကို ထုတ်ဖော်တတ်၏။ဆိုးယုတ်သောသူသည်လည်း မိမိ၏ဆိုးယုတ်သော စိတ်နှလုံးဘဏ္ဍာတိုက်အတွင်းမှဆိုးယုတ်သောအရာကို ထုတ်ဖော်တတ်၏။
၃၆။ သင်တို့အားငါဆိုသည်ကားလူတို့သည်မိမိတို့ပြောမိသမျှသော အကျိုးမဲ့စကားလုံးတိုင်းအတွက် တရားဆုံးဖြတ် သောနေ့၌ စီရင်ခြင်းခံရလိမ့်မည်။
၃၇။ အကြောင်းမူကား သင်၏စကားများနှင့်အညီ သင်သည်အပြစ်တင်ခြင်းနှင့်ကင်းလွတ်လိမ့်မည်။သင်၏စကားများနှင့်အညီ၊ သင်သည်အပြစ်စီရင်ခြင်းကိုခံရလိမ့်မည်ဟု မိန့်တော်မူ၏။

## ယောန၏ နိမိတ်လက္ခဏာ

(မာတေ၁၆း၁–၄၊မာကု၈း၁၁–၁၂၊လု၁၁း၁၆၊၂၉–၃၂)

၃၈။ အချို့သောကျမ်းတတ်ဆရာများနှင့် **ဖါရိဇေဦး**တို့က ဆရာသခင်၊ကျွန်တော်တို့သည်ကိုယ်တော်ထံမှနိမိတ်လက္ခဏာတစ်ခုကို မြင်လိုပါသည် ဟုလျှောက်ထား
၃၉။ ကြ၏။ကိုယ်တော်ကသူတို့အားပြန်ပြောတော်မူသည်ကား ဆိုးညစ်၍ ဖောက်ပြန်သောအမျိုး[၁၃] သည် နိမိတ်လက္ခဏာကိုတောင်း၏။ ပရောဖက်**ယောန**၏ နိမိတ်လက္ခဏာမှတစ်ပါး မည်သည့်လက္ခဏာကိုမျှ
၄၀။ သူတို့အား ပေးလိမ့်မည်မဟုတ်။ အကြောင်းမူကား **ယောန**သည်**ဝေလ**ငါးကြီး၏ဝမ်းထဲ၌သုံးနေ့နှင့် သုံးည၊နေခဲ့ရသကဲ့သို့လူသားသည်လည်းမြေကြီး၏ဝမ်းထဲ၌ သုံးနေ့နှင့်သုံးညနေလိမ့်မည်။
၄၁။ တရားစီရင်တော်မူသောနေ့၌**နီနေဝေ**မြို့သားတို့သည် ဤလူမျိုးဆက်နှင့် တရားပြိုင်ပြုကာ သူတို့ကိုအပြစ်တင်စွပ်စွဲကြလိမ့်မည်။ အကြောင်းမူကားသူတို့သည် **ယောန**ဟောပြောခဲ့သောကြောင့်နောင်တတရားရရှိခဲ့ကြ၏။ ဤနေရာ၌မူကား **ယောန**ထက်ပို၍ကြီးမြတ်
၄၂။ သောသူရှိ၏။ တရားစီရင်တော်မူသောနေ့၌ တောင်ဘက် တိုင်းပြည်၏ဘုရင်မသည်ဤလူမျိုးဆက်နှင့် တရားပြိုင်ပြုကာ သူတို့ကို ပြစ်တင်စွပ်စွဲလိမ့်မည်။ အကြောင်းမူကား **ဆောလမုန်**မင်းကြီး၏ဉာဏ်ပညာတော်ကိုကြားသိခြင်းငှာဝေးလံရပ်ခြားတိုင်းတစ်ပါးမှလာရောက်ခဲ့၏။ ဤနေရာ၌မူကား **ဆောလမုန်**မင်းကြီးထက် ကြီးမြတ်သော သူရှိ၏။

## ညစ်ညမ်းသောနတ်ဆိုးပြန်လာခြင်း

(လု၁၁း၂၄–၂၆)

၄၃။ ညစ်ညမ်းသော နတ်ဆိုးသည် လူတစ်ဦးထဲမှ ထွက်လာသောအခါ ခြောက်သွေ့သော လွင်ပြင်များတွင် နားခိုရန် နေရာရှာသော်လည်းမတွေ့ဘဲနေ၏။
၄၄။ ထိုနောက်နတ်ဆိုးက ထွက်လာခဲ့သောအိမ်သို့ငါပြန်

**၁၁/၁၂း၂၉** လူတို့သည်အပြစ်မကောင်းမှုကြောင့်၊နတ်ဆိုးလက်အောက်သို့ကျရောက်ကြသည်ဖြစ်၍ နတ်ဆိုးကို ချည်နှောင်၍မထားလျှင် နတ်ဆိုးလက်မှ ၎င်းပိုင်သည့်အရာများကို မည်ကဲ့သို့ရယူနိုင်မည်နည်း။

**၁၂/၁၂း၃၂** သန့်ရှင်းသောဝိညာဉ်တော်ကို ထိခိုက် ပြစ်မှားသောအပြစ်သည် နောင်တမရသောအပြစ်ကို ဆိုလိုသည်။

သန့်ရှင်းသော ဝိညာဉ်တော်ကို ထိခိုက်ခြင်းအပြစ်ဟူမူကား အမှန်တရားကို ကောင်းစွာသိမြင်လျက်မကောင်းမှု၌ဆက်လက်လျှောက်လှမ်းနေခြင်းကိုဆိုလိုသည်။ ဤသူတို့သည် ဆေးဝါးကို ငြင်းပယ်ကြသောလူနာနှင့်တူ၏။

မည်ဟု[၁၄]ဆို၍ ပြန်သွားရာ ထိုအိမ်သည်လစ်လပ်နေလျက် သပ်ရပ်စွာလှဲကျင်းထားသည်ကိုတွေ့ရ၏။
၄၅။ ထိုအခါ ယင်းနတ်ဆိုးသည်မိမိထက်ညစ်ညမ်းသောနတ်ဆိုးခုနစ်ကောင်ကိုအတူခေါ်ခဲ့ပြီး၊ထိုလူအတွင်း၌ဝင်၍နေကြသဖြင့်ထိုလူ၏နောက်ဖြစ်ရပ်သည်ယခင်ဖြစ်ရပ်ထက်ပို၍ဆိုး၏။[၁၅] ဤဆိုးညစ်သော လူမျိုးဆက်၌လည်း ထိုနည်းတူ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။

## သခင်ယေရှု၏မယ်တော်၊ဆွေတော်မျိုးတော်များ (မာကု ၃း၃၁-၃၅၊ လု ၈း၁၉-၂၁)

၄၆။ ကိုယ်တော်သည် လူအစုအဝေးကိုဟောပြောတော်မူနေ့စဉ်မယ်တော်နှင့်ကိုယ်တော်၏ညီအစ်ကိုများသည်ကိုယ်တော်နှင့်စကားပြောလို၍အပြင်မှာရပ်နေကြ၏။
၄၇။ ထိုအခါ လူတစ်ဦးက ကိုယ်တော်၏ မယ်တော်နှင့် ညီအစ်ကိုတို့သည် ကိုယ်တော်နှင့် စကားပြောလို၍ အပြင်ဘက်မှာရပ်နေကြပါသည်ဟုလျှောက်လေသော်
၄၈။ ကိုယ်တော်က ငါ၏အမိ၊ ငါ၏ညီအစ်ကိုများကား မည်သူတို့နည်း[၁၆]ဟု သူတို့အား မေးတော်မူ၏။
၄၉။ ထို့နောက် တပည့်တော်များဆီသို့လက်တော်ကိုဆန့်တန်းလျက် မိန့်တော်မူသည်မှာ ဤသူတို့ကားငါ၏အမိ[၁၇]နှင့် ငါ့ညီအစ်ကိုများတည်း။
၅၀။ အကြောင်းမူကား ကောင်းကင်ဘုံ၌ရှိတော်မူသောငါ့ခမည်းတော်၏ အလိုတော်ကိုဆောင်ရွက်သောသူဟူသမျှသည် ငါ၏ညီအစ်ကို၊ ငါ၏နှမ၊ငါ၏အမိဖြစ်သတည်းဟု မိန့်တော်မူ၏။

## အခန်းကြီး (၁၃)

၁။ ထိုနေ့၌ သခင်ယေရှုသည် အိမ်မှထွက်ကြွတော်မူ၍
၂။ ပင်လယ်ကမ်းခြေတွင်ထိုင်နေတော်မူစဉ်၊များစွာသောလူတို့သည် ဝိုင်းရံစုဝေးလာကြသောကြောင့် ကိုယ်တော်သည်လှေပေါ်သို့တက်၍ထိုင်တော်မူ၏။ လူအစုအဝေးသည်ကား ကုန်းပေါ်မှာ ရပ်နေကြ၏။

## မျိုးကြဲသူပုံပမာ

(မာကု ၄း၁-၉၊ လု ၈း၄-၈)

၃။ ကိုယ်တော်သည် ထိုသူတို့အားပုံပမာနှိုင်း၍၊များစွာသော အကြောင်းအရာတို့ သွန်သင်တော်မူလျက် ဆိုသည်မှာ မျိုးကြဲသူတစ်ယောက်သည်မျိုးစေ့ကြဲအံ့
၄။ သောငှာထွက်သွားလေ၏။မျိုးကြဲရာတွင်အချို့မျိုးစေ့တို့သည်လမ်းပေါ်မှာကျသဖြင့်ငှက်တို့သည်လာ၍စား
၅။ ကြ၏။ အချို့မျိုးစေ့တို့သည် မြေဆီလွှာပါးသည့်ကျောက်ခံမြေပေါ်တွင်ကျ၏။ အပင်များလျင်မြန်စွာပေါက်လာသော်လည်းမြေသားလွှာတိမ်သောကြောင့်
၆။ နေထွက်သောအခါပူလောင်၍အမြစ်လည်းမတွယ်နိုင်သောကြောင့် ညှိုးနွမ်းသွေ့ခြောက်လေ၏။
၇။ အချို့မျိုးစေ့တို့သည်ဆူးပင်များအကြားတွင်ကျသဖြင့်ဆူးပင်တို့ကြီးထွားလာကြသောအခါအပင်ငယ်တို့ကိုဖုံးအုပ်ပိတ်ဆို့ထားလေ၏။
၈။ အချို့မျိုးစေ့တို့မူကား ကောင်းသော မြေပေါ်တွင်ကျသဖြင့် အပင် ပေါက်လာသောအခါအချို့သည်အဆတစ်ရာ၊အချို့အဆခြောက်ဆယ်၊အချို့အဆသုံးဆယ်
၉။ စီအသီးသီးကြ၏။ ကြားခြင်းငှာနားရှိသောသူသည်ကြားပါစေ။

## ပုံဥပမာနှိုင်းရခြင်း၏အကြောင်းရင်းများ

(မာကု ၄း၁၀-၁၂၊ လု ၈း၉-၁၀)

၁၀။ ထိုအခါတပည့်တော်တို့သည်အထံတော်သို့ချဉ်းကပ်ကြ၍ ကိုယ်တော်သည်အဘယ့်ကြောင့်ထိုသူတို့အားပုံဥပမာနှိုင်း၍[၁] ဟောတော်မူသနည်းဟုလျှောက်ကြ

**၁၄/၁၂း၄၄** ငါထွက်လာခဲ့သော သူ၏အထဲသို့ ငါပြန်ဝင်မည်ဆို၍လာသောအခါ၊ထိုသူ၌ကျေးဇူးတရားလည်းမရှိသောကြောင့်နေထိုင်သူမဲ့သောအိမ်ကဲ့သို့လည်း၊ အကျင့်ပါရမီလည်းလစ်ဟင်း၍သပ်ယပ်စွာလှည်းကျင်းထားသကဲ့သို့လည်းကောင်းဖြစ်နေ၍မိမိအတွက်အသင့်တန်ဆာဆင်ထားသောနေချင်စဖွယ်အိမ်ကဲ့သို့ဖြစ်နေသည်ကိုတွေ့ရ၏။

**၁၅/၁၂း၄၅** ဘာဘီလုံပြည်တွင် ပြည်နှင်ဒဏ်ခံရာမှပြန်လာကြသော ဂျူးလူမျိုးတို့သည် ဘာသာခြားအယူဝါဒကိုစွန့်ပစ်ကြသောကြောင့်၊ ညစ်ညမ်းသောနတ်ဆိုးသည် သူတို့မှထွက်သွားသဖြင့် မက္ကဘေဦးလက်ထက်၌ဂျူးလူမျိုးတို့သည်အောင်ပွဲခံကြရ၏။ နောက်ပိုင်းတွင်မူကားဖါရိရှဲတို့ကဲ့သို့သောအုပ်စုများပေါ်ပေါက်လာ၍ မိုးဇက်၏တရားကို ပျက်ပြားစေကြပြီး သခင်ယေရှု၏လက်ထက်သို့ရောက်ချိန်၌မူဂျူးလူမျိုးတို့၏ဘာသာသည်ကျေးဇူးတရားကင်းမဲ့၍ အကျင့်ပါရမီမရှိသဖြင့် လစ်လပ်နေသောအိမ်နှင့်တူ၏။ အပေါ်ယံဟန်ပြအကျင့်ပုံစံများကြောင့် သန့်ရှင်းစင်ကြယ်ဟန်ရှိသော်လည်း ယုတ်ညံ့နိမ့်ကျလျက်ရှိ၏။ ထို့ကြောင့်သူတို့၏နောက်ဆုံးအခြေအနေသည်ယခင်အခြေအနေထက်ပိုဆိုး၏။

**၁၆/၁၂း၄၈** ညီအစ်ကိုဟူသော ဝေါဟာရသည်ညီအစ်ကိုအရင်းကိုဆိုလိုသည်မဟုတ်၊ ဆွေမျိုးတော်စပ်သူများကိုဆိုလိုသည်။

**၁၇/၁၂း၄၉** ငါ၏အမိကား မည်သူနည်း၊ ကိုယ်တော်သည်မယ်တော်ကိုမထီလေးစားပြု၍ထိုစကားကိုမိန့်တော်မူသည်မဟုတ်။ကောင်းကင်၌ရှိတော်မူသောအဖ၏အလိုတော်ကိုဆောင်ရွက်တတ်သော မယ်တော်၏ပါရမီကိုပရိသတ်တို့ရှေ့၌ ချီးမွမ်းလိုတော်မူသောကြောင့် ထိုသို့မိန့်မြွက်တော်မူ၏။

**၁/၁၃း၁၀** “ပုံဥပမာ”ဟူသည်ကား ပြောလိုသောအကြောင်းအရာ၌စိတ်အာရုံစွဲစေခြင်းငှာ ပုံခိုင်းနှိုင်း၍ပြောဆိုသောစကားဖြစ်သည်။ယုံကြည်သောစိတ်နှင့်

၁၁။ လျှင်။ ကိုယ်တော်သည် သူတို့အားပြန်ပြောတော်မူ
သည်ကား သင်တို့သည် ကောင်းကင်နိုင်ငံတော်၏
နက်နဲသော အကြောင်းအရာများ[၂]ကိုသိခွင့်ရကြ၏။
၁၂။ ထိုသူတို့မူကားသိခွင့်မရကြ။ ဘုရားသခင်သည်[၃]ရှိ
သောသူအား ထပ်လောင်း၍ ပေးသဖြင့်ကြွယ်ဝလိမ့်
မည်။ မရှိသောသူထံမှရှိသမျှကိုပင်ရုတ်သိမ်းတော်မူ
၁၃။ လိမ့်မည်။ သင်တို့အားပုံဥပမာနှိုင်း၍ငါပြောရသည့်
အကြောင်းမှာ သူတို့သည် ကြည့်သော်လည်းမမြင်၊
နားထောင်သော်လည်း မကြားနားလည်းမလည်ကြ
၁၄။ သောကြောင့်ဖြစ်၏။[၄] ပရောဖက် **အီဇာယ**၏ဟော
ထားချက်သည်ထိုသူတို့၌ ပြည့်စုံခြင်းသို့ရောက်လေ
၏။ဟောထားချက်မူကားသင်တို့သည်ကြားလျက်နှင့်
နားလည်ကြလိမ့်မည်မဟုတ်။[၅]မြင်လျက်နှင့်သဘော
ပေါက်ကြလိမ့်မည်မဟုတ်။
၁၅။ အကြောင်းမူကားဤလူမျိုးတို့သည်မျက်စိဖြင့်လည်း
မြင်ရ၊နားဖြင့်လည်းကြားရ၊စိတ်နှလုံးဖြင့်လည်းသိရ
ပြီးအကျင့်ပြောင်းလဲကာငါ့အားဖြင့်သူတို့အနာရောဂါ
ပျောက်ကင်းချမ်းသာရာရမည်ကိုစိုးရိမ်သဖြင့် သူတို့
၏ စိတ်နှလုံးသည် ထိုင်းမှိုင်းလျှက်နားများသည်
လေးလျှက် မျက်စိများသည်လည်း ပိတ်လျှက်ထား
၁၆။ ကြ၏[၆]ဟုလာသတည်း။ သင်တို့၏ မျက်စိသည်
မြင်၍နားသည်လည်း ကြားသောကြောင့် မင်္ဂလာရှိ
၁၇။ ၏။[၇] သင်တို့အား ငါအမှန်ဆို သည်ကားများစွာ
သော ပရောဖက်တို့နှင့်ဖြောင့်မတ်သောသူတို့သည်
သင်တို့မြင်ရသော အရာများကို မြင်လိုကြသော်
လည်းမမြင်ခဲ့ကြရ၊ သင်တို့ကြားရသော အရာများ
ကို ကြားလိုကြသော်လည်းမကြားခဲ့ကြရ။

## မျိုးကြဲသူပုံပမာကိုရှင်းလင်းချက်

(မာကု ၄း၁၃–၂၀၊ လု ၈း၁၁–၁၅)

၁၈။ ထို့ကြောင့် မျိုးစေ့ကြဲသော သူ၏ ပုံဥပမာကို နား
၁၉။ ထောင်ကြလော့။ တစ်စုံတစ်ယောက်သည်နိုင်ငံတော်
နှင့်ဆိုင်သောနှုတ်ကပါတ်တော်[၈]ကိုကြား၍နားမလည်
သည်ရှိသော်[၉]နတ်ဆိုးသည်လာ၍သူ၏စိတ်နှလုံးထဲ၌
ကြဲထားသည့်မျိုးစေ့ကိုနှုတ်ယူတတ်၏။ ထိုသူသည်
လမ်းပေါ်မှာကျသော မျိုးစေ့နှင့်တူ၏။[၁၀]
၂၀။ ကျောက်ခံ မြေပေါ်တွင် ကျသည့်မျိုးစေ့မူကားနှုတ်
ကပတ်တော်ကိုကြားသောအခါ ဝမ်းမြောက်ဝမ်းသာ
၂၁။ စွာချက်ချင်းခံယူသူ ဖြစ်သော်လည်း၊ အမြစ်မတွယ်
နိုင်ဘဲခေတ္တခဏသာတည်မြဲ၏။[၁၁]နှုတ်ကပတ်တရား
တော်ကြောင့် ဒုက္ခဆင်းရဲခြင်းနှင့် ညှဥ်းပန်းနှိပ်စက်
ခြင်းခံရသောအခါတရားတော်ကိုချက်ချင်းပင်စွန့်ပစ်
၂၂။ တတ်၏။ ဆူးပင်တို့အလယ်တွင်ကျရောက်သောမျိုး
စေ့တို့မူကား နှုတ်ကပတ်တော်ကိုကြားရသော်လည်း
လောကီရေးရာ၌ စိုးရိမ်ကြောင့်ကြခြင်းနှင့် ဥစ္စာရွှေ၊
ငွေတို့၏ လှည့်ဖြားခြင်းတို့က နှုတ်ကပတ်တော်ကို
လွှမ်းမိုး၍၊အသီးမသီးနိုင်သောသူနှင့်တူ၏။
၂၃။ ကောင်းသောမြေပေါ်၌ကျသောမျိုးစေ့ဟူမူကား၊နှုတ်
ကပတ်တော်ကိုကြား၍ နားလည်သဖြင့်အသီးသီးရာ
တွင်အချို့သည်အဆတစ်ရာ၊အချို့အဆခြောက်ဆယ်၊
အချို့သုံးဆယ်ပွားစေသောသူ ဖြစ်သတည်းဟု မိန့်
တော်မူ၏။

## ပေါင်းပင်များပုံဥပမာ

၂၄။ သခင်**ယေရှု**သည် အခြားသော ပုံဥပမာကိုခိုင်းနှိုင်း
၍ မိန့်တော်မူပြန်သည်မှာ၊ ကောင်းကင်နိုင်ငံတော်

ကြားနာသောသူမှာ ပုံဥပမာဖြင့်ဝှက်ထားသောအနက်ကိုမသိလျှင်စိတ်မပျက်။ အနက်အဓိပ္ပာယ်ကိုနားလည်အောင်လည်းကြိုးစားတတ်၏။ဘုရားသခင်သည်လည်းသူတို့ကိုအလင်းပေးတော်မူ၏။ယုံကြည်ခြင်းမရှိသောသူတို့မူကားပုံဥပမာ၌ဝှက်ထားသောအနက်အဓိပ္ပာယ်ကို နားမလည်သောကြောင့်ဘုရားကိုထိခိုက်ပြောဆိုရန်အကြောင်းမရှိတော့ပေ။သို့ရာတွင်တရားတော်ကိုသိလိုသောသဘောနှင့်ရှာသောသူသည် ဘုရားသခင်ကျေးဇူးတော်အားဖြင့် အမှန်တရားကို သိနိုင်သောအခွင့်ရှိ၏။

**၂/ ၁၃း၁၁** “နက်နဲသောအကြောင်းအရာများ”ဟူသည်ကားလူအားလုံးတို့သိရှိလိုက်ကျင့်အပ်သောပညတ်တော်များကိုမဆိုလို။ထိုနက်နဲသောအချက်များကိုတပည့်တော်ကြီးများသာသိအပ်သောအခွင့်ရှိ၏။ဖါရိရှဲဦးတို့မူကားယုံကြည်ခြင်းမရှိသောကြောင့်၊ နက်နဲရာအချက်များကို သိအံ့သောငှာမထိုက်တန်ကြ။

**၃/ ၁၃း၁၂** ကောင်းသောသူတို့သည်အကျင့်ပါရမီ၌တစ်ဆင့်ပြီးတစ်ဆင့်တိုးတက်လိမ့်မည်။မကောင်းသောသူတို့မူကား မိမိတို့၌ရှိသောအလင်းကျေးဇူးကိုပင်နှုတ်သိမ်းခြင်းခံရလိမ့်မည်။

**၄/ ၁၃း၁၃** ကိုယ်တော်ပြုတော်မူသော တန်ခိုးလက္ခဏာများသည်မိမိ၏ဟောပြော သွန်သင်ခြင်းများအတွက် ယုံကြည်ဖွယ်ရာ သက်သေခံများဖြစ်ကြ၏။ သို့သော် ထိုတန်ခိုးလက္ခဏာများကိုမျက်စိဖြင့်ကြည့်သော်လည်းမမြင်လိုကြ။ နားထောင်သော်လည်း မကြားလိုကြ၊ ယုံကြည်လိုသောစိတ်လည်း မရှိသောကြောင့် ကိုယ်တော်က ပွင့်ပွင့်လင်းလင်း ဟောတော်မမူဘဲဥပမာစကားဖြင့်သွန်သင်ခြင်းဖြစ်၏။

**၅/ ၁၃း၁၄** ဟေရှာယ ၆း၉–၁၀

**၆/ ၁၃း၁၅** အဓိပ္ပာယ်ကား သူတို့သည်အမှန်ကိုသိ၍အကျင့်ပြောင်းလဲကြည့်မည်ကိုစိုးရိမ်သောကြောင့်မကြားလို၊ မမြင်လိုကြ။

**၇/ ၁၃း၁၆** သင်တို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကား သင်တို့သည် ငါဟောသောတရားကိုကြားရ၊မြင်ရရုံသာမက၊သိမှတ်ယုံကြည်လိုသောစိတ်ရှိကြ၏။

**၈/ ၁၃း၁၉** နှုတ်ကပတ်တော်။ ဧဝံဂေလိတရား။

**၉/ ၁၃း၁၉** နားမလည်သည်ရှိသော်၊နားမလည်ရုံမျှနှင့်အပြစ်မရှိပေ။ဤနေရာ၌လက်ခံကျင့်သုံးခြင်းမရှိလျှင် အပြစ်သင့်သည်ဟုဆိုလိုသည်။

**၁၀/ ၁၃း၁၉** ခေါင်းမာသောသူကိုတရားဟောခြင်းသည် မျိုးစေ့ကိုလမ်းပေါ်မှာကြဲသကဲ့သို့ဖြစ်၏။ လမ်းမြေသည်မာကြောသောကြောင့် မျိုးစေ့သည် အပင်မပေါက်နိုင်သကဲ့သို့ ခိုင်မာသောနှလုံးသားတွင်နှုတ်ကပတ်တော်သည်အမြစ်မတည်နိုင်။ ထို့ကြောင့်နတ်ဆိုးသည်ထိုသူ၏နှလုံးသားမှနှုတ်ကပတ်တော်ကိုနှုတ်ယူသွား၏။

**၁၁/ ၁၃း၂၁** ကျောက်ခံမြေနှင့်နှိုင်းယှဥ်ထားသောသူတို့သည်ကားနှုတ်ကပတ်တော်ကိုခံယူသော်လည်း မိမိနှလုံး၌တိုးပွားအောင်မကြိုးစားကြ။ သူတို့သည်အပေါ်ယံလိုက်ကျင့်သောသူများဖြစ်၍ တည်ကြည်မြဲမြံခြင်းမရှိကြချေ။

သည် မိမိလယ်၌မျိုးစေ့ကြဲသောသူနှင့်တူ၏။[၁၂]
၂၅။ သို့ရာတွင် လူတို့အိပ်ပျော်နေချိန်၌ရန်သူသည်လာ၍
တောမျိုးစေ့ကို ဂျုံစပါးအလယ်၌ကြဲ၍ထွက်ခွာသွား
၂၆။ လေ၏။ အပင်ငယ်လေးများပေါက်လာပြီးအနှံထွက်
သောအခါ တောရိုင်းပင်များလည်းပေါ်ထွက်လာလေ
၂၇။ ၏။အစေခံတို့သည်လယ်ပိုင်ရှင်ထံသို့လာ၍၊ သခင်၊
ကောင်းသောမျိုးစေ့ကို သင်၏လယ်၌ကြဲခဲ့ သည်
မဟုတ်ပါလော၊သို့ဖြစ်လျှင်တောရိုင်းပင်တို့သည်မည်
သို့ ရောက်ရှိလာပါသနည်းဟု မေးမြန်းကြ၏။
၂၈။ လယ်ပိုင်ရှင်ကဤလုပ်ရပ်မှာရန်သူ၏ လက်ချက်ပင်
ဖြစ်၏ဟုဆိုလျှင် အစေခံများကကျွန်တော်တို့သည်
သွား၍နုတ်ပစ်ရန်အလိုရှိပါသလောဟုမေးမြန်းကြ၏
၂၉။ သို့သော် လယ်ပိုင်ရှင်က ငါအလိုမရှိ၊ တောပင်
တို့ကို ရှင်းပစ်ကြလျှင် ဂျုံစပါးကိုလည်းအတူနုတ်မိ
၃၀။ လိမ့်မည်ကို စိုးရိမ်ရ၏။ ဂျုံစပါးရိတ်သည့် ကာလ
တိုင်အောင် နှစ်မျိုးစလုံးကြီးထွားပါလေစေ။ ရိတ်
သိမ်းချိန်အခါ၌ ပေါင်းပင်တို့ကိုဦးစွာနုတ်၍မီးရှို့ရန်
စည်းထားကြလော့။ဂျုံစပါးကိုမူငါ၏ကျီထဲသို့လှောင်
ထားကြလော့ဟု ရိတ်သိမ်းသော သူတို့အား ငါမှာ
ထားမည် ဟူ၍မိန့်တော်မူ၏။

## မုန်ညင်းစေ့ပုံဥပမာ

(မာကု ၄း၃၀–၃၂။ လု ၁၃း၁၈–၁၉)

၃၁။ သခင်ယေရှုသည် အခြားသော ပုံဥပမာကိုခိုင်းနှိုင်း
၍ တစ်ဖန်မိန့်တော်မူသည်မှာကောင်းကင်နိုင်ငံတော်
သည်ကား လူတစ်ဦးသည်မုန်ညင်းစေ့ကိုယူ၍ မိမိ
ယာခင်း၌ စိုက်ထားသော မုန်ညင်းစေ့နှင့် တူ၏။
၃၂။ ထိုအစေ့သည် အစေ့တကာတို့တွင် အငယ်ဆုံးဖြစ်
သော်လည်းကြီးထွားလာသောအခါအပင်ငယ်အပေါင်း
တို့ထက်ကြီးသဖြင့်မိုးကောင်းကင်ငှက်တို့သည်လာ၍
အကိုင်းအခက်တို့၌နားနေမှီခိုလောက်သောအပင်တစ်
ပင်ဖြစ် လာသည်[၁၃]ဟု မိန့်တော်မူ၏။

## တဆေး၏ပုံဥပမာ

၃၃။ အခြားသောဥပမာကိုခိုင်းနှိုင်း၍မိန့်မြွက်တော်မူသည်
မှာ ကောင်းကင်နိုင်ငံတော်သည် တဆေးနှင့်တူ၏။
မိန်းမ တစ်ဦးသည် ထိုတဆေးကိုယူ၍မုန့်ညက်သုံး
တင်း၌ထည့်သဖြင့် မုန့်ညက်ရှိသမျှကိုဖောင်းကြွစေ
တတ်သည်ဟု မိန့်တော်မူ၏။[၁၄]

## ပုံဥပမာများကိုအသုံးပြုရခြင်းအကြောင်း

၃၄။ သခင်ယေရှုသည်ဤအကြောင်းအရာများကိုပုံဥပမာ
များအားဖြင့်လူအစုအဝေးတို့အားဟောပြောတော်မူ၏
ပုံဥပမာမပါဘဲ မည်သည့်အကြောင်းအရာကိုမျှဟော
၃၅။ တော်မမူ။ ဤသို့ဟောကြားရခြင်း အကြောင်းကား
ငါသည်ပုံဥပမာခိုင်းနှိုင်း၍၊နှုတ်ကိုဖွင့်ဟမြွက်ဆိုမည်၊
ကမ္ဘာတည်စမှ ဖုံးကွယ်လျက်ရှိသောအရာများကိုငါ
ထုတ်ဖော်ပြောဆိုမည်[၁၅]ဟူသောပရောဖက်ဟောထား
ချက်သည်ပြည့်စုံခြင်းသို့ ရောက်လေသတည်း။

## ပေါင်းပင်များပုံဥပမာကိုရှင်းပြတော်မူခြင်း

၃၆။ ထို့နောက်ကိုယ်တော်သည်လူအစုအဝေးထံမှထွက်ခွာ
၍ အိမ်ထဲသို့ ဝင်တော်မူ၏။ တပည့်တော်တို့သည်
လည်း အထံတော်သို့ချဉ်းကပ်၍၊ ပေါင်းပင်များ၏
ပုံဥပမာကို မိမိတို့အား ရှင်းပြတော်မူပါဟုလျှောက်
၃၇။ ထားကြ၏။ကိုယ်တော်ကလည်းကောင်းသောမျိုးစေ့
၃၈။ ကိုကြဲသော သူသည် လူသားဖြစ်၏။လယ်ခင်းကား
ဤကမ္ဘာလောကပေတည်း။ကောင်းသောမျိုးစေ့သည်
ကား နိုင်ငံတော်သားများ[၁၆]ဖြစ်ကြ၏။ပေါင်းပင်များ
ကား နတ်ဆိုး၏နောက်လိုက်များ ဖြစ်ကြ၏။
၃၉။ တောမျိုးစေ့များကို ကြဲသူသည် နတ်ဆိုးပင်ဖြစ်၏။
စပါးရိတ်သော အချိန်ကားဤကမ္ဘာကုန်သောကာလ
ဖြစ်၏။စပါးရိတ်သောသူများသည်ကားကောင်းကင်
၄၀။ တမန်များဖြစ်ကြ၏။ သို့ဖြစ်၍ ပေါင်းပင်များကို
စုသိမ်းပြီး မီးရှို့ရသကဲ့သို့ ကမ္ဘာကုန်သောကာလ၌
လည်းထိုနည်းတူဖြစ်လိမ့်မည်။
၄၁။ လူသားသည် မိမိကောင်းကင် တမန်တော်တို့ကိုစေ
လွှတ်တော်မူ၍ သူတို့သည် မှားယွင်းစေသော
အရာရှိသမျှနှင့်အပြစ်ကျူးလွန်သူအားလုံးကို ကိုယ်
တော်၏နိုင်ငံတော်မှထုတ်ပယ်၍ တောက်လောင်နေ
၄၂။ သောမီးဖိုထဲသို့ ပစ်ချလိမ့်မည်။ ထိုနေရာ၌ လူတို့
သည်ငိုကြွေးမြည်တမ်း၍အံသွားခဲကြိတ်ကြလိမ့်မည်။
၄၃။ ထို့နောက် ဖြောင့်မတ်သော သူတို့သည် မိမိတို့

**၁၂/၁၃း၂၄** မြေကြီးပေါ်မှာရှိသော အသင်းတော်ကို ဤကဲ့သို့ပုံခိုင်းထားခြင်းဖြစ်၏။ ဤပုံဥပမာ၌ကိုယ်တော် သင်ကြားတော်မူသော အချက်သုံးချက်မှာမူကား –
(က) အသင်းတော်၌ ကောင်းသောသူ၊ မကောင်းသောသူများရောနှောလျှက်ရှိကြောင်း။
(ခ) ဘုရားသခင်သည် ကောင်းသောမျိုးစေ့ကိုသာဖန်ဆင်းတော်မူ၍ မကောင်းသောမျိုးစေ့မှာ နတ်ဆိုးထံမှလာကြောင်း။
(ဂ) နတ်ဆိုးကြဲထားသော မျိုးစေ့ကိုချက်ခြင်း ပယ်ရှင်းတော်မူမည်မဟုတ်ဘဲ စပါးရိတ်ချိန်တည်းဟူသော အဆုံးကာလတိုင်အောင် သည်းခံတော်မူကြောင်းတို့ကို သွန်သင်တော်မူ၏။

**၁၃/၁၃း၃၂** အချို့နိုင်ငံများ၌ မုန်ညင်းပင်သည် လူတစ်ရပ်ခန့်ကြီးမြင့်၏။ သစ်ပင်ကြီးများမရှိသောအစ္စရေးလ်နိုင်ငံတွင်မုန်ညင်းပင်အရိပ်တွင်ငှက်များနားနေမှီခိုနိုင်၏။

**၁၄/၁၃း၃၃** အနည်းငယ်သောတဆေးကိုယူ၍မုန့်ညက်တွင်ထည့်သောအခါ မုန့်ညက်တွင် ပျံ့နှံ့၍ဖောင်းကြွစေတတ်၏။ ကောင်းကင်နိုင်ငံဟု ခေါ်သော သခင်ယေရှု၏တရားတော်သည်လည်း မိမိ၌ရှိသောဂုဏ်ကျေးဇူးအစွမ်းနှင့်လူမျိုးတကာတို့၏အလယ်၌ ပျံ့နှံ့၏။ ထိုသူတို့ကိုလည်း ပြုပြင်၍မြင့်မြတ်ခြင်းသို့ရောက်စေ၏။

**၁၅/၁၃း၃၅** ဆာလံ ၇၇း၂

**၁၆/၁၃း၃၈** နိုင်ငံတော်သား။ ကောင်းသောအကျင့်ကိုကျင့်သောသူ။

အဘ၏ နိုင်ငံတော်၌ နေကဲ့သို့ထွန်းလင်းလိမ့်မည်။
ကြားခြင်းငှာ နားရှိသောသူကြားပါလေစေ။

## ဝှက်ထားသောရတနာ၏ပုံဥပမာ

၄၄။ ကောင်းကင် နိုင်ငံတော်သည် လယ်မြေ၌ဝှက်ထား
သောရတနာနှင့်[၁၇]တူ၏။ ထိုရတနာကိုတွေ့သောသူ
သည် တစ်ဖန်ဖုံးအုပ်၍ဝမ်းသာအားရစွာဖြင့်သွားပြီး
လျှင် မိမိ၌ရှိသမျှကိုရောင်းချကာထိုလယ်မြေကိုဝယ်
လေ၏။

## ပုလဲ၏ပုံဥပမာ

၄၅။ တစ်ဖန်ကောင်းကင် နိုင်ငံတော်သည်အရည်အသွေး
ကောင်းသောပုလဲကို ရှာသောကုန်သည်နှင့်တူ၏။
၄၆။ တန်ဖိုးကြီးသောပုလဲတစ်လုံးကိုတွေ့သောအခါသွား
၍မိမိ၌ရှိသမျှတို့ကိုရောင်းပြီးလျှင်ထိုပုလဲကိုဝယ်လေ
၏။

## ပိုက်ကွန်၏ပုံဥပမာ

၄၇။ တဖန်ကောင်းကင်နိုင်ငံတော်သည်ပင်လယ်၌ချထား
၍ ငါးအမျိုးမျိုးတို့ကိုအုပ်မိသောပိုက်ကွန်နှင့်တူ၏။
၄၈။ ပိုက်ကွန်သည် ငါးနှင့်ပြည့်သောအခါတံငါတို့သည်
ကုန်းပေါ်သို့ဆွဲတင်၍ထိုင်လျက်ကောင်းသောငါးများ
ကို ရွေးချယ်၍တောင်းများတွင်ထည့်ထားပြီးနောက်၊
မကောင်းသော ငါးများကိုအပြင်သို့ပစ်လိုက်ကြ၏။
၄၉။ ထိုနည်းတူပင် ကမ္ဘာကုန်သောအခါ ဤသို့ဖြစ်လိမ့်
မည်။ကောင်းကင်တမန်တို့သည်ထွက်လာ၍မကောင်း
သောသူတို့ကိုဖြောင့်မတ်သောသူတို့ထဲမှခွဲထုတ်ပြီး၊
တောက်လောင်နေသော မီးဖိုတွင်းသို့ ပစ်ချကြလိမ့်
၅၀။ မည်။ထိုအရပ်၌ငိုကြွေး၍အံသွားခဲကြိတ်ကြလိမ့်မည်။
၅၁။ ဤအကြောင်းအရာ အလုံးစုံတို့ကို သင်တို့သည်
နားလည်ကြ၏လောဟ မေးတော်မူလျှင်နားလည်ပါ
၅၂။ သည်ဟု လျှောက်ထားကြ၏။ ကိုယ်တော်ကလည်း
သို့ဖြစ်၍ ကောင်းကင်နိုင်ငံတော်၏အကြောင်းအရာ
တို့ကို သင်ကြားတတ်မြောက ပြီးသောကျမ်းတတ်
ဆရာ[၁၈]မည်သည်ကား မိမိဘဏ္ဍာတိုက်ထဲက ဥစ္စာ
ပစ္စည်း အသစ်နှင့်အဟောင်း တို့ကိုထုတ်ယူ
နိုင်သော အိမ်ရှင်နှင့်တူသည်ဟု မိန့်တော်မူ၏။

## သခင်ယေရှုသည်နာဇရက်မြို့တွင် ငြင်းပယ်ခံရခြင်း

(မာကု ၆း၁-၆။ လု ၄း၁၆-၂၄)
၅၃။ ကိုယ်တော်သည် ထိုပုံဥပမာပုံများကို မိန့်မြွက်
တော်မူပြီးသော အခါ ထိုအရပ်မှ ကြွသွားတော်
၅၄။ မူ၏။မိမိနေရင်းမြို့သို့ရောက်တော်မူလျှင် တရားဇရပ်
၌သွန်သင်တော်မူ သဖြင့်သူတို့သည် လွန်စွာအံ့သြ
ကြလျက်ဤသူသည်ဤပညာနှင့် ဤတန်ခိုးများကို
၅၅။ အဘယ်ကရသနည်း။ သူသည် လက်သမားသား
မဟုတ်လော။ သူ့အမိသည် **မာရီယာ**ဟုခေါ်သည်
မဟုတ်ပါလော။ **ယာကုပ်**၊ **ဂျိုးဇက်**၊ **စီမုန်**၊ဂျူဒတို့
၅၆။ သည်သူ၏ညီများ မဟုတ်လော။ သူ့နှမများတို့
သည်လည်း ငါတို့၏ အနီးအပါးတွင် နေထိုင်ကြ
သည်မဟုတ်လော။ သို့ဖြစ်လျှင်[၁၉] ဤသူသည်
ဤအရာအားလုံး ကိုအဘယ် ကရသနည်းဟု
ဆိုကြ၍[၂၀] ကိုယ်တော်အပေါ်၌ အကြည်ညိုပျက်ကြ
၅၇။ ၏။**ယေရှု**ကလည်း ပရောဖက်သည်မိမိမြို့မိမိအိမ်မှ
တစ်ပါးမည်သည့်အရပ်၌ မဆိုဂုဏ်အသရေရှိ၏ဟု
မိန့်တော်မူ၏။
၅၈။ ထိုသူတို့၏ ယုံကြည်ခြင်းကင်းမဲ့မှုကြောင့်ထိုအရပ်၌
များစွာသော တန်ခိုးလက္ခဏာများကို ပြတော်မမူ။

# အခန်းကြီး (၁၄)

## ယောဟန်အသတ်ခံရခြင်း

(မာကု ၆း၁၄-၂၉။ လု ၉း၇-၉)
၁။ ထိုကာလ၌ **ဟေရုဒ်**[၁]မင်းသည် သခင်**ယေရှု**၏
သတင်းတော်ကိုကြားလျှင်ဤသူသည်ကားယောဟန်
၂။ ဗတ္တိဇံပေးဖြစ်သတည်း။ သူသည်သေရာ မှပြန်ရှင်
လေပြီ။ ထို့ကြောင့် တန်ခိုးလက္ခဏာ များကို
ပြနိုင်ခြင်းဖြစ်သည်ဟု မိမိငယ်သားတို့အား ဆို၏။
၃။ **ဟေရုဒ်**သည် မိမိညီ **ဖိလစ်**၏ဇနီး **ဟေရုဒ္ဒိယ**နှင့်
ပတ်သက်၍ **ယောဟန်**ကို ဖမ်းဆီးချုပ်နှောင်ကာ
၄။ ထောင်သွင်း အကျဉ်းချထားလေ၏။အဘယ်ကြောင့်
ဆိုသော်သင်သည် ထိုမိန်းမကိုမယားအဖြစ်မယူအပ်
ဟု **ယောဟန်** ဆိုခဲ့သောကြောင့်တည်း။
၅။ **ဟေရုဒ်**သည် **ယောဟန်**ကို သတ်လိုသော်လည်း**ဂျူး**
လူမျိုးတို့ကိုကြောက်ရွံ့သောကြောင့် မသတ်ဝံ့ဘဲနေ
၏။အကြောင်းမူကား ထိုသူတို့သည် **ယောဟန်**ကို
ပရောဖက်တစ်ပါးကဲ့သို့ ကြည်ညိုလေးစားကြသော

**၁၇/၁၃း၄၄** ရတနာ။စစ်မှန်သောတရားကိုဆိုလို၏ ထိုတရားတော်ကိုဘုရားသခင်၏ ကျေးဇူးတော်အမှီပြုသူတိုင်းတွေ့နိုင်၏။ တွေ့လျှင်မိမိ၌ရှိသမျှသော ဥစ္စာတို့ထက်သာ၍ နှစ်သက်မြတ်နိုးရမည်။

**၁၈/၁၃း၅၂** ကောင်းကင်နိုင်ငံတော်ကိုတတ်မြောက်သော ကျမ်းတတ်ဆရာဟူသည်ကားစစ်မှန်သော တရားဒေသနာကို သင်ကြားပေးသူကိုဆိုလိုသည်။ ဝိညာဉ်နှင့်သင့်လျော်သောအစားအစာကိုအရေးအကြောင်းရှိသည့်အတိုင်းထုတ်၍ပေးတတ်၏။ (ရဟန္တာ ဩဂုတ်စတင်း၊ ဂျေရုမ်း)

**၁၉/၁၃း၅၆** သူ၏ ညီများနှင့်နှမများဆိုသည်မှာဆွေမျိုးပေါက်ဖော်မောင် နှမဝမ်းကွဲများကို ဆိုလိုသည်။

**၂၀/၁၃း၅၆** ကိုယ်တော်သည် ဆင်းရဲသောအသိုင်းအဝိုင်းမှလာသောကြောင့်ဖြစ်၏။

**၁/၁၄း၁** ဟေရုဒ္ဒိယသည်ကားနိုင်ငံ၏လေးပုံတစ်ပုံကိုအုပ်ချုပ်သောမင်းကိုဆိုလိုသည်။

၆။ ကြောင့်ဖြစ်၏။**ဟေရုဒ်**မင်း၏မွေးနေ့၌**ဟေရုဒိယ**၏
သမီးသည်ဧည့်သည်တော်များအားအကဖြင့်ဖျော်ဖြေ
၇။ ရာ**ဟေရုဒ်**မင်း၏ စိတ်ကိုကြည်နူးစေသဖြင့်သူငယ်မ
တောင်းသမျှကိုမိမိပေးမည်ဟုကျိန်ဆိုကတိပြုလေ၏။
၈။ ထိုအမျိုးသမီးငယ်သည် သူမ၏ မိခင်တိုက်တွန်း
ထားသည့်အတိုင်း **ယောဟန်ဗတ္တိဇံ**၏ ဦးခေါင်းကို
လင်ပန်းပေါ်တွင်တင်၍ ဤနေရာ၌ပင် ကျွန်မအား
၉။ တော်မူပါဟုတောင်းခံလေ၏။ မင်းကြီးသည်အလွန်
စိတ်မကောင်းဖြစ်သော်လည်းဧည့်သည်တော်များရှေ့
တွင် ကျိန်ဆိုကတိပြုမိခဲ့ခြင်းကြောင့်ပေးစေရန်အမိန့်
ချမှတ်ပြီး။
၁၀။ ထောင်ထဲသို့ လူလွှတ်ကာ **ယောဟန်**၏ဦးခေါင်းကို
၁၁။ ဖြတ်စေ၏။ထိုနောက်ဦးခေါင်းကို လင်ပန်း၌တင်၍
ထိုအမျိုးသမီးငယ်အား ပေးသဖြင့်သူမသည် မိမိ၏
၁၂။ အမိထံသို့ ယူဆောင်သွားလေ၏။ **ယောဟန်**၏
တပည့်တို့သည် အလောင်းကိုလာ၍ ယူဆောင်
သင်္ဂြိုဟ်ပြီးမှ သခင်**ယေရှု**ထံတော်သို့ သွားရောက်
လျှောက်ထားကြ၏။

## လူငါးထောင်ကိုကျွေးမွေးတော်မူခြင်း

(မာကု ၆း၃၀–၄၄။ လု၉း၁၀–၁၇။ ယောဟန် ၆း၁–၁၅)

၁၃။ ဤသတင်းကို သခင်**ယေရှု** ကြားတော်မူလျှင် ထို
အရပ်မှ လူသူကင်းဝေးရာ တောအရပ်သို့လှေဖြင့်
ထွက်ကြွတော်မူ၏။လူအစုအဝေးတို့သည် ဤအ
ကြောင်းကိုကြားသိရလျှင်မြို့ရွာတို့မှထွက်၍နောက်
၁၄။ တော်သို့ခြေလျင် လိုက်ကြ၏။ ကိုယ်တော်သည်
ကမ်းပေါ်သို့ တက်တော်မူသောအခါ လူအစုအဝေး
တို့ကိုမြင်တော်မူလျှင် သူတို့အပေါ်ကရုဏာ သက်
တော်မူသဖြင့် လူနာရှိသမျှတို့ကို ပျောက်ကင်းစေ
တော်မူ၏။
၁၅။ ညနေစောင်းသောအခါ တပည့်တော်တို့သည် အထံ
တော်သို့ချဉ်းကပ်ကြ၍ဤအရပ်သည်လူသူကင်းဝေး
သည့်အရပ်ဖြစ်ပါ၏။အချိန်လည်းလွန်ပါပြီ။ လူအစု
အဝေးတို့သည် ကျေးရွာများသို့ သွား၍စားစရာ
ဝယ်ယူခြင်းငှာအခွင့်ပေးတော်မူပါဟုလျှောက်ကြ၏။
၁၆။ သခင်**ယေရှု**က ထိုသူတို့သွားကြရန်မလိုပါ။ သူတို့
စားရန် သင်တို့ကသာပေးကြလောဟု တပည့်တော်
တို့အား မိန့်တော်မူ၏။
၁၇။ သူတို့ကလည်း ဤနေရာ၌ မုန့်ငါးလုံးနှင့် ငါးနှစ်
ကောင်သာ ရှိပါသည်ဟု လျှောက်ထားကြလျှင်၊
၁၈။ ကိုယ်တော်က ထိုမုန့်နှင့်ငါးတို့ကို ငါ့ထံသို့ယူခဲ့ကြ
၁၉။ လော့ဟုမိန့်တော်မူ၏။ ထိုအခါ လူအစုအဝေးတို့ကို
မြက်ခင်းပေါ်တွင်ထိုင်စေတော်မူ၏ထို့နောက်မုန့်ငါး
လုံးနှင့် ငါးနှစ်ကောင်ကိုယူတော်မူ၍၊ကောင်းကင်သို့
မျှော်ကြည့်တော်မူလျက်ကျေးဇူးတော်ကိုချီးမွမ်းပြီးမုန့်
ကိုဖဲ့တော်မူ၍ တပည့်တော်တို့အား ပေးတော်မူ၏။
တပည့်တော်တို့သည်လည်း လူအပေါင်းတို့အားဝေ
၂၀။ ပေးကြ၏။လူအပေါင်းတို့သည်စား၍ဝကြပြီးမှကြွင်း
ကျန်သော အကျိုးအပဲ့များကို ကောက်သိမ်းရာ
တစ်ဆယ့်နှစ်တောင်း အပြည့်ရကြ၏။
၂၁။ စားသောသူများမှုကား မိန်းမနှင့် သူငယ်တို့ကိုမရေ
တွက်ပဲ ယောကျ်ားဦးရေ ငါးထောင်မျှရှိသတည်း။

## ရေပြင်ပေါ်တွင်လျှောက်လှမ်းတော်မူခြင်း

(မာကု ၆း၄၅–၅၂၊ ယော ၆း၁၆–၂၁)

၂၂။ ထို့နောက် ချက်ခြင်းပင် သခင်**ယေရှု**သည် လူအစု
အဝေးတို့အား ပြန်စေတော်မူစဉ်တွင်တပည့်တော်တို့
ကိုလှေပေါ်သို့တက်စေ၍ ကမ်းတစ်ဘက်သို့ အရင်
၂၃။ ကူးစေတော်မူ၏။ လူအစုအဝေးတို့ကိုပြန်သွားစေပြီး
နောက် ကိုယ်တော်သည်ဆုတောင်းပတ္တနာပြုအံ့သော
ငှာ[၂]တောင်ပေါ်သို့တစ်ပါးတည်းတက်ကြွတော်မူ၏။
ညဥ့်ဦးယံ၌ကား ထိုနေရာတွင် ကိုယ်တော်သည်
၂၄။ တစ်ပါးတည်း ရှိတော်မူ၏။ တပည့်တော်တို့၏လှေ
သည်ကမ်းမှများစွာ ဝေးကွာသွားပြီ။ လေဆန်
ကျသောကြောင့်လှိုင်းတံပိုးများသည်လှေကိုပြင်းထန်
၂၅။ စွာရိုက်ခတ်လျက်ရှိ၏။ ညအချိန်စတုတ္ထယံ[၃]၌ကိုယ်
တော်သည်ပင်လယ်ရေပြင်ပေါ်မှာလျှောက်လှမ်းလျက်
တပည့်တော်တို့ထံ ကြွလာတော်မူ၏။
၂၆။ ထိုသို့ပင်လယ်ပေါ်မှာ ကိုယ်တော် လျှောက်လှမ်း
လျက်လာနေသည်ကို သူတို့မြင်ကြလျှင်ထိတ်လန့်၍
တစ္ဆေဖြစ် သည်ဟုဆိုကြကာ ကြောက်ရွံ့ခြင်းနှင့်
အော်ဟစ်ကြ၏။
၂၇။ သခင်**ယေရှု**သည် သူတို့အား ချက်ချင်းမိန့်တော်မူ
သည်ကား သတ္တိရှိကြလော့။ မကြောက်ကြနှင့်။
၂၈။ ငါဖြစ်သည်ဟု ဆို၏။ **ပေတရု**က၊ အရှင်ဘုရား
ကိုယ်တော် ဖြစ်တော်မူပါလျှင် တပည့်တော်သည်
အထံတော်သို့ရေပေါ်မှာ လျှောက်လှမ်းလာရပါမည့်
အကြောင်းအမိန့်ရှိတော်မူပါဟု တောင်းပန်လေ၏။
၂၉။ သခင်**ယေရှု**ကလာလော့ဟု မိန့်တော်မူလျှင်**ပေတရု**
သည် လှေပေါ်မှဆင်း၍ ရေပေါ်တွင် လျှောက်ကာ
၃၀။ ကိုယ်တော်ထံတော်သို့သွားလေ၏။ သို့သော်လည်း
လေပြင်းထန်သည်ကို မြင်လျှင် ကြောက်လန့်လာ၍
နစ်မြုပ်စပြုမည်ရှိသော်အရှင်ဘုရားကယ်တော်မူပါဟု
အော်ဟစ်လျှောက်ထားလေ၏။

---

၂/၁၄း၂၂ သခင်ယေရှုသည် ခမည်းတော်ဘုရားနှင့် အစဉ် တစ်လုံးတစ်ဝတည်းရှိနေသော်လည်း ဆုတောင်းမေတ္တာကိုအားထားတော်မူ၏။ အကြောင်းမူကားကျွန်ုပ်တို့ကိုဆုတောင်းပတ္တနာပြုရန်လိုအပ်ကြောင်းသင်ပြလိုသောကြောင့်ဖြစ်သည်။

၃/၁၄း၂၅ ညအချိန်ကိုလေးယံဖွဲ့၍တစ်ယံမှာသုံးနာရီစီရှိ၏။နံနက်သုံးနာရီမှခြောက်နာရီအထိကို စတုတ္ထယံဟုခေါ်၏။

၃၁။ သခင်**ယေရှု**သည် ချက်ချင်း လက်လှမ်း တော်မူ၍
သူ့ကိုဆွဲမတော်မူပြီးလျှင် အိုယုံကြည်ခြင်းအားနည်း
သူအဘယ်ကြောင့် ယုံမှားသံသယရှိသနည်းဟု မိန့်
၃၂။ တော်မူ၏။လှေပေါ်သို့သူတို့ရောက်ကြသည်နှင့်တစ်
ပြိုင်နက် လေသည်လည်း ငြိမ်သွားလေ၏။
၃၃။ လှေပေါ်မှာရှိသော သူတို့သည်လာကြ၍ကိုယ်တော်
ရှေ့တော်မှောက်တွင်ဦးချပျပ်ဝပ်လျှက် အမှန်စင်စစ်
ကိုယ်တော်သည် ဘုရား၏သားတော် ဖြစ်တော်မူပါ
သည်ဟု လျှောက်ကြ၏။

## ဂေနေသရက်တွင် ရောဂါပျောက်ကင်း စေတော်မူခြင်း

၃၄။ ကိုယ်တော်နှင့် တပည့်တော်တို့သည်တစ်ဘက်ကမ်း
သို့ကူးလာပြီးလျှင်**ဂေနေသရက်**တွင်လှေကိုဆိုက်ကပ်
ကြ၏။
၃၅။ ထိုအရပ်မှလူတို့သည် ကိုယ်တော်ဖြစ်မှန်းသိကြလျှင်
ပတ်ဝန်းကျင်အရပ်ရပ်သို့ လူများစေလွှတ်၍၊လူနာရှိ
သမျှတို့ကို အထံတော်သို့ ခေါ်ဆောင်စေခဲ့ကြ၏။
၃၆။ သူတို့သည်ဝတ်ရုံတော်၏အနားစအမြိတ်ကိုမျှတို့ထိရ
ပါမည့်အကြောင်းတောင်းလျှောက်ကြ၏၊ထိုသို့တို့ထိ
ရသော သူတို့သည်လည်းပျောက်ကင်းချမ်းသာရကြ
ကုန်၏။

## အခန်းကြီး (၁၅)

## ရှေးထုံးစဉ်လာများ

(မာကု ၇း၁–၁၃)

၁။ ထိုအခါ **ဂျေရုဆလင်**မြို့မှ ကျမ်းတတ် ဆရာတို့နှင့်
**ဖာရိဖေဦး**တို့သည် အထံတော်သို့ ချဉ်းကပ်ကြ၍၊
၂။ ကိုယ်တော်၏တပည့်တော်တို့သည် အဘယ့်ကြောင့်
ရှေးထုံးစဉ်လာများကို ချိုးဖောက် ကြပါသနည်း။[1]
သူတို့သည် အစာစားသောအခါ လက်မဆေးဘဲ
စားကြ ပါသည်တကားဟု လျှောက်ထားကြ၏။
၃။ ကိုယ်တော်က သူတို့အားပြန်၍မိန့်တော်မူသည်ကား
သင်တို့သည် ရှေးထုံးစဉ်လာများကို လိုက်နာရန်
အတွက် ဘုရားသခင်၏ပညတ်တော်များကိုအဘယ့်
၄။ ကြောင့် ကျူးလွန်ကြသနည်း။ အကြောင်းမူကား
မိဘတို့အားရိုသေခြင်းကိုပြုလော့။ မိဘကိုကျိန်သော
သူသည် အသေသတ်ခြင်းကို ခံစေဟုဘုရားသခင်
၅။ ပညတ်ထားတော်မူခဲ့၏။ သို့ရာတွင် သင်တို့မူကား
အမိသို့မဟုတ် အဖအား ထောက်ပံ့ရမည့် အရာကို
ဘုရားသခင်အား လှူဒါန်းလိုက်ပြီဟုဆိုလျှင်၊ မိဘ
၆။ အားထောက်ပံ့ရန်မလိုဟုသွန်သင်ကြ၏။ ဤနည်း
အားဖြင့်သင်တို့သည် မိမိတို့၏ ရှေးထုံးစဉ်လာများ
ကိုလိုက်နာရန်အတွက် ဘုရားသခင်၏ပညတ်တော်
၇။ ကိုပယ်ဖျက်ကြ၏။ အချင်းသူတော်ကောင်းယောင်
ဆောင်သူတို့ **အဲဇာအိယ**သည်သင်တို့ကို ရည်ညွှန်း
၈။ ၍ဟောထားသည်ကား။ ဤလူမျိုးသည်ငါ့အားနှုတ်
ဖျားဖြင့်သာဂုဏ်ပြုချီးကျူးကြ၏။သူတို့၏စိတ်နှလုံး
မူကား ငါနှင့်ဝေးလှ၏။ သူတို့သည်လူတို့၏ထုံး
တမ်းစဉ်လာများကိုအယူဝါဒများကဲ့သို့သင်ကြားပို့ချ
၉။ ပြီး၊ ငါ့အားအချည်းနှီးသော ဝတ်ပြုကိုးကွယ်ခြင်း
ကိုဖြစ်စေသည်ဟူ၍မိန့်ကြားခြင်းမှာသင်တို့နှင့်လျော်
ညီလှပေသည်[2]ဟုမိန့်တော်မူလေ၏။

## လူကိုညစ်ညမ်းစေသောအရာများ

(မာကု ၇း၁၄–၂၃)

၁၀။ ကိုယ်တော်သည် လူအစုအဝေးတို့ကိုအထံတော်သို့
ခေါ်တော်မူ၍သူတို့အားမိန့်တော်မူသည်ကားသင်တို့
၁၁။ နားထောင်၍နားလည်ကြလော့၊ခံတွင်းသို့ဝင်သောအ
ရာသည်လူကိုညစ်ညမ်းစေသည်မဟုတ်၊ခံတွင်းမှထွက်
သောအရာသည်သာလျှင် လူကို ညစ်ညမ်းစေသော
အရာဖြစ်သည်ဟု[3] မိန့်တော်မူ၏။
၁၂။ ထိုအခါတပည့်တော်တို့သည်အထံတော်သို့ချဉ်းကပ်
၍၊ ကိုယ်တော်မိန့်တော်မူသော ဤစကားကိုကြားရ
သဖြင့် **ဖာရိဖေဦး**တို့စိတ်ဆိုးကြသည်ကို သိတော်မူ
ပါ၏လောဟု မေးလျှောက်ကြ၏။
၁၃။ ကိုယ်တော်ကလည်း ကောင်းကင်ဘုံရှင်ငါ၏ခမည်း
တော် မစိုက်ပျိုးသောအပင်ရှိသမျှတို့သည်နှုတ်ပစ်
၁၄။ ခြင်းခံရလိမ့်မည်။ ထိုသူတို့ကို ဂရုမမူကြနှင့်။
သူတို့သည် မျက်မမြင်တို့ကို လမ်းပြသောမျက်မ
မြင်များဖြစ်ကြ၏။ မျက်မမြင်တစ်ဦးသည် အခြား
မျက်မမြင် တစ်ဦးကိုလမ်းပြလျှင် နှစ်ဦးစလုံးတွင်း
ထဲသို့ကျကြလိမ့်မည်ဟု မိန့်တော်မူ၏။
၁၅။ သို့ရာတွင် **ပေတရု**က ထိုပုံဥပမာကိုတပည့်တော်တို့
၁၆။ အား ရှင်းပြတော်မူပါဟုလျှောက်၏။ ကိုယ်တော်က
သင်တို့သည်လည်းယခုတိုင်အောင်နားမလည်နိုင်ကြ
၁၇။ သလော။ခံတွင်းသို့ဝင်သောအရာဟူသမျှသည်ဝမ်းထဲ
သို့ဆင်း၍ပြင်ပသို့ စွန့်ထုတ်ပစ်သည်ကိုသင်တို့မသိ

---

**၁/၁၅း၂** လက်မဆေးဘဲ အစာမစားရဟု မိုးဇက်၏တရားကျမ်း၌မပါ။ တရားကျမ်း၌ တားမြစ်ထားသောအရာများကို လက်ဖြင့် တို့ခဲ့မိသည်ရှိသော် မသန့်ရှင်းမည်ကို စိုးရိမ်၍ ဂျူးလူမျိုးဆရာများက စီရင်ထားသောဥပဒေသာ ဖြစ်၏။

**၂/၁၅း၉** အဲဇာယ ၂၉း၁၃။

**၃/၁၅း၁၁** "သင်တို့စားသောက်လိုသမျှစားသောက်ကြလော့၊သင်တို့၌အပြစ်မရှိ"ဟု ကိုယ်တော်မိန့်တော်မူသည်မဟုတ်၊ ဤသို့သာဆိုရပါလျှင် သေရည်သေရက်သောက်ခြင်းကိုလည်း အပြစ်မရှိဟု ဆိုရပေလိမ့်မည်။

၁၈။ ကြသလော၊ ခံတွင်းမှ ထွက်လာသော အရာမူကား
စိတ်နှလုံးအတွင်းမှသာထွက်လာသဖြင့် လူကိုသတ်
၁၉။ ညစ်ညမ်းစေ၏။ အကြောင်းမူကား လူ့အသက်ကို
ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ ကာမဂုဏ်လိုက်စား
ခြင်း၊သူ့ဥစ္စာကိုခိုးခြင်း၊မမှန်သောသက်သေခံခြင်း၊သူ့
အသရေကိုဖျက်ခြင်း စသည့်ဆိုးယုတ်သော အကြံ
အစည်များသည်စိတ်နှလုံးအတွင်းမှထွက်ပေါ်လာကြ
၂၀။ ၏။ဤအရာတို့သည်လူကိုညစ်ညမ်းစေကြ၏။လက်
မဆေးဘဲအစာစားခြင်းမူကားလူကိုညစ်ညမ်းစေသည်
မဟုတ်ဟု မိန့်တော်မူ၏။

## ကာနန်အမျိုးသမီး၏ယုံကြည်ခြင်း

(မာကု ၇း၂၄-၃၀)

၂၁။ သခင်ဘုရားသည် ထိုအရပ်မှ ထွက်ခွာတော်မူ၍
၂၂။ **တိုင်ရာနှင့်ဆီဒုံ**နယ်များသို့ ကြွတော်မူ၏။ ထိုအခါ
**ကာနန်** အမျိုးသမီးတစ်ဦးသည် ထိုနယ်စပ်ဒေသမှ
ထွက်လာ၍ အိုသခင်၊ **ဒေးဗစ်**၏သားတော်၊
ကျွန်မကိုသနားတော်မူပါ။ ကျွန်မ၏သမီးသည်နတ်
ဆိုးညှဉ်းဆဲခြင်းကိုပြင်းထန်စွာ ခံနေရပါသည်ဟု
၂၃။ ဟစ်အော်၍လျှောက်လေ၏။ သို့ရာတွင် ကိုယ်တော်
သည် စကားတစ်ခွန်းကိုမျှ ဖြေကြားတော်မမူ။[၄]
တပည့်တော်တို့သည်လည်း အထံတော်သို့ ချဉ်း
ကပ်၍ ဤအမျိုးသမီးသည် တပည့်တော်တို့နောက်
ကလိုက်၍ဟစ်အော်နေပါသည်။ သူမအားထွက်သွား
၂၄။ စေတော်မူပါဟုလျှောက်ကြ၏။ ကိုယ်တော်ကလည်း
ငါသည် **အစ္စရေးလ်**အမျိုးအနွယ်မှ ပျောက်ဆုံးနေ
သောသိုးများထံသို့သာ စေလွှတ်ခြင်း ခံရသည်[၅]ဟု
မိန့်တော်မူ၏။
၂၅။ ထိုအမျိုးသမီးသည် ကိုယ်တော်၏ ရှေ့တော်သို့
လာရောက်ပျပ်ဝပ်လျက် အရှင်ဘုရားကျွန်မကိုကူညီ
၂၆။ မစတော်မူပါဟု လျှောက်လေ၏။ ကိုယ်တော်က
လည်း သားသမီးတို့၏ အစားအစာကိုယူ၍ခွေးတို့
အားချမကျွေးသင့်[၆]ဟု မိန့်တော်မူလျှင်၊ အမျိုးသမီး

၂၇။ ကမှန်ပါ၏။ အရှင်ဘုရား၊ ခွေးတို့ပင်လျှင်မိမိသခင်
၏စားပွဲမှ ကျသောမုန့်အစအနများကို စားကြရပါ
သေးသည်ဟုလျှောက်ထားလေ၏။
၂၈။ ထိုအခါသခင်**ယေရှု**က အိုအမျိုးသမီး၊ သင်၏
ယုံကြည်ခြင်းသည် ကြီးမားပေစွ၊ သင်ဆန္ဒရှိသည့်
အတိုင်း သင်၌ဖြစ်ပါစေဟု မိန့်တော်မူသည်နှင့်
တပြိုင်နက် ထိုအမျိုးသမီး၏ သမီးသည် ရောဂါ
ပျောက်ကင်းလေ၏။

## ရောဂါဝေဒနာအမျိုးမျိုးကို ပျောက်ကင်းစေတော်မူခြင်း

(မာကု ၇း၃၁-၃၇)

၂၉။ သခင်**ယေရှု**သည် ထိုအရပ်မှ ထွက်ခွာတော်မူပြီး
**ဂါလိလေ**ကမ်းခြေတစ်လျှောက် ကြွမြန်းတော်မူ၏။
ထို့နောက်တောင်ပေါ်သို့တက်တော်မူပြီး ထိုနေရာမှာ
၃၀။ ထိုင်တော်မူ၏။ များစွာသော လူအစုအဝေးတို့သည်
ဆွံ့အသောသူ၊မျက်စိမမြင်သောသူ၊ခြေမစွမ်းသောသူ၊
အင်္ဂါချို့တဲ့သောသူများနှင့် အခြားသောရောဂါသည်
များကိုကိုယ်တော်၏ခြေတော်ရင်းသို့မိမိတို့နှင့်အတူ
ခေါ်ဆောင်ခဲ့ကြ၏။
၃၁။ ကိုယ်တော်သည် ထိုသူတို့၏ရောဂါများကို ပျောက်
ကင်းစေတော်မူ၏။လူအစုအဝေးတို့သည်ဆွံ့အသော
သူများ စကားပြောနိုင်ခြင်း၊ ခြေမစွမ်းသောသူများ
လမ်းလျှောက်နိုင်ခြင်း၊ မျက်စိမမြင်သော သူများ
မြင်ခြင်းစသည်တို့ကို မြင်နိုင်လျှင် အံ့သြကြ၍**အစ္စ
ရေးလ်** လူမျိုး၏ ဘုရားသခင်ကို ဂုဏ်ပြုချီးမွမ်း
ကြ၏။

## လူလေးထောင်ကိုကျွေးမွေးတော်မူခြင်း

(မာကု ၈း၁ - ၁၀ )

၃၂။ သခင်**ယေရှု**သည် တပည့်တော်တို့ကိုအထံတော်သို့
ခေါ်တော်မူ၍မိန့်တော်မူသည်ကားငါသည်ဤလူများ
ကိုသနား၏။ အကြောင်းမူကား သူတို့သည် ငါနှင့်
အတူ သုံးရက်ပတ်လုံးနေခဲ့ကြပြီ။စားစရာလည်းမရှိ
ကြ။ အစာမစားရဘဲသူတို့ကို ပြန်စေခြင်းငှာ ငါ
အလိုမရှိ၊ အကြောင်းမူကားလမ်းခရီး၌အားပြတ်ကြ
၃၃။ မည်ကိုစိုးရိမ်ရ၏ဟုမိန့်တော်မူ၏။တပည့်တော်တို့က
လည်း ဤမျှကြီးမားသော လူအစုအဝေးကိုဝအောင်
ကျွေးအံ့သောငှာ လုံလောက်သော အစားအစာများ
ကိုတောကန္တာရတွင် အဘယ်ကရနိုင်ပါမည်နည်းဟု
၃၄။ လျှောက်ကြ၏။ ထိုအခါသခင်**ယေရှု**ကသင်တို့တွင်
ပေါင်မုန့်ဘယ်နှစ်လုံးရှိသနည်းဟု မေးတော်မူလျှင်
သူတို့ကမုန့်ခုနစ်လုံးနှင့်ငါးအနည်းငယ်ရှိပါသည်ဟု
၃၅။ ပြန်လည်ဖြေကြားကြ၏။ ထို့နောက်ကိုယ်တော်က
လူအစုအဝေးတို့အားမြေပေါ်မှာထိုင်ကြစေရန်အမိန့်

---

၄/၁၅း၂၃ သခင်ယေရှုသည် စကားတစ်ခွန်းကိုမျှ မိန့်တော်မမူရခြင်းအကြောင်းရင်းမှာ ထိုမိန်းမ၏စိတ်ကို စုံစမ်းလိုသောကြောင့်ဖြစ်၏။

၅/၁၅း၂၄ ဂျူးလူမျိုးများကိုသာမဟုတ်၊ဘာသာခြားတို့ကိုလည်း ကယ်တင်ရန်ကိုယ်တော်ကြွလာတော်မူသည်မှန်၏။ သို့သော်ဘာသာခြားတို့အားတရားဟောရန်အခွင့်ကို တပည့်တော်တို့အား လွှဲအပ်ထားတော်မူ၏။

၆/၁၅း၂၆ ဤစကားသည် ပြင်းထန်ဟန်ရှိသော်လည်းဘာသာခြားလူတို့၏အကျင့်စာရိတ္တပျက်ပြားမှုများကြောင့် ဂျူးလူမျိုးတို့ကသူတို့ကိုခွေးဟုခေါ်လေ့ရှိကြ၏။ သခင်ယေရှုမူကား၊ မိမိအားဆုကျေးဇူးတောင်းလျှောက်သူကိုနှိမ့်ချသောစိတ်ရှိစေခြင်းငှာလည်းကောင်းဆုတောင်းခြင်း၌ကြိုးစားအားထုတ်စေရန်လည်းကောင်း ရည်ရွယ်၍ တောင်းခံသောဆုတို့ကို ချက်ခြင်းမပေးဘဲစုံစမ်းတော်မူ၏။

ပေးတော်မူ၏။
၁၆။ ကိုယ်တော်သည်မုန့်ခုနစ်လုံးနှင့်ငါးတို့ကိုယူတော်မူ၍
ကျေးဇူးတော်ကိုချီးမွမ်းတော်မူပြီးမှဖဲ့တော်မူ၍တပည့်
တော်တို့အား ပေးတော်မူ၏။ တပည့်တော်တို့သည်
လည်း လူအစုအဝေးတို့အားတဆင့်ပေးဝေကြ၏။
၁၇။ လူအပေါင်းတို့သည် ဝအောင်စားကြပြီးမှကြွင်းကျန်
သော အစအနတို့ကို ကောက်ယူစုသိမ်းကြရာခုနစ်
၁၈။ တောင်းအပြည့်ရကြ၏။ စားကြသော သူများကား
အမျိုးသမီးများနှင့် ကလေးများကို မရေတွက်ဘဲ
ယောကျာ်းပေါင်းလေးထောင်ရှိသတည်း။
၁၉။ ထို့နောက် ကိုယ်တော်သည် လူအစုအဝေးတို့ကိုပြန်
လွှတ်တော်မူပြီး လှေပေါ်သို့တက်တော်မူ၍ **မာဂဒန်**
နယ်သို့ ထွက်ကြွတော်မူ၏။

## အခန်းကြီး (၁၆)

## နိမိတ်လက္ခဏာပြရန်တောင်းခံခြင်း

(မာကု ၈း၁၁-၁၃။ လု ၁၂း၅၄-၅၆)

၁။ **ဖာရိဇေဦးနှင့်ဇဒ္ဒုဇေဦး**တို့သည် ကောက်ကျစ်သော
အကြံနှင့် အထံတော်သို့ ချဉ်းကပ်၍ ကောင်းကင်မှ
နိမိတ်လက္ခဏာကို သူတို့အားပြရန် တောင်းဆိုကြ
၂။ ၏။ကိုယ်တော်ကလည်းသင်တို့သည်ညနေစောင်းချိန်
ပြောလေ့ ရှိသည်မှာ ရာသီဥတု သာယာလိမ့်မည်။
အကြောင်းမူကား၊ ကောင်းကင်ယံသည် အရောင်နီ
နေ၏ဟူ၍လည်းကောင်း၊ တစ်ဖန်နံနက်အချိန်
ရောက်လျှင်လည်း မိုးသက်မုန်တိုင်း ကျလိမ့်မည်။
အကြောင်းမူကားကောင်းကင်သည်နီ၍ အုံ့မှိုင်းနေ၏
ဟုဆိုတတ်ကြ၏။
၃။ ထိုသို့သင်တို့သည် ကောင်းကင်၏အသွင်အပြင်ကို
ကြည့်ပြီးမိုးလေဝသ အခြေအနေကို သိနိုင်ကြပါ
လျှင်ခေတ်ကာလ၏ နိမိတ်လက္ခဏာများ ကိုမူကား
အဘယ်ကြောင့် အဓိပ္ပာယ် မဖွင့်ဆိုနိုင်ကြ
၄။ သနည်း။[၁] ဆိုးယုတ်၍ ဖောက်ပြန်တတ်သော
လူမျိုးဆက်သည်နိမိတ်လက္ခဏာကိုတောင်းကြသော်
လည်း ပရောဖက်**ယောန**၏နိမိတ်လက္ခဏာမှတပါး၊
အဘယ်လက္ခဏာကိုမျှသူတို့အားပေးလိမ့်မည်မဟုတ်
ဟုမိန့်တော်မူပြီးမှ သူတို့ထံမှ ထွက်ခွာသွားတော်
မူ၏။

## ဖာရိဇေဦးနှင့် ဇဒ္ဒုဇေဦးတို့၏တဆေး

(မာ ၈း၁၄-၁၃။ လု ၁၂း၁-၆)

၅။ တပည့်တော်တို့သည်တစ်ဘက်ကမ်းသို့ဖြတ်ကူးသော
အခါပေါင်မုန့်ကိုယူဆောင်လာရန်မေ့လျော့ခဲ့ကြ၏။
၆။ သခင်**ယေရှု**ကလည်း **ဖာရိဇေဦးနှင့်ဇဒ္ဒုဇေဦး**တို့၏
တဆေးကိုသတိနှင့်ရှောင်ကြလော[၂]ဟုမိန့်တော်မူ၏။
၇။ တပည့်တော်တို့မူကား ငါတို့သည်ပေါင်မုန့်ကိုမယူခဲ့
ခြင်းကြောင့် ဤသို့ပြောခြင်း ဖြစ်တန်ရာသည်ဟု
၈။ အချင်းချင်းဆွေးနွေးပြောဆိုကြ၏။ ယင်းသို့ပြောဆို
နေကြသည်ကိုသခင်**ယေရှု**သိတော်မူသဖြင့်မိန့်တော်
မူသည်ကား ယုံကြည်ခြင်း အားနည်းသော သူတို့
သင်တို့၌မုန့်မပါလာသည့် အကြောင်းကို အဘယ်
၉။ ကြောင့် ဆွေးနွေးနေကြသနည်း။ ယခုတိုင်အောင်
မသိ နားမလည်နိုင်ကြသလော၊ မုန့်ငါးလုံးကို
လူငါးထောင်စား၍ ဘယ်နှစ်တောင်းကောက်သိမ်းရ
၁၀။ သည်ကိုလည်းကောင်း၊ မုန့်ခုနစ်လုံးကို လူလေး
ထောင်စား၍ ဘယ်နှစ်တောင်းကောက်သိမ်းရသည်
၁၁။ ကိုလည်းကောင်း၊ သင်တို့ သတိမရကြသလော၊
**ဖာရိဇေဦးနှင့်ဇဒ္ဒုဇေဦး**တို့၏ တဆေးကို သတိနှင့်
ရှောင်ကြလော့ဟုငါဆိုရာ၌အစားအစာနှင့်ပတ်သက်
၍ပြောဆိုနေခြင်းမဟုတ်ကြောင်းကို သင်တို့အဘယ်
ကြောင့် နားမလည်ကြ သနည်းဟုမိန့်တော်မူ၏။
၁၂။ ထိုအခါမှ တပည့်တော်တို့သည် မုန့်၏ တဆေးကို
မဟုတ် **ဖာရိဇေဦးနှင့်ဇဒ္ဒုဇေဦး**တို့၏သွန်သင်ချက်
များကို သတိနှင့်ရှောင်ရှားကြရန် ကိုယ်တော်မိန့်
မှာတော်မူခြင်းဖြစ်ကြောင်း နားလည်ကြလေ၏။

## ပေတရု၏ယုံကြည်ခြင်းကိုဝန်ခံချက်

(မာကု ၈း၂၇-၃၀။ လု၉း၁၈-၂၁။)

၁၃။ သခင်**ယေရှု**သည် **ဆီဇာရိယဖိလစ်ပိ**နယ်သို့ရောက်
တော်မူသောအခါ လူအပေါင်းတို့သည် လူသားကို
မည်သူဖြစ်သည်ဟူ၍ဆိုကြသနည်းဟု တပည့်တော်
၁၄။ တို့အားမေးတော်မူ၏။လူအချို့က ကိုယ်တော်သည်
**ယောဟန်ဗတ္တိဇံ**၊ အချို့က**ဧလိယ**၊ အချို့က
**ယေရမိယ**သို့မဟုတ် အချို့ကအခြားသောပရောဖက်
တစ်ပါးပါး ဖြစ်ကြောင်း ပြောဆိုကြပါသည်ဟု
၁၅။ လျှောက်ကြ၏။သခင်**ယေရှု**ကလည်းသင်တို့မူကား
ငါ့ကိုမည်သူဖြစ်သည်ဟုဆိုကြသနည်းဟုသူတို့အား
၁၆။ မေးတော်မူလျှင်။ **စီမုန်ပေတရု**က ကိုယ်တော်သည်
အသက်ရှင်တော်မူသော ဘုရား၏သားတော် သခင်
ခရစ်တော်ဖြစ်ပါသည်[၃]ဟုလျှောက်ကြ၏။
၁၇။ **ယေရှု**ကလည်း **ယောန**၏သား**စီမုန်**၊ သင်သည်မင်္ဂ

**၁/၁၆း၄** သင်တို့သည်မိုးကောင်းကင်လက္ခဏာကိုကြည့်၍ရာသီဥတုအခြေအနေကို ကြိုတင်ဟောနိုင်ကြ၏။ သို့သော် မက်ဆီးယ ပေါ်ထွန်းရမည့်အချိန် ကာလ၏အပိုင်းအခြားမူကိုကား သင်တို့မသိလိုကြ။

**၂/၁၆း၆** "တဆေး"၊တရားကျမ်းနှင့်ဆန့်ကျင်ဘက်ဖြစ်သောသွန်သက်ချက်တို့ကို ရှောင်ကြဉ်ကြလော။

၃/၁၆း၇ ကိုယ်တော်သည် ဘုရားသခင်ကစေလွှတ်တော်မည်ဟုကတိထားတော်မူသောကယ်တင်ရှင်မက်ဆိယ ဖြစ်ပါသည်။ထို့ကြောင့်ကိုယ်တော်သည် ဘုရားဇာတိအဖြစ်တော်၌ ဘုရားစင်စစ်ဖြစ်ပါသည်။

လာရှိ၏။ အကြောင်းမူကား ဤအရာကိုသင့်အား
အသွေးအသားကဖော်ပြခြင်းမဟုတ်၊ကောင်းကင်ဘုံ၌
ရှိတော်မူသော ငါ၏ခမည်းတော်က ဖော်ပြခြင်းသာ
ဖြစ်၏။
၁၈။ ငါသည် သင်အားဆိုသည်မှာသင်သည်**ပေတရု**[4]ဖြစ်
၏။ဤကျောက်ပေါ်မှာငါ၏အသင်းတော်ကိုငါတည်
ဆောက်မည် ထိုအသင်းတော်ကိုမရဏနိုင်ငံ[5]၏တန်
ခိုးအာဏာတို့သည်မအောင်နိုင်ရာ။
၁၉။ ကောင်းကင် နိုင်ငံတော်၏ သော့ကိုလည်းသင့်အား
ငါပေးမည်။[6] ကမ္ဘာမြေပေါ်တွင်သင်ချည်နှောင်သမျှ
သည် ကောင်းကင်၌ ချည်နှောင်လျက် ရှိလိမ့်မည်၊
ကမ္ဘာမြေပေါ်တွင် သင်ဖြေ လွှတ်သမျှသည်လည်း
ကောင်းကင်၌ဖြေလွှတ်လျက်ရှိလိမ့်မည်[7]ဟုမိန့်တော်
၂၀။ မူ၏။ ထို့နောက် ကိုယ်တော်က မိမိခရစ်တော်ဖြစ်
ကြောင်းကို မည်သူ့အားမျှမပြောရန်တပည့်တော်တို့
အားတားမြစ်တော်မူ၏။[8]

## သေခြင်းနှင့်ရှင်ပြန်တော်မူခြင်းကိုကြိုတင် ဟောပြောတော်မူခြင်း

(မာ ၈း၃၁–၃၃၊ လု ၉း၂၁–၂၂)

၂၁။ သခင်**ယေရှု**က မိမိသည် **ဂျေရုဆလင်**မြို့သို့သွား၍
သက်ကြီးဝါကြီးများ၊ကျမ်းတတ်ဆရာများနှင့်ရဟန်း
အကြီးအကဲတို့၏လက်တွင်ဒုက္ခရစရိယာခံပြီးအသေ
ခံရမည့် အကြောင်းကိုလည်းကောင်း၊ တတိယနေ့၌
သေခြင်းမှထမြောက်မည့်အကြောင်းကိုလည်းကောင်း
တပည့်တော်တို့အား ထိုအချိန်မှစ၍ အတိအလင်း
၂၂။ မိန့်တော်မူ၏။**ပေတရု**သည်မိမိနှင့်အတူကိုယ်တော်ကို
တစ်နေရာသို့ခေါ်ဆောင်၍သခင်ဘုရား၊ဤအဖြစ်မျိုး
ကိုယ်တော့်အပေါ်မကျရောက်စေရန်ဘုရားသခင်တား
မြစ်တော်မူပါစေ[9]ဟုကန့်ကွက် ပြောဆိုလေ၏။
၂၃။ ကိုယ်တော်ကလည်း မျက်နှာတော်ကိုလှည့်၍**ပေတရု**
အားအချင်းစာတန်[10]ငါ့နောက်သို့ဆုတ်လော့။ သင်
သည် ငါ့အတွက်အတားအဆီးဖြစ်၏။အကြောင်းမူ
ကား သင်သည်ဘုရားသခင်နှင့်ဆိုင်သောအရာများ
ကိုမဟုတ်၊ လူနှင့်ဆိုင်သောအရာများကိုသာစွဲလန်း
သည်ဟု မိန့်တော်မူ၏။

## ခရစ်တော်နောက်လိုက်လိုသူတို့၌ရှိအပ်သော စိတ်ထား

( မာ ၈း၃၄–၉း၁၊ လု၉း၂၃–၂၇)

၂၄။ ထိုအခါသခင်**ယေရှု**ကအကြင်သူသည်ငါ့နောက်သို့
လိုက်လိုလျှင် မိမိကိုယ်ကိုငြင်းပယ်စေ၊မိမိလက်ဝါး
ကားတိုင်ကိုလည်းယူထမ်း၍ငါ့နောက်သို့လိုက်စေ။[11]
၂၅။ အကြောင်းမူကား မိမိအသက်ကိုကယ်ဆယ်လိုသော
သူသည် အသက်ဆုံးရှုံးလိမ့်မည်၊ငါအတွက်ကြောင့်
အသက်ဆုံးရှုံးသူသည် အသက်ကိုပြန်၍ရလိမ့်မည်။
၂၆။ လူသည်ကား ဤစကြာဝဠာအားလုံးကိုအစိုးရသော်
လည်းမိမိအသက်ဝိညာဉ်ဆုံးရှုံးလျှင်အဘယ်အကျိုးရှိ
မည်နည်း၊သို့မဟုတ်မိမိ၏အသက်ကိုမည်သည့်အရာ
၂၇။ နှင့်လဲလှယ်မည်နည်း။အကြောင်းမူကားလူသားသည်
မိမိအဘခမည်းတော်၏ဘုန်းအာနုဘော်ကိုဆောင်၍
ကောင်းကင်တမန်များခြံရံလျက်ကြွလာတော်မူသော
အခါလူအသီးသီးတို့အားမိမိတို့၏အကျင့်အလျောက်
ပေးဆပ်တော်မူလိမ့်မည်။
၂၈။ သင်တို့အား ငါအမှန်ဆိုသည်ကားလူသားသည်မိမိ
နိုင်ငံတော်သို့ ကြွလာတော်မူသည်ကိုမြင်ရသည့်တိုင်
အောင်မသေဘဲနေနေရမည့်သူအချို့သည်ဤနေရာမှာ
ရပ်နေကြ၏[12]ဟု မိန့်တော်မူ၏။

---

**၄/၁၆း၁၈** ပေတရု၏အဓိပ္ပာယ်ကား (ကျောက်)ဟုဆိုလိုသည်ထိုအမည်ကိုစီမုန်အား တပည့်တော်အဖြစ်သို့ခေါ်တော်မူသောအခါကပင်ပေးတော်မူသည် အဘယ်ကြောင့်ဆိုသော် ကိုယ်တော်၏ အသင်းတော်ကိုမပြိုမပျက်နိုင်အောင်ကျောက်ပေါ်မှာ တည်ဆောက်လိုသောကြောင့်တည်း။ကိုယ်တော်သည်ဘုရား၏သားတော်ဖြစ်ကြောင်း ပေတရုဝန်ခံသောအခါ ပေတရုအား ဤအရိုက်အရာကိုအပ်နှင်းရခြင်း၏အဓိပ္ပာယ်မှာ ပေတရုငါမှည့်ခေါ်ထားသောယောန၏သားစီမုန် သင့်ကိုကျောက်အုပ်သဖွယ်ပြုလုပ်၍ ငါ၏အသင်းတော်ကို တည်ထောင်မည်။ သော့ ဥပစာဖြင့်ဖွင့်ပိုင် ပိတ်ပိုင်ခြင်း အခွင့်အာဏာကိုပေတရုအားပေးတော်မူ၏။ ထို့ကြောင့်ပေတရုသည် တမန်တော်ကြီးတို့တွင်ပထမ အသင်းတော်တွင် ဥက္ကဋ္ဌဖြစ်တော်မူ၏။

**၅/၁၆း၁၈** မရဏာငရဲမှထွက်လာသောရန်သူအင်အား၊နတ်ဆိုး၏အဖွဲ့အစည်းကိုဆိုလိုသည်။ ကျောက်ပေါ်မှာဆောက်သောရဲတိုက်နှင့်အသင်းတော်ကိုပုံခိုင်းနှိုင်းတော်မူသည်ဖြစ်၍ ရန်သူနတ်ဆိုးသည် အဖက်ဖက်မှတိုက်ခိုက်သော်ငြားလည်းကိုယ်တော်၏အသင်းတော်ကိုမအောင်မြင်နိုင်။အသင်းတော်သည်လည်းမပျက်စီးနိုင်။

**၆/၁၆း၁၉** ကောင်းကင်နိုင်ငံတော်၏သော့ကို သင့်အားငါပေးမည်။သော့ဟူသည်ကား စိုးပိုင်ခြင်းအခွင့်အာဏာကိုဆိုလိုသည်။

**၇/၁၆း၁၉** ချည်နှောင်ခြင်း၊ ဖြေလွှတ်ခြင်းကားအသင်းတော်၏ဥပဒေများကိုစီရင်ခြင်း အပြစ်ဒဏ်များဖြေလွှတ်ခြင်းတို့ကို ဆိုလိုသည်။

**၈/၁၆း၂၀** ခရစ်တော်၏အကျင့်အပြုအမူတို့သည် ကိုယ်တော်မက်ဆီးယဖြစ်ကြောင်း ယုံကြည်လောက်သော သက်သေသာဓကဖြစ်သည်။

**၉/၁၆း၂၂** ကိုယ်တော်ဘုရားဖြစ်ကြောင်းကိုပေတရုသိသော်လည်းဘုရားဖြစ်လျက်နှင့်အဘယ်သို့ ဒုက္ခခံနိုင်မည်ကို မည်သို့မျှနားမလည်နိုင်။

**၁၀/၁၆း၂၃** စာတန်။ ဤနေရာ၌ သခင်ယေရှုက ပေတရုအား “ငါနှင့်ဆန့်ကျင်ဘက်ပြုသောသူ”ဟုဆိုလို၏။ ပေတရုပြောသောစကားသည်ဘုရားသခင်၏အလိုတော်ကိုကန့်ကွက်ရာရောက်၏။ ထို့ကြောင့်သင်သည်ငါ့ရှေ့၌အတားအဆီးဖြစ်၏ဟု ဆိုလိုခြင်းဖြစ်သည်။

**၁၁/၁၆း၂၄** ဆင်းရဲဒုက္ခခံရမည်မှာ ငါတစ်ဦးတည်းမဟုတ်။ငါ၏တပည့်များလည်းခံကြရလိမ့်မည်။

**၁၂/၁၆း၂၈** ‘လူသားသည် မိမိနိုင်ငံတော်၌ကြွလာသည်’ ဆိုသောအချက်မှာမည်သည့်အရာကိုဆိုလိုသနည်း။ ကျမ်းစာကျွမ်းကျင်သူတို့၏ယူဆချက်များအရ–
(က) ကိုယ်တော်သည် ဘုန်းအာနုဘော်တော်ကိုဆောင်တော်မူ၍ တပည့်တော်များရှေ့၌ ကောင်းကင်နိုင်ငံတော်သို့ တက်ကြွတော်မူခြင်း၊
(ခ) ထိုနေ့မှစ၍ခြောက်ရက်မြောက်သောအခါ ပေတရု၊ယာကုပ်နှင့်ယောဟန်တို့ရှေ့တွင်အဆင်းသဏ္ဌာန်ပြောင်းလဲတော်မူခြင်းကို ရည်ညွှန်းပြောဆိုဟန်ရှိသည်။ (ရဟန္တာ– ဟီလာရီ၊ ခရီဇောစတုံ၊ ဂျေရုမ်း၊ အမ်ဘရိုစ့်)

## အခန်းကြီး (၁၇)

## အဆင်းသဏ္ဍာန်ပြောင်းလဲတော်မူခြင်း

(မာကု ၉း၂–၁၃၊ လု ၉း၂၈–၃၆)

၁။ ခြောက်ရက်လွန်သောအခါသခင်**ယေရှု**သည်**ပေတရု**
**ယာကုပ်**နှင့်သူ၏ညီ**ယောဟန်**တို့ကိုမြင့်သောတောင်
ပေါ်သို့ ခေါ်သွားတော်မူ၏။
၂။ ကိုယ်တော်သည် သူတို့ရှေ့တွင် အဆင်း သဏ္ဍာန်
ပြောင်းလဲတော်မူ၏။ မျက်နှာတော်သည် နေကဲ့သို့
ထွန်းတောက်၍အဝတ်တော်သည်အလင်းရောင်ကဲ့သို့
၃။ ဖြူနေ၏။ ထိုခဏ၌ **မိုးဇက်**နှင့် **ဧလိယ**တို့သည်
သူတို့ရှေ့မှာပေါ်လာ၍ ကိုယ်တော်နှင့်စကားပြောနေ
၄။ ကြ၏။ ထို့ကြောင့်**ပေတရု**ကသခင်ဘုရား၊ဤအရပ်
သည် အလွန်နေချင်စဖွယ်ကောင်းပါ၏။ကိုယ်တော်
အလိုတော်ရှိလျှင် ကိုယ်တော်အတွက်တဲတစ်ဆောင်
**မိုးဇက်**အတွက်တဲတစ်ဆောင်၊**ဧလိယ**အတွက်တဲတစ်
ဆောင် တပည့်တော် ဆောက်လုပ်ပါမည်ဟု**ယေရှု**
၅။ အားလျှောက်လေ၏။ ဤသို့ လျှောက်ထားစဉ်တွင်
ထွန်း လင်းသောမိုးတိမ်သည် သူတို့ကိုဖုံးလွှမ်း၍မိုး
တိမ်ထဲမှ အသံသည်ကား ဤသူသည်ငါ၏အလွန်နှစ်
သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။
၆။ သူ့ကိုနားထောင်ကြလော့ဟုဆို၏။ထိုအသံကိုတပည့်
တော်တို့ကြားသောအခါအလွန်ကြောက်ရွံ့သဖြင့်မြေ
ပေါ်တွင် မျက်နှာအပ်လျက် ပျပ်ဝပ်နေကြ၏။
၇။ သခင်**ယေရှု**သည်ချဉ်းကပ်တော်မူ၍သူတို့အားလက်
တော်ဖြင့် တို့ထိတော်မူလျက် ထကြလော့။
၈။ မကြောက်ကြနှင့်ဟုမိန့်တော်မူ၏။သူတို့သည်မော်၍
ကြည့်ကြသောအခါ သခင်**ယေရှု**မှတစ်ပါးမည်သူ
၉။ ကိုမျှမမြင်ကြရတော့ချေ။ တောင်ပေါ်မှဆင်းလာကြ
သောအခါ သခင်**ယေရှု**က လူသားသည်သေခြင်းမှ
ထမြောက်သည့်တိုင်အောင်ဤရူပါရုံကိုမည်သူအားမျှ
မပြောကြနှင့်ဟု တပည့်တော်တို့အားတားမြစ်တော်
မူ၏။

## ဧလိယအကြောင်းမေးမြန်းကြခြင်း

(မာ ၉း၁၁–၁၃)

၁၀။ တပည့်တော်တို့ကလည်း သို့ဖြစ်လျှင် **ဧလိယ**သည်
ဦးစွာပထမ လာရမည်ဟု ကျမ်းတတ်ဆရာတို့က
အဘယ်ကြောင့်ဆိုပါသနည်းဟုမေးလျှောက်ကြလျှင်၊
၁၁။ ကိုယ်တော်က**ဧလိယ**သည်ဦးစွာလာ၍[၁] ခပ်သိမ်းသော
အရာတို့ကိုအသင့်ပြင်ဆင်ရမည်ကားမှန်၏[၂]။
၁၂။ သင်တို့အားငါဆိုသည်ကား**ဧလိယ**သည်ကြွလာခဲ့ပြီ[၃]
သို့ရာတွင် လူတို့သည် သူ့ကိုမသိကြသဖြင့်သူ့အား
မိမိတို့ပြုလိုရာပြုခဲ့ကြလေပြီ။ထိုနည်းတူလူသားသည်
လည်းထိုသူတို့၏လက်တွင် ဒုက္ခဆင်းရဲခံရလိမ့်မည်
၁၃။ ဟုမိန့်တော်မူ၏။ ထိုအခါမှ ကိုယ်တော်သည်
**ယောဟန်ဗတ္တိဇံ**ကိုရည်မှတ်၍ မိန့်တော်မူကြောင်း
တပည့်တော်တို့နားလည်လာကြ လေ၏။

## လူငယ်တစ်ဦးထံမှနတ်ဆိုးနှင်ထုတ်ခြင်း

(မာကု ၉း၁၄–၂၉၊ လု ၉း၃၇–၄၃)

၁၄။ ကိုယ်တော်နှင့် တပည့်တော်တို့သည်လူအစုအဝေးရှိ
ရာသို့ရောက်လာကြသောအခါ လူတစ်ယောက်သည်
အထံတော်သို့ရောက်လာ၍ ရှေ့တော်၌ ဒူးထောက်
၁၅။ လျက်၊ အရှင်ဘုရား၊ တပည့်တော်၏သားကိုသနား
တော်မူပါ။ သူသည်ဝက်ရူးနာရောဂါကိုပြင်းထန်စွာ
ခံစားနေရပါ၏။မီးထဲသို့အကြိမ်ကြိမ်၊ရေထဲသို့အဖန်
၁၆။ ဖန်ကျပါ၏။ တပည့်တော်သည်သူ့ကိုကိုယ်တော်၏
တပည့်တော်များထံသို့ခေါ်ဆောင်ခဲ့သော်လည်းသူတို့
သည်ရောဂါပျောက်ကင်းစေခြင်းငှာမစွမ်းနိုင်ကြပါဟု
၁၇။ လျှောက်လေ၏။ သခင်**ယေရှု**က အိုယုံကြည်ခြင်း
ကင်းမဲ့၍ ဆိုးယုတ်သောအမျိုးဆက်ငါသည်သင်တို့
နှင့် မည်မျှကြာအောင် နေရမည်နည်း။ မည်မျှကြာ
အောင်သင်တို့ကိုသည်းခံရမည်နည်း။သူ့ကိုငါ့ထံသို့
ခေါ်ဆောင်ခဲ့ကြလော့ဟုမိန့်တော်မူ၏။
၁၈။ သခင်**ယေရှု**သည် နတ်ဆိုးအား ထွက်ခွာ သွားရန်
အမိန့်ပေးတော်မူလျှင် နတ်ဆိုးသည်သူ့ထံမှထွက်ခွာ
သွားသဖြင့် လူငယ်သည်ချက်ချင်းပင်ချမ်းသာရာ
၁၉။ ရလေ၏။ ထိုအခါတပည့်တော်တို့သည်သခင်**ယေရှု**
ထံ တိတ်တဆိတ်ချဉ်းကပ်၍ တပည့်တော်တို့သည်
နတ်ဆိုးကို အဘယ်ကြောင့်နှင်ထုတ်၍မရနိုင်ပါ
၂၀။ သနည်းဟုမေးလျှောက်ကြ၏။သခင်**ယေရှု**ကလည်း
သူတို့အားမိန့်တော်မူသည်မှာသင်တို့၌ယုံကြည်ခြင်း
အားနည်းသောကြောင့်တည်း။သင်တို့အားငါအမှန်ဆို
သည်ကား သင်တို့တွင်မုန်ညင်းစေ့မျှလောက်သော
ယုံကြည်ခြင်းရှိပါလျှင်ဤတောင်ကိုဤနေရာမှထိုနေ
ရာသို့ပြောင်းရွှေ့လော့ဟုဆိုလျှင်ပြောင်းရွှေ့လိမ့်မည်[၄]
ယုံကြည်ခြင်းရှိလျှင် သင်တို့ မတတ်နိုင်သောအရာ
၂၁။ မရှိ။ (ဤနတ်ဆိုးမျိုးကိုမူကား ဆုတောင်းပတ္တနာ
ပြုခြင်း၊အစာရှောင်ခြင်း၊ ဖြင့်သာလျှင် နှင်ထုတ်နိုင်
သည်ဟု မိန့်တော်မူ၏။)

**၁/၁၇း၁၁** ‘ဧလိယသည်ဦးစွာလာ၍’ ပရောဖက် မာလခိ (၃း၂၃–၂၄)ဟော ချက်အရ၊ လူ့သားသည်ဒုတိယအကြိမ်ကြွမလာမီဧလိယကိုယ်တိုင်လာရမည် ဟု၊ သခင်ယေရှုက ထပ်မံမိန့်ကြားတော်မူ၏။

**၂/၁၇း၁၁** ‘ခပ်သိမ်းသောအရာများကို အသင့်ပြင်ဆင်ရမည်ကားမှန်၏’ဆို သည်ကားလူတို့ကို အကျင့်ပြောင်းလဲစေလိမ့်မည်ဟု ဆိုလို၏။

၃/၁၇း၁၂ ဧလိယသည်ကြွလာခဲ့ပြီ–ဤကျမ်းချက်၌ယောဟန်ကိုအကြောင်း ပြု၍ဟောတော်မူ၏။ပထမအကြိမ်ကိုယ်တော်ကြွလာတော်မမူမှီ၊ လမ်းတော်ကို ပြင်အံ့သောငှာ ယောဟန်သည် ဧလိယအဖြစ်နှင့်လာ၏။

**၄/၁၇း၂၀** ဖြစ်နိုင်ဖွယ်မရှိသည့်အရာကိုဖြစ်မြောက်အောင်ကြံစည်တောင်ရွှေ့ ခြင်းကို တန်ခိုးအံ့ဘွယ်ရာပြခြင်းဟု ဆိုလိုသည်။

## သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်း ထပ်မံပြောကြားတော်မူခြင်း

(မာ ၉း၃၀–၃၂၊ လု ၉း၄၃–၄၅)

၂၂။ **ဂါလိလေ**နယ်တွင် ရှိကြစဉ် သခင်**ယေရှု**ကလူသား
သည် လူတို့၏လက်သို့အပ်နှံခြင်း ခံရလိမ့်မည်။
၂၃။ သူတို့သည်သူ့ကိုသတ်ကြလိမ့်မည်။သို့သော်သုံးရက်
မြောက်သောနေ့တွင် လူသားသည်သေခြင်းမှရှင်ပြန်
ထမြောက်လိမ့်မည်ဟုတပည့်တော်တို့အားမိန့်တော်မူ
၏။ တပည့်တော်တို့သည်လည်းအလွန်ဝမ်းနည်းကြ
၏။

### ဗိမာန်တော်ခွန်ပေးဆောင်ခြင်း ၁၇း၂၄–၂၇

၂၄။ ကိုယ်တော်နှင့် တပည့်တော်တို့သည် **ကာဖာနာအုမ်**
မြို့သို့ ရောက်ကြသောအခါဗိမာန်တော်အတွက်အခွန်
ကောက်ခံသူများသည် **ပေတရု**ထံသို့လာ၍ သင်တို့
ဆရာသည် ဗိမာန်တော်ခွန်[၅]ပေးဆောင်ပါ၏လောဟု
မေးလျှင် ပေးပါသည်ဟု**ပေတရု**ကဆို၏။
၂၅။ ထို့နောက် **ပေတရု**အိမ်ထဲသို့ ဝင်သောအခါ သခင်
**ယေရှု**ကစတင်၍ **စီမုန်**၊ သင်သည်မည်သို့ထင်မြင်
သနည်း၊ လောကီဘုရင်တို့သည် မည်သူ့ထံမှအခွန်
အကောက်များကိုကောက်ခံကြသနည်း၊သူတို့၏သား
များထံမှလော သူတစ်ပါးတို့ထံမှလောဟုမေးတော်မူ
၏။
၂၆။ သူတစ်ပါးတို့ထံမှ ကောက်ခံပါသည်ဟု**ပေတရု**ပြန်
လျှောက်လေ၏။သခင်**ယေရှု**ကဤသို့ဖြစ်လျှင်သူတို့
၏သားတို့သည်အခွန်လွတ်ငြိမ်းခွင့်ရကြ၏။သို့သော်
သူတို့၏စိတ် မငြိုငြင်စေရန် သင်သည်ပင်လယ်သို့
၂၇။ သွား၍ငါးကိုမျှားလော့။ဦးစွာမိသောငါး၏ပါးစပ်ကို
ဖွင့်လျှင်ငွေဒင်္ဂါးတစ်ပြားကို တွေ့လိမ့်မည်။ထိုငွေကို
ယူ၍ သင်နှင့်ငါ့အတွက်အခွန်တော်ကိုသူတို့အားပေး
ဆောင်လော့ဟု မိန့်တော်မူ၏။

## အခန်းကြီး (၁၈)

## ကောင်းကင်နိုင်ငံတော်တွင်အကြီးမြတ်ဆုံးသူ

(မာ၊ ၉း၃၃–၃၇။ လု၊ ၉း၄၆–၄၈)

၁။ ထိုအချိန် တပည့်တော်တို့သည် သခင်**ယေရှု**အထံ
တော်သို့ ချဉ်းကပ်၍ကောင်းကင်နိုင်ငံတော်တွင်မည်
သူသည်အကြီးမြတ်ဆုံးပါဖြစ်သနည်းဟုမေးလျှောက်
၂။ ကြ၏။ သခင်**ယေရှု**သည် သူငယ်တစ်ယောက်ကို
အထံတော်သို့ခေါ်၍သူတို့၏အလယ်တွင်ထားလျှက်

၅/၁၇း၂၄ ဗိမာန်တော်ခွန်၊ အသက်နှစ်ဆယ်ကျော်ပြီးသော ဂျူးလူမျိုးတိုင်းသည် ပါစကားအချိန်၌ ဗိမာန်တော်သို့ အခွန်ငွေဒင်္ဂါတစ်ပြားစီကိုဆက်သရသည်။

မိန့်တော်မူသည်မှာသင်တို့အားငါအမှန်ဆိုသည်ကား၊
၃။ သင်တို့သည် အကျင့်ပြောင်းလဲ၍ သူငယ်များကဲ့သို့
မဖြစ်ကြလျှင် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရကြ
လိမ့်မည်မဟုတ်။
၄။ ဤသူငယ်ကဲ့သို့စိတ်နှိမ့်ချသောသူသည်ကောင်းကင်
နိုင်ငံတော်တွင် အကြီးမြတ်ဆုံးဖြစ်လိမ့်မည်။
၅။ ဤကဲ့သို့သောသူငယ်တစ်ယောက်ကိုငါ၏နာမတော်
၌လက်ခံသောသူသည်ငါ့ကိုလက်ခံ၏။

### အပြစ်သို့သွေးဆောင်ခြင်း

(မာ ၉၊ ၄၂–၄၈။ လု ၁၇၊ ၁–၂)

၆။ ငါ့ကိုယုံကြည်သော သူငယ် တစ်စုံတစ်ယောက်ကို
မှားယွင်းစေသောသူသည် မိမိလည်ပင်း၌ ကြိတ်ဆုံ
ကျောက်[၁]ကိုဆွဲလျှက်၊ပင်လယ်ရေနက်ထဲသို့ပစ်ချခံရ
၇။ လျှင် သူ့အတွက်သာ၍ ကောင်း၏။ မှားယွင်းစရာ
အကြောင်းများ ရှိသောကြောင့် ကမ္ဘာလောကသည်
အမင်္ဂလာရှိ၏။ မှားယွင်းစရာ အကြောင်းများကား
ရောက်ရမည်။ သို့သော် မှားယွင်းစရာအကြောင်းကို
၈။ ဖြစ်စေသောသူသည်အမင်္ဂလာရှိ၏။[၂] သင်၏လက်
သို့မဟုတ် ခြေသည် သင့်အားမှားယွင်းစေလျှင်
ထိုလက်၊ ထို ခြေကိုဖြတ်ပစ်လော့၊ လက်ခြေအစုံ
အလင်ရှိလျက် ထာဝရမီးထဲသို့ ပစ်ချခြင်းခံရသည်
ထက်ကိုယ်အင်္ဂါချို့တဲ့စွာဖြင့်ထာဝရအသက်ရှင်ခြင်းသို့
၉။ ဝင်ရသည်ကသာ၍ကောင်း၏။ သင်၏မျက်စိသည်
သင့်ကို မှားယွင်းစေလျှင် ထိုမျက်စိကိုထုတ်ပစ်
လော့။မျက်စိနှစ်လုံးစုံလင်လျက်ငရဲမီးထဲသို့ချခြင်းခံရ
သည်ထက်မျက်စိတစ်လုံးချို့တဲ့လျှက်ထာဝရအသက်
ရှင်ခြင်းသို့ ဝင်ရသည်ကသာ၍ ကောင်း၏။[၃]

### ပျောက်သောသိုး၏ပုံပမာ

(လု ၁၅း ၃–၇)

၁၀။ သင်တို့သည်ဤသူငယ်တို့တွင်တစ်စုံတစ်ယောက်ကို
မှုမထီမဲ့မြင်မပြုမိစေရန်သတိပြုကြလော့။[၄]အကြောင်း

**၁/၁၈း၆** ပါလက်စတိုင်းပြည်တွင် မြည်းများကို အသုံးပြု၍ ကြိတ်ဆုံကျောက်ကိုလှည့်ကြ၏။

**၂/၁၈း၈** လူတို့စိတ်၌ မကောင်းသောအကျင့်များကြောင့် အချို့တို့သည် သူတစ်ပါးကို မှားယွင်းစေတတ်ကြ၏။ သူတစ်ပါးကို မှားယွင်းစေသူသည် သူ့၌ ကြီးစွာသောတာဝန်ရှိ၏။ ထိုသူတို့၌ ဘေးကြီးစွာရောက်လိမ့်မည်။ အကြောင်းမူကား ဘုရားသခင်၏ကျေးဇူးတော်ကိုအမှီပြု၍ ထိုမကောင်းသောအကျင့်ကို ရှောင်နိုင်ကြ၏။

**၃/၁၈း၉** အဓိပ္ပာယ်ကား၊သင်သည်တစ်စုံတစ်ယောက်ကိုဖြစ်စေ၊ဥစ္စာပစ္စည်းကိုဖြစ်စေ၊နှမြောတပ်မက်ခြင်းကြောင့် ၎င်းသည်သင့်ကိုမှားယွင်းစေလျှင်ထိုသူသို့မဟုတ် ထိုပစ္စည်းကို သင်မှဖယ်ရှားပစ်လော့။

**၄/၁၈း၁၀** ဤကျမ်းချက်အပါအဝင်အခြားကျမ်းစာများနှင့်ရှေးထုံးသက်သေများအရ၊လူတို့ဖွားသည့်နေ့မှစ၍ သေသည့်တိုင်အောင်သူတို့ကိုကြည့်ရှုစောင့်ရှောက်ရန်ကောင်းကင်တမန်တစ်ပါးစီကို ခန့်ထားတော်မူကြောင်းထင်ရှား၏။ (ကမ္ဘာဦးကျမ်း ၄၈း၁၆၊ တမန်တော်ဝတ္ထု ၁၂း၁၅)

မူကား သင်တို့အားငါအမှန်ဆိုသည်ကားဤသူငယ်
တို့၏ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံရှင်
ငါ့ခမည်းတော်ကိုအစဉ်မပြတ်ဖူးမျှော်လျက်ရှိကြ၏။
၁၁။ (လူသားသည်ပျောက်ဆုံးနေသောသူတို့ကိုကယ်တင်
၁၂။ ရန်ကြွလာတော်မူခြင်းဖြစ်သည်။)သင်တို့မည်သို့ထင်
မှတ်ကြသနည်း၊ လူတစ်ယောက်တွင် သိုးတစ်ရာရှိ
သည်အနက် တစ်ကောင်လမ်းလွဲ၍ပျောက်သွားလျှင်
ကိုးဆယ့်ကိုးကောင်တို့ကိုတောင်ပေါ်တွင်ထားခဲ့ပြီးမှ
ပျောက်ဆုံးသော သိုးကိုသွား၍ရှာတတ်သည်မဟုတ်
၁၃။ လော။ သူသည်ထိုသိုးကိုရှာ၍ တွေ့ခဲ့သော်မပျောက်
ဆုံးသောသိုးကိုးဆယ့်ကိုးကောင်တို့ထက်ထိုသိုးတစ်
ကောင်အတွက်ပို၍ဝမ်းမြောက်ခြင်းရှိလိမ့်မည်ဟုသင်
၁၄။ တို့အား ငါအမှန်ဆို၏။ထိုနည်းတူကောင်းကင်ဘုံ၌
ရှိတော်မူသော သင်တို့အဘသည်ဤသူငယ်တို့တွင်
တစ်ယောက်ကိုမျှ ပျက်စီးစေခြင်းငှာအလိုတော်မရှိ။

## ညီအစ်ကိုအချင်းချင်းဆုံးမပဲ့ပြင်အပ်ကြောင်း

၁၅။ သင်၏ညီအစ်ကိုသည်သင့်ကိုပြစ်မှားမိလျှင်သူ့ထံသို့
သွား၍နှစ်ဉီးတည်း တွေ့ဆုံဆုံးမလော့၊သင်၏စကား
ကို သူနားထောင်လျှင်သင်သည်သင်၏ညီအစ်ကိုကို
၁၆။ ပြန်ရလေပြီ။ သို့မဟုတ် သူသည် သင်၏စကားကို
နားမထောင်လျှင်အခြားတစ်ဉီးသို့မဟုတ်နှစ်ဉီးတို့ကို
သင်နှင့်အတူခေါ်သွားလော့၊နှစ်ဉီးသို့မဟုတ်သုံးဉီးတို့
၏သက်သေအားဖြင့်သာ သင်ပြောသမျှ စကားတို့
သည်အတည်ဖြစ်လိမ့်မည်။
၁၇။ အကယ်၍ သူသည်ထိုသူတို့၏စကားကိုလည်းနားမ
ထောင်လျှင်အသင်းတော်အားတိုင်ကြားလော့၊အသင်း
တော်၏ စကားကိုလည်း သူနားမထောင်လျှင်ထိုသူ
အား လူမျိုး၊ ဘာသာခြားသူတစ်ယောက်သို့မဟုတ်
အခွန်ခံသူတစ်ယောက်အဖြစ်မှတ်ယူလော့။
၁၈။ သင်တို့အား ငါအမှန်ဆိုသည်ကားကမ္ဘာမြေပေါ်တွင်
သင်တို့ ချည်နှောင်သမျှသည်ကောင်းကင်ဘုံ၌ချည်
နှောင်လျက်ရှိမည်။ကမ္ဘာမြေပေါ်တွင်သင်တို့ဖြေလွှတ်
သမျှသည်ကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မည်၊

## အတူတကွဆုတောင်းခြင်း

၁၉။ တစ်ဖန် သင်တို့အားငါအမှန်ဆိုသည်ကားကမ္ဘာမြေ
တွင်သင်တို့အနက်၊နှစ်ဉီးသည်မည်သည့်အရာကိုမဆို
စိတ်တူသဘောတူတောင်းခံကြလျှင်ကောင်းကင်ဘုံ၌
ရှိတော်မူသောငါ၏ခမည်းတော်သည်သင်တို့အားပေး
၂၀။ တော်မူလိမ့်မည်။အကြောင်းမူကားလူနှစ်ဉီးသို့မဟုတ်
သုံးဉီးတို့သည်၊ ငါ၏နာမကိုအမှီပြု၍စုဝေးကြလျှင်
ထိုအရပ်၌ သူတို့အလယ်မှာငါရှိသည်ဟု မိန့်တော်
မူ၏။

## ခွင့်မလွှတ်သောကျွန်ပုံဉပမာ

၂၁။ ထိုအခါ **ပေတရု**သည် အထံတော်သို့ ချဉ်းကပ်၍
အရှင်ဘုရား တပည့်တော်၏ညီအစ်ကိုသည်တပည့်
တော်ကိုပြစ်မှားလျှင် သူ၏အပြစ်ကို အကြိမ်မည်မျှ
ခွင့်လွှတ်ရပါမည်နည်း။ ခုနစ်ကြိမ်တိုင်အောင်လော
၂၂။ ဟု မေးလျှောက်၏။ သခင်**ယေရှု**ကခုနစ်ကြိမ်တိုင်
အောင်မဟုတ်။အကြိမ်ခုနစ်ဆယ်ခုနစ်လီတိုင်အောင်[၅]
၂၃။ ခွင့်လွှတ်ရမည်ဟုငါဆို၏။ထို့ကြောင့်ကောင်းကင်နိုင်
ငံတော်ကို မိမိကျွန်များနှင့်စာရင်းရှင်းလိုသည့်ဘုရင်
၂၄။ တစ်ပါးနှင့်ပုံခိုင်းနိုင်၏။သူသည်စာရင်းစ၍ရှင်းသော
အခါ တာလင်တစ်သောင်း[၆]အကြွေးတင်သောလူတစ်
ယောက်ကို ရှေ့တော်သို့ ခေါ်ဆောင်ခဲ့ကြ၏။
၂၅။ ထိုသူသည်အကြွေးကိုမပေးဆပ်နိုင်သောကြောင့်မင်း
ကြီးကထိုသူနှင့်တကွ၊သားမယား၊ဉစ္စာပစ္စည်းရှိသမျှ
တို့ကိုရောင်းချ၍အကြွေးကိုပေးဆပ်ရမည်ဟုအမိန့်ချ
၂၆။ မှတ်လေမူ၏။ ထိုကျွန်မူကား ဒူးတုပ်ပျပ်ဝပ်လျှက်
ကျွန်တော့်ကိုသည်းခံတော်မူပါ၊ ရှိသမျှကိုကျွန်တော်
ဆပ်ပါမည်ဟုတောင်းပန်လေ၏။
၂၇။ မင်းကြီးသည် သူ့ကိုသနားသောကြောင့်ကြွေးရှိသမျှ
ကိုစာရင်းမှပယ်ဖျက်ပြီးလျှင် အကြွေးမှ လွှတ်လိုက်
လေ၏။
၂၈။ ထိုကျွန်မူကား ထွက်သွားစဉ်မိမိအပေါ်ဒေနာရီတစ်
ရာ[၇]အကြွေးတင်သော၊ ကျွန်အဖော်သားတစ်ယောက်
ကိုတွေ့လျှင်ထိုသူ၏လည်ပင်းကိုညှစ်လျှက်ပေးဆပ်
ရန် ရှိသည်ကိုပေးလော့ဟုဆို၏။
၂၉။ ထိုကျွန်ကလည်းပျပ်ဝပ်လျှက်ကျွန်တော်ကိုသည်းခံပါ
အကြွေးရှိသမျှကိုကျွန်တော်ဆပ်ပါမည်ဟုတောင်းပန်
၃၀။ လေ၏။သို့ရာတွင်ကြွေးရှင်သည်လက်မခံဘဲအကြွေး
ကျေသည့်တိုင်အောင်ထိုကျွန်ကိုထောင်ထဲမှာအကျဉ်း
၃၁။ ချထားလေ၏။ဤဖြစ်ရပ်ကိုအခြားသောကျွန်တို့မြင်
ကြလျှင်အလွန်ဝမ်းနည်းခြင်းရှိကြ၍ မိမိတို့သခင်ထံ
သို့သွားပြီးလျှင်ဖြစ်ပျက်သမျှကိုလျှောက်ထားကြလေ
၃၂။ ၏။ ထိုအခါမင်းကြီးသည် ထိုသူ့ကိုခေါ်၍ဆိုးယုတ်

---

**၅/၁၈း၂၂** ခုနစ်ဆယ်– ခုနစ်လီတိုင် ဟူသည်ကားအကြိမ်မည်မျှဟုမဆိုလို ထိုသူသည်ပြစ်မှားပြီး နောင်တရသဖြင့်တောင်းပန်သည့်အခါတိုင်းခွင့်လွှတ်ရမည်ဟုဆိုလိုသည်။

**၆/၁၈း၂၄** တာလင်တစ်သောင်းသည် မြောက်များလှစွာသောငွေပမာဏနှင့် ညီမျှ၏။ လူသည်အပြစ်ရှိလျှင် ဤမျှလောက်သော ကြီးမားသောအကြွေးကို ဘုရားသခင်အား ဆပ်ရန်ရှိ၏။ အကြောင်းမူကား ထိုကြွေးသည်မရေ မတွက် မနိူင်းဆနိုင်အောင်ရှိ၏။

**၇/၁၈း၂၈** ဒေနာရီတစ်ပြားသည်သာမန်အလုပ်သမားတစ်ယောက်၏နေ့စဉ် လုပ်အားခဖြစ်သည်။ ဤကျမ်းပိုဒ်၌ ဒေနာရီတစ်ရာသည်အနည်းငယ်သော ငွေကြေးပမာဏကို ဆိုလိုသည်။ အကြွေးပမာဏနှစ်ခု၏ ကွာခြားမှုကြီးမား ကြောင်းတင်ပြရခြင်းမှာ ဘုရားသခင်ထံမှကြီးမားသောခွင့်လွှတ်ခြင်းချမ်းသာ ကိုခံစားရသောသူသည်မိမိအပေါ်အနည်းငယ်မျှသောထိခိုက်မှုမျိုးကိုခွင့်လွှတ် ရန်ငြင်းဆန်သောကြောင့် မိုက်မဲယုတ်မာရာရောက်သည်ကိုရည်ညွှန်းပြောဆို ခြင်းဖြစ်သည်။

သောကျွန်၊ သင်သည်ငါ့ကိုတောင်းပန်သောကြောင့်
၃၃။ သင်၏အကြွေးကိုငါလွှတ်ခဲ့ပြီ။ငါသည်သင့်ကိုသနား
သကဲ့သို့ သင်သည်လည်းသင်၏အဖော်ကိုမသနား
၃၄။ အပ်သလောဟုမိန့်တော်မူ၏။ မင်းကြီးသည်အမျက်
ထွက်၍ ထိုကျွန်ကို အကြွေး ကျေသည့်တိုင်အောင်
အကျဉ်းချထားရန်အာဏာသားတို့လက်သို့အပ်လိုက်
၃၅။ လေ၏။သင်တို့သည်လည်းမိမိညီအစ်ကိုတို့၏အပြစ်
ကိုအတွင်း စိတ်မှခွင့်မလွှတ်လျှင် ကောင်းကင်ဘုံ၌
ရှိတော်မူသော ငါ၏အဘသည် ထို့နည်းတူ သင်တို့
အသီးသီးကို စီရင်တော်မူလိမ့်မည်ဟု မိန့်တော်မူ၏။

## အခန်းကြီး (၁၉)

## လင်မယားမကွာရှင်းအပ်ကြောင်း

၁၉း၁–၉ (မာ ၁၀း၁–၁၂၊ လု ၁၆း၁၈)

၁။ သခင်**ယေရှု**သည် ဤသို့ မိန့်တော်မူပြီးသောအခါ
**ဂါလိလေ**နယ်မှ ထွက်ခွာတော်မူ၍ **ဂျုဒေယ**နယ်စပ်
**ဂျော်ဒန်**မြစ်တဘက်ကမ်းသို့ ရောက်တော်မူ၏။
၂။ များစွာသောလူအစုအဝေးတို့သည်လည်းနောက်တော်
သို့လိုက်ကြ၍ ကိုယ်တော်သည်ထိုအရပ်၌ သူတို့၏
အနာရောဂါများကိုပျောက်ကင်းချမ်းသာစေတော်မူ၏။
၃။ **ဖာရိရှဲဦး**တို့သည်ကိုယ်တော်အထံတော်သို့ချဉ်းကပ်
ကြ၍ လူတစ်ဦးသည်မည်သည့် အကြောင်းကြောင့်
မဆို၊ မိမိ၏မယားနှင့် ကွာရှင်းအပ်သလောဟု
ကောက်ကျစ်သောဉာဏ်ဖြင့် စမ်းသပ်လို၍ မေး
လျှောက်ကြ၏။
၄။ ကိုယ်တော်ကလည်း ဖန်ဆင်းရှင်သည် အစအဦးက
ပင်လျှင် ယောကျ်ားနှင့် မိန်းမကိုဖန်ဆင်းတော်မူ၏
ဟူသောကျမ်းစကားကိုသင်တို့မဖတ်ဖူးကြသလော။
၅။ ဤအကြောင်းကြောင့် ယောကျ်ားသည်မိဘကိုစွန့်၍
မိမိခင်ပွန်းနှင့် ပေါင်းသင်းနေထိုင် ရလိမ့်မည်။
ထိုသူနှစ်ဦးသည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရ
လိမ့်မည်။
၆။ သို့ဖြစ်၍သူတို့သည် နှစ်ဦးမဟုတ်၊တစ်ဦးတည်းဖြစ်
၏။ဘုရားသခင်စုံဖက်ထားသည်ကိုလူသည်မကွဲကွာ
စေ နှင့်ဟု မိန့်တော်မူ၏။
၇။ **ဖာရိရှဲဦး**တို့ကလည်း ထိုသို့ဖြစ်လျှင် **မိုးဇက်**သည်
အဘယ်ကြောင့်ဖြတ်စာပေး၍ကွာစေခြင်းငှာပညတ်ခဲ့
၈။ ပါသနည်းဟု မေးလျှောက်ကြသော်၊ ကိုယ်တော်က
သင်တို့ စိတ်နှလုံးခက်ထန်သောကြောင့် မယားနှင့်
ကွာရှင်းရန်အခွင့်ကို **မိုးဇက်**က ပညတ်ထားခဲ့သည်
၉။ အစအဦး၌မူကား ဤကဲ့သို့မဟုတ်။ သင်တို့အား
ငါအမှန်ဆိုသည်ကားဇနီးသည်၏အကျင့်ဖောက်ပြား
သည့် အပြစ်မှတစ်ပါး အခြားမည်သည့်အကြောင်း
ကြောင့်မဆိုသူမအားကွာရှင်း၍အခြားအမျိုးသမီးတစ်
ယောက်နှင့်ပေါင်းသင်းနေထိုင်သူသည်မိမိဇနီးကိုပြစ်
မှား၏[၁] ဟုမိန့်တော်မူ၏။

## အိမ်ထောင်ပြုခြင်းနှင့် ကညာစင်ဘဝ

၁၀။ တပည့်တော်တို့ကလည်းဇနီးနှင့်ခင်ပွန်းတို့၏ပေါင်း
သင်းနေထိုင်ခြင်းသည် ဤသို့ဖြစ်ပါလျှင်အိမ်ထောင်
မပြုဘဲနေသည်ကသာ၍ကောင်းပါ၏ဟုလျှောက်ကြ
၁၁။ ၏။ ကိုယ်တော်ကဤစကားကိုလူတိုင်းလက်ခံနိုင်
သည်မဟုတ်၊ဘုရားသခင်၏ကျေးဇူးတော်ကိုရရှိသူ
၁၂။ များသာလျှင် လက်ခံနိုင်ကြ၏။ အချို့သောသူတို့
သည်အမိဝမ်းတွင်းကပင်[၂] အိမ်ထောင်ပြုနိုင်စွမ်း
မရှိကြ။ အချို့တို့မှာ လူတို့ဖန်တီးမှုကြောင့်
အိမ်ထောင်ပြုရန် မစွမ်းနိုင်ကြ၊အချို့တို့သည်
ကောင်းကင်နိုင်ငံတော်အတွက် မိမိအလိုကို
ငြင်းပယ်၍ အိမ်ထောင်မပြုကြ။ ဤသွန်သင်ချက်
ကိုလက်ခံနိုင်သူသည်လက်ခံပါစေဟုမိန့်တော်မူ၏။

## ကလေးသူငယ်များကိုကောင်းကြီး ပေးတော်မူခြင်း

(မာကု ၁၅း၁၃–၁၆၊ လု ၁၈း၁၅–၁၇)

၁၃။ ထိုအခါကလေးသူငယ်တို့အပေါ်မှာလက်တော်တင်၍
ဆုတောင်းစေရန်သူတို့ကိုကိုယ်တော်အထံတော်သို့ယူ

---

**၁/ ၁၉း၉** ဤကျမ်းချက်ကို နားလည်စေရန်အတွက်လင်မယားကွာရှင်းခြင်းနှင့်ဆိုင်သောအခြားကျမ်းချက်များနှင့်လည်း နှိုင်းယှဉ်ရမည်။မာကုနှင့်လုကာဧဝံဂေလိကျမ်းများ၌ အကြောင်းပြချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊လင်မယားကွာရှင်းခြင်းအကြောင်းကိုလုံးလုံးလျားလျားတားမြစ်၏။(မာကု၁၀း၁၁၊ လုကာ–၁၆း၁၈။) မာတေဦးကျမ်း၌မူကား ‘အကျင့်ဖောက်ပြားသည့်အပြစ်မှတစ်ပါး’ဟုဆိုရာ၌ သခင်ယေရှုသည်လင်ခန်း၊မယားခန်းပြတ်စဲခြင်းကိုခွင့်ပြုတော်မူသည်ဟုဆိုလိုခြင်းမဟုတ်၊ အိမ်ထောင်ရေးသစ္စာဖောက်ခြင်းကြောင့်လင်မယားတို့သည် အတူမနေဘဲ ခွဲနေနိုင်ခြင်းကိုသာ အခွင့်ပြုတော်မူသည်။ ထို့ကြောင့် ဤကဲ့သို့ခွဲနေသောအမျိုးသမီးကိုယူသောသူသည်သူတစ်ပါးသားမယားကို ပြစ်မှားရာရောက်၏ဟု မိန့်တော်မူ၏။ ဤအချက်နှင့်ပတ်သက်၍ သံပေါလုက ခင်ပွန်းရှိသောသူတို့အားငါပြောစရာရှိ၏။သခင်ဘုရားသွန်သင်တော်မူသည်ကား ဇနီးသည်သည် ခင်ပွန်းနှင့်မခွါစေနှင့်။ ခွါလျှင်(အတူနေ၊ အတူစားခြင်း၌)ခင်ပွန်းမရှိဘဲနေစေ သို့မဟုတ်လျှင် မိမိခင်ပွန်းသည်လည်း မိမိဇနီးသည်ကို မစွန့်ပစ်နှင့်။ဇနီးသည်သည်မိမိခင်ပွန်းအသက်ရှိသမျှကာလပတ်လုံး၊ တရားနှင့်ချည်နှောင်လျက်ရှိ၏။မိမိခင်ပွန်းသေဆုံးလျှင်မူကားလွတ်လပ်သည်ဖြစ်၍၊ ဘုရားသခင်အလိုတော်နှင့်အညီ မိမိအလိုရှိသောခင်ပွန်းကိုယူစေဟုဆို၏။ (၁ကော ၇း၁၀–၃၉)

**၂/ ၁၉း၁၂** (မာတေဦး၁၉း၁၂)“ယူနွတ်”၏အဓိပ္ပာယ်မှာဂရိဘာသာစကားအရ အိမ်ထောင်ပြုနိုင်ရန် စွမ်းရည်မပါရှိသောသူ၊မယားသားနေခြင်းကိုရှောင်ကြည်သောသူ၊ရှေးဘုရင့်နန်းတော်များတွင်မိန်းမစိုးရာထူးဖြင့်နေရသောသူကိုခေါ်၏၊ အမိဝမ်းတွင်းမှပင် အိမ်ထောင်ပြုနိုင်ရန် စွမ်းရည်မရှိသူကိုဆိုလို သည်။

အချို့တို့မှာ လူတို့က အိမ်ထောင်ပြုနိုင်ရန် စွမ်းရည်ကိုဖျက်ဆီးလိုက်သောကြောင့်အိမ်ထောင်ပြု၍မရကြချေ။

အချို့တို့မှာ ကောင်းကင်နိုင်ငံအတွက်အိမ်ထောင်ပြုနိုင်သောစွမ်းရည်ကို ဆက်ကပ်ပူဇော်ကြ၏။

၁၄။ ဆောင်ခဲ့ကြ၏။ တပည့်တော်တို့မူကား ထိုသူတို့ကို
တားမြစ် ပိတ်ပင်ကြ၏။ သခင်**ယေရှု**က ကလေး
သူငယ်တို့ငါ့ထံလာကြပါစေ။ သူတို့ကိုမဆီးတားကြ
နှင့်။ ဘုရားသခင်၏နိုင်ငံတော်သည်ဤကဲ့သို့သော
၁၅။ သူတို့၏နိုင်ငံဖြစ်၏ဟု မိန့်တော်မူ၏။ ကိုယ်တော်
သည်ကလေးသူငယ်တို့အပေါ်မှာ လက်တော်ကိုတင်
ပြီးနောက်ထိုအရပ်မှ ထွက်ကြွသွားတော်မူ၏။

## ကြွယ်ဝချမ်းသာသောလူငယ်တစ်ဦး

(မာကု၊၁၀း၁၇–၃၁။လု၊ ၁၈း၁၈–၃၀)

၁၆။ လူတစ်ယောက်သည် အထံတော်သို့ချဉ်းကပ်၍ဆရာ
သခင်၊ ထာဝရအသက်ကို ရအံ့သောငှာ ကျွန်တော်
သည်မည်သို့သော ကောင်းမှုကို ပြုရပါမည်နည်းဟု
၁၇။ မေးလျှောက်၏။ကိုယ်တော်ကသင်သည်ကောင်းမြတ်
ခြင်းအကြောင်းကိုငါ့အားအဘယ်ကြောင့်မေးသနည်း၊
ကောင်းမြတ်သော အရှင်တစ်ပါးတည်းသာရှိ၏။[၃]
၁၈။ သင်သည်ထာဝရအသက်ရှင်ခြင်းကိုရလိုလျှင်ပညတ်
တော်များကိုစောင့်ထိမ်းလော့ဟုမိန့်တော်မူ၏။
ထိုသူက အဘယ်ပညတ်နည်း ဟုလျှောက်လျှင်
သခင်**ယေရှု**ကသူ့အသက်ကိုမသတ်နှင့်၊ သူ့မယား
ကိုမပြစ်မှားနှင့်၊ သူ့ဥစ္စာကိုမခိုးယူနှင့်။
၁၉။ မဟုတ်မမှန်သက်သေမခံနှင့်။မိဘတို့ကိုရိုသေလော့၊
နီးစပ်သောသူကို မိမိကိုယ်ကိုချစ်သကဲ့သို့ချစ်လော့
၂၀။ ဟုမိန့်တော်မူ၏။ ထိုလူငယ်ကလည်းဤပညတ်အား
လုံးကိုကျွန်တော်စောင့်ထိန်းခဲ့ပါပြီ၊မည်သည့်အရာလို
ပါသေးသနည်းဟု ပြန်လည်လျှောက်ထား၏။
၂၁။ သခင်**ယေရှု**က သင်သည် စုံလင်ခြင်းသို့ရောက်လို
လျှင် သွား၍သင်၌ရှိသည့်ဥစ္စာကို ရောင်းချပြီးလျှင်
ဆင်းရဲသားတို့အား ပေးကမ်းစွန့်ကြဲလော့။ဤသို့ပြု
လျှင်သင်သည်ကောင်းကင်ဘုံ၌ဘဏ္ဍာကိုရလိမ့်မည်
ထိုသို့ စွန့်ကြဲပြီးသောအခါငါ့နောက်သို့လိုက်လော့[၄]
၂၂။ ဟု မိန့်တော်မူ၏။ လုလင်သည် ဤစကားများကို
ကြားလျှင်စိတ်ညှိုးငယ်၍ထွက်သွားလေ၏။အဘယ်
ကြောင့်ဆိုသော် ထိုလူငယ်သည်ဥစ္စာများစွာကြွယ်ဝ
၂၃။ သောသူဖြစ်၏။ သခင်**ယေရှု**ကတပည့်တော်တို့အား
မိန့်တော်မူသည်မှာသင်တို့အားငါအမှန်ဆိုသည်ကား
ဥစ္စာကြွယ်ဝသောသူ[၅]သည်ကောင်းကင်နိုင်ငံတော်သို့
၂၄။ ဝင်ရန် ခဲယဉ်းလှ၏။ တစ်ဖန်ငါဆိုသည်ကားဥစ္စာ
ကြွယ်ဝသော သူသည်ကောင်းကင်နိုင်ငံတော်သို့ဝင်
ခြင်းထက်ကုလားအုပ်သည်အပ်နဖါးကိုလျှိုဝင်ရခြင်း
၂၅။ ကပို၍လွယ်၏ဟု မိန့်တော်မူ၏။ တပည့်တော်တို့
သည် ဤအရာကို ကြားသောအခါအလွန်အံ့ဩကြ
လျက်သို့ဖြစ်လျှင်မည်သူသည်ကယ်တင်ခြင်းကိုရနိုင်
၂၆။ ပါမည်နည်းဟုမေးလျှောက်ကြ၏။သခင်**ယေရှု**သည်
သူတို့ကိုကြည့်တော်မူ၍ မိန့်တော်မူသည်ကား ဤ
အရာကိုလူတို့မတတ်နိုင်။သို့သော်ဘုရားသခင်မူကား
ခပ်သိမ်းသောအရာတို့ကို တတ်နိုင်တော်မူ၏ဟုမိန့်
၂၇။ တော်မူ၏။ထိုအခါ**ပေတရု**ကတပည့်တော်တို့သည်ရှိ
သမျှကိုစွန့်၍ကိုယ်တော်၏နောက်တော်သို့လိုက်ခဲ့ကြ
ပါပြီ၊ သို့ဖြစ်လျှင်တပည့်တော်တို့သည်မည်သည့်ဆု
လာဘ်ကို ရကြပါမည်နည်းဟု လျှောက်၏။
၂၈။ သခင်**ယေရှု**က ငါအမှန်ဆိုသည်ကား လူအားလုံး
ရှင်ပြန်ထမြောက်သည့် ကာလ၌ လူသားသည်
ဘုန်းကျက်သရေနှင့် ပြည့်စုံသော ပလ္လင်ပေါ်မှာ
ထိုင်လျက် **အစ္စရေးလ်**လူမျိုး တစ်ဆယ့်နှစ်မျိုးကို
တရားစီရင်လိမ့်မည်။[၆]
၂၉။ မည်သူမဆို ငါ၏နာမကြောင့် အိမ်၊မြေ၊ညီအစ်ကို၊
နှမအစ်မ၊ မိဘ၊ သားသမီးတို့ကိုစွန့်လွှတ်ခဲ့ပါလျှင်
ဆုလာဘ်အဆတစ်ရာကိုရလိမ့်မည်၊ ထာဝရအသက်
၃၀။ ရှင်ခြင်းကိုလည်းအမွေခံရလိမ့်မည်။ပထမဦးဆုံးသော
သူတို့သည် နောက်ဆုံးဖြစ်ကြလိမ့်မည်။ နောက်ဆုံး
သောသူတို့သည်ပထမဦးဆုံးဖြစ်ကြလိမ့်မည်။

## အခန်းကြီး (၂၀)

## စပျစ်ဥယျာဉ်အလုပ်သမားတို့၏ပုံဥပမာ

၁။ ကောင်းကင်နိုင်ငံတော်ကိုမိမိစပျစ်ဥယျာဉ်တွင်အလုပ်
လုပ်မည့်သူတို့ကိုငှားရန် နံနက်စောစော ထွက်သွား
၂။ သော ဥယျာဉ်ပိုင်ရှင်နှင့် ပုံခိုင်းနှိုင်းနိုင်၏။[၁]သူသည်
အလုပ်သမားများအားတနေ့လျှင်**ဒေနာရီ**တစ်ပြား[၂]စီ
ပေးရန် သဘောတူပြီး မိမိစပျစ်ဥယျာဉ်သို့သူတို့ကို

**၃/၁၉း၁၂** ကောင်းမြတ်သော အရှင်တစ်ပါးတည်းသာ ရှိတော်မူ၏။ဘုရားသခင်သာလျှင် ဓာတိပကတိအားဖြင့် ကောင်းမြတ်တော်မူ၏။ လူမည်သည်ကားအပြစ်ဒုစရိုက်မကောင်းမှုဘက်သို့ယိမ်းယိုင်နိုင်၏။သို့သော်ကျေးဇူးတော်အားဖြင့်မူ ကောင်းခြင်းသို့ရောက်နိုင်၏။

သခင်ယေရှုသည်ကောင်းမြတ်သောဂုဏ်နှင့်ထိုက်တန်သော်ငြားလည်း၊ ခမည်းတော်၏ဂုဏ်တော်ကိုသာ ချီးမွမ်းလိုတော်မူ၏။ ကျွန်ုပ်တို့သည် လည်းကိုယ်တော်ကို အတုယူ၍ထိုကဲ့သို့ကျင့်ရန်ဖြစ်၏။

**၄/၁၉း၂၁** ဤသည်မှာ ပညတ်တော်မဟုတ်ပါ။ကျင့်စဉ်တစ်ခုသာဖြစ်သည်သို့ဖြစ်၍ ဤကျင့်စဉ်ကိုမလိုက်လျှင်အပြစ်မရှိပါ မွန်မြတ်သောအကျင့်၊ကျင့်ဖွယ်ကောင်းသောပါရမီလမ်းကို ညွှန်ပြခြင်းဖြစ်သည်။

**၅/၁၉း၂၃** ဥစ္စာကြွယ်ဝသောသူဟုဆိုရာ၌ဥစ္စာပေါ်များကြွယ်ဝသူတိုင်းကိုဆိုလိုသည်မဟုတ်၊ဥစ္စာပစ္စည်းပေါ်များလျှက်တရားတော်နှင့်ညီလျော်စွာသုံးစွဲခြင်းမရှိသူကိုဆိုလိုသည်။

**၆/၁၉း၂၈** လူအားလုံး ရှင်ပြန်ထမြောက်မည့်ကာလ၌ လူအားလုံးသည် ခန္ဓာကိုယ်ရောဝိညာဉ်ပါ အသစ်မွေးဖွားသကဲ့သို့ဖြစ်လိမ့်မည်။ အစ္စရေးလ် လူမျိုးတစ်ဆယ့်နှစ်စုဆိုသည်မှာ လူအပေါင်းတို့ကိုဆိုလိုသည်။

**၁/၂၀း၁** စပျစ်ဥယျာဉ်ပိုင်ရှင်ကားဘုရားသခင်။စပျစ်ဥယျာဉ်၌အလုပ်လုပ်ရန်ငှါးရမ်းခံရသောလုပ်သားများသည်ကား လူတို့ဖြစ်ကြ၏။

**၂/၂၀း၂** ဒေနာရီတစ်ပြားသည် သာမန်လုပ်သားတစ်ဦး၏ တစ်နေ့တာလုပ်အားခ။ ဤကျမ်းပိုဒ်၌မူကား ၎င်းသည်ထာဝရအသက်ချမ်းသာဟုဆိုလို

၃။ စေလွှတ်လိုက်၏။ သူသည် နံနက်ကိုးနာရီခန့်တွင်
ထွက်သွားရာဈေးအပြင်၌အခြားသူများအလုပ်မရှိဘဲ
၄။ ရပ်နေသည်ကိုမြင်လျှင်သူတို့အားသင်တို့သည်လည်း
ငါ့စပျစ်ဥယျာဉ်သို့သွားကြလော့၊ထိုက်သင့်သောအခ
ကိုငါပေးမည်ဟုဆိုသော်ထိုသူတို့သည်လည်းသွားကြ
၅။ ၏။ တဖန် မွန်းတည့်အချိန်၌လည်းကောင်း၊မွန်းလွဲ
သုံးနာရီအချိန်၌လည်းကောင်း၊သူသည်ထွက်သွားပြန်
၆။ ၍ထိုနည်းတူပြု၏။ ညနေ ငါးနာရီ[၂]အချိန်၌သူသည်
ထွက်သွားပြန်လျှင်အခြားသော သူတို့ရပ်နေသည်ကို
တွေ့၍ သင်တို့သည်တစ်နေ့လုံးအလုပ်မလုပ်ဘဲဤ
အရပ်မှာအဘယ်ကြောင့်ရပ်နေကြသနည်းဟုမေးလေ
၇။ ၏။ထိုသူတို့က ကျွန်တော်တို့ကိုမည်သူမျှမငှါးသော
ကြောင့် ဖြစ်ပါသည်ဟု ဖြေကြသော်သင်တို့သည်
လည်းငါ့စပျစ်ဥယျာဉ်သို့သွားကြလော့ဟုဆိုလေ၏။
၈။ ညနေ အလုပ်သိမ်းသောအခါ ဥယျာဉ်ရှင်ကမိမိငွေ
ထိန်းအားပြောသည်မှာ အလုပ်လုပ်သူများအားခေါ်
လော့၊ နောက်ဆုံးအလုပ်ဝင်သူတို့မှစ၍ပထမဆုံးဝင်
သူများ တိုင်အောင် လုပ်ခကို ပေးလော့ဟု ဆို၏။
၉။ သို့ဖြစ်၍ညနေငါးနာရီအချိန်တွင် အလုပ်ဝင်သောသူ
တို့လာကြသောအခါသူတို့သည်ဒေနာရီတစ်ပြားစီရ
၁၀။ ရှိကြ၏။ ပထမဆုံးအလုပ်ဝင်သောသူတို့အလှည့်သို့
ရောက်သောအခါသူတို့သည်ပို၍ရမည်ဟုထင်မှတ်ခဲ့
ကြ၏။သို့ရာတွင်သူတို့သည်လည်းဒေနာရီတစ်ပြား
၁၁။ စီကိုသာရရှိကြသဖြင့်၊ဥယျာဉ်ပိုင်ရှင်အားမကျေမနပ်
၁၂။ ပြောဆိုကြသည်မှာ၊နောက်ဆုံးအလုပ်ဝင်သောဤသူ
တို့မှာတစ်နာရီမျှသာအလုပ်လုပ်ကြသော်လည်းအရှင်
သည်သူတို့အားတစ်နေ့လုံးနေပူဆင်းရဲခံရသောကျွန်
တော်တို့နှင့်တန်းတူပြုပါပြီတကားဟုဆိုကြ၏။
၁၃။ အလုပ်ရှင်ကလည်း ထိုသူတို့အနက်တစ်ဦးအား
မိတ်ဆွေ၊ငါသည်သင့်အပေါ်မတရားပြုသည်မဟုတ်၊
သင်သည် ဒေနာရီ တစ်ပြားဖြင့် အလုပ်လုပ်ရန်
၁၄။ ငါနှင့်သဘောတူခဲ့သည်မဟုတ်လော။ သင်၏လုပ်
အားခကိုယူ၍သွားလော့။နောက်ဆုံးဝင်သောဤသူ
၁၅။ အားလည်း၊ သင်နှင့် အညီအမျှပေးခြင်းငှာငါအလို
ရှိ၏၊ငါပိုင်ဆိုင်သည့်အရာကိုငါအလိုရှိသည့်အတိုင်း၊
ပြုပိုင်ခွင့်မရှိပါသလော။ ငါသည် ရက်ရောသော
ကြောင့် သင်မနာလိုဝန်တိုစိတ်ရှိသလောဟုဆို၏။
၁၆။ ထိုနည်းတူနောက်ဆုံးသော သူတို့သည်ပထမဦးဆုံး
ဖြစ်ကြလိမ့်မည်ပထမဦးဆုံးသောသူတို့သည်နောက်
ဆုံးဖြစ်ကြလိမ့်မည်၊ အကြောင်းမူကား ခေါ်တော်မူ
ခြင်းခံရသူများသော်လည်းရွေးကောက်ခြင်းခံရသော
သူနည်း၏ဟု ကိုယ်တော်မိန့်တော်မူ၏။

## သေခြင်းနှင့်ရှင်ပြန်ထမြောက်တော်မူခြင်းကို တတိယအကြိမ်ကြိုတင်ဟောတော်မူခြင်း

(မာကု ၁၀:၃၂-၃၄။ လု ၁၈း ၃၁-၃၄)

၁၇။ သခင်ယေရှုသည် **ဂျေရုဆလင်**မြို့သို့ ကြွမြန်းတော်
မူစဉ် တပည့်တော်တစ်ဆယ့်နှစ်ပါး တို့ကိုသီးခြား
ခေါ်တော်မူ၍ငါတို့သည်**ဂျေရုဆလင်**မြို့သို့ယခုခရီး
ပြုနေကြ၏
၁၈။ ထိုမြို့တွင် လူသားသည် ရဟန်းအကြီးအကဲတို့နှင့်
ကျမ်းတတ်ဆရာတို့လက်သို့အပ်နှံခြင်းခံရလိမ့်မည်၊
သူတို့ သည်သူ့ကိုသေဒဏ်စီရင်ကြလိမ့်မည်။
၁၉။ ထို့နောက် သူတို့သည်သူ့အားပျက်ရယ်ပြုခြင်း၊ရိုက်
နှက်ခြင်း၊ လက်ဝါးကပ်တင်ခြင်းတို့ကို ပြုစေရန်၊
လူမျိုးခြားတို့ လက်သို့အပ်နှံကြလိမ့်မည်၊ သုံးရက်
မြောက်သောနေ့တွင် သူသည် ရှင်ပြန်ထမြောက်
လိမ့်မည်ဟုမိန့်တော်မူ၏။

## ယာကုပ်နှင့်ယောဟန်တို့မိခင်၏တောင်းခံချက်

(မာကု ၁၀:၃၅-၄၅၊ လု ၂၂:၂၅-၂၇)

၂၀။ ထို့နောက် **ဇေဗေဒဦး**သားများ၏မိခင်[၄]သည် မိမိ
သားတို့နှင့်အတူအထံတော်သို့ချဉ်းကပ်၍ပျပ်ဝပ်လျက်
ဆုကျေးဇူးတစ်ခုကိုပေးသနားပါရန်တောင်းလျှောက်
၂၁။ လေ၏။ ကိုယ်တော်ကသင်သည်မည်သည့်အရာကို
အလိုရှိသနည်းဟုမေးတော်မူလျှင်သူမကကိုယ်တော်
၏နိုင်ငံတော်၌ တပည့်တော်မ၏သား ဤသူနှစ်
ယောက်တို့သည်လက်ယာဘက်မှာတစ်ယောက်လက်
ဝဲဘက်မှာတစ်ယောက်ထိုင်ခွင့်ရစေရန်အမိန့်ရှိတော်မူ
၂၂။ ပါဟု ပန်ကြား၏။ သခင်**ယေရှု**ကလည်း သင်တို့
တောင်းသောအရာကို သင်တို့မသိကြ[၅]၊ ငါသောက်
လတ္တံ့သောခွက်ကိုသင်တို့ သောက်နိုင်ကြသလော[၆]
ဟုမေးတော်မူလျှင် သောက်နိုင်ပါ၏ ဟုပြန်
လျှောက်ကြ၏။
၂၃။ ကိုယ်တော်ကလည်းငါ၏ခွက်ကိုသင်တို့သောက်ကြရ
လိမ့်မည်မှန်၏။ သို့သော် ငါ၏လက်ယာဘက်နှင့်

---

၏။ ထိုထာဝရအသက်ချမ်းသာကို အလုပ်လုပ်သော လူတိုင်းခံစားပိုင်ခွင့်ရှိသည်။

**၃/ ၂၀း၆** ဘုရားသခင်သည်အလုပ်လုပ်မည့်သူများကိုအကြိမ်ကြိမ် အခါခါ ဖိတ်ခေါ်တော်မူ၏။ ကမ္ဘာဦးမှစ၍ ယနေ့တိုင်အောင်အချို့ကိုကလေးအရွယ်၌ အချို့ကို လူပျိုအရွယ်၌၊ အချို့တို့ကိုလူကြီးအရွယ်၌၊ အချို့တို့ကို သေခါနီး အချိန်၌ခေါ်တော်မူ၏။

**၄/ ၂၀း၂၀** ယာကုပ်နှင့်ယောဟန်တို့၏မိခင်။

**၅/ ၂၀း၂၂** ကိုယ်တော်သည် မိခင်ဖြစ်သူကိုပြောခြင်းမဟုတ်၊ သူမ၏သားများကိုသာပြောခြင်းဖြစ်၏။ အကြောင်းမူကားသူတို့သည်မိမိတို့မိခင်ကိုကိုယ်တော်ထံတောင်းလျှောက်စေခိုင်းသည့်လက္ခဏာရှိ၏။

**၆/ ၂၀း၂၂** ငါသောက်လတ္တံ့သောခွက်ဆိုသည်ကား ငါခံထမ်းမည့်ဒုက္ခကိုဆိုလိုသည်။

လက်ဝဲဘက်မှာထိုင်ရသောအခွင့်ကို[၇]မူကားငါပေးပိုင်
ခွင့်မရှိ။ဤအခွင့်သည်ငါ၏ခမည်းတော်ပြင်ဆင်ထား
ပြီးသောသူတို့အတွက်သာဖြစ်သည်ဟုမိန့်တော်မူ၏။
၂၄။ အခြားသော တပည့်တော် ဆယ်ပါးတို့သည် ထို
အကြောင်းကိုကြားကြလျှင်ညီအစ်ကို နှစ်ယောက်တို့
အပေါ်မကျေမနပ်ဖြစ်ကြ၏။
၂၅။ သို့သော်သခင်**ယေရှု**ကသူတို့ကိုအထံတော်သို့ခေါ်၍
မိန့်တော်မူသည်မှာ လူမျိုးခြားတို့၏ဘုရင်များသည်
တိုင်းသူ ပြည်သားများအပေါ် အစိုးတရပြုတတ်ကြ
သည်ကိုလည်းကောင်း၊ အကြီးအကဲဖြစ်သူတို့သည်
မိမိတို့လက်အောက်ခံများအပေါ်ဩဇာအာဏာသက်
ရောက်စေတတ်ကြသည်ကိုလည်းကောင်းသင်တို့သိ
၂၆။ ကြ၏။သင်တို့တွင်မူကား ထိုသို့မဖြစ်စေရ။သင်တို့
အနက် အကြီးအကဲဖြစ်လိုသော သူသည်သင်တို့၏
၂၇။ အစေခံဖြစ်ရမည်။ သင်တို့တွင်ပထမဦးဆုံးနေရာကို
ယူလိုသောသူသည်သင်တို့၏ကျွန်ဖြစ်ရမည်။
၂၈။ လူသားသည် သူတစ်ပါးကိုစေခိုင်းခြင်းငှာ မဟုတ်၊
အစေခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကို စွန့်၍
လူအများကို ကယ်တင်ခြင်းငှာလည်းကောင်းကြွလာ
တော်မူသည်ဟုမိန့်တော်မူ၏။

## ဂျေရီခိုမြို့မှမျက်မမြင်နှစ်ဦး

(မာကု ၁၀း၄၆–၅၂။ လု ၁၈း၃၅–၄၃)

၂၉။ သခင်**ယေရှု**နှင့် တပည့်တော်တို့သည် **ဂျေရီခို**မြို့မှ
ထွက်သွားကြစဉ်တွင်များစွာသောလူအစုအဝေးသည်
၃၀။ နောက်တော်သို့ လိုက်ကြ၏။ သခင်**ယေရှု**ကြွလာ
တော်မူကြောင်းကို လမ်းဘေးတွင်ထိုင်နေသောမျက်
မမြင်နှစ်ယောက်တို့သည်ကြားကြလျှင်အရှင်၊**ဒေးဗစ်**
၏သားတော်၊တပည့်တော်တို့ကိုကယ်မသနားတော်မူ
ပါဟု အော်ဟစ်ကြ၏။
၃၁။ လူအစုအဝေးတို့သည် ထိုသူတို့အား ဆိတ်ဆိတ်နေ
ရန်ငေါက်ငမ်းပြောဆိုကြသော်လည်းသူတို့ကသခင်၊
**ဒေးဗစ်**၏သားတော်၊တပည့်တော်တို့ကိုကယ်မသနာ
း တော်မူပါဟုပို၍ကျယ်လောင်စွာ ဟစ်အော်ကြ၏။
၃၂။ သခင်**ယေရှု**သည်လည်း ခေတ္တရပ်တော်မူ၍ ထိုသူ
တို့အား အထံတော်သို့ ခေါ်တော်မူပြီးလျှင် သင်တို့
အတွက် မည်သည့်အရာကို ငါပြုစေလိုသနည်းဟု
၃၃။ မေးတော်မူသော်၊ အရှင်၊တပည့်တော်တို့အားမျက်စိ
ပြန်၍မြင်စေတော်မူပါဟု လျှောက်ကြ၏။
၃၄။ သခင်**ယေရှု**သည်လည်းသနားကရုဏာသက်တော်မူ
၍ထိုသူတို့၏မျက်စိများကိုလက်တော်ဖြင့်တို့ထိတော်
မူ၏။ ထိုခဏချင်းတွင်သူတို့၏မျက်စိများမြင်ကြ၍

---

**၇/ ၂၀း၂၃** ငါ၏လက်ယာဘက်၊လက်ဝဲဘက်မှာထိုင်ရသောအခွင့်။ထိုအခွင့်ကိုငါ၏ခမည်းတော်ရွေးကောက်သောသူတို့ကိုသာ ငါပေးနိုင်၏။

နောက်တော်သို့ လိုက်ကြ၏။

## အခန်းကြီး (၂၁)
## ဂျေရုဆလင်မြို့သို့ကြီးကျယ်ခမ်းနားစွာ ကြွဝင်တော်မူခြင်း

(မာကု ၁၁း၁–၁၁။ လု ၁၉း၂၈–၄၀။ယော ၁၂း၁၂–၁၉)

၁။ သခင်**ယေရှု**နှင့်တပည့်တော်တို့သည်**ဂျေရုဆလင်**မြို့
အနီးသို့ချဉ်းကပ်လာကြရာ **သံလွင်**တောင်ခြေရှိ
**ဘက်ဖာဂျေ**ရွာသို့ ရောက်ကြ၏။ ထိုအခါကိုယ်
တော်သည် တပည့်တော်နှစ်ပါးကိုစေလွှတ်တော်မူ၍
၂။ သူတိုအားမိန့်တော်မူသည်ကား၊ သင်တို့ ရှေ့တွင်ရှိ
သောရွာသို့သွားကြလော့၊ ချက်ချင်းပင်သင်တို့သည်
တိုင်တွင် ချည်ထားသောမြည်းမတစ်ကောင်ကိုမြည်း
ကလေးနှင့်အတူ[၁]တွေ့လိမ့်မည်။ ကြိုးကိုဖြေ၍မြည်း
၃။ များကိုငါ့ထံသို့ယူဆောင်ခဲ့ကြလော့။အကယ်၍တစ်စုံ
တစ်ယောက်ကသင်တို့အားတစ်စုံတစ်ခုပြောဆိုလျှင်
သခင် အလိုရှိသည်ဟု ပြန်ဖြေကြလော့။ ထိုအခါ
သူသည်ချက်ချင်းပေးလိုက်လိမ့်မည်ဟူ၍မိန့်မှာတော်
၄။ မူ၏။ဤဖြစ်ရပ်သည်ပရောဖက်ဟောထားချက်ပြည့်စုံ
၅။ မည့်အကြောင်းတည်း၊ဟောထားချက်သည်ကား**ဇီအုံ**
သမီး[၂]အားပြောကြားလော့၊သင်၏ရှင်ဘုရင်သည်နှိမ့်
ချလျှက်၊ မြည်းမနှင့်ဝန်စည်တင်သောမြည်း၏သား
ငယ်ကိုစီး၍၊ သင့်ထံသို့ လာသည်ကိုကြည့်လော့ဟူ
၆။ ၍ဖြစ်သတည်း။တပည့်တော်တို့သည်လည်းသွားကြ
၍ သခင်**ယေရှု**မိန့်မှာ တော်မူသည့်အတိုင်းဆောင်
၇။ ရွက်ကြ၏။သူတို့သည်မြည်းမနှင့်မြည်းကလေးကိုဆွဲ
ခဲ့ပြီးမှယင်းတို့အပေါ်တွင်မိမိတို့အဝတ်များကိုခင်းကြ
၏။ထို့နောက်ကိုယ်တော်သည်မြည်းအပေါ်တွင်ထိုင်
၈။ တော်မူ၏။များစွာသောလူအစုအဝေးတို့သည်မိမိတို့
အဝတ်များကိုလမ်းပေါ်၌ဖြန့်ခင်းကြ၍[၃]အချို့တို့မှာမူ
သစ်ပင်များမှ အခက်အလက်များကို ခုတ်ဖြတ်ပြီး
၉။ လမ်းပေါ်မှာခင်းထားကြ၏။ ကိုယ်တော်၏ရှေ့တော်
နှင့်နောက်တော်မှ လိုက်ပါလာသော လူအပေါင်းတို့
ကလည်း**ဒေးဗစ်**၏သားတော်အား **ဟိုဇာနာ**[၄]ဖြစ်စေ

---

၁/ ၂၁း မြည်းသည် စစ်မက်ပြေငြိမ်းသောကာလ၏အမှတ်လက္ခဏာမြင်းသည်ကားစစ်မက်ဖြစ်ခြင်းကာလ၏အမှတ်လက္ခဏာဖြစ်၏။(သုတ္တံ ၂၁း၃၁)

**၂/ ၂၁း၅** ဇီအုံသမီး။ ဂျေရုဆလင်မြို့၊ဘုရားသခင်ရွေးကောက်တော်မူသောလူမျိုးကိုဆိုလိုသည်။

**၃/ ၂၁း၈** အဝတ်များကို လမ်းပေါ်၌ဖြန့်ခင်းကြ၍သခင်ယေရှုကိုရှင်ဘုရင်အမှတ်နှင့် ခရီးဦးကြိုပြုကြ၏။

**၄/ ၂၁း၉** “ဟိုဇာနာ”ဟေဘရူးဘာသာစကားဖြစ်သည် အနက်အဓိပ္ပာယ်မှာကယ်တင်ခြင်းပေးတော်မူပါ။ ကယ်တော်မူပါဖြစ်၏။ ဤဝေါဟာရသည်ဝမ်းမြောက်ဝမ်းသာကြွေးကြော်ဟန်ခရီးဦးကြိုပြုသည့်အခါများတွင်အသုံးပြုလာကြသည်။သို့သော် “အမြင့်ဆုံးသောကောင်းကင်အရပ်၌ဟိုဇာနာဖြစ်စေသတည်း”

သတည်း။ သခင်ဘုရား၏ နာမတော်မြတ်နှင့်
ကြွလာတော်မူသော သူအားမင်္ဂလာရှိ စေသတည်း၊
အမြင့်ဆုံးသောကောင်းကင်အရပ်၌ **ဟိုဇာနာ**ဖြစ်စေ
သတည်းဟု ကြွေးကြော်ကြ၏။
၁၀။ ကိုယ်တော်သည်**ဂျေရုဆလင်**မြို့သို့ရောက်သောအခါ
တစ်မြို့လုံးလှုပ်လှုပ်ရှားရှားဖြစ်ပြီးလျှင် ဤသူသည်
မည်သူဖြစ်မည်နည်းဟု မေးမြန်းကြ၏။
၁၁။ လူအစုအဝေးတို့ကလည်းဤသူသည် **ဂါလိလေနယ်**
**နာဇရက်**မြို့မှ ပရောဖက်**ယေရှု**ဖြစ်သည်ဟုဖြေကြား
ကြ၏။

## ဗိမာန်တော်အတွင်းရောင်းဝယ်သူများကို မောင်းထုတ်ခြင်း

(မာကု ၁၁း၁၅-၁၉။လု ၁၉း၄၅-၄၈။ယော ၂း ၁၃-၂၂)

၁၂။ သခင်**ယေရှု**သည်ဗိမာန်တော်သို့ ဝင်တော်မူပြီးလျှင်
ဗိမာန်တော်အတွင်း၌ရောင်းဝယ်နေသောသူအပေါင်း
တို့ကိုနှင်ထုတ်တော်မူ၏။ငွေလဲလှယ်သော သူတို့၏
စားပွဲများနှင့်ခိုငှက်ရောင်းသူတို့၏ ထိုင်ခုံများတို့ကို
မှောက်လှန်ပစ်တော်မူ၏။
၁၃။ ထို့နောက် ကျမ်းစာတွင် ရေးထားသည်ကား ငါ၏
အိမ်ကိုဆုတောင်းရာအိမ်ဟုခေါ်ကြလိမ့်မည်။သို့သော်
သင်တို့မူကားသူခိုးဓါးပြခိုအောင်းရာ နေရာဖြစ်စေပြီ
တကားဟု ကိုယ်တော်ကသူတို့အားမိန့်တော်မူ၏။
၁၄။ မျက်မမြင်များနှင့် ခြေမစွမ်းမသန်သူများသည်
ကိုယ်တော်ရှိရာ ဗိမာန်တော်သို့လာကြသဖြင့် ကိုယ်
တော်သည်သူတို့ကို ပျောက်ကင်းစေတော်မူ၏။
၁၅။ ရဟန်းအကြီးအကဲများနှင့် ကျမ်းတတ်ဆရာများတို့
သည်ကိုယ်တော်ပြုတော်မူသောအံ့ဘွယ်ရာအမှုတို့ကို
လည်းကောင်း၊**ဒေးဗစ်**၏သားတော်အား**ဟိုဇာနာ**ဖြစ်
စေသတည်းဟု ဗိမာန်တော်၌ ကြွေးကြော်နေသော
ကလေးသူငယ်တို့ကိုလည်းကောင်း၊တွေ့မြင်ကြသော
၁၆။ အခါ အမျက်ထွက်ကြ၍၊ ဤသူတို့သည် အဘယ်
သို့ကြွေးကြော်ကြသည်ကိုကြားပါ၏လောဟု ကိုယ်
တော်အား လျှောက်ကြ၏။ သခင်**ယေရှု**ကလည်း
ငါကြား၏။ ဤသူငယ်တို့နှင့် နို့စို့ကလေးတို့၏
နှုတ်ထဲမှမွန်မြတ်သောချီးမွမ်းခြင်းကိုခံတော်မူပြီဟူ
သောရေးထားချက်ကို သင်တို့မဖတ်ဘူးကြသလော
၁၇။ ဟု သူတို့အား မိန့်တော်မူ၏။ ကိုယ်တော်သည်
ထိုသူတို့ကိုထားခဲ့၍မြို့ထဲမှထွက်ခွာပြီးလျှင်**ဘက်သ**
**နီ** ရွာသို့ကြွကာ ထိုအရပ်မှာ တည်းခိုတော်မူ၏။

## သဖန်းပင်ကို ကျိန်ဆိုတော်မူခြင်း

(မာကု ၁၁း၁၂-၁၄။ ၂၀-၂၄)

၁၈။ နံနက်အချိန်၌မြို့သို့ ပြန်လည် ကြွလာတော်မူစဉ်
၁၉။ ကိုယ်တော်သည် ဆာမွတ်တော်မူ၏။လမ်းဘေးတစ်
ဘက်၌သဖန်းပင်တစ်ပင်[၅]ကိုမြင်တော်မူလျှင်ထိုအပင်
ရှိရာသို့ကြွသွားတော်မူ၏။အပင်ပေါ်တွင်အရွက်များ
ကိုသာတွေ့တော်မူသောအခါ ယခုမှစ၍ ကိုယ်တော်
သည်ထိုအပင်အား မည်သည့်အခါမျှ၊သင်၌အသီး
မသီးပါစေနှင့် ဟုကျိန်ဆိုလေ၏။ သဖန်းပင်သည်
ချက်ချင်းခြောက်သွေ့သွားလေ၏။
၂၀။ ထိုအချင်းအရာကိုတပည့်တော်တို့မြင်ကြလျှင်အလွန်
အံ့သြကြလျက်သဖန်းပင်သည် မည်ကဲ့သို့ချက်ချင်း
ခြောက်သွေ့သွားရပါသနည်းဟု မေးမြန်းကြ၏။
၂၁။ သခင်**ယေရှု**က သင်တို့အား ငါအမှန်ဆိုသည်ကား
သင်တို့သည်သံသယကင်းမဲ့စွာ ယုံကြည်ကြလျှင်ဤ
သဖန်းပင်၌ ငါပြုသကဲ့သို့ ပြုနိုင်မည်သာမက ဤ
တောင်ကိုလည်းရွှေ့သွား၍ပင်လယ်ထဲသို့သင့်ကိုယ်
သင်ပစ်ချလော့ဟုဆိုကြလျှင်ဆိုသည့်အတိုင်းဖြစ်လိမ့်
၂၂။ မည်။ယုံကြည်ခြင်းရှိလျက်သင်တို့ဆုတောင်းကြလျှင်
တောင်းသမျှကို သင်တို့ရကြလိမ့်မည်ဟုမိန့်တော်မူ
၏။

## သခင်ယေရှု၏ အခွင့်အာဏာကို မေးမြန်းကြခြင်း

(မာကု၊ ၁၁း၂၇-၃၃။ လု၊ ၂၀း ၁-၈)

၂၃။ ကိုယ်တော်သည် ဗိမာန်တော်ထဲသို့ကြွဝင်၍သွန်သင်
နေတော်မူစဉ် ရဟန်းအကြီးအကဲတို့နှင့်သက်ကြီးဝါ
ကြီးတို့သည်အထံတော်သို့ချဉ်းကပ်ကြ၍ သင်သည်
ဤအရာများကို မည်သည့် အခွင့်အာဏာနှင့်ပြု
သနည်း ထိုအခွင့်အာဏာကို သင့်အားမည်သူပေး
၂၄။ အပ်ပါသနည်း ဟုမေးမြန်းကြသော်၊ သခင်**ယေရှု**
က သူတို့အားပြန်၍ မိန့်တော်မူသည်ကားငါသည်
လည်းသင်တို့ကိုမေးခွန်းတစ်ခုမေးဦးမည်၊ဤမေးခွန်း
ကို သင်တို့ ငါ့အားဖြေကြလျှင် ထိုအရာများကို
မည်သည့်အခွင့်အာဏာနှင့်ငါပြုကြောင်း[၆] သင်တို့အား
၂၅။ ငါပြောမည်။ **ယောဟန်**၏ ဆေးကြောခြင်းသည်

---

ဟုဆိုခြင်းသည်။ "သူ့ကို ဘုရားသခင်ကယ်တော်မူပါစေ"ဟုဆုတောင်းခြင်းဖြစ်၏။ သခင်ယေရှုသည် မိမိနိုင်ငံကိုသိမ်းယူမည့်ဘုရင်အဖြစ်ကြွလာတော်မူသည်ဟု အများထင်မှတ်ကြ၍ကိုယ်တော်ကိုရှင်ဘုရင်ဟုကြွေးကြော်ကြ၏။

**၅/ ၂၁း၁၉** သဖန်းပင်သည် အပြစ်မရှိ။အသီးမသီးသောသဖန်းပင်သည်ဂျူးလူမျိုးတို့၏အမှတ်လက္ခဏာဖြစ်၏။ သူတို့သည်အသီးသီးချိန်တွင်အသီးမသီးသောကြောင့်အပြစ်ဒဏ်ခံထိုက်၏။ ကျိန်ဆိုခြင်းကို ခံထိုက်သည်ဖြစ်၍ကယ်ဆယ်တော်မူသောသခင်သည် သူတို့ကိုကျိန်ဆိုတော်မူ၏။

အို ခရစ်ယာန်- သင်၏အသက်ပင်၌ အသီးရှိ၏လော။ အရွက်မျှသာရှိလျှင် နောင်တယူ၍ ကျိန်ဆိုခြင်းမှသင့်ကိုဝေးစေလော့။ (ရဟန္တာဂျေရုမ်း၊ ခရီဇောစတုံ၊ ဟိလာရီ)

**၆/ ၂၁း၂၂** သူတို့သည် မေးခွန်း၏ အဖြေကိုသိလျက် မဖြေလိုကြကြောင်း၊ ကိုယ်တော်သိတော်မူ၍ထောက်ပြတော်မူ၏။ထို့ကြောင့်သူတို့မေးသောမေးခွန်းကို ကိုယ်တော်ဖြေတော်မမူ။

အဘယ်ကလာသနည်း။ဘုရားသခင်၏အခွင့်အာဏာ
အရကောင်းကင်မှလာသလော။ လူတို့၏အခွင့်
အာဏာအရ လာသလောဟုမေးတော်မူ၏။ ထိုသူ
တို့သည်အချင်းချင်းပြောဆိုကြသည်မှာ ကောင်းကင်
မှဟုငါတို့ဆိုကြလျှင်သူ့ကိုအဘယ်ကြောင့် မယုံကြ
သနည်းဟုငါတို့အားသူဆိုလိမ့်မည်။လူတို့ထံမှဟုငါ
တို့ဆိုလျှင်လည်းလူအစုအဝေးတို့ကိုကြောက်ရ၏။
၂၆။ အကြောင်းမူကား **ယောဟန်**ကိုပရောဖက်တစ်ပါး
အဖြစ် အားလုံးကလက်ခံထားကြသည်ဟုဆိုကြ၏။
၂၇။ သို့ဖြစ်၍ သူတို့က ကျွန်တော်တို့ မသိပါဟု
ပြန်လည်ဖြေကြားကြ၏။ ထိုအခါ ကိုယ်တော်က
ငါပြုသည့်အမှုအရာများကိုလည်း မည်သည့်အခွင့်
အာဏာနှင့်ပြုသည်ကိုလည်း သင်တို့အား ငါပြော
လိမ့်မည်မဟုတ်။

## သားနှစ်ယောက် ပုံဥပမာ

၂၈။ သင်တို့မူကား အဘယ်သို့ထင်ကြသနည်း။လူတစ်ဦး
မှာသားနှစ်ယောက်ရှိ၏။[၇] သူသည် သားကြီးထံသို့
သွား၍ ငါ့သား၊ ယနေ့ ငါ၏စပျစ်ဥယျာဉ်သို့သွား
၂၉။ ရောက်လုပ်ကိုင်ပါလော့ဟုဆိုလျှင်[၈] သားကြီးကကျွန်
တော်မသွားပါဟုဆိုသော်လည်းနောက်မှနောင်တရ၍
၃၀။ သွားလေ၏။ ဖခင်သည်[၉] သားငယ်ထံသို့ သွား၍ထို
နည်းတူဆိုပြန်လျှင်သူကသွားပါမည်အဖေဟုဆိုပြီးမှ
၃၁။ မသွားဘဲနေ၏။ဤသူနှစ်ဦးတို့တွင်မည်သူသည်ဖခင်
၏ အလိုကိုဆောင်ရွက်သနည်း[၁၀] ဟုမေးတော်မူလျှင်
သူတို့ကသားကြီးဟုဖြေကြားကြ၏။ ထိုအခါ**ယေရှု**
က သင်တို့အားငါအမှန်ဆိုသည်ကား အခွန်ခံသူ
တို့နှင့် ပြည့်တန်ဆာတို့သည် ဘုရားသခင်၏
နိုင်ငံတော်သို့ သင်တို့ထက်ဦးစွာ ဝင်ရောက်ကြ
လိမ့်မည်။
၃၂။ အကြောင်းမူကား **ယောဟန်**သည် ဖြောင့်မတ်သော
တရားလမ်းဖြင့်သင်တို့ထံသို့လာသော်လည်းသင်တို့
သည်သူ့ကိုမယုံကြည်ကြ။အခွန်ခံသူတို့နှင့်ပြည့်တန်
ဆာတို့မူကား ယုံကြည်ကြ၏။ ဤအချင်းအရာကို
တွေ့မြင်သောအခါ၌ပင်လျှင်သင်တို့သည်စိတ်ပြောင်း
လဲ၍ **ယောဟန်**ကို ယုံကြည်ခြင်းမရှိခဲ့ကြ။

## စပျစ်ဥယျာဉ်သီးစားလုပ်သူတို့ပုံဥပမာ။

၃၃။ အခြားပုံဥပမာတစ်ခုကိုနားထောင်ကြလော့၊ စပျစ်ခြံ
ပိုင်ရှင်တစ်ဦးသည် စပျစ်ဥယျာဉ်ကိုစိုက်ပျိုး၍ခြံဝင်း
ကာရံပြီးလျှင် စပျစ်သီးနယ်ရာကျင်းကို တူးလေ၏။
လင့်စင်ကိုလည်း ဆောက်ထားပြီးသီးစားလုပ်သူတို့
အားငှါးရမ်းထားခဲ့၍ရပ်ဝေးသို့ထွက်သွားလေ၏။[၁၁]
၃၄။ စပျစ်သီးဆွတ်ခူးချိန် ရောက်သောအခါ သီးစားခ
စပျစ်သီးများ ရယူရန် ငှါးရမ်းထားသူများထံသို့
၃၅။ အစေခံများကိုစေလွှတ်လိုက်၏။ သီးစားလုပ်သူတို့
သည်ထိုအစေခံများကိုဖမ်းပြီးလျှင်တစ်ဦးကိုရိုက်ကြ
၏၊တစ်ဦးကိုသတ်ကြ၏။နောက်တစ်ဦးကိုကျောက်ခဲ
နှင့်ပစ်ပေါက်ကြ၏။
၃၆။ တဖန်စပျစ်ခြံပိုင်ရှင်ကယခင်ကထက် အရေအတွက်
များသောအစေခံတို့ကို စေလွှတ်ပြန်လျှင်သီးစားလုပ်
သူတို့သည် သူတို့ကိုလည်း ထိုနည်းတူပြုကြ၏။
၃၇။ နောက်ဆုံး၌မူ သူက ထိုသူတို့သည်ငါ့သားကို
လေးစားကြလိမ့်မည်ဟုဆို၍ မိမိသားကိုသူတို့ထံသို့
၃၈။ စေလွှတ်လေ၏။ သို့သော် သီးစားလုပ်သူတို့သည်
သားဖြစ်သူကိုမြင်ကြလျှင် ဤသူသည် အမွေခံသား
ဖြစ်၏။[၁၂] လာကြ၊သူ့ကိုသတ်၍သူ၏အမွေကိုယူကြ
၃၉။ ကုန်အံ့ဟု အချင်းချင်းတိုင်ပင်ကြ၏။ ထို့နောက်
သူ့ကိုဖမ်းပြီးလျှင် ဥယျာဉ်အပြင်သို့ထုတ်၍သတ်ပစ်
၄၀။ ကြ၏။ သို့ဖြစ်လျှင် စပျစ်ဥယျာဉ်ရှင်လာသောအခါ
ထိုသီးစားလုပ်သူတို့အား မည်သို့ပြုလိမ့်မည်နည်းဟု
၄၁။ မေးတော်မူလျှင် သူတို့ကဆိုးယုတ်သောသူတို့ကို
အသေဆိုးနှင့်သေစေလိမ့်မည်။ မိမိဥယျာဉ်ကိုလည်း
သီးစားခမှန်မှန်ပေးမည့် အခြားသူတို့အား ငှားရမ်း
၄၂။ လိမ့်မည်ဟုဖြေကြားကြ၏။ သခင်**ယေရှု**ကလည်း
တိုက်ကိုဆောက်သောသူတို့ပယ်ထားသောကျောက်
သည်အဓိကကျသည့်ထောင့်ချုပ်ကျောက်ဖြစ်လေပြီ။
ထိုအမှုသည်၊ ဘုရားသခင်ပြုတော်မူသောအမှုဖြစ်၍
ငါတို့ မျက်မှောက်၌ အံ့ဖွယ်ရာဖြစ်လေပြီ[၁၃] ဟူသော
ကျမ်းစကားကို သင်တို့ မဖတ်ဖူးကြသလော။

---

**၇/ ၂၁း၂၈** ထိုလူမှာ ဘုရားသခင်ကို ရည်ညွှန်းသည်၊သားကြီးကိုအခွန်ခံသူ(သို့မဟုတ်)ဘာသာခြားသူအဖြစ်လည်းကောင်း၊သားငယ်ကိုဖါရိရှဲ(သို့မဟုတ်)ဂျူးလူမျိုးအဖြစ်လည်းကောင်းရည်ညွှန်းသည်။(ရဟန္တာစိန်ဂျေရုမ်း၊စိန်ဘေဒေ)

**၈/ ၂၁း၂၉** အကျင့်မကောင်းသောသူတို့သည်အစပိုင်း၌ပညတ်များနှင့်အကျင့်ပါရမီများတို့ကိုမလိုက်နာကြသော်လည်း နောက်ပိုင်းတွင်နောင်တရ၍အကျင့်ပြောင်းလဲကြ၏။

**၉/ ၂၁း၃၀** ဖါရိရှဲနှင့်ကျမ်းတတ်ဆရာတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုနှုတ်၌ အစဉ်ဆောင်ကြသော်လည်း အကျင့်အားဖြင့်ငြင်းပယ်ကြ၏။ ဘာသာခြားတို့သည် ယခင်က ရုပ်တုများကို ကိုးကွယ်ကြသော်လည်း နှုတ်ကပတ်တော်ကို ကြားနာပြီးသောအခါ အကျင့်ပြောင်းလဲကြ၏။

**၁၀/ ၂၁း၃၁** စိတ်ဖြင့်၊ နှုတ်ဖြင့်သာမဟုတ်ဘဲ လက်တွေ့ကျင့်ကြံမှသာလျှင် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်ရာရောက်၏။

**၁၁/ ၂၁း၃၃** ဤပုံဥပမာသည် ဘုရားသခင်နှင့်လူမျိုးတော်အကြားပဋိညာဉ်ပြု၍ကောင်းသောအသီးတည်းဟူသော ကောင်းမှုကုသိုလ်ကို မျှော်လင့်တော်မူသောစပျစ်ခြံရှင်ဘုရားသခင်အား သစ္စာမဲ့၊ရိုင်းပြစွာတုန့်ပြန်သည့်လူမျိုးတော်ကို ရည်ညွှန်း၍ ရေးသားထားသည်။

**၁၂/ ၂၁း၃၈** ကိုယ်တော်သည် မက်ဆိယဖြစ်ကြောင်းကို ကျမ်းတတ်ဆရာနှင့်ဖါရိရှဲဦးတို့သိကြသော်လည်း မိမိတို့၏ မကောင်းမှုများကိုတားမြစ်ပိတ်ပင်မည် စိုးသောကြောင့်၊ မနာလိုခြင်းဖြင့်၊ ကိုယ်တော် ဖမ်းဆီးပြီးလျှင် ဂျေရုဆလင်မြို့ ပြင်၌ လက်ဝါးကပ်တင်ကြ၏။

**၁၃/ ၂၁း၄၂** ဂျူးလူမျိုးတို့လက်မခံ၊ ငြင်းပယ်သော ယေရှုသည်ကောင်းကင်နိုင်ငံတော်တွင် အဓိကပုဂ္ဂိုလ်ဖြစ်၏။

၄၃။ သို့ဖြစ်၍သင်တို့အားငါဆိုသည်ကားဘုရားသခင်၏
နိုင်ငံတော်ကို သင်တို့ထံမှရုတ်သိမ်း၍နိုင်ငံတော်နှင့်
ဆိုင်ရာအသီးအပွင့်တို့ကိုဖြစ်ထွန်းစေမည့်လူမျိုးအား
၄၄။ ပေးလိမ့်မည်။[၁၄] ထိုကျောက် အပေါ်သို့ကျသောသူ
သည်ကျိုးပဲ့လိမ့်မည်။ထိုကျောက်သည်တစ်စုံတစ်ဦး
အပေါ်သို့ကျလျှင်လည်းထိုသူသည်ကြေမွလိမ့်မည်ဟု
၄၅။ မိန့်တော်မူ၏။ ကိုယ်တော်၏ ဥပမာ စကားများကို
ရဟန်းအကြီးအကဲနှင့် **ဖါရိရှဲဦး**တို့ ကြားကြသော
အခါ မိမိတို့ကိုရည်ညွှန်း၍ မိန့်ဆိုတော်မူကြောင်း
၄၆။ ကိုသိကြသဖြင့်။သူတို့သည်ကိုယ်တော်ကိုဖမ်းဆီးရန်
ရှာကြံကြသော်လည်း လူအစုအဝေးတို့ကိုကြောက်ရွံ့
ကြ၏။ အကြောင်းမူကား လူအများတို့သည်
ကိုယ်တော်ကိုပရောဖက်တစ်ပါးအဖြစ်လက်ခံထားကြ
သောကြောင့် ဖြစ်၏။

## အခန်းကြီး (၂၂)

### မင်္ဂလာဆောင်ပွဲ ပုံဥပမာ (လု ၁၄း၁၅-၂၄)

၁။ သခင်**ယေရှု**သည်ပုံဥပမာများဖြင့်သူတို့အားတစ်ဖန်
၂။ မိန့်တော်မူသည်မှာကောင်းကင်နိုင်ငံတော်ကိုမိမိသား
အတွက် မင်္ဂလာဆောင်ပွဲကျင်းပပေးသောရှင်ဘုရင်
၃။ နှင့်ပုံခိုင်းနိုင်၏။[၁] မင်းကြီးသည်မင်္ဂလာဆောင်ပွဲသို့
ဖိတ်ကြားထားသော သူတို့အားခေါ်စေခြင်းငှာ မိမိ
အစေခံများ[၂]ကို စေလွှတ်လိုက်သော်လည်း ထိုသူတို့
၄။ သည်မလာဘဲနေကြ၏။ တစ်ဖန်အခြားသောအစေခံ
များကို စေလွှတ်၍ဆိုသည်မှာ ဖိတ်ကြားထားသူတို့
အားပြောကြားလော့၊ငါတည်ခင်းသောစားသောက်ပွဲ
သည်အသင့်ရှိပြီ။ နွားများနှင့်ဆူဖြိုးသော တိရစ္ဆာန်
များကိုသတ်ထားပြီ။ အစစအရာရာ အသင့်ရှိပြီ။
မင်္ဂလာပွဲသို့ကြွကြပါဟု ပြောရန် မှာလိုက်လေ၏။
၅။ သို့သော် ထိုသူတို့သည် ဂရုမစိုက်ကြဘဲ တစ်ဦး
သည်မိမိလယ်သို့လည်းကောင်း၊ အခြားတစ်ဦးသည်
မိမိလုပ်ငန်းရှိရာသို့လည်းကောင်း၊ထွက်သွားကြ၏။
၆။ ကျန်သောသူတို့မူကားအစေခံတို့ကိုဖမ်းဆီး၍အရှက်
တကွဲ ထိခိုက်စော်ကားကြပြီးမှသတ်ဖြတ်ကြလေ၏။
၇။ ရှင်ဘုရင်သည်ကြားလျှင်အမျက်ထွက်သဖြင့်မိမိတပ်
များကိုစေလွှတ်၍၊ ထိုလူသတ်သမားတို့ကိုဖျက်ဆီး
သုတ်သင်ပြီးလျှင်သူတို့၏မြို့ကိုမီးရှို့လေ၏။[၃]
၈။ ထို့နောက် မင်းကြီးကမိမိအစေခံတို့အားဆိုသည်မှာ
မင်္ဂလာပွဲအသင့်ရှိပြီ၊သို့သော်ခေါ်ဖိတ်ခြင်း ခံရသော
၉။ သူတို့သည်ထိုပွဲနှင့် မထိုက်တန်ကြ၊ ထို့ကြောင့်
လမ်းဆုံ၊လမ်းမများသို့ သင်တို့သွားကြ။ တွေ့လေ
သမျှသောသူတို့ကိုမင်္ဂလာပွဲသို့ ခေါ်ဖိတ်ကြလော့[၄]ဟု
ဆို၏။
၁၀။ အစေခံတို့သည် လမ်းများပေါ်သို့ ထွက်သွားကြ၍
အဆိုးအကောင်းမခွဲခြားဘဲ တွေ့သမျှသောလူတို့ကို
စုရုံးခေါ်ဆောင်ခဲ့ကြသဖြင့်မင်္ဂလာဆောင်ပွဲသည်ဧည့်
၁၁။ သည်များနှင့်ပြည့်နှက်လျက်ရှိ၏။[၅] ရှင်ဘုရင်သည်
ဧည့်သည်တော်များကိုတွေ့ဆုံရန်လာသောအခါ၊ ထို
နေရာ၌မင်္ဂလာအခမ်းအနားဝတ်စုံကိုမဝတ်ဆင်သော
၁၂။ သူ[၆]တစ်ဦးကိုမြင်လျှင်။ထိုသူအားမိတ်ဆွေ၊ မင်္ဂလာပွဲ
ဝတ်စုံမဝတ်ဆင်ဘဲ အဘယ်ကြောင့်ဤနေရာသို့ဝင်
လာသနည်းဟုမေးလေ၏။ထိုသူသည်စကားတစ်ခွန်း
၁၃။ ကိုမျှပြန်၍မပြောနိုင်ချေ။ထိုအခါရှင်ဘုရင်ကထိုသူ၏
ခြေ၊လက်များကိုချည်နှောင်၍အပြင်ဘက်အမှောင်ထဲ
သို့ပစ်ချကြလော့။ ထိုနေရာ၌ ငိုကြွေးမြည်တမ်း၍
အံသွားခဲကြိတ်ရလိမ့်မည် ဟုမင်းလုလင်တို့အားဆို
၁၄။ ၏။အကြောင်းမူကားခေါ်ဖိတ်ခြင်းခံရသောသူများကြ
၏၊ရွေးကောက်ခြင်းခံရသောသူတို့မူကားနည်းကြ၏၊[၇]
**ဟုမိန့်တော်မူ၏။**

## ဘုရင်အား အခွန်ဆက်သရခြင်း အကြောင်း

(မာကု ၊ ၁၂း၁၃-၁၇။ လု ၊ ၂၀း၂၀-၂၆)

၁၅။ ထိုနောက်**ဖါရိရှဲဦး**တို့သည်ထွက်သွားပြီးလျှင်ကိုယ်

---

**၁၄/ ၂၁း၄၃** တစ်စုံတစ်ယောက်သည် ဟုတ်မှန်သောတရားကို ကြားနာပြီးမှ၊ သတိမထားသဖြင့်၊ အသီးမသီးခဲ့သော် ထိုလူအတွက် ဤစကားသည်စိုးရိမ်ကြောင့်ကြဘွယ်ရာစကားဖြစ်၏။

**၁/ ၂၂း၂** မိမိသားအတွက် မင်္ဂလာဆောင်ပွဲကိုစီရင်သောဘုရင်သည်ဘုရားသခင်ပင်ဖြစ်၏။

**၂/ ၂၂း၃** အစေခံများဟူသည်ကားပရောဖက်များနှင့်တမန်တော်ကြီးများကို ဆိုလိုသည်။

**၃/ ၂၂း၇** ဂျေရုဆလင်မြို့ကြီး မီးရှို့ဖျက်ဆီးခံရမည့်အကြောင်းကို ကြိုတင်နိမိတ်ပေးထားခြင်းဖြစ်သည်။

**၄/ ၂၂း၉** ဂျူးလူမျိုးတို့သည် ကျေးဇူးတော်ကို မထိုက်တန်ကြပြီဖြစ်၍ ဘာသာခြားတို့ထံသို့ သွားကြလော့ဟု ဆိုလိုသည်။

**၅/ ၂၂း၁၀** တမန်တော်ကြီးတို့ဟောပြောသောတရားကြောင့်လူမျိုးအသီးသီးတို့သည်ယုံကြည်လက်ခံလာကြ၏။ ယုံကြည်သော သူတို့၏အစုအဝေးသည် ကမ္ဘာပေါ်မှာ ထင်ရှားစွာမြင်တွေ့နိုင်သော်လည်း၊အကျင့်ကောင်းသူ၊မကောင်းသူများပါဝင်နိုင်သည်။

**၆/ ၂၂း၁၁** ပွဲသို့ ရှင်ဘုရင် ဖိတ်ခေါ်သောအခါ၊ ပွဲတော်နှင့် ထိုက်တန်စွာ ဧည့်သည်တို့ဝတ်ဆင်အပ်သောအဝတ်များကိုလည်း ဖိတ်ခေါ်သောသူတို့အားတခါတည်း ပေးပို့လေ့ရှိ၏။ ထို့ကြောင့် ထိုအဝတ်ကို မဝတ်ဆင်ဘဲပွဲ၌ ဝင်သောသူတို့သည် အပြစ်ဒဏ်ခံထိုက်၏။

ထိုနည်းတူပင် ဘုရားသခင်ပေးသနားတော်မူသောမင်္ဂလာဆောင်ပွဲအဝတ်တည်းဟူသောကျေးဇူးတော်ကိုမဝတ်ဆင်သောသူသည်မင်္ဂလာပွဲတည်းဟူသောကောင်းကင်နိုင်ငံတော်နှင့်မထိုက်တန်သောကြောင့်အပြင်သို့နှင်ထုတ်ခြင်းခံရလိမ့်မည်။

**၇/ ၂၂း၁၄** လူအားလုံးတို့ကို ခေါ်တော်မူသော်လည်းများစွာသောသူတို့သည် ဖိတ်ခေါ်သံကို မကြားလိုကြ။ ဖိတ်ခေါ်သံကို လက်ခံသော သူတို့ပင်လျှင် မင်္ဂလာဆောင်ပွဲအဝတ်မပါ၍မထိုက်တန်သောကြောင့်နိုင်ငံတော်သို့မဝင်ရကြ။ ထို့ကြောင့် များစွာသောသူတို့ကို ခေါ်တော်မူသော်လည်းရွေးကောက်ခြင်းခံရသော သူများကားနည်းပါး၏။

တော်၏စကားအပေါ်မည်သို့အပြစ်ရှာရမည်ကို တိုင်
၁၆။ ပင်ကြ၏။ သူတို့သည်မိမိတို့တပည့်များကို**ဟေရုဒ်**
၏ဘက်တော်သားများ နှင့်အတူ အထံတော်သို့
စေလွှတ်ကြ၍[၈]ဆရာသခင်၊ ကိုယ်တော်သည် သစ္စာ
သမာဓိရှိသူဖြစ်ပြီးလူမျက်နှာကိုမထောက်၊ မျက်နှာ
လိုက်ခြင်းမရှိဘဲ အဆင့်အတန်းလည်း မခွဲခြားဘဲ
ဘုရားသခင်၏ တရားလမ်းတော်ကို မှန်ကန်စွာ
သွန်သင်တော်မူသောသူ ဖြစ်ကြောင်းကို ကျွန်တော်
တို့သိရှိကြပါ၏။
၁၇။ သို့ဖြစ်၍ကိုယ်တော်သည်မည်သို့ ထင်မြင်တော်မူပါ
သနည်း။[၉]**ဆီဇာ**ဘုရင်အားအခွန်တော်ဆက်သအပ်သ
လောမဆက်သအပ်သလောဟုမေးလျှောက်ကြ၏။
၁၈။ **ယေရှု**မူကား၊ ထိုသူတို့၏ဆိုးညစ်သောအကြံအစည်
ကိုသိမြင်တော်မူသဖြင့်မိန့်တော်မူသည်ကား၊သူတော်
ကောင်းယောင်ဆောင်သူတို့ အဘယ်ကြောင့် ငါ့ကို
ကောက်ကျစ်စွာ စမ်းသပ်ကြသနည်း။
၁၉။ အခွန်ဆောင်သောငွေတစ်ပြားကို ပြကြလော့ဟု မိန့်
တော်မူ၏။ထိုသူတို့သည်လည်းဒေဏာရီတစ်ပြားကို
၂၀။ ထုတ်ပေးကြ၏။ သခင်**ယေရှု**ကလည်း ဤပုံနှင့်
ဤကမ္ပည်းစာသည် မည်သူ၏ပုံနှင့်ကမ္ပည်းစာဖြစ်
၂၁။ သနည်းဟု မေးတော်မူ၏။ ထိုသူတို့ကလည်း
**ဆီဇာ**ဘုရင်၏ပုံနှင့် ကမ္ပည်းစာဖြစ်ပါသည်[၁၀]ဟု
လျှောက်ကြ၏။ **ယေရှု**က၊ သို့ဖြစ်လျှင် **ဆီဇာ**နှင့်
ဆိုင်ရာကို **ဆီဇာ**အား၊ ဘုရားသခင်နှင့်ဆိုင်ရာကို
ဘုရားသခင်အား ပေးဆက်ကြလော့ မိန့်တော်မူ၏။
၂၂။ ထိုသူတို့သည် ဤစကားကို ကြားလျှင်အံ့သြကြ၍
အထံတော်မှ ထွက်ခွာသွားကြ၏။

## သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအကြောင်း

(မာကု ၊ ၁၂း၁၈–၂၇။ လု ၊ ၂၀း၂၇–၄၀)

၂၃။ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းကိုလက်မခံကြသော
**ဇဒ္ဒုဇေဦး**တို့သည်ထိုနေ့၌အထံတော်သို့ချဉ်းကပ်ကြ၍
၂၄။ ကိုယ်တော်ကိုမေးလျှောက်ကြသည်ကား ဆရာသခင်
လူတစ်ဦးသည်သားသမီးမထွန်းကားဘဲ၊ သေဆုံးခဲ့
လျှင် သူ၏အမျိုးအနွယ်ဆက်လက်တည်တံ့စေခြင်း
ငှာ သူ၏မယားကိုညီဖြစ်သူယူစေဟု**မိုးဇက်**သွန်သင်
၂၅။ ခဲ့ပါ၏။ ကျွန်တော်တို့အလယ်တွင် ညီအစ်ကိုခုနစ်
ယောက်ရှိခဲ့ပါ၏။အစ်ကိုအကြီးဆုံးသည်အိမ်ထောင်
ပြုပြီးသားသမီးမရဘဲ၊ သေဆုံးသွားသောကြောင့်
သူ၏ဇနီးကိုညီဖြစ်သူ နှင့်အိမ်ထောင်ဆက်စေခဲ့၏။
၂၆။ ဒုတိယ၊တတိယမှစ၍ သတ္တမတိုင်အောင်ထိုနည်းတူ
၂၇။ ဖြစ်ခဲ့ကြရာသူတို့အားလုံးသေဆုံးပြီး နောက်ဆုံး၌ထို
၂၈။ မိန်းမသည်လည်းသေလေ၏။သို့ဖြစ်လျှင်ရှင်ပြန်ထ
မြောက်သောကာလ၌သူမသည်ထိုသူခုနစ်ယောက်တို့
အနက်၊မည်သူ၏ဇနီးဖြစ်မည်နည်း။အကြောင်းမူကား
ထိုသူအားလုံးတို့သည်ထိုမိန်းမနှင့်စုံဖက်ခဲ့ကြလေပြီ
၂၉။ ဟု လျှောက်ကြ၏။ သခင်**ယေရှု**ကလည်း သင်တို့
သည်ကျမ်းစာကိုလည်းနားမလည်၊ ဘုရားသခင်၏
တန်ခိုးတော်ကိုလည်းမသိကြသောကြောင့်အယူအဆ
လွဲမှားကြ၏။
၃၀။ အကြောင်းမူကား ရှင်ပြန်ထမြောက်ခြင်းကာလ၌လူ
တို့သည်ထိမ်းမြားခြင်းလည်းမပြု၊ပေးစားခြင်းလည်း
မခံကြရ။ကောင်းကင်ဘုံ၌ဘုရားသခင်၏တမန်တော်
၃၁။ များကဲ့သို့ဖြစ်ကြလိမ့်မည်။[၁၁]သေလွန်သော သူတို့၏
ရှင်ပြန်ထမြောက်ခြင်း အကြောင်းနှင့် ပတ်သက်၍
သင်တို့အားဘုရားသခင်မိန့်မှာတော်မူချက်ကိုသင်တို့
၃၂။ မဖတ်ဘူးကြသလော့၊မိန့်မှာတော်မူချက်ကားငါသည်
သေသော သူတို့၏ဘုရားမဟုတ်၊ အသက်ရှင်သော
သူတို့၏ဘုရားဖြစ်၏ဟုပြန်လည်မိန့်ကြားတော်မူ၏၊
၃၃။ ထိုသို့မိန့်တော်မူသည်ကိုလူအစုအဝေးတို့ကြားရလျှင်
ကိုယ်တော်၏ဆုံးမဩဝါဒတို့ကိုအံ့သြကြ၏။

## အကြီးမြတ်ဆုံးသော ပညတ်တော်

(မာကု ၁၂း၂၈–၃၄၊ လု ၁၀း၂၅–၂၈)

၃၄။ **ဇဒ္ဒုဇေဦး**တို့မချေပနိုင်အောင်
ဤသို့သခင်**ယေရှု**ဖြေ ကြားတော်မူသည်ကို
**ဖာရိဇေဦး**တို့ ကြားလျှင်အထံ
၃၅။ တော်သို့စုဝေးလာကြ၏။သူတို့တွင်ကျမ်းတတ်ဆရာ
၃၆။ တစ်ဦးက ကောက်ကျစ်စွာစမ်းသပ်လို၍ "ဆရာ
သခင်တရားကျမ်း၌အဘယ်ပညတ်သည်အကြီးမြတ်
ဆုံးနည်းဟု မေးလျှောက်လေ၏။
၃၇။ ကိုယ်တော်ကလည်း သင်၏အရှင်၊ ဘုရားသခင်ကို
သင်၏နှလုံးအကြွင်းမဲ့၊ စိတ်အားရှိသမျှ၊ဉာဏ်စွမ်းရှိ
၃၈။ သမျှနှင့်ချစ်လော့။ ဤသည်ကားအကြီးဆုံးနှင့်ပထမ
၃၉။ ပညတ်ဖြစ်၏။ ဒုတိယသည်ကား၊ပထမပညတ်နည်း
တူဖြစ်၏။သင်နှင့်နီးစပ်သောသူကိုသင့်ကိုယ်ကိုသင်

---

**၈/ ၂၂း၁၆** တိုင်းရေးပြည်ရေးတွင် ဖါရိဇေဦးနှင့် ဟေရုဒ်၏လူတို့သည် သဘောထားချင်းမတိုက်ဆိုင်ကြ။ ဖါရိဇေဦးတို့သည် ရောမ၏အုပ်စိုးခြင်းကို လက်မခံကြ။ ဟေရုဒ်၏ဘက်တော်သားများမှာမူလက်ခံကြ၏။

**၉/ ၂၂း၁၇** အခွန်ပေးအပ်၏ဟု ကိုယ်တော်ဆိုလျှင် မိမိလူမျိုး၏အကျိုးကို မလိုသောသူဟု ဂျူးလူမျိုးတို့စွပ်စွဲလိမ့်မည်။ မပေးအပ်ဟုဆိုပြန်လျှင် ရောမကို ဆန့်ကျင်သူဟု ဟေရုဒ်၏ဘက်တော်သားတို့ကအပြစ်ရှာကြလိမ့်မည်။

**၁၀/ ၂၂း၂၁** ဤအခွန်တော်ငွေတွင်ဆီဇာ၏ရုပ်ပုံပါရှိသည်ဖြစ်၍သင်တို့သည် ဆီဇာ၏လက်အောက်ခံဖြစ်ကြ၏။ထို့ကြောင့်ဆီဇာကိုအခွန်ဆက်သကြလော့။

**၁၁/ ၂၂း၃၀** ဂျူးလူမျိုးတို့သည်မိုးဇက်၏ တရားကျမ်းများကိုဘုရားသခင်၏ နှုတ်ကပါတ်တော်ဟု လက်ခံထားသောကြောင့်၊ ထိုကျမ်းများကိုအခြခံကာ ရှင်ပြန်ထမြောက်ခြင်းတရားကို ကောက်နှုတ်ပြောဆိုကြသည်။ ထိုကျမ်းချက် အပြင် အခြားကျမ်းချက်များကား (ယောဘဝတ္ထု ၁၉း၂၅၊ ဒုမက္ကာဘီ ၇း၉၊ ၁၁၊ ၂၃။ အီဇာယ ၂၆း၁၉၊ ၅၃း၁၀–၁၂၊ အေဇာကိယ ၃၇း၁။ ဒံယေလ ၁၂း၂)

ချစ်သကဲ့သို့ချစ်လော့။
၄၀။ တရားကျမ်းနှင့် ပရောဖက်ကျမ်းရှိသမျှတို့သည် ဤ
ပညတ်နှစ်ပါးအပေါ်တွင်အခြေခံသည်[12]ဟု မိန့်တော်
မူ၏။

## ခရစ်တော်သည် ဒေးဗစ်၏သားတော်နှင့် ဒေးဗစ်၏သခင်

(မာ၊ ၁၂း၃၅–၃၇။ လု၊ ၂၀း ၄၁–၄၄)

၄၁။ **ဖါရိရှဲဦး**တို့စုဝေးလျှက်ရှိစဉ်တွင် သခင်**ယေရှု**က
၄၂။ သူတို့အား၊သင်တို့သည်ခရစ်တော်ကိုမည်သို့ထင်မြင်
ယူဆကြသနည်း။မည်သူ၏သားဖြစ်သနည်းဟုမေး
တော်မူလျှင် သူတို့က**ဒေးဗစ်**၏သားတော်ဖြစ်သည်
၄၃။ ဟု ပြန်ဖြေကြ၏။ ကိုယ်တော်ကလည်းသို့ဖြစ်လျှင်
**ဒေးဗစ်**သည် ဝိညာဉ်တော်၏ နှိုးဆော်ခြင်းအားဖြင့်
သူ့ကို သခင်ဟုအဘယ်ကြောင့်ခေါ်သနည်း။
၄၄။ သူဆိုခဲ့သည်မှာ သင်၏ရန်သူတို့ကိုသင်၏ခြေဖဝါး
အောက်၌ ငါချမထားမီတိုင်အောင် ငါ၏လက်ယာ
ဘက်မှာထိုင်လော့ဟုသခင်ဘုရားကငါ၏သခင်အား
၄၅။ မိန့်တော်မူသည် ဟုဆို၏။ ထိုသို့**ဒေးဗစ်**သည်
ခရစ်တော်ကို သခင်ဟူ၍ခေါ်လျှင် ကိုယ်တော်သည်
မည်ကဲ့သို့ သူ၏ သားတော် ဖြစ်မည်နည်း[13]**ဟု**
၄၆။ မေးတော်မူ၏။ ထိုအခါမည်သူမျှ စကားတစ်ခွန်း
ကိုပင်၊ ကိုယ်တော်အားပြန် မဖြေနိုင်ကြ၊ ထိုနေ့
မှစ၍ကိုယ်တော်ကို နောက်တစ်ဖန် မေးခွန်းများ
မမေးဝံ့တော့ချေ။

## အခန်းကြီး (၂၃)
## ဖါရိရှဲဦးနှင့်ကျမ်းတတ်ဆရာများကို အပြစ်တင်တော်မူခြင်း

(မာ၊ ၁၂း၃၈–၃၉။ လု၊ ၁၁း၄၃–၄၆၊ ၂၀း ၄၅–၄၆)

၁။ ထိုအခါသခင်**ယေရှု**သည်လူအစုအဝေးတို့နှင့်တပည့်
၂။ တော်တို့အားဟောပြောတော်မူသည်ကား၊ကျမ်းတတ်
ဆရာတို့နှင့်**ဖါရိရှဲဦး**တို့သည်**မိုးဇက်**၏တရားဟော
၃။ ပလ္လင်ပေါ်မှာထိုင်ကြ၏။[1]ထို့ကြောင့်သူတို့ဟောပြော
သမျှကိုလိုက်နာကျင့်ကြံကြလော့။ သို့သော် သူတို့
ကျင့်သောအကျင့်ပုံစံကိုအတုမယူကြနှင့်။သူတို့သည်
ဟောပြောသည့်အတိုင်းကိုယ်တိုင်မကျင့်ကြ။
၄။ အကြောင်းမူကား သူတို့သည်လေးလံ၍ မထမ်းနိုင်
သောဝန်တို့ကိုထုတ်ပိုးပြီး လူတို့၏ပခုံးပေါ်မှာတင်
တတ်ကြ၏။သူတို့ကိုယ်တိုင်ကမူလက်များနှင့်မျှမထိ
၅။ ကိုင်လိုကြ။[2] သူတို့သည်မိမိတို့ ပြုသမျှကိုလူအများ
မြင်စေခြင်းငှာပြုကြ၏။[3] ကျမ်းပိုဒ်စာလွှာချပ်များကို
အပြားကျယ်သသောနဖူးစီးများ၌ တပ်၍သော်လည်း
ကောင်း၊ ပန်းဖွားများကိုရှည်လျားစွာ ချုပ်၍လည်း
၆။ ကောင်း၊ဝတ်ဆင်ကြ၏။သူတို့သည်ညည့်ခံပွဲများတွင်
ဦးစားပေးခံရသောနေရာများကိုလည်းကောင်း
တရားဇရပ်များ၌အထွတ်အမြတ်ထားသောထိုင်ခုံများ
၇။ ကိုလည်းကောင်း၊ ဈေးလယ်၌နှုတ်ဆက်ခံရခြင်းကို
လည်းကောင်း၊ ဆရာဟုခေါ်ဝေါ် ခံရခြင်းကိုလည်း
၈။ ကောင်းနှစ်သက်ကြ၏။ သို့ရာတွင် သင်တို့မူကား
ဆရာ[5]ဟုခေါ်ဝေါ်ခြင်းကို မခံလိုကြနှင့်။အကြောင်းမူ
ကား သင်တို့၌ဆရာတစ်ပါး တည်းသာရှိ၏။
သင်တို့အားလုံးသည်ညီအစ်ကိုချင်းဖြစ်ကြ၏။
၉။ ဤကမ္ဘာပေါ်တွင် မည်သူ့ကိုမျှ သင်တို့၏အဘဟု
မခေါ်ကြနှင့်။ အကြောင်းမူကား ကောင်းကင်ဘုံ၌
ကျိန်းဝပ်တော်မူသောအဘခမည်းတော်တစ်ပါးတည်း
၁၀။ သာလျှင်သင်တို့၏အဘဖြစ်၏။ဆရာဟုခေါ်ဝေါ်ခြင်း
ကိုလည်းမခံလိုကြနှင့်။ အကြောင်းမူကားခရစ်တော်
တစ်ပါးတည်းသာလျှင် သင်တို့၏ ဆရာဖြစ်၏။
၁၁။ သင်တို့တွင် အကြီးဆုံးသောသူသည် သင်တို့၏
အစေခံဖြစ်ရမည်။ မိမိကိုယ်ကိုချီးမြှင့်သောသူသည်
၁၂။ နှိမ့်ချခြင်းခံရလိမ့်မည်။ မိမိကိုယ်ကိုနှိမ့်ချသောသူ
သည်ကား ချီးမြှင့်ခြင်း ခံရလိမ့်မည်။

---

**၁၂/ ၂၂း၄၀** ကျမ်းစာရှိသမျှသည် ဤပညတ်နှစ်ပါးကိုသာ ရည်ညွှန်း၍ စီရင်ရေးထားလျှက်ရှိ၏။ အကြောင်းမူကား ကျမ်းစာ၌ပါရှိသမျှသည် ဤပညတ်နှစ်ပါးကို စောင့်ထိန်းရန်ဟောပြောကြ၏။

**၁၃/ ၂၂း၄၅** ခရစ်တော်သည်မည်ကဲ့သို့ဒေးဗစ်၏သားမျှသာဖြစ်နိုင်မည်နည်း။ အဘသည် မိမိသားကို သခင်ခေါ်မည်လော။ ဒေးဗစ်သည် ဘုရင်ဖြစ်လျှက် ခရစ်တော်ကိုသခင်ဟုခေါ်လျှင် ကိုယ်တော်သည် လောက၌ရှိသောရှင်ဘုရင်တို့ထက်ကြီးမြတ်ရမည်ဖြစ်၏။ ဘုရားသခင်သာလျှင်လူတို့၏သခင်ဖြစ်သောကြောင့်သူ့ကို ဘုရားဟုခေါ်ရမည်မှန်ပေး၏။

**၁/ ၂၃း၂** ဘုရားသခင်စီရင်တော်မူသော ပညတ်များကိုသာမဟုတ်၊ ကျမ်းတတ်ဆရာတို့ စီရင်သမျှပညတ်များကိုလည်းဘုရားသခင်၏ပညတ်တော်နှင့် မဆန့်ကျင်လျှင် သင်တို့စောင့်ထိန်းကြရမည်။အကြောင်းမူကားသူတို့၌ပညတ်ဥပဒေများကို စီရင်ပြုပြင်ပိုင်သော အခွင့်အာဏာရှိကြ၏။

**၂/ ၂၃း၄** အကြီးအကဲနေရာကိုယူသော သူတော်ကောင်းတို့သည် မိမိတို့ကိုယ်တိုင်တင်းကြပ်စွာ ကျင့်သော်လည်း၊လက်အောက်ငယ်သားတို့အပေါ်၌မူ တင်းကြပ်စွာ မဆက်ဆံကြ၊ (ရဟန္တာ ခရီဇောစတုံ)

**၃/ ၂၃း၅** ဂျူးတို့သည်ဘာသာခြားများနှင့်မတူအောင် မိမိတို့အဝတ်အမြိတ်တို့၌ ပန်းပွားများဆောင်ကြ၏။ ဖါရိရှဲတို့မူကား၊ အခြားသူများထက်တရားကျင့်သည်ကို လူအများသိစေခြင်းငှာ ပညတ်စာလွှာများနှင့် ပန်းပွားများကို ထင်ပေါ်အောင် ဝတ်ဆင်ထားကြ၏။

**၄/ ၂၃း၅** ကျမ်းပိုဒ်စာလွှာချပ်။ ဂရိဘာသာဖြင့်ဖိလက္တရီဟုခေါ်၏။ပညတ်တော်များ ရေးထားသောသားရေလွှာဖြစ်၏။ ဖါရိရှဲတို့သည်မိုးဇက်၏ကျမ်း၌သင်တို့ရှေ့၌လည်းကောင်း၊သင်တို့နဖူး၌လည်းကောင်းတရားတော်ကိုဆောင်ကြလော့ဟူသော မိုးဇက်၏တရားကျမ်းချက်ကိုလွဲမှားစွာအဓိပ္ပာယ်ကောက်၍၊ သားရေပေါ်မှာပညတ်ကျမ်းစကားများကိုရေးပြီးလျှင်မိမိတို့နဖူး၌လည်းကောင်း လက်ဝဲလက်မောင်း၌လည်းကောင်း ကြိုးချည်၍ဆောင်ထားကြ၏။

**၅/ ၂၃း၈** လူစင်စစ်၊ဘုရားစင်စစ်ဖြစ်တော်မူသော ခရစ်တော်တစ်ပါးတည်းသာလျှင် သင်တို့၏ ဆရာတစ်ပါးတည်းဖြစ်၏။ ပညာရှိတို့ကို"ဆရာ"မခေါ်ရဟုမိန့်တော်မမူ၊ဆရာအခေါ်ခံရသူတို့သည်လည်း အမြင့်ဆုံးဆရာ သခင်တစ် ပါးတည်းရှိကြောင်းကို နှလုံးသွင်းရ၏။

## ကျမ်းတတ်ဆရာနှင့် ဖါရိရှဲဦးတို့ကိုအပြစ်တင်တော်မူခြင်း

(မာ၊ ၁၂း၄၀။ လု၊၁၁း၃၉–၄၂။၄၄။၅၂။ ၂၀း၄၇)

၁၃။ သူတော်ကောင်းယောင်ဆောင်သောကျမ်းတတ်ဆရာနှင့်**ဖါရိရှဲဦး**တို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကားသင်တို့သည်ကောင်းကင်နိုင်ငံတော်၏တံခါးတို့ကိုလူများအတွက် ပိတ်ထားပြီး သင်တို့ကိုယ်တိုင်လည်း မဝင်ကြ၊ဝင်လိုသောသူသူတို့အားလည်း သင်တို့ဟန့်တားကြ၏။[၆]

၁၄။ သူတော်ကောင်းယောင်ဆောင်သောကျမ်းတတ်ဆရာနှင့် **ဖါရိရှဲဦး**တို့ သင်တို့သည်အမင်္ဂလာရှိကြ၏။ အကြောင်းမူကား သင်တို့သည်မုဆိုးမတို့၏အိမ်ရာပစ္စည်းများကိုမတရားသိမ်းယူကြပြီး လူမြင်ကောင်းစေရန် ဆုတောင်းမေတ္တာများကို ကြာမြင့်စွာပြုတတ်ကြ၏။ သို့အတွက်ကြောင့် သင်တို့သည် သာ၍ပြင်းထန်သော အပြစ်ဒဏ် စီရင်ခြင်းကို ခံကြရလိမ့်မည်။

၁၅။ သူတော်ကောင်းယောင်ဆောင်သောကျမ်းတတ်ဆရာနှင့် **ဖါရိရှဲဦး**တို့ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကားသင်တို့အယူဝါဒကို လက်ခံသူတစ်ဦးရရှိရေးအတွက် ကုန်းကြောင်း၊ ရေကြောင်းလှည့်လည်ကြ၏။လက်ခံသူကိုလည်းသင်တို့ထက်နှစ်ဆပို၍ငရဲသို့လားသူဖြစ်စေကြ၏။[၇]

၁၆။ လမ်းပြမျက်ကန်းတို့ သင်တို့သည် အမင်္ဂလာရှိကြ၏။တစ်စုံတစ်ယောက်သည်ဗိမာန်တော်ကိုတိုင်တည်၍ကျိန်ဆိုခြင်းကိုပြုလျှင်မတည်။ဗိမာန်တော်၏ရွှေကိုတိုင်တည်၍ကျိန်ဆိုခြင်းကိုပြုလျှင်မူကားတည်၏ဟု

၁၇။ သင်တို့ ဆိုတတ်ကြ၏။ မျက်ကန်းလူမိုက်တို့မည်သည့် အရာသည်သာ၍ မြတ်သနည်း။ ရွှေလော၊ သို့မဟုတ်၊ ရွှေကိုသန့်ရှင်းမွန်မြတ်စေသော ဗိမာန်တော်လော။

၁၈။ ထို့အပြင်၊မည်သူမဆိုယဇ်ပလ္လင်ကိုတိုင်တည်၍ကျိန်ဆိုလျှင်မတည်၊ထိုယဇ်ပလ္လင်ပေါ်မှာရှိသောလှူဘွယ်ပစ္စည်းကိုတိုင်တည်၍ကျိန်ဆိုခြင်းကိုပြုလျှင်တည်၏ဟုသင်တို့ဆိုကြ၏။

၁၉။ မျက်ကန်းလူမိုက်တို့၊မည်သည့်အရာသည်သာ၍မြတ်သနည်း။လှူဘွယ်ပစ္စည်းလော၊ သို့မဟုတ်လှူဘွယ်ပစ္စည်းကို သန့်ရှင်းမြင့်မြတ်စေသော ယဇ်ပလ္လင်

၂၀။ လော၊သို့ဖြစ်လျှင် ယဇ်ပလ္လင်ကိုတိုင်တည်၍ကျိန်ဆိုသောသူသည် ယဇ်ပလ္လင်နှင့်တကွ၊ ထိုယဇ်ပလ္လင်ပေါ်မှာရှိသမျှတို့ကို တိုင်တည်၍ကျိန်ဆိုသတည်း။[၈]

၂၁။ ဗိမာန်တော်ကိုတိုင်တည်၍ ကျိန်ဆိုသူသည် ဗိမာန်တော်နှင့်တကွဗိမာန်တော်တွင်ကျိန်းဝပ်တော်မူသောအရှင်ကိုပါ တိုင်တည်၍ ကျိန်ဆိုသတည်း။

၂၂။ ကောင်းကင်ဘုံကိုတိုင်တည်၍ ကျိန်ဆိုသောသူသည်လည်းဘုရားသခင်ပလ္လင်တော်နှင့်တကွ၊ ပလ္လင်တော်ပေါ်မှာ စံတော်မူသောသူကိုတိုင်တည်၍ ကျိန်ဆို

၂၃။ သတည်း။ သူတော်ကောင်းယောင်ဆောင်သောကျမ်းတတ်ဆရာနှင့်**ဖါရိရှဲဦး**တို့ပင်စိမ်းပင်စိမ်း၊စမုန်စပါးနှင့်ဇီယာတို့ကိုဆယ်ဖို့တစ်ဖို့လှူကြလျှက်တရားကျမ်းတွင်ပို၍အရေးပါသောတရားမျှတခြင်းသနားကြင်နာခြင်း၊ ယုံကြည်ခြင်းစသည့် သွန်သင်ချက်များကိုမူကား သင်တို့လျစ်လျူရှုခဲ့ကြ၏။ ဤအချက်များကိုလည်းလိုက်ကျင့်အပ်သကဲ့သို့၊အထက်ကဆိုသောအရာများကိုလည်း မလစ်ဟင်းစေအပ်။

၂၄။ လမ်းပြမျက်ကန်းတို့[၉]၊ သင်တို့သည် ယင်တစ်ကောင်မျှမပါအောင်၊ စစ်ကြလျှက်ကုလားအုပ်ကိုမူ

၂၅။ ကားမျိုတတ်ကြ၏။ သူတော်ကောင်းယောင်ဆောင်သောကျမ်းတတ်ဆရာ **ဖါရိရှဲဦး**တို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ သင်တို့သည် ခွက်ဖလားနှင့်လင်ပန်းတို့ကိုပြင်ပ၌ဆေးကြောသုတ်သင်ကြ၏။သင်တို့၏အတွင်း၌မူကား လုယက်ခြင်း၊

၂၆။ မစင်ကြယ်ခြင်းတို့ဖြင့် အပြည့်ရှိကြ၏။ **ဖါရိရှဲဦး** သူကန်းတို့[၁၀]၊ ခွက်ဖလားနှင့်လင်ပန်းကို အတွင်း၌ ရှေးဦးစွာဆေးကြောသုတ်သင်လော့။သို့ပြုလျှင်ပြင်ပသည်လည်း သန့်ရှင်းစင်ကြယ် လာလိမ့်မည်။

၂၇။ သူတော်ကောင်းယောင်ဆောင်သောကျမ်းတတ်ဆရာ၊ **ဖါရိရှဲဦး**တို့၊ သင်တို့သည် ထုံးဖြူသုတ်ထားသောသင်္ချိုင်းဂူများနှင့်တူကြ၏။ ထိုသင်္ချိုင်းဂူတို့သည်၊ ပြင်ပသဏ္ဍာန်အားဖြင့် လှပတင့်တယ်၍ အတွင်း၌

**၆/ ၂၃း၁၃** သင်တို့၏အယောင်ဆောင်အကျင့်များဖြင့် ကောင်းကင်တံခါးကိုသင်တို့ပိတ်ထားကြ၍ ကိုယ်တိုင်လည်းမဝင်ကြ၊သူတစ်ပါးဝင်သည်ကိုလည်းအတားအဆီးဖြစ်စေကြ၏။သင်တို့ကိုအတုယူ၍ကျင့်ပါလျှင်ကောင်းကင်နိုင်ငံသို့ဝင်ရလိမ့်မည်ဟု သင်တို့ထင်မှတ်ကြ၏။

**၇/ ၂၃း၁၅** အေဒီ ပထမရာစုနှစ်က ဖါရိရှဲဦးများသည် ဘာသာခြားများအလယ်တွင် ဂျူးလူမျိုးတို့၏အယူဝါဒကို ပျံ့နှံ့စေရန်ဟောပြောခဲ့ကြရာ ဘာသာဝင်သူ များလည်းရှိခဲ့ကြ၏။ ဖါရိရှဲဦးတို့၏ လွဲမှားသောသွန်သင်မှုကြောင့် ထိုဘာသာဝင်သူများသည် သူတို့ထက်ပို၍ ဘာသာရေးအယူသန်သူများဖြစ်လာခဲ့ကြ၏။ ထို့ပြင် ဖါရိရှဲဦးတို့က ဥပဒေများကိုမိမိတို့အတွက် တခြားတစ်မျိုး၊ အခြားဘာသာဝင် သူများအတွက်တစ်မျိုးသတ်မှတ်၍လိုက်နာစေခဲ့သည်။ ထို့ကြောင့် သခင်ယေရှုက ဤသို့သောပုဂ္ဂိုလ်များကို နှစ်ဆပို၍ ငရဲသို့လားစေသူများဟု ဆိုခဲ့၏။

**၈/ ၂၃း၂၀** ရှိသေထိုက်သောအရာများသည် ဘုရားသခင်ကိုကိုယ်စားပြုခြင်းကြောင့်ယင်းတို့ကို တိုင်တည်၍ကျိန်ဆိုခြင်းသည်ဘုရားသခင်ကိုကျိန်ဆိုခြင်းပင်ဖြစ်၏။

**၉/ ၂၃း၂၄** လမ်းပြသောလူကန်းတို့။ အရေးမကြီးသောအသေးအဖွဲ့ကိစ္စများကို အလေးအနက်ထား၍ အရေးကြီးသော ပညတ်များကိုမူ ဂရုမစိုက်သောသူများ။

**၁၀/ ၂၃း၂၆** ဖါရိရှဲ သူကန်းတို့။ သင်၏ စိတ်နှလုံးထဲ၌ရှိသောအကြံအစည်တို့ကို ရှေးဦးစွာသန့်ရှင်းစေလော့။သို့မှသာသင်ပြုသမျှပြင်ပလုပ်ဆောင်မှုများသည် သန့်ရှင်းလိမ့်မည်။

မှုကား လူသေအရိုးများနှင့် အညစ်အကြေး အမျိုး
မျိုးဖြင့်ပြည့်နှက်လျက်ရှိ၏။
၂၈။ ထိုနည်းတူ သင်တို့သည်ပြင်ပ၌လူတို့ရှေ့တွင်ဖြောင့်
မတ်ဟန်ရှိကြ၏။ အတွင်း၌မူကားအယောင်ဆောင်
ခြင်း၊ မတရားပြုခြင်းတို့ဖြင့် ပြည့်နှက်လျက်ရှိ၏။
၂၉။ သူတော်ကောင်း ယောင်ဆောင်သူ ကျမ်းတတ်ဆရာ
**ဖါရီဇေဦး**တို့၊သင်တို့သည်အမင်္ဂလာရှိကြ၏။အကြောင်
း မူကားသင်တို့သည် ပရောဖက်တို့၏သင်္ချိုင်းများကို
တည်ဆောက်ပေးကြ၍ ဖြောင့်မတ်သူတို့၏အထိမ်း
အမှတ် ကျောက်တိုင်များကို တန်ဆာဆင်ကြလျှက်၊
၃၀။ ဆိုကြသည်ကားငါတို့သည် ဘိုးဘေးတို့လက်ထက်
၌အသက်ရှင်ခဲ့ကြပါလျှင်ပရောဖက်တို့၏ သွေးမြေ
ကျခြင်း၌ငါတို့ပါဝင်ခဲ့ကြမည်မဟုတ်ဟုဆိုကြ၏။
၃၁။ သို့ဖြစ်၍သင်တို့သည်ပရောဖက်များကိုသတ်သောသူ
တို့၏အမျိုးအနွယ်ဖြစ်ကြကြောင်း သင်တို့ကိုယ်တိုင်
၃၂။ သက်သေခံကြပြီ။[၁၁] ထို့ကြောင့်သင်တို့ဘိုးဘေးတို့၏
အကျင့်ဆိုးများကို ပြီးပြည့်စုံအောင် ပြုမူကျင့်ကြံကြ
လော့။
၃၃။ [၁၂]မြွေဆိုးတို့၊မြွေပွေးမျိုးတို့သင်တို့သည်ငရဲဒဏ်စီရင်
ခံရခြင်းမှ မည်သို့လွတ်မြောက်နိုင်ကြမည်နည်း။
၃၄။ [၁၃]သို့ဖြစ်၍သင်တို့ဆီသို့ ပရောဖက်များ၊ပညာရှိများ
နှင့် ကျမ်းတတ်ဆရာများကိုငါစေလွှတ်၏။ သင်တို့
သည် ထိုသူတို့ထဲမှ အချို့တို့ကို အသေသတ်ခြင်း၊
လက်ဝါးကပ်တင်ခြင်း၊ အချို့တို့ကို တရားဇရပ်များ
၌ကြိမ်နှင့်ရိုက်နှက်ခြင်း။ တစ်မြို့မှတစ်မြို့သို့လိုက်လံ
၃၅။ ညှဉ်းဆဲခြင်းကို ပြုကြလိမ့်မည်။ ဖြောင့်မတ်သော
**အာဘေလ်**၏ အသွေးမှစ၍ သန့်ရှင်းရာဌာနနှင့်
ယဇ်ပလ္လင်၏အကြားတွင် သင်တို့သတ်ခဲ့ကြသော
**ဘာရာကီ**၏သား **ဇာခရိယ**၏ အသွေးတိုင်အောင်
သွေးမြေကျခဲ့ရသော ဖြောင့်မတ်သူတို့၏သွေးရှိသမျှ
အားလုံးသည် သင်တို့အပေါ်သို့ကျရောက်လိမ့်မည်။
၃၆။ သင်တို့အားငါအမှန်ဆိုသည်ကားဤအရာအားလုံးတို့
သည်ဤလူမျိုးဆက်အပေါ်သို့ကျရောက်လိမ့်မည်။[၁၄]

## ဂျေရုဆလင်မြို့အတွက်သခင်ယေရှုး ညည်းတွားခြင်း

(လု ၁၃း၃၄-၃၅)

၃၇။ အို **ဂျေရုဆလင်**၊ **ဂျေရုဆလင်**၊သင်သည်ပရောဖက်
များကိုသတ်၍ သင့်ဆီသို့ငါစေလွှတ်သောသူတို့ကို
ကျောက်ခဲနှင့်ပေါက်ခဲ့၏။ကြက်မသည်မိမိကြက်ငယ်
များကိုအတောင်အောက်၌စုသွင်းထားသကဲ့သို့ သင်
၏သားသမီးတို့ကိုစုရုံးခြင်းငှာ အကြိမ်ကြိမ်အခါခါ
ငါ အလိုရှိခဲ့ပြီ။ သင်မူကား အလိုမရှိခဲ့။[၁၅]
၃၈။ သင်၏အိမ်တော်သည် စွန့်ပစ်ခြင်းခံရ၍လူသူကင်း
၃၉။ မဲ့လျှက်ရှိလိမ့်မည်။[၁၆] သင်တို့အားငါဆိုသည်မှာသခင်
ဘုရား၏နာမတော်၌ကြွလာသောသူအားမင်္ဂလာရှိစေ
သတည်းဟုသင်တို့ဆိုသည့်အချိန်တိုင်အောင်ယခုမှစ
၍သင်တို့သည်တစ်ဖန်ငါ့ကိုမြင်ကြရလိမ့်မည်မဟုတ်
ဟု မိန့်တော်မူ၏။

## အခန်းကြီး (၂၄)

## ဗိမာန်တော်ပျက်စီးမည့်အကြောင်းကြိုတင် ဟောကြားတော်မူခြင်း

(မာ ၁၃း၁-၂။ လု ၂၁း၅-၆)

၁။ သခင်**ယေရှုး**သည် ဗိမာန်တော်မှထွက်ကြွတော်မူစဉ်
တွင်တပည့်တော်တို့သည်ချဉ်းကပ်၍ကိုယ်တော်အား
ဗိမာန်တော်၏အဆောက်အအုံများကိုညွှန်ပြကြ၏။
၂။ ကိုယ်တော်ကလည်း ဤအရာအားလုံးတို့ကိုသင်တို့
မြင်ကြသည်မဟုတ်လော။ သင်တို့အား ငါအမှန်ဆို
သည်ကားဤနေရာတွင်ကျောက်တစ်တုံးပေါ်တစ်တုံး
တင်၍မကျန်ရစ်သည့်တိုင်အောင်ပြိုပျက်လိမ့်မည်ဟု
၃။ မိန့်တော်မူ၏။ ထို့နောက် ကိုယ်တော်သည်သံလွင်
တောင်ပေါ်မှာထိုင်နေတော်မူသောအခါ၊တပည့်တော်
တို့သည်အခြားသူများမပါဘဲအထံတော်သို့ချဉ်းကပ်
ကြ၍ ဤအမှုအရာများသည် မည်သည့်အချိန်တွင်
ဖြစ်ပျက်မည်နည်း။ကိုယ်တော်ကြွလာတော်မူချိန်နှင့်

---

၁၁/ ၂၃း၃၂ သင်တို့ဘိုးဘေးများသည် သူတို့ထံစေလွှတ်သောပရောဖက်များကိုသတ်ခဲ့ကြသကဲ့သို့ သင်တို့သည်လည်း ငါ့ကိုသတ်ကြလိမ့်မည်ဟု သခင်ယေရှုးကရည်ညွှန်းပြောဆိုခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဖါရီဇေဦး တို့သည် ပရောဖက်တို့ကို သတ်သောဘိုးဘေးများထက် မိမိတို့ကပို၍ မြတ်သည်ဟု ထင်မှတ်နေကြ၏။ ယခုမှာမူသူတို့သည် အကြီးမားဆုံးသော ပရောဖက်ဖြစ်သည့် သခင်ယေရှုးကို သတ်ရန်ကြံစည်နေကြပေပြီ။

၁၂/ ၂၃း၃၃ ကမ္ဘာဦးကပင်လှည့်စားတတ်၍လူ့အသက်ကိုသတ်သောနတ်ဆိုး၏အမျိုးဖြစ်၏။ ဖါရီဇေဦးတို့သည် ထိုအပြစ်မကောင်းမှုတို့ကိုပြုတတ်သောကြောင့် သခင်ယေရှုးက သူတို့ကို "မြွေဆိုးတို့၊မြွေပွေးမျိုးတို့"ဟုခေါ်ဝေါ်ခဲ့၏။

၁၃/ ၂၃း၃၄ ပရောဖက်များမှစ၍ ပညာရှိများနှင့် ကျမ်းတတ်ဆရာများတို့။ ခရစ်တော်ကမိမိ၏သာသနာပြုပုဂ္ဂိုလ်များနှင့်တမန်တော်ကြီးများကိုရည်ညွှန်းပြောဆိုခြင်းဖြစ်၏။

၁၄/ ၂၃း၃၆ ပရောဖက်နှင့် သူတော်ကောင်းတို့၏ သွေးမြေကျစေသောအပြစ်ဒဏ်ကိုသင်တို့ခံကြရလိမ့်မည်။

၁၅/ ၂၃း၃၇ အမိသည် သားကိုချစ်သောစိတ်ဖြင့်ငါသည်သူတို့ကိုချစ်သနားသည်ဖြစ်၍၊ သင်တို့နောင်တမရခြင်းကြောင့်၊ သင်တို့အပေါ်၌ကျလတ္တံ့သောဘေးကို တားဆီးရအောင် ပရောဖက်များကိုရှေးဦးစွာ ငါစေလွှတ်ခဲ့ပြီ။ ယခုလည်း ငါကိုယ်တိုင်လာ၍ ငါ၏တမန်တော်များကို သင်တို့ထံစေလွှတ်သော်လည်း သင်တို့ လက်မခံကြပြီ။

၁၆/ ၂၃း၃၈ သင်တို့သည် ဘုရား၏နာမတော်နှင့်ကြွလာသောသူကိုငြင်းပယ်သည့်အတွက် သင်တို့နှင့် သင်တို့၏ဗိမာန်တော်သည် ပျက်စီးလိမ့်မည်။ သင်တို့သည်လည်း ကစင့်ကလျား လွင့်ပြားကုန်လိမ့်မည်။

ကပ်ကမ္ဘာ ကုန်ဆုံးချိန်တို့၌ မည့်သို့သော နိမိတ်
လက္ခဏာများဖြစ်ပေါ်မည်နည်း တပည့်တော်တို့
အားမိန့်တော်မူပါ ဟုမေးလျှောက်ကြ၏။

## ဆင်းရဲဒုက္ခရောက်ခြင်းနှင့်ညှင်းပန်းနှိပ်စက်ခြင်း

(မာ၊ ၁၃း၃–၁၃။ လု၊ ၂၁း၇–၁၉)

၄။ သခင်**ယေရှု**ကလည်းသူတို့အား မိန့်မှာတော်မူသည်
ကားသင်တို့ကိုမည်သူမျှမလှည့်စားစေခြင်းငှာသတိပြု
၅။ ကြလော့။ အကြောင်းမူကားငါ၏အမည်ကိုခံလျှက်
ခရစ်တော်ဖြစ်သည်ဟုဆိုကာလာကြသောသူတို့သည်
လူများစွာတို့ကို လှည့်ဖြား ကြလိမ့်မည်။[၁]
၆။ သင်တို့သည်စစ်ပွဲများနှင့်စစ်မက်သတင်းများကိုကြား
ကြလိမ့်မည်။ထိတ်လန့်တုန်လှုပ်ခြင်းမရှိစေရန်သတိ
ပြုကြလော့။ ဤအမှုအရာများသည်ဖြစ်ပျက်ရမည်။
သို့သော်လည်းအဆုံးကာလသည် မရောက်ရှိသေး။
၇။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံစစ်
ဖြစ်ကြလိမ့်မည်။ နေရာအနှံ့အပြား၌ငတ်မွတ်ခေါင်း
ပါးခြင်းနှင့် မြေငလျင်လှုပ်ခြင်းများဖြစ်ကြလိမ့်မည်။
၈။ ဤအရာအားလုံးတို့သည်ဆင်းရဲဒုက္ခရောက်ခြင်းများ
၉။ ၏အစမျှသာဖြစ်၏။ထိုအခါလူတို့သည်ညှဉ်းပန်းနှိပ်
စက်ခြင်းခံရစေရန်သင်တို့ကို အပ်နှံကြ၍သတ်ဖြတ်
ကြလိမ့်မည်။ငါ၏နာမကြောင့်လည်းသင်တို့သည်လူ
မျိုးတကာတို့၏ မုန်းတီးခြင်းကို ခံကြရလိမ့်မည်။
၁၀။ ထိုကာလ၌ များစွာသောလူတို့သည် မှားယွင်းလမ်း
လွဲကြ၍ အချင်းချင်း သစ္စာဖောက်ကြလိမ့်မည်။ တစ်
ယောက်ကိုတစ်ယောက်မုန်းတီးကြလိမ့်မည်။
၁၁။ ပရောဖက် အတုအယောင်များ ပေါ်ပေါက်လာ၍
လူအများကိုလမ်းလွဲစေရန်ဖြားယောင်းကြလိမ့်မည်။
၁၂။ မကောင်း ဒုစရိုက်ပွားများလာသောကြောင့် လူသား
အချင်းချင်းမေတ္တာတရားခေါင်းပါးလာလိမ့်မည်။
၁၃။ သို့သော် အဆုံးတိုင်အောင်တည်ကြည်သောသူသည်
၁၄။ ကယ်တင်ခြင်းခံရလိမ့်မည်။လူမျိုးတကာတို့အတွက်
သက်သေခံစေခြင်းငှာကမ္ဘာအရပ်ရပ်တွင် နိုင်ငံတော်
၏ ဧဝံဂေလိ တရားတော်ကိုဟောပြောခြင်း
ခံရလိမ့်မည်။ထို့နောက်အဆုံးကာလသည် ရောက်ရှိ
လာလိမ့်မည်။

## ကျရောက်လာမည့်ဘေးဒုက္ခကြီး

(မာကု ၁၃း၁၄–၂၁။ လုကာ ၁၂း၂၀–၂၄)

၁၅။ ထို့ကြောင့် ပရောဖက် **ဒါနီအဲလ်** ဟောထားခဲ့သည့်
အတိုင်းစက်ဆုတ်ရွံရှာဖွယ်ကောင်းသောပျက်စီးခြင်း
သည်သန့်ရှင်းရာဌာနခ၌ဆိုက်ရောက်နေသည်ကိုသင်
တို့မြင်ကြရလျှင်ကျမ်းစာကို ဖတ်ရှုသောသူသည်နား
၁၆။ လည်ပါစေ။ **ဂျူဒေယ**ပြည်ရှိလူတို့သည်တောင်များ
၁၇။ ပေါ်သို့ ထွက်ပြေးတိမ်းရှောင်ကြစေ။အိမ်မိုးပေါ်မှာရှိ
သောသူသည် အိမ်ထဲတွင်ရှိသည့်ပစ္စည်းဥစ္စာများကို
၁၈။ ယူရန်အောက်သို့မဆင်းစေနှင့်။လယ်ထဲမှာရှိသောသူ
သည်လည်းမိမိဝတ်လုံကိုယူရန်အိမ်သို့မပြန်စေနှင့်။
၁၉။ ထိုနေ့ရက်တို့၌ကိုယ်ဝန်ဆောင်သောမိန်းမတို့နှင့်နို့စို့
သူငယ်ရှိသောမိခင်တို့သည်ဒုက္ခရောက်ကြလိမ့်မည်။
၂၀။ သင်တို့ထွက်ပြေးရမည့်အချိန်ကာလသည် ဆောင်း
ရာသီ၌သော်လည်းကောင်း၊ ဥပုသ်နေ့၌သော်လည်း
ကောင်းမဖြစ်စေမည့်အကြောင်းဆုတောင်းကြလော့။
၂၁။ အကြောင်းမူကားကမ္ဘာဦးမှစ၍ယခုတိုင်အောင်မဖြစ်
စဖူး၊နောင်တွင်လည်း ဖြစ်ပျက်လိမ့်မည်မဟုတ်သော
ဆင်းရဲဒုက္ခကြီးသည်ထိုအချိန်၌ကျရောက်လိမ့်မည်။
၂၂။ ထိုနေ့ရက်များကိုမတိုတောင်းစေခဲ့ပါလျှင် မည်သူမျှ
လွတ်မြောက် နိုင်လိမ့်မည်မဟုတ်၊ သို့သော် ရွေး
ကောက်ခြင်း ခံထားရသောသူတို့အတွက်ထိုနေ့ရက်
ကာလကို တိုတောင်းစေလိမ့်မည်။
၂၃။ ထိုကာလ၌ တစ်စုံတစ်ယောက်က ကြည့်လော့၊
ခရစ်တော် ဤအရပ်မှာရှိသည်သို့မဟုတ် ထိုအရပ်
မှာရှိသည်ဟု သင်တို့အားဆိုလျှင် မယုံကြနှင့်။
၂၄။ အကြောင်းမူကား ခရစ်တော်အယောင်ဆောင်သူများ
နှင့်ပရောဖက်အတုအယောင်များပေါ်ပေါက်လာကြ၍
နိမိတ်လက္ခဏာများနှင့် အံ့ဘွယ်တန်ခိုးများကို ကြီး
ကျယ်စွာပြကြသည်မှာရွေးကောက်ခံရသောသူများကို
ပင်ဖြားယောင်သွေးဆောင်နိုင်ကြသည်အထိဖြစ်လိမ့်
၂၅။ မည်။ ဤအကြောင်းအရာများကိုသင်တို့အားငါကြို
၂၆။ တင်သတိပေးထားလေပြီ။သို့ဖြစ်၍ ကိုယ်တော်သည်
တောကန္တာရ၌ရှိသည်ဟုသင်တို့အားဆိုကြလျှင်ထွက်
မသွားကြနှင့်၊ကိုယ်တော်သည်အိမ်ခန်းတွင်း၌ရှိသည်
၂၇။ ဟုဆိုကြလျှင်လည်း မယုံကြနှင့်။ လျှပ်စီးလက်ခြင်း
သည် အရှေ့အရပ်မှပေါ်ထွက်၍အနောက်အရပ်တိုင်
အောင်ထွန်းလင်းသကဲ့သို့ လူသား၏ကြွလာတော်မူ
၂၈။ ခြင်းသည်ထိုကဲ့သို့ဖြစ်လိမ့်မည်။ အသေကောင်ရှိရာ
အရပ်၌ လင်းတတို့သည်စုဝေးကြလိမ့်မည်။[၂]

## လူသား၏ကြွလာတော်မူခြင်း

(မာကု ၁၃း၂၄–၂၇။ လု ၂၁း၂၅–၂၈)

၂၉။ ဒုက္ခဆင်းရဲခြင်း ကျရောက်သော နေ့ရက်များ
ပြီးဆုံးသောအခါနေသည်ချက်ချင်းပင်မှောင်မိုက်လိမ့်

---

၁/ ၂၄း၅ ဂျေရုဆလင်မြို့ ပျက်စီးခြင်းတွင်ဖြစ်လာမည့်အကြောင်းအရာများနှင့်ကမ္ဘာကုန်ခါနီး ဖြစ်ပျက်မည့်အကြောင်းအရာတို့ကိုရောနှော၍ ဟောတော်မူသည်။ ကမ္ဘာကုန်ခါနီးသောအခါ ခရစ်တော်ယောင်ဆောင်သော သူတို့သည် ပေါ်လာ၍ များစွာသောဖျက်စီးနှောင့်ယှက်ခြင်းကို ပြုကြလိမ့်မည်။

၂/ ၂၄း၂၇ "အသေကောင်ရှိရာအရပ်၌လင်းတတို့သည် စုဝေးကြလိမ့်မည်။" ၎င်းသည် ဧကန်မုချဖြစ်လတ္တံ့သော အဖြစ်အပျက်ကို စကားပုံဖြင့် ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်၊ အဆုံးသောနေ့တွင် ကျရောက်လာမည့် အဖြစ်အပျက်များ သည်လည်း သိသာထင်ရှားမည့်အကြောင်းဖော်ပြသည်။

မည်။ လသည်လည်း အလင်းမပေးဘဲနေလိမ့်မည်။
ကြယ်များသည်လည်း ကောင်းကင်မှကြွေကျကြလိမ့်
မည်။ကောင်းကင်၏တန်ခိုး စွမ်းအင်တို့သည်လည်း
တုန်လှုပ်ခြောက်ခြား ကြလိမ့်မည်။
၃၀။ ထိုအခါ လူသား၏နိမိတ်လက္ခဏာ[၃]သည် ကောင်း
ကင်၌ပေါ်ထွန်းလာလိမ့်မည်။ ထို့နောက်ကမ္ဘာပေါ်ရှိ
လူမျိုးအပေါင်းတို့သည်ငိုကြွေးမြည်တမ်းကြလိမ့်မည်
လူသားသည်မိုးတိမ်ကိုစီးလျက်ကြီးစွာသောဘုန်းတန်
ခိုးအာနုဘော်တော်နှင့်ကြွလာတော်မူသည်ကို သူတို့
၃၁။ မြင်ကြရလိမ့်မည်။ကိုယ်တော်သည်တံပိုးခရာမှုတ်သံ
နှင့်အတူ မိမိတမန်တော်များကိုစေလွှတ်တော်မူလိမ့်
မည်။သူတို့သည်အရပ်လေးမျက်နှာရှိရွေးကောက်ခံရ
သောသူတို့ကိုကောင်းကင်တစ်ဘက်စွန်းမှတစ်ဘက်
စွန်းတိုင်အောင် စုရုံးထားကြလိမ့်မည်။

## သဖန်းပင်မှသင်ခန်းစာ

(မာကု ၁၃း၂၈–၃၁။ လု ၂၁း၂၉–၃၃)

၃၂။ သဖန်းပင်မှသင်ခန်းစာကို သင်ယူကြလော့။အပင်၏
အခက်အလက်များနု၍ ရွက်သစ်များထွက်လာသော
အခါ နွေရာသီရောက်လုနီးပြီဟု သင်တို့သိကြ၏။
၃၃။ ထိုနည်းတူ သင်တို့သည်လည်းဤအချင်းအရာအား
လုံးကိုမြင်ကြသောအခါ လူသားသည် သင်တို့အနီး
တံခါးဝသို့ပင် ရောက်ပြီဟု သိမှတ်ကြလော့။
၃၄။ သင်တို့အားငါအမှန်ဆိုသည်ကားဤအရာအားလုံးတို့
မဖြစ်ပျက်မီတိုင်အောင် ဤလူမျိုးဆက်သည်မကွယ်
၃၅။ ပျောက်ရာ။ကောင်းကင်နှင့်မြေကြီးကွယ်ပျောက်သွား
သော်လည်း ငါ၏စကားသည် မကွယ်ပျောက်ရာ။

## မည်သူမျှမသိသောနေ့နှင့်နာရီ

(မာကု ၁၃း၃၄–၃၇။ လု၊ ၂၁း၂၅–၂၈)

၃၆။ သို့သော်လည်း ထိုနေ့ရက်နှင့် အချိန်နာရီကို ငါ၏
ခမည်းတော်မှတပါး မည်သူမျှမသိ၊ ကောင်းကင်
တမန်တော်များလည်းမသိ၊ သားတော်ပင်မသိချေ။
၃၇။ လူသား၏ကြွလာတော်မူခြင်းသည်**နောဧ**လက်ထက်က
၃၈။ ကဲ့သို့ဖြစ်လိမ့်မည်။အကြောင်းမူကား ရေမလွှမ်းမိုးမီ
ကာလ၌**နောဧ**သည် သင်္ဘောထဲသို့ဝင်သည့်နေ့ရက်
တိုင်အောင်လူများတို့သည်စားသောက်ကြလျက်ထိမ်း
၃၉။ မြားပေးစားလျက်ရှိကြ၏။ရေလွှမ်းမိုးခြင်းရောက်လာ
၍၊ လူခပ်သိမ်းတို့ကို သုတ်သင်ပယ်ရှားသည့်တိုင်
အောင်ထိုသူတို့သည်သတိမမူဘဲနေကြလျက်ရှိသကဲ့
သို့ လူသား၏ကြွလာတော်မူခြင်းသည်လည်းထိုသို့
၄၀။ ဖြစ်လိမ့်မည်။ ထိုအခါ လယ်ထဲတွင် ရှိသောလူ
နှစ်ယောက်တို့အနက် တစ်ယောက်သည်ခေါ်ဆောင်
သွားခြင်းခံရ၍ တစ်ယောက်မှာမူကျန်ရစ်လိမ့်မည်။
၄၁။ ကြိတ်ဆုံကြိတ်လျက်ရှိသော အမျိုးသမီးနှစ်ယောက်
အနက်၊ တစ်ယောက်သည်ခေါ်ဆောင်သွားခြင်းခံရ၍
၄၂။ တစ်ယောက်မှာမူကျန်ရစ်လိမ့်မည်။ ထို့ကြောင့်သတိ
နှင့်စောင့်နေကြလော့။အကြောင်းမူကားသခင်ဘုရား
၄၃။ ကြွလာတော်မူမည့်အချိန်ကိုသင်တို့မသိကြ။သူခိုးလာ
မည့် အချိန်နာရီကို အိမ်ရှင် သိပါလျှင် မိမိအိမ်ကို
မဖောက်ထွင်းစေရန် ဧကန်မုချစောင့်နေမည် ဖြစ်
၄၄။ ကြောင်း သင်တို့သိမှတ်ကြလော့။ထို့ကြောင့်သင်တို့
သည်လည်းအသင့်ရှိကြလော့။အကြောင်းမူကားသင်
တို့မမျှော်လင့်သောအချိန်၌လူသားသည်ကြွလာလိမ့်
မည်။

## သစ္စာရှိသောကျွန်နှင့်သစ္စာမဲ့သောကျွန်

(လု၊ ၁၂း၄၁–၄၈)

၄၅။ သစ္စာရှိသောကျွန်လိမ္မာကားမည်သူနည်း။ဤသူကား
အိမ်သူအိမ်သားအားလုံးအပေါ်ကြီးမှူးအုပ်ချုပ်ရန်နှင့်၊
အချိန်တန်လျှင် အစားအသောက်ကိုတည်ခင်းကျွေး
မွေးရန် သခင်ကခန့်ထားသောသူဖြစ်၏။
၄၆။ သခင်ပြန်လာသောအခါ ဤကဲ့သို့ပြုလျက်နေသည်ကို
ကို တွေ့ရသော ထိုကျွန်သည် မင်္ဂလာရှိ၏။
၄၇။ သင်တို့အားငါအမှန်ဆိုသည်ကားသခင်သည်ထိုကျွန်
အား မိမိဥစ္စာပစ္စည်းများကိုအုပ်ချုပ်ရန်အပ်နှင်းလိမ့်
၄၈။ မည်။ဆိုးမိုက်သောကျွန်မူကားငါ၏သခင်ပြန်လာရန်
၄၉။ ကြာဦးမည်ဟုစိတ်ထဲ၌အောက်မေ့သဖြင့်ကျွန်အဖော်
သားတို့ကိုစတင်ရိုက်ပုတ်လျက်သေသောက်ကြူးသူ
၅၀။ တို့နှင့် သောက်စားမူးယစ်လျက်နေ၏။ မမျှော်လင့်
သောနေ့ရက်နှင့်၊ မသိမှတ်သောအချိန်၌ ထိုသူ၏
၅၁။ သခင်ပြန်ရောက်လာသောအခါထိုသူကိုအလုပ်မှဖယ်
ရှား၍ သူတော်ကောင်းယောင်ဆောင်သူတို့နှင့်အတူ
နေရာချထားလိမ့်မည်၊ထိုနေရာ၌ငိုကြွေးမြည်တမ်း၍
အံသွားခဲ ကြိတ်ခြင်းရှိလိမ့်မည်။

# အခန်းကြီး (၂၅)

## အပျိုကညာဆယ်ဦး ပုံဥပမာ

၁။ ကောင်းကင်နိုင်ငံတော်ကို မင်္ဂလာဆောင်သတို့သား
အားကြိုဆိုရန် ထွက်၍စောင့်နေကြသောအပျိုကညာ
၂။ ဆယ်ဦးနှင့်ပုံခိုင်းနိုင်၏။[၁] ထိုသူတို့တွင်ငါးဦးသည်
မိုက်မဲ၍ ကျန်ငါးဦးသည်ပညာသတိရှိကြ၏။

---

၃/၂၄း၃၀ လူသား၏နိမိတ်လက္ခဏာ။။ပရောဖက်ယောန၏နိမိတ်လက္ခဏာမှယောနသည် ငါး၏ဝမ်းဗိုက်ထဲ၌ သုံးရက်နေသကဲ့သို့၊ လူသား၏ နိမိတ်လက္ခဏာမှာမူ သူသည် မြေကြီး၏ဝမ်းထဲ၌သုံးရက်၊ သုံးညနေလိမ့်မည်။

၁/၂၅း၂ အပျိုကညာ ဆယ်ဦးသည်ကား၊ ခရစ်တော်ကိုစောင့်မျှော်နေကြသောခရစ်ယာန်များကိုရည်ညွှန်းသည်။ ကိုယ်တော်ကြွလာရန် ကြန့်ကြာနေသော်လည်း သူတို့သည်အဆင်သင့် စောင့်နေကြရမည်ဖြစ်သည်။ ဤပုံဥပမာ

၃။ မိုက်မဲသော သူငါးဦးတို့သည်[၂]မီးခွက်ကိုယူ၍ဆီကို
၄။ မယူခဲ့မိကြ။ ပညာသတိရှိသောသူတို့[၃] မူကားမီး
ခွက်နှင့်တကွဆီကိုလည်းဘူးနှင့်ထည့်၍ယူခဲ့ကြ၏။
၅။ မင်္ဂလာဆောင် သတို့သားရောက်လာရန် ကြန့်ကြာ
နေသောကြောင့်[၄]သူတို့အားလုံးတို့သည်ငိုက်မြည်း၍
၆။ အိပ်ပျော်ကြကုန်၏။ သန်းခေါင်ယံ၌မူကား မင်္ဂလာ
ဆောင်သတို့သား ရောက်လာပြီ။ သူ့ကို ကြိုဆိုရန်
ထွက်ခဲ့ကြလော့ဟူသောကြွေးကြော်သံကိုကြားရ၏။
၇။ ထိုအခါ အပျိုကညာအားလုံးတို့သည်ထကြ၍မိမိတို့
၈။ ၏ဆီမီးခွက်များကိုပြင်ဆင်ကြ၏။မိုက်မဲသောသူတို့
ကငါတို့ဆီမီးခွက်များငြိမ်းတော့မည်ဖြစ်၍သင်တို့၏
ဆီအနည်းငယ်ကိုငါတို့အားပေးကြပါ[၅]ဟုပညာသတိ
ရှိသော သူတို့ထံတောင်းခံကြ၏။
၉။ ပညာသတိရှိသောသူတို့က ငါတို့နှင့်သင်တို့အတွက်
ဆီမလုံမလောက်ဖြစ်ကောင်းဖြစ်လိမ့်မည်။ထို့ကြောင့်
ဆီရောင်းသူတို့ထံသွားကြ၍သင်တို့အတွက် ဝယ်ကြ
၁၀။ ပါလော့ဟုပြန်ပြောကြလေ၏။ထိုသူတို့သည်ဆီဝယ်
ရန်သွားစဉ်တွင်မင်္ဂလာဆောင်သတို့သားရောက်လာ
သဖြင့်၊ အသင့်ရှိနေသောအပျိုကညာတို့သည်သူနှင့်
အတူမင်္ဂလာဆောင်ပွဲသို့ ဝင်သွားကြ၍ တံခါးသည်
၁၁။ လည်းပိတ်သွားလေ၏။ ထို့နောက်ကျန်နေသော
အပျိုကညာတို့သည် လာကြ၍ သခင်၊သခင်၊ကျွန်မ
၁၂။ တို့အားတံခါးဖွင့်ပေးပါဟုဆိုကြလျှင် သခင်ကသင်
တို့အား ငါအမှန်ဆိုသည်ကား သင်တို့ကိုငါမသိဟု
၁၃။ ပြန်ပြောလေ၏။ သို့ဖြစ်၍ နေ့ရက်၊ အချိန်၊နာရီကို
သင်တို့မသိသောကြောင့်သတိနှင့်စောင့်နေကြလော့။

## ငွေအပ်ထားခြင်း ပုံဥပမာ

(လု၊ ၁၉း၁၁–၂၇)

၁၄။ ကောင်းကင်နိုင်ငံတော်သည် ခရီးမထွက်မီ၊မိမိအစေ
ခံများကိုခေါ်၍မိမိဥစ္စာများကိုအပ်နှံခဲ့သောသူတစ်ဦး
၁၅။ နှင့်တူ၏။[၆] ထိုသူသည်အစေခံ အသီးသီးတို့၏
အရည်အချင်းနှင့်အညီ တစ်ဦးကို ငွေဒင်္ဂါးငါးပြား၊
အခြားတစ်ဦးကိုနှစ်ပြား၊ ကျန်တစ်ဦးကိုတစ်ပြား
ပေးအပ်ပြီးနောက် ခရီးထွက်သွားလေ၏။
၁၆။ ငွေဒင်္ဂါးငါးပြားကိုလက်ခံရရှိသောသူသည်ချက်ခြင်း
သွား၍ကူးသန်းရောင်းဝယ်ရာနောက်ထပ်ငွေငါးပြား
၁၇။ ကိုအမြတ်ရရှိလေ၏။ ထိုနည်းတူ ငွေဒင်္ဂါးနှစ်ပြား
လက်ခံရရှိသောသူသည်လည်းနောက်ထပ်ငွေဒင်္ဂါးနှစ်
၁၈။ ပြားအမြတ်ရရှိလေ၏။ငွေဒင်္ဂါးတစ်ပြားရရှိသောသူမူ
ကားထွက်သွားပြီးလျှင် မြေ၌တွင်းတူး၍သခင်၏ငွေ
၁၉။ ကိုဝှက်ထားလေ၏။ကာလအတန်ကြာသော်ထိုအစေ
ခံတို့၏သခင်သည်ပြန်လာ၍သူတို့နှင့်စာရင်းရှင်းလေ
၂၀။ ၏။ငွေဒင်္ဂါးငါးပြားကိုလက်ခံရရှိခဲ့သောသူသည်ချဉ်း
ကပ်၍ နောက်ထပ် ငွေဒင်္ဂါးငါးပြားကို ယူဆောင်
လာလျှက်သခင်၊ကျွန်တော်အားသခင်သည် ငွေဒင်္ဂါး
ငါးပြားပေးအပ်ခဲ့ပါ၏။ ကြည့်ပါ၊ ကျွန်တော်သည်
နောက်ထပ် ငွေဒင်္ဂါးငါးပြားကို အမြတ်ရပါပြီဟု
ပြောလေ၏။
၂၁။ သူ၏သခင်က သာဓု၊သစ္စာရှိသောငယ်သားကောင်း၊
သင်သည် အနည်းငယ်သောအမှုတို့၌ သစ္စာရှိသော
ကြောင့်များစွာသောအမှုအရာတို့ကို သင့်အားငါပေး
အပ်မည်။ သင့်သခင်၏ပျော်ရွှင်ဝမ်းမြောက်ခြင်း၌
၂၂။ ပါဝင်ခံစားလော့ ဟုအမိန့်ရှိ၏။ ငွေဒင်္ဂါးနှစ်ပြားကို
လက်ခံရရှိသော သူသည်လည်း ချဉ်းကပ်၍သခင်၊
ကျွန်တော်အား သခင်သည် ငွေဒင်္ဂါးနှစ်ပြား
ပေးအပ်ခဲ့ပါပြီကြည့်ပါ။ကျွန်တော်သည်နောက်ထပ်
၂၃။ နှစ်ပြားကိုအမြတ်ရပါပြီဟုဆိုလေ၏။သူ၏သခင်က
လည်းသာဓုသစ္စာရှိသောငယ်သားကောင်း၊သင်သည်
အနည်းငယ်သောအမှုတို့၌ သစ္စာရှိသောကြောင့်များ
စွာသောအမှုအရာတို့ကို သင့်အား ငါပေးအပ်မည်၊
သင့်သခင်၏ပျော်ရွှင်ဝမ်းမြောက်ခြင်း၌ ပါဝင်ခံစား
၂၄။ လော့ဟုဆိုလေ၏။ငွေဒင်္ဂါးတစ်ပြားကိုလက်ခံရသော

---

ကိုနားလည်ရန် ဂျူးလူမျိုးတို့၏ ဓလေ့ထုံးစံကိုသိရန်လိုအပ် သည်။ မင်္ဂလာဆောင်သတို့သားသည် မိမိအဖော်များနှင့်သွား၍ သတို့သမီး ကို သူမ၏မိဘအိမ်မှဆောင်လေ့ရှိ၏။ သတို့သမီးကား အပျိုကညာဆယ်ဦး တို့နှင့်အိမ်မှစောင့် ရ၏။ သတို့သားသည် အိမ်အနီးသို့ ရောက်လျှင် အပျိုကညာဆယ်ဦးတို့က ထွက်၍ကြိုဆိုပြီးလျှင် သတို့သားကိုသူ၏အဖော် တို့နှင့်တကွ အိမ်တွင်စောင့်နေသောသတို့သမီးထံသို့ခေါ်ဆောင်သွားကြ၏။ အိမ်သို့ရောက်လျှင်သတို့သမီးနှင့်တကွ အားလုံးတို့သည် သတို့သားအိမ်သို့ လာကြ၍ အသင့်ပြင်ဆင်ထား သောစားသောက်ပွဲကို ကျင်းပကြ၏။ ညအချိန်တွင် ကျွေးမွေးခြင်းကိုပြုသည် ဖြစ်၍ဆီမီးခွက်များကို အသင့်ပြင် ထားရကြ၏။

၂/ ၂၅း၃ မိုက်မဲသော သူငါးဦး။ ။ မိုက်မဲသော ကညာများကား ကုသိုလ်ကောင်းမှုမပါဘဲယုံကြည်ခြင်းရှိရုံမျှနှင့်ကယ်တင်ခြင်းချမ်းသာရမည် ဟုအထင်ရှိ ကြသောသူများဖြစ်ကြ၏။

၃/ ၂၅း၄ ပညာသတိရှိသောကညာများ။ပညာသတိရှိသောကညာများကား ယုံကြည်ခြင်းနှင့်တကွ၊ ကုသိုလ်ကောင်းမှုများကိုလည်း ကျင့်ပါမှ ကယ်တင် ခြင်းကိုရမည်ဟု ခံယူသောသူများဖြစ်ကြ၏။

၄/ ၂၅း၄ ကြန့်ကြာနေသောကြောင့်။ ။ မင်္ဂလာဆောင်သတို့သား၏ကြန့် ကြာခြင်းကား၊ နောင်တတရားရခြင်းနှင့်ကုသိုလ်ကောင်းမှုများကိုဆည်းပူးအပ် သောအချိန်ဖြစ်၏။

၅/ ၂၅း၈ ဆီကိုတောင်းခြင်း။ တောင်းခံသော်လည်းမရခြင်း၊ဆီဝယ်သွားရ ၍ နောက်ကျခြင်းတို့သည်ကား၊ သေချိန်အခါ၌ ကုသိုလ်ကောင်းမှုပြုအပ် သော ကာလ၊ ကုန်ဆုံးပြီဟု ရည်ညွှန်းခြင်းဖြစ်သည်။ သေပြီးသောအခါ ကိုယ်တိုင်ကုသိုလ်ကောင်းမှုပြုလုပ်ရန်အတွက်တံခါးပိတ်သွားပြီးပြန်မဖွင့်နိုင်။ (ရဟန္တာ သြဂုတ်စတင်း)

၆/ ၂၅း၁၄ ငွေတာလင်၏ ပုံဥပမာအားဖြင့် ဆိုလိုသည်မှာခရစ်တော်နောက် လိုက်များသည် ဘုရားသခင်ထံမှလက်ဆောင်အဖြစ်ရရှိသောစွမ်းရည်များကို လူသားများအတွက်အကျိုးပြုစေရန်အသုံးပြုကြရမည့်အစေခံများဖြစ်ကြရမည်။ အချိန်တန်သောအခါ မိမိတို့၏အသုံးပြုလုပ်ဆောင်မှုများကိုဘုရားသခင်အား အစီရင်ခံကြရမည်ဖြစ်သည်။ မိမိရရှိသော စွမ်းရည်များကိုသစ္စာရှိစွာအသုံးချ ခြင်းသည် ကောင်းကင်နိုင်ငံတွင် ပြည့်ဝစွာ အကျိုးခံစားရစေနိုင်မည်။ မိမိ၌ရှိသောစွမ်းရည်များကိုအသုံးမချဘဲပျင်းရိ၍ကောင်းမှုလုပ်ဆောင်ခြင်းမရှိ သော သူသည်ကောင်းကင်နိုင်ငံတော်တွင် မပါဝင်နိုင်ဟုဆိုလိုခြင်းဖြစ်သည်။

သူမူကားချဉ်းကပ်၍သခင်၊သခင်သည်အတင်းအကျပ်
တောင်းခံသောသူဖြစ်သည်နှင့်အညီ[၇]သင်မစိုက်ပျိုး
သော အရပ်မှာရိတ်သိမ်းတတ်ပြီး သင်မကြဲသော
အရပ်မှာစုသိမ်းတတ်ကြောင်းကို ကျွန်တော်သိပါ၍၊
၂၅။ ကြောက်သောကြောင့်သခင်၏ ငွေဒင်္ဂါးတစ်ပြားကို
မြေကြီးထဲ၌ ဝှက်ထားပါသည်။ ယခုသခင်၏ငွေ
ရှိပါ၏ ဟုလျှောက်၏။
၂၆။ သခင်ကလည်း ထိုသူအား ဆိုးမိုက်ပျင်းရိသော
ငယ်သား၊ငါမစိုက်ပျိုးသောနေရာမှာငါရိတ်၍ငါမကြဲ
သောနေရာမှာငါစုသိမ်းတတ်ကြောင်းကိုသင်သိ၏။
၂၇။ သို့ဖြစ်လျှင် ငါ၏ငွေကို ငွေတိုးပေးသူတို့ လက်သို့
အပ်သင့်သည်။ ဤနည်းဖြင့် ငါပြန်လာသောအခါ
ငွေရင်းနှင့်တကွ၊ အတိုးကိုလည်း ငါရနိုင်လိမ့်မည်။
၂၈။ ထို့ကြောင့် ငွေဒင်္ဂါးတစ်ပြားကို ထိုသူ၏လက်မ
ပြန်ယူ၍ဒင်္ဂါးတစ်ဆယ်ရသောသူအား ပေးကြလော့။
၂၉။ အကြောင်းမူကား အကြင်သူသည် ကြွယ်ဝချမ်းသာ
၏။ ထိုသူအားထပ်၍ ပေးသဖြင့်ပိုလျှံနေလိမ့်မည်။
အကြင်သူမူကား ဆင်းရဲချို့တဲ့၏ သူ၌ရှိသမျှကိုပင်
၃၀။ နှုတ်ယူသွားလိမ့်မည်။ အသုံးမကျသည့် ထိုကျွန်ကို
လည်း အပြင်ဘက်မှောင်မိုက်ထဲသို့ နှင်ထုတ်လိုက်
ကြလော့။ ထိုနေရာ၌ သူသည် ငိုကြွေးမြည်တမ်း၍
အံကြိတ်ရလိမ့်မည်ဟု ဆို၏။

## နောက်ဆုံးသောတရားစီရင်တော်မူခြင်း

၃၁။ လူသားသည် မိမိဘုန်းအာနုဘော်တော်၌ သန့်ရှင်း
သောကောင်းကင်တမန်များနှင့်အတူ ကြွလာတော်မူ
သောအခါ ဘုန်းကျက်သရေရှိသော ပလ္လင်တော်
ပေါ်မှာ ထိုင်တော်မူလိမ့်မည်။
၃၂။ ထို့နောက်ရှေ့တော်၌လူမျိုးအပေါင်းတို့ကို စုဝေးစေ
ပြီး၊သိုးထိန်းသည်သိုးတို့ကိုဆိတ်တို့မှခွဲခြားသကဲ့သို့
၃၃။ သူတို့ကိုလည်းတစ်စုစီခွဲတော်မူ၍သိုးတို့ကိုလက်ယာ
ဘက်၊ ဆိတ်တို့ကို လက်ဝဲဘက်၌ထားတော်မူလိမ့်
၃၄။ မည်။ ထိုအခါ လက်ယာဘက်၌ ရှိသူတို့အား
ငါ၏ခမည်းတော်ထံမှ ကောင်းကြီးမင်္ဂလာခံရသော
သူတို့၊လာကြလော့။ ကမ္ဘာဦးကပင်သင်တို့အတွက်
ပြင်ဆင် ထားသောနိုင်ငံတော်ကို အမွေခံကြလော့။
၃၅။ အကြောင်းမူကား၊ ငါသည်ဆာလောင်မွတ်သိပ်သော
အခါ သင်တို့သည်ငါ့အားစားစရာပေးကြ၏။ငါရေ
ငတ်သောအခါ သင်တို့သည်ငါ့အားသောက်စရာပေး
ကြ၏။ ငါသည် ဧည့်သည် သူစိမ်းဖြစ်သောအခါ
သင်တို့သည် ငါ့အား ဧည့်သည်ဝတ်ကို ပြုကြ၏။
၃၆။ ငါ၌အဝတ်မရှိသောအခါ ငါ့ကိုအဝတ်နှင့်ဖုံးလွှမ်းကြ
၏။ငါဖျားနာသောအခါသင်တို့သည်ငါ့ကိုပြုစုကြ၏။
ငါထောင်ကျနေရသောအခါ သင်တို့သည် ငါ့ထံသို့
လာရောက် ကြည့်ရှုကြ၏ဟု မိန့်တော်မူလိမ့်မည်။
၃၇။ ထိုအခါ ဖြောင့်မတ်သောသူတို့ကအရှင်၊ကိုယ်တော်
ဆာလောင်မွတ်သိပ်သည်ကိုမည်သည့်အခါ၌တပည့်
တော်တို့မြင်ရ၍ကိုယ်တော်ကိုကျွေးမွေးခဲ့ပါသနည်း။
ရေငတ်တော်မူ၍ကိုယ်တော်အားသောက်စရာပေးခဲ့ပါ
၃၈။ သနည်း။ ကိုယ်တော်သည် ဧည့်သည် ဖြစ်သည်ကို
မည်သည့်အခါ၌ တပည့်တော်တို့မြင်၍ဧည့်ဝတ်ပြုခဲ့
ပါသနည်း။ကိုယ်တော်၌အဝတ်မရှိသည်ကိုမည်သည့်
အခါ၌တပည့်တော်တို့မြင်ရ၍အဝတ်နှင့်ဖုံးလွှမ်းခဲ့ပါ
၃၉။ သနည်း။ ကိုယ်တော် ဖျားနာသည်ကို၊ထောင်ထဲမှာ
နေရသည်ကို မည်သည့်အခါ၌ တပည့်တော်တို့မြင်
ရ၍အထံတော်သို့လာကြပါသနည်းဟုပြန်၍လျှောက်
၄၀။ ထားကြလေ၏။ဘုရင်ကသင်တို့အားငါအမှန်ဆိုသည်
ကားဤငါ၏ညီအစ်ကိုတို့တွင်အသိမ်ငယ်ဆုံးဖြစ်သူ
တစ်ယောက်ကို သင်တို့ပြုခဲ့ကြလျှင် ငါ့ကိုပင်ပြုကြ
၄၁။ ပြီဟုသူတို့အားပြန်ပြောတော်မူလိမ့်မည်။ ထို့နောက်
လက်ဝဲဘက်၌ရှိသောသူတို့အား၊ကျိန်ဆိုခြင်းခံရသော
သူတို့ငါ့ထံမှထွက်ခွါ၍ နတ်ဆိုးနှင့်သူ၏တမန်များ
အဘို့ ပြင်ဆင်ထားသော ထာဝရ မီးထဲသို့သွားကြ
၄၂။ လော့။အကြောင်းမူကားငါဆာလောင်မွတ်သိပ်သော
အခါ၊ သင်တို့သည်ငါ့အားစားစရာမပေး။ငါရေငတ်
သောအခါ သင်တို့သည် ငါ့အားသောက်စရာမပေး။
၄၃။ ငါသည်ဧည့်သည်သူစိမ်းဖြစ်သောအခါ၊သင်တို့သည်
ငါ့အားဧည့်ဝတ်မပြုကြ၊ ငါ၌ အဝတ်မရှိသောအခါ
သင်တို့သည်ငါ့ကိုမဖုံးလွှမ်းကြ။ငါဖျားနာသောအခါ
ငါထောင်ကျနေသောအခါ သင်တို့သည် ငါ့အား
၄၄။ မကြည့်ရှုကြဟုမိန့်တော်မူလိမ့်မည်။ထိုအခါသူတို့က
အရှင်၊ ကိုယ်တော်သည်ဆာလောင်မွတ်သိပ်တော်မူ
သည်။ ရေငတ်တော်မူသည်။ ဧည့်သည်သူစိမ်းဖြစ်
တော်မူသည်။ ကိုယ်၌အဝတ် ကင်းမဲ့တော်မူသည်။
ဖျားနာတော်မူသည်။ ထောင်ကျတော်မူသည်ကို
တပည့်တော်တို့ မည်သည့်အခါမြင်ရ၍ ကိုယ်တော်
ကိုမပြုစုဘဲနေပါသနည်းဟုမေးလျှောက်ကြလိမ့်မည်။
၄၅။ ထိုအခါ ဘုရင်ကသင်တို့အားငါအမှန်ဆိုသည်ကား၊
အသိမ်ငယ်ဆုံးသောဤသူတို့တွင်တစ်ယောက်ကိုမျှ
သင်တို့သည် မပြုကြလျှင်ငါ့ကိုလည်းမပြုကြဟုမိန့်
၄၆။ တော်မူလိမ့်မည်။ဤသူတို့သည် ထာဝရအပြစ်ဒဏ်
ခံကြရ၍ ဖြောင့်မတ်သောသူတို့မူကား ထာဝရ
အသက်ရှင်ခြင်းသို့ ဝင်ရောက်ကြလိမ့်မည် ဟုမိန့်
တော်မူ၏။

၇/ ၂၅း၂၄ မိမိကိုယ်တိုင်မကြိုးစားလိုဘဲ ပျင်းရိစွာနေသော သူတို့သည် သူ
တစ်ပါးအပေါ်ပြစ်တင် ဝေဖန်တတ်ကြစမြဲဖြစ်၏။

## အခန်းကြီး (၂၆)
## ကိုယ်တော်ကိုသတ်ရန်ကြံစည်ခြင်း

(မာကု ၁၄း၁-၂။ လု ၂၂း၁-၂။ ယော ၁၁း၄၅-၅၃)

၁။ ကိုယ်တော်သည် ဤဒေသနာများကို ဟောပြောပြီးသည်နောက်တပည့်တော်ကြီးတို့အားမိန့်တော်မူသည်
၂။ မှာနောက်နှစ်ရက်လွန်လျှင်ပါစကားပွဲကျရောက်မည်ကိုသင်တို့သိကြ၏။ ထိုအခါလူသားသည်လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံရန်အပ်နှံခြင်းခံရလိမ့်မည်
၃။ ဟုမိန့်တော်မူ၏။ ထိုအချိန်တွင် ရဟန်းအကြီးအကဲများ နှင့်သက်ကြီးဝါကြီးတို့သည် **ကာအိဖ**အမည်ရှိသောရဟန်းချုပ်၏ အိမ်တော်ဦး၌ စုဝေးကြပြီးလျှင်
၄။ ပရိယာယ်ဆင်၍ သခင်**ယေရှု**ကိုဖမ်းဆီးသတ်ဖြတ်
၅။ ရန်တိုင်ပင်ကြ၏။ သို့သော် လူတို့ရုန်းရင်းဆန်ခတ်ဖြစ်မည်ကို သူတို့စိုးရိမ်ကြသဖြင့် ပွဲတော်ရက်အတွင်း မဖမ်းဆီးကြနှင့်ဟု ဆိုကြ၏။

## ဘက်သနီရွာတွင်ဆီမွှေးလိမ်းကျံခံတော်မူခြင်း

(မာကု ၁၄း၃-၉။ ယော ၁၂း၁-၈)

၆။ **ဘက်သနီ**ရွာတွင် အနာကြီးရောဂါသည်**စီမုန်**၏အိမ်
၇။ ၌ သခင်**ယေရှု**ရှိတော်မူစဉ် အမျိုးသမီးတစ်ဦးသည် တန်ဖိုးကြီးသော ဆီမွှေးကျောက်ဖြူ ဘူးတစ်လုံးနှင့် အထံတော်သို့ချဉ်းကပ်၍ စားပွဲတွင် သုံးဆောင်နေသောကိုယ်တော်၏ ဦးခေါင်းပေါ်၌ ဆီမွှေးကိုသွန်း
၈။ လောင်းလေ၏။တပည့်တော်တို့သည်ဤအချင်းအရာကိုမြင်ကြလျှင် မခံမရပ်နိုင်ဖြစ်ကြ၍အဘယ်ကြောင့်
၉။ ဤသို့ ဖြုန်းတီးရသနည်း။ဤဆီမွှေးကိုအဖိုးများစွာနှင့်ရောင်းချပြီး ဆင်းရဲသားတို့အားပေးစရာကောင်း
၁၀။ သည်ဟုဆိုကြ၏။ သခင်**ယေရှု**မူကားဤအကြောင်းကိုသိတော်မူ၍သင်တို့သည်အဘယ်ကြောင့်ဤအမျိုးသမီးအားစိတ်အနှောင့်အယှက် ဖြစ်စေကြသနည်း။ သူမသည် ငါ့အတွက်ကောင်းသော အမှုကိုပြုပြီ။
၁၁။ အကြောင်းမူကား ဆင်းရဲသားတို့သည် သင်တို့နှင့်အစဉ်ရှိကြ၏။ ငါမူကား သင်တို့နှင့် အစဉ်ရှိလိမ့်မည်မဟုတ်။
၁၂။ ငါ၏ကိုယ်ပေါ်မှာသူမဆီမွှေးသွန်းလောင်းခြင်းသည် ငါ့ကိုသင်္ဂြိုဟ်ရန်အလို့ငှာ ပြင်ဆင်ခြင်း ဖြစ်သည်။
၁၃။ သင်တို့အားငါအမှန်ဆိုသည်ကား ကမ္ဘာတစ်ဝှမ်းလုံးတွင် ဧဝံဂေလိသတင်းကောင်းကို ဟောကြားသည့်နေရာတိုင်း၌ သူမအားအောက်မေ့ သတိရကြစေရန် သူမပြုခဲ့သော ကောင်းမှုသည်ဟောကြားခြင်းခံရလိမ့်မည်ဟု မိန့်တော်မူ၏။

## ဂျုဒသည်သခင်ယေရှုကိုသစ္စာဖောက်ခြင်း

(မာကု ၁၄း၁၀-၁၁။ လု ၂၂း၃-၆)

၁၄။ ထိုအခါ တစ်ဆယ့်နှစ်ပါးတွင် ပါဝင်သော **ဂျုဒအိစကာယုဒ်**သည် ရဟန်းအကြီးအကဲများထံ
၁၅။ သို့သွား၍ **ယေရှု**ကို သင်တို့လက်သို့ ငါအပ်လျှင် သင်တို့သည်ငါ့အားမည်သည့်အရာကိုပေးမည်နည်းဟုဆိုသော်သူတို့က [1]ငွေဒင်္ဂါးသုံးဆယ်ပေးလိုက်ကြ၏။
၁၆။ ထိုအချိန်မှစ၍ သူသည်လည်း ကိုယ်တော်ကိုအပ်နှံခြင်းငှာ အခွင့်ကောင်းကို ရှာကြံလျက်နေ၏။

## ပါစကားပွဲကျင်းပရန်ပြင်ဆင်ခြင်း

(မာကု ၁၄း၁၂-၂၁။ လု ၂၂း၇-၁၄၊၂၁-၂၃။
ယော ၁၃း၂၁-၃၀)

၁၇။ [2]တဆေးမဲ့ မုန့်ပွဲတော် ပထမနေ့၌ တပည့်တော်တို့သည် သခင်**ယေရှု**ထံတော်သို့ချဉ်းကပ်ကြ၍ ကိုယ်တော်သည် [3]ပါစကားပွဲညစာသုံးဆောင်ရန်မည်သည့်နေရာတွင် ပြင်ဆင်စေလိုတော်မူပါသနည်းဟု မေး
၁၈။ လျှောက်ကြသော်၊ကိုယ်တော်ကမြို့ထဲရှိဤမည်သောသူထံသို့သွားကြ၍ သခင်မှာလိုက်သည်ကား ငါ၏အချိန်နီးပြီ။ငါ့တပည့်တော်တို့နှင့်အတူသင်၏အိမ်၌ပါစကားပွဲကိုကျင်းပမည့်အကြောင်း သူ့အား ပြောကြား ကြလော့ဟုမိန့်တော်မူ၏။
၁၉။ တပည့်တော်တို့သည်လည်း **ယေရှု**မိန့်တော်မူသည့်အတိုင်း ပါစကားပွဲကိုကျင်းပရန်အသင့်ပြင်ဆင်ကြလေ၏။

## သစ္စာဖောက်မည့်သူအားရည်ညွှန်း၍ ပြောကြားခြင်း

(မာကု ၁၄း၁၇-၂၁၊ လု ၂၂း၂၁-၂၃၊ယော ၁၃း၂၁-၃၀)

၂၀။ ညနေခင်း အချိန်ရောက်သောအခါကိုယ်တော်သည်တပည့်တော်တစ်ဆယ့်နှစ်ပါးတို့နှင့်အတူစားပွဲ၌ထိုင်
၂၁။ တော်မူ၏။ ညစာစားလျက်နေကြစဉ်**ယေရှု**က သင်တို့အား ငါအမှန်ဆိုသည်ကား သင်တို့ထဲမှ တစ်ဦးသည် ငါ့ကိုသစ္စာဖောက်လိမ့်မည်ဟုမိန့်တော်မူ၏။
၂၂။ တပည့်တော်တို့သည်အလွန်ဝမ်းနည်းကြသဖြင့်သခင် တပည့်တော်ဖြစ်မည်လောဟု အသီးသီးမေးလျှောက်
၂၃။ ကြ၏။ကိုယ်တော်ကလည်း ငါနှင့်အတူပန်းကန်တွင်လက်နှိုက်သောသူသည်ငါ့ကိုသစ္စာဖောက်လိမ့်မည်။
၂၄။ လူသားသည် ကျမ်းစာလာသည်အတိုင်းသွားရမည်မှန်၏။ သို့သော်လည်း လူသားအပေါ်သစ္စာဖောက်

[1] ၂၆း၁၅ ငွေဒင်္ဂါးသုံးဆယ်သည် ထိုခေတ်ကကျွန်ရောင်းဝယ်ရာတွင်ပေးရသောကျွန်တစ်ယောက်၏တန်ဘိုးဖြစ်၏။

[2] ၂၆း၁၇ တဆေးမဲ့မုန့်ပွဲတော်။ ။ ဟေဘရူးစကားအားဖြင့်အာဇိမုပွဲဟုခေါ်သည်။ (ထွက်မြောက် ၁၂း၁) ပါစကားပွဲနေ့မှစ၍ ရက်သတ္တတစ်ပါတ်လုံး၊ တဆေးမပါသောမုန့်ကို စားသုံးကြသည်။

[3] ၂၆း၁၇ ပါစကားပွဲ ။ ။ အီဂျစ်ပြည်မှ ထွက်ပြေးလွတ်မြောက် လာရခြင်းအထိမ်းအမှတ်အဖြစ်သိုးသူငယ်ကို သတ်၍ မိသားစုအတူတကွ ကျေးဇူးတင်စားသောက်ကြသည့်ပွဲကိုခေါ်သည်။

သူသည်ပို၍ အမင်္ဂလာရှိ၏။ထိုသူသည်မွေးဖွားခြင်း
မခံရလျှင်သာ၍ ကောင်း၏ဟုမိန့်တော်မူ၏။
၂၅။ ကိုယ်တော်ကို သစ္စာဖောက်မည့်သူ **ယုဒ**ကလည်း
ဆရာတော်ဘုရားတပည့်တော်ဖြစ်မည်လောဟု မေး
လျှောက်လျှင် သင်ဆိုလေပြီဟု မိန့်တော်မူ၏။

## သခင်ဘုရား၏ညစာစားပွဲတော်

(မာကု ၁၄:၂၂–၂၆။ လု ၂၂:၁၄–၂၀။ ၁ကော ၁၁:၂၃–၂၅)

၂၆။ [၄]ညစာစားနေကြစဉ်သခင်**ယေရှု**သည် ပေါင်မုန့်ကို
ယူတော်မူ၍ ကောင်းကြီးပေးတော်မူပြီး ဖဲ့တော်မူ၍
မိမိတပည့်တော်ကြီးတို့အားပေးလျက်[၅]ဤအရာသည်
ငါ၏ကိုယ်ဖြစ်၏။ယူ၍စားကြလော့ဟုမိန့်တော်မူ၏၊
၂၇။ ကိုယ်တော်သည် စပျစ်ရည်ခွက်ကိုလည်း ယူတော်
မူ၍၊ ကျေးဇူးတင်တော်မူပြီးနောက် တပည့်တော်တို့
အားပေးလျက်မိန့်တော်မူသည်ကားသင်တို့အားလုံး
၂၈။ ဤခွက်မှသောက်ကြလော့။ဤသည်ကားလူအားလုံး
တို့အတွက်အပြစ် ဖြေလွှတ်ခြင်းငှာ သွန်းလောင်း
ခံရမည့် ပဋိညာဉ်သစ် နှင့်ဆိုင်သော ငါ၏အသွေး
၂၉။ ဖြစ်၏။သင်တို့အားငါဆိုသည်ကား ယခုအချိန်မှ
စ၍ငါ့ခမည်းတော်၏နိုင်ငံတော်တွင်[၆] ဤစပျစ်နွယ်
၏အသီးမှ စပျစ်ရည်သစ်ကို သင်တို့နှင့်အတူ
သောက်ရသည့်နေ့ တိုင်အောင် နောက်တဖန်
ငါသောက်လိမ့်မည် မဟုတ်ဟုမိန့်တော်မူ၏။
၃၀။ ထို့နောက်သူတို့သည် ဓမ္မသီချင်းတစ်ပုဒ်ကို သီဆို
ချီးမွမ်းလျက် သံလွင်တောင်ပေါ်သို့ ထွက်သွား
ကြ၏။

## ပေတရုငြင်းပယ်မည့်အကြောင်းကြိုတင်ဟောထားခြင်း

(မာကု ၁၄:၂၇–၃၁။ လု ၂၂:၃၁ –၃၄။ ယော ၁၃:၃၆–၃၈)

၃၁။ ထို့နောက် သခင်**ယေရှု**က တပည့်တော်တို့အားမိန့်
တော်မူသည်မှာ ဤည၌ သင်တို့အားလုံးသည် ငါ့
အတွက်ကြောင့် စိတ်ပျက်အားငယ် ကြလိမ့်မည်။
အကြောင်းမူကားကျမ်းစာ၌ရေးထားသည်မှာသိုးထိန်း
ကို ငါရိုက်ခတ်မည်။ သိုးစုထဲမှ သိုးတို့သည်
ကစင့်ကလျား ဖြစ်ကြလိမ့်မည်ဟူ၍ ဖြစ်သတည်း။
၃၂။ သို့သော်ငါသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီး၊
နောက်သင်တို့ရှေ့မှာကြို၍ သွားနှင့်မည်ဟုမိန့်တော်
၃၃။ မူ၏။ ထိုအခါ **ပေတရု**က သူတို့အားလုံးသည်
ကိုယ်တော့်အပေါ် စိတ်ပျက်အားလျော့ကြသော်
လည်း တပည့်တော်သည်မည်သည့်အခါမျှစိတ်ပျက်
အားလျော့လိမ့်မည်မဟုတ်ဟု လျှောက်လေ၏။
၃၄။ **ယေရှု**ကလည်း သင့်အား ငါအမှန်ဆိုသည် ကား
ဤည၌ကြ၌ပင်ကြက်မတွန်မီ သင်သည်ငါ့ကိုသုံးကြိမ်
၃၅။ ငြင်းပယ်လိမ့်မည်ဟု မိန့်တော်မူ၏။ **ပေတရု**က
အကယ်၍ တပည့်တော်သည် ကိုယ်တော်နှင့်အတူ
အသက်သေရမည်ဆိုလျှင်လည်းကိုယ်တော်ကိုတပည့်
တော်မငြင်းပယ်ပါဟုလျှောက်လေ၏။ တပည့်တော်
အားလုံးတို့သည်လည်း ထိုနည်းတူလျှောက်ကြ၏။

## ဂျက်ဆေမာနီဥယျာဉ်တွင်ဆုတောင်းခြင်း

(မာကု ၁၄:၃၂–၄၂၊ လု ၂၂:၄၀–၄၆)

၃၆။ ထိုအခါ သခင်**ယေရှု**သည်တပည့်တော်တို့နှင့်အတူ
**ဂျက်ဆေမာနီ**အမည်ရှိသော ဥယျာဉ်သို့ရောက်တော်
မူလျှင် တပည့်တော်တို့အား ငါသည် ထိုနေရာသို့
သွား၍ဆုတောင်းစဉ်တွင်ဤနေရာမှာထိုင်နေကြလော့
၃၇။ ဟုမိန့်တော်မူပြီးမှ **ပေတရု**နှင့် **ဇေဗေဒေဦး**၏သား
နှစ်ယောက်တို့ကိုအတူခေါ်သွားတော်မူ၍ကိုယ်တော်
သည် ပူဆွေးညှိုးငယ်ပူပန်ခြင်း ကိုစတင်ခံစားရ
၃၈။ တော်မူ၏။ ထိုအခါကိုယ်တော်က ငါ၏စိတ်နှလုံး
သည် သေလုမတတ် ညှိုးငယ်ပူဆွေးခြင်းကို
ခံစားရ၏။ သင်တို့ ဤအရပ်မှာနေရစ်ကြ၍ ငါနှင့်
အတူနိုးကြားစွာစောင့်နေကြလော့ဟု မိန့်တော်မူ၏။
၃၉။ ထိုနေရာမှရှေ့သို့အနည်းငယ်ကြွတော်မူ၍ မျက်နှာ
ကိုမြေတွင်အပ်ကာ ပျပ်ဝပ် ညွှတ်တွားလျက်
ဆုတောင်းတော်မူသည်မှာ အိုအဖ၊ ဖြစ်နိုင်ပါလျှင်
ဤခွက်ကို ကျွန်ုပ်ထံမှ လွှဲဖယ်တော်မူပါ။ သို့သော်
လည်းကျွန်ုပ်၏အလိုအတိုင်းမဟုတ်၊ ကိုယ်တော်၏
အလိုတော်အတိုင်းသာဖြစ်ပါစေသော်ဟု ဆုတောင်း
တော်မူ၏။
၄၀။ ထို့နောက် တပည့်တော်များထံသို့ ကြွလာတော်မူ၍
သူတို့အိပ်ပျော်လျက်ရှိကြသည်ကိုတွေ့လျှင် **ပေတရု**
အား သင်တို့သည် တစ်နာရီမျှမအိပ်ဘဲငါနှင့်အတူ
၄၁။ မစောင့်နိုင်ပြီလော့။စုံစမ်းနှောင့်ယှက်ခြင်းသို့မပါဝင်
ရအောင်ဆုတောင်းလျှက်နိုးကြားစွာစောင့်နေကြလော့၊
စိတ်ဝိညာဉ်သည်ကား ထက်သန်သော်လည်း ကိုယ်
၄၂။ ကာယမှာမူ အားနည်းလှသည် ဟုမိန့်တော်မူ၏။
တစ်ဖန် ဒုတိယအကြိမ်ထွက်သွားတော်မူ၍ကျွန်ုပ်၏
အဖ၊ဤခွက်ကိုလွှဲဖယ်ရန်မဖြစ်နိုင်ဘဲကျွန်ုပ်သောက်
ရမည်ဆိုလျှင်ကိုယ်တော်၏အလိုတော်အတိုင်းဖြစ်ပါ

---

**၄/၂၆:၂၆** ဤကျမ်းချက်၌ကိုယ်တော်သည် ကိုယ်တော်မြတ်စက္ကရမင်တူးကိုလည်းကောင်း၊ ရဟန်းသိက္ခာခံခြင်းစက္ကရမင်တူးကိုလည်းကောင်း စီရင်တော်မူ၏။

**၅/၂၆:၂၆** ဤအရာသည် ငါ၏ကိုယ်ဖြစ်၏ဟု ဆိုခြင်းအားဖြင့်ကိုယ်တော်ကငါ့ကိုယ်၏ပုံဖြစ်သည်ဟုမဆိုလို၊ငါ့ကိုယ်နှင့်တူသောအရာဖြစ်သည်ဟုလည်း မဆိုလိုကြောင်း မှတ်သားရမည်။

**၆/၂၆:၂၉** "စပျစ်နွယ်၏ အသီးမှ" ထိုစကားသည် ကိုယ်တော်မြတ်အသွေးတော်မြတ်ခွက်နှင့်ယှဉ်၍ မိန့်တော်မူသည်မဟုတ်၊ သိုးငယ်ကိုတပည့်တော်များနှင့်စားတော်မူ၍ စပျစ်ရည်ကိုလည်းခွက်၌သီးသန့်ထည့်ပြီးသောက်သောအခါ မိန့်တော်မူသောစကားဖြစ်၏။ (လုကာ ၂၂:၁၈) ပါစကားပွဲ၌ စပျစ်ရည်ကိုသုံးကြိမ် သုံး၏၊ သောက်သုံးစမြဲဖြစ်၏။

စေဟု ဆုတောင်းတော်မူပြန်လေ၏။
၄၃။ တစ်ဖန်ကိုယ်တော်သည်ပြန်လာသောအခါသူတို့အိပ်
ပျော်လျှက်ရှိကြသည်ကို တွေ့တော်မူ၏။အကြောင်း
မူကား၊သူတို့၏မျက်စိများသည်လေးလံသောကြောင့်
ဖြစ်၏။
၄၄။ ကိုယ်တော်သည်သူတို့ကိုထားခဲ့၍တစ်ဖန်ထွက်သွား
ပြီးလျှင် ယခင်က မြွက်ဆိုခဲ့သည့်အတိုင်း သုံးကြိမ်
မြောက်အောင် ဆုတောင်းတော်မူ၏။
၄၅။ ထို့နောက် ကိုယ်တော်သည် တပည့်တော်တို့ထံသို့
ပြန်လာတော်မူ၍ သင်တို့သည်အိပ်စက်အနားယူဆဲ
ပင်ရှိသေးသလော။လူသားကိုအပြစ်သားတို့လက်သို့
၄၆။ အပ်နှံသောအချိန်နာရီရောက်လာပြီ။ထကြ၊သွားကြစို့
ငါ့ကိုအပ်နှံမည့်သူသည်ရောက်လာပြီဟုမိန့်တော်မူ၏

## သခင်ယေရှုးကိုဖမ်းဆီးကြခြင်း

(မာကု ၁၄း၄၃–၅၂။ လု ၂၂း၄၇–၅၃၊ ယော ၁၈း၃–၁၁)

၄၇။ ထိုသို့ ကိုယ်တော်မိန့်တော်မူစဉ်တစ်ဆယ့်နှစ်ပါးတို့
တွင်အပါအဝင်ဖြစ်သော **ဂျုဒ**နှင့်အတူရဟန်းအကြီး
အကဲများ၊သက်ကြီးဝါကြီးများကစေလွှတ်လိုက်သော
လူအစုအဝေးတို့သည် တုတ်၊ဓားများကိုစွဲကိုင်လျက်
၄၈။ လာကြ၏။ ကိုယ်တော့်ကိုရန်သူ့လက်သို့အပ်နှံသော
သူက ငါနမ်း၍နှုတ်ဆက်သောသူသည် ထိုသူပင်
ဖြစ်၏။ သူ့ကို ဖမ်းကြလော့ဟု အချက်ပေးထား
လေ၏။
၄၉။ **ဂျုဒ**သည်သခင်**ယေရှုး**ထံသို့ချက်ချင်းပင်ချဉ်းကပ်၍
အာဝေ၊ ရဗ္ဗိဟုဆိုလျက် ကိုယ်တော်ကိုနမ်းလေ၏။
၅၀။ သခင်**ယေရှုး**က လည်း မိတ်ဆွေ၊ အဘယ့်ကြောင့်
လာသနည်းဟု မေးတော်မူစဉ် သူတို့သည်လာကြ၍
၅၁။ ကိုယ်တော့်ကိုဖမ်းဆီးချုပ်နှောင်ကြ၏။ထိုအခါသခင်
**ယေရှုး**နှင့်အတူပါလာသူတစ်ဦးသည် လက်ဖြင့်ဓားကို
ဆွဲထုတ်ပြီးလျှင်ရဟန်းချုပ်၏ အစေခံတစ်ဦးကိုခုတ်
၅၂။ သဖြင့် ထိုသူ၏နားရွက်ပြတ်လေ၏။ သခင်**ယေရှုး**
ကသင်၏ဓားကိုဓားအိမ်၌ပြန်သွင်းလော့။အကြောင်း
မူကား [7]ဓားကိုကိုင်သောသူတို့သည် ဓားဖြင့်ပျက်စီး
၅၃။ ခြင်းသို့ ရောက်လိမ့်မည်။ ငါ့ထံသို့ ယခုချက်ခြင်း
ကောင်းကင်တမန်တော် တစ်ဆယ့်နှစ်တပ်မျှမကစေ
လွှတ်ရန်အတွက် ငါ့ခမည်းတော်ထံငါမတောင်းခံနိုင်
၅၄။ ဟုသင်ထင်သလော။ သို့ရာတွင် ဤကဲ့သို့ဖြစ်လာရ
မည်ဟူသော ကျမ်းချက်များသည်အဘယ်သို့ပြည့်စုံ
၅၅။ စုံနိုင်ပါမည်နည်းဟု မိန့်တော်မူ၏။ ထိုအချိန်နာရီ၌
သခင်**ယေရှုး**သည် လူအစုအဝေးတို့အားဆိုသည်မှာ
သင်တို့သည် တုတ်၊ဓါးများကို ဆွဲကိုင်လျက်ဓါးပြ
ဖမ်းသကဲ့သို့ ငါ့ကိုဖမ်းဆီးရန်ထွက်လာကြသလော။
ငါသည်ဗိမာန်တော်၌ထိုင်၍နေ့စဉ်နေ့တိုင်းသွန်သင်
ဟောပြောနေစဉ် သင်တို့သည် ငါ့ကိုမဖမ်းဆီးကြ။
၅၆။ သို့ရာတွင် ဤအဖြစ်အပျက် အားလုံးသည် ပရော
ဖက်ကျမ်းများပြည့်စုံစေမည့်အကြောင်းဖြစ်သတည်း
ဟုမိန့်တော်မူ၏။ထိုအခါတပည့်တော်အားလုံးသည်
ကိုယ်တော်ကိုထားခဲ့၍ထွက်ပြေးကြ၏။

## ဘာသာရေးတရားရုံး၌သခင်ယေရှုးကို စစ်ဆေးခြင်း

(မာကု ၁၄း၅၃–၆၅။ လု၊ ၂၂း၅၄–၅၅။
၆၃–၇၁။ ယော ၁၈း၁၂–၁၄၊ ၁၉–၂၄)

၅၇။ သခင်**ယေရှုး**ကို ဖမ်းဆီးကြသော သူတို့သည်ကိုယ်
တော်ကိုကျမ်းတတ်ဆရာနှင့်သက်ကြီးဝါကြီးတို့စုဝေး
လျက်ရှိသော ရဟန်းချုပ်**ကာအိဖ**ရုံးတော်သို့ ခေါ်
၅၈။ ဆောင်သွားကြ၏။ **ပေတရု**မူကားရဟန်းချုပ်၏အိမ်
တော်ဦးတိုင်အောင် နောက်တော်သို့မလှမ်းမကမ်းမှ
လိုက်ပါလျှက်အတွင်းသို့ဝင်ပြီးလျှင်ထိုအမှုအခင်းကို
အဆုံးတိုင်အောင် သိမြင်ခြင်းငှာ အစောင့်တို့နှင့်
၅၉။ အတူထိုင်နေလေ၏။ရဟန်းအကြီးအကဲများနှင့်တရား
စီရင်သော အဖွဲ့တစ်ခုလုံးသည် **ယေရှုး**ကိုသေဒဏ်
စီရင်အံ့သောငှာ မမှန်သော သက်သေ အထောက်
၆၀။ အထားများကိုရှာကြ၏။ [8]မမှန်သောသက်သေခံသူများ
လာကြသော်လည်း အထောက်အထားမတွေ့ကြချေ။
၆၁။ နောက်ဆုံး၌ကားမမှန်သောသက်သေခံသူနှစ်ယောက်
လာကြ၍ဤသူကငါသည်ဘုရားသခင်၏ဗိမာန်တော်
ကိုဖျက်ဆီး၍သုံးရက်အတွင်းပြန်လည်တည်ဆောက်
နိုင်သည်ဟုပြောခဲ့ကြောင်းသက်သေခံကြ၏။
၆၂။ ထိုအခါရဟန်းချုပ်သည်ထ၍သင်၌ဖြေကြားစရာမရှိ
သလော။သင်ကိုစွပ်စွဲထွက်ဆိုခဲ့ကြသောဤသူတို့၏
သက်သေခံချက်များကားအဘယ်အကြောင်းများနည်း
၆၃။ ဟုကိုယ်တော်အား မေးလေ၏။ သခင်**ယေရှုး**မူကား
တိတ်ဆိတ်စွာနေတော်မူ၏။ရဟန်းချုပ်ကလည်းသင်
သည်ခရစ်တော်တည်းဟူသော ဘုရားသခင်၏သား
တော်ဖြစ်သည်မှန်လျှင် ငါတို့အားပြောပြစေခြင်းငှာ
အသက်ရှင်တော်မူသော ဘုရားကို တိုင်တည်၍သင့်
အား ငါအမိန့်ရှိသည်ဟုဆို၏။
၆၄။ သခင်**ယေရှုး**ကလည်း သင်ဆိုလေပြီ၊သို့သော်လည်း
သင်တို့အား ငါဆိုသည်ကားလူသားသည်ဘုရားရှင်
ဘုန်းအာနုဘော်တော်၏လက်ယာဘက်မှာထိုင်လျက်
မိုးတိမ်ပေါ်မှကြွလာသည်ကိုတစ်နေ့သင်တို့မြင်ရကြ

---

**၇/ ၂၆း၅၂** ဓားကိုင်သောသူတိုင်းသည်ဓားဖြင့် မလွဲဧကန်သေရမည်ဟုဆိုလိုသည်မဟုတ် ကမ္ဘာဦးကျမ်း၉း၆ကိုသာညွှန်ပြလို၍ဖြစ်သည်။ ၎င်းကျမ်းချက်အရ အကြင်သူသည်သူတစ်ပါးကိုသွေးထွက်သံယိုဖြစ်စေလျှင်သူသည်လည်း အခြားသူ၏လက်ချက်ဖြင့် သွေးထွက်သံယိုဖြစ်စေရမည်။

**၈/ ၂၆း၅၉** လူတို့ရှေ့တွင် အပြစ်ထင်ရှား စီရင်လောက်သောသက်သေခံ မရှိ။ သူတို့သည် မတရားသောအမှုကို တရားသဖြင့်စီရင်ဟန်ပြလိုကြ၏။

၆၅။ လိမ့်မည်ဟုမိန့်တော်မူ၏။ ထိုအခါရဟန်းချုပ်သည်
မိမိအဝတ်များကိုဆုတ်လျက်သူသည်ဘုရားသခင်ကို
ထိခိုက်ပြောဆိုလေပြီ၊မည်သည့် သက်သေများလိုပါ
သေးသနည်း။ ဘုရားသခင်အားထိခိုက်သောစကား
၆၆။ ကိုယခုပင်သင်တို့ကြားရပြီ။သင်တို့မည်သို့ထင်မှတ်
ကြသနည်းဟုဆိုလျှင်သူတို့ကဤသူသည်သေထိုက်
၆၇။ ၏ဟုပြန်ဖြေကြ၏။ ထိုအခါသူတို့သည်ကိုယ်တော်
၏မျက်နှာတော်ကိုတံထွေးနှင့်ထွေးကြ၏။ကိုယ်တော်
၆၈။ ကို လက်သီးနှင့်လည်း ထိုးကြ၏။ အချို့မူကား
ကိုယ်တော်၏ပါးကိုရိုက်ကြလျက်အသင်ခရစ်တော်၊
သင့်အား မည်သူ ရိုက်သည်ကို ကျွန်တော်တို့အား
ပရောဖက်ဉာဏ်နှင့် ဟောတော်မူပါဟု ဆိုကြ၏။

## သခင်ယေရှုကိုပေတရုငြင်းပယ်ခြင်း

(မာကု ၁၄း၆၆–၇၂။ လု၊ ၂၂း၅၆–၆၂။
ယော ၁၈း၁၅– ၁၈။ ၂၅–၂၇)

၆၉။ **ပေတရု**မူကား အိမ်တော်ဝင်းအပြင်ဘက်၌ ထိုင်နေ
စဉ်အစေခံအမျိုးသမီးတစ်ဦးသည် သူ့ထံသို့လာ၍
သင်သည်လည်း **ဂါလိလေ**နယ်သား **ယေရှု** နှင့်
၇၀။ အတူရှိခဲ့သည်ဟုဆို၏။ **ပေတရု**ကလည်း သင်မည်
သည့်အရာပြောဆိုသည်ကိုငါမသိဟုဆို၍လူအပေါင်း
တို့၏ရှေ့မှာ ကိုယ်တော်ကိုငြင်းပယ်လေ၏။
၇၁။ သူသည်အိမ်တော်ဝင်းတံခါးဆီသို့ ထွက်သွားသော
အခါအခြားအစေခံ အမျိုးသမီးတစ်ဦးက သူ့ကိုမြင်
လျှင် ဤသူသည်လည်း**နာဇရက်**မြို့သား **ယေရှု**နှင့်
၇၂။ အတူရှိခဲ့ပါသည်ဟုဆိုလျှင်**ပေတရု**ကထိုသူကိုငါမသိ
၇၃။ ပါဟုကျိန်ဆို၍ တဖန်ငြင်းပယ်ပြန်လေ၏။ အချိန်
အနည်းငယ်ကြာပြီးနောက်အနီးတွင် ရပ်နေသောသူ
များသည် **ပေတရု**ထံသို့လာကြ၍ အမှန်စင်စစ်သင်
သည်လည်း သူတို့တွင် တစ်ဦးအပါအဝင် ဖြစ်၏။
အကြောင်းမူကား သင်ပြောသော စကားအသံကပင်
၇၄။ သိသာထင်ရှားစေသည်ဟုဆိုကြ၏။ထိုအခါ**ပေတရု**
က ထိုသူကိုငါမသိဟု အဓိဋ္ဌာန်ပြု၍ကျိန်ဆိုလေ၏။
ထိုခဏချင်းတွင် ကြက်တွန်လေ၏။
၇၅။ ကြက်မတွန်မီ သင်သည်ငါ့အား သုံးကြိမ်တိုင်တိုင်
ငြင်းပယ်လိမ့်မည်ဟု**ယေရှု**မိန့်တော်မူသောစကားကို
**ပေတရု** အောက်မေ့သတိရသဖြင့် သူသည် အပြင်
သို့ထွက်၍ ပြင်းထန်စွာ ငိုကြွေးလေ၏။

# အခန်းကြီး (၂၇)

## သခင်ယေရှုကိုပီလာတုမင်းထံ ခေါ်ဆောင်ခဲ့ခြင်း

(မာကု ၁၅း၁–၂။ လု ၂၂း၆၆။ ၂၃း၁။ ယော ၁၈း၂၈)

၁။ နံနက်အချိန်ရောက်သော် ရဟန်းအကြီးအကဲတို့နှင့်
သက်ကြီးဝါကြီး အားလုံးတို့သည် သခင်**ယေရှု**ကို
သေဒဏ်စီရင်ခြင်းငှာ ဆွေးနွေးတိုင်ပင်ကြ၍။
၂။ ကိုယ်တော်ကိုချည်နှောင်လျက် ခေါ်သွားကြပြီးလျှင်
ဘုရင်ခံ[၁]**ပီလာတု**မင်းလက်သို့ အပ်လိုက်ကြ၏။

## ဂျုဒအိစကာရီယုဒ်သေဆုံးခြင်း

၃။ ထိုအခါ ကိုယ်တော်အားသေဒဏ် စီရင်ကြသည်ကို
သစ္စာဖောက်သူ**ဂျုဒ**မြင်လျှင်[၂] နောင်တရ၍ငွေဒင်္ဂါး
သုံးဆယ်ကို ရဟန်းအကြီးအကဲတို့နှင့် သက်ကြီး
၄။ ဝါကြီးတို့ထံသို့ပြန်ယူခဲ့ပြီး။ ကျွန်တော်သည်အပြစ်
ကင်းသူ၏သွေးအပေါ်သစ္စာဖောက်ခြင်းဖြင့်ပြစ်မှားခဲ့
ပါပြီဟုဆို၏။ သူတို့ကလည်း ငါတို့နှင့်အဘယ်သို့
ဆိုင်သနည်း။သင်၏အမှုကိစ္စကိုသင်ကိုယ်တိုင်ကြည့်
၅။ ရှင်းလော့ဟုဆိုကြ၏။ထိုအခါသူသည်ဗိမာန်တော်အ
တွင်း၌ ထိုငွေများကို ပစ်ချခဲ့ပြီး ထွက်ခွာသွား၍ မိမိ
ကိုယ်ကို ကြိုးဆွဲချလေ၏။
၆။ ရဟန်းအကြီးအကဲတို့သည် ထိုငွေကိုယူ၍ ပြောကြ
သည်မှာ ဤငွေကိုဘဏ္ဍာတော်တိုက်၌ မထည့်အပ်၊
အကြောင်းမူကား ယင်းသည်သွေး၏ တန်ဖိုးငွေ
၇။ ဖြစ်သည်ဟုဆိုကြ၏။ထို့ကြောင့်သူတို့သည်တိုင်ပင်
ကြပြီးမှဧည့်သည်အာဂန္တုတို့အားသင်္ဂြိုဟ်ရန်အတွက်
အိုးထိန်းသမား၏မြေတစ်ကွက်ကိုထိုငွေဖြင့် ဝယ်ကြ
၈။ ၏။ ထိုအကြောင်းကို အစွဲပြု၍ ယနေ့တိုင်အောင်
ထိုမြေကွက်သည်**အာခဲလ်ဒါမာ**ဟုအမည်တွင်လေ၏
အဓိပ္ပါယ်ကားသွေးမြေကွက်ဟုဆိုလိုသတည်း။
၉။ ထိုအခါ ပရောဖက်**ယေရမိယ** ဟောထားချက်သည်
ပြည့်စုံခြင်းသို့ရောက်လေ၏။ ဟောထားချက်သည်
ကားသူတို့သည် ထိုသူ၏တန်ဖိုးအဖြစ် **အစ္စရေးလ်**
လူမျိုးတို့ တန်ဖိုးဖြတ်ထားသော ငွေဒင်္ဂါးသုံးဆယ်
ကိုယူကြ၍။
၁၀။ ငါ့အား ထာဝရဘုရား ဗျာဒိတ်ထားတော်မူသည့်
အတိုင်းအိုးထိန်းသမား၏မြေကွက်တန်ဖိုးအဖြစ်ပေး
ကြလေပြီဟု လာသတည်း။

## ပီလာတုမင်းသည်သခင်ယေရှုကိုစစ်ဆေး မေးမြန်းခြင်း

---

၁/ ၂၇း၂ ဘုရင်ခံပိလတ်မင်း။ ထိုအချိန်၌ ဂျူးလူမျိုးတို့သည်ရောမတို့၏ လက်အောက်ခံများဖြစ်ကြ၍ သေဒဏ်အပြစ် စီရင်ပိုင်ခွင့်မရှိကြ။ သို့ဖြစ်၍ ရောမဘုရင်က ခန့်ထားသောပိလတ်မင်းထံသို့ကိုယ်တော်ကိုခေါ်ဆောင်ခဲ့ကြသည်။

၂/ ၂၆း၃ “နောင်တရ၍”ဂျူးဒသည် နောင်တရ၍မိမိပြုမိသောအပြစ်ကိုရှက်ကြောက်သော်လည်း အခွင့်ချမ်းသာကိုမမျှော်လင့်သည်အတွက်စိတ်ပျက်ကာ ကြိုးဆွဲချသေလေ၏။ မည်သူမဆို ဘုရားသခင်၏ ခွင့်ချမ်းသာကို မျှော်လင့် တောင်းခံလျှင် ဧကန်မုချရလိမ့်မည်။

(မာကု ၁၅း၂–၁၅။ လု ၂၃း၂–၅။ ၁၃–၂၅။ ယော ၁၈း၂၈–၁၉း၁၆)

၁၁။ သခင်**ယေရှူး**သည် ဘုရင်ခံ၏ရှေ့တွင် ရပ်နေတော်မူ
သောအခါဘုရင်ခံကသင်သည်**ဂျူး**လူမျိုးတို့၏ဘုရင်
ဖြစ်သလောဟုမေးလျှင် သင်ဆိုလေပြီဟုကိုယ်တော်
၁၂။ ကပြန်ပြောတော်မူ၏။ သို့သော်ကိုယ်တော်သည်
ရဟန်းအကြီးအကဲတို့နှင့် သက်ကြီးဝါကြီးတို့၏
စွပ်စွဲချက်များကိုမည်သို့မျှပြန်ဖြေတော်မမူ။
၁၃။ ထိုအခါပီလာတု**မင်း**က သင့်အပေါ်စွဲဆို ပြစ်တင်
ထားသော သက်သေခံချက်များ မည်မျှများပြား
သည်ကို သင်မကြားပါသလောဟု မေးလေ၏။
၁၄။ ကိုယ်တော်မူကား စွဲဆိုချက် တစ်ခုကိုမျှ ပြန်လည်
ချေပတော်မမူသောကြောင့်ဘုရင်ခံသည်အလွန်အံ့သြ
လေ၏။

## သခင်ယေရှူးကိုသေဒဏ်စီရင်ချက်ချခြင်း

(မာကု ၁၅း၆ –၁၅။ လု ၂၃း၁၄–၂၃။ ယော ၁၈း၃၉–၁၉း၁၆)

၁၅။ ဘုရင်ခံသည်ပွဲတော်အချိန်အခါတွင်လူအများတောင်း
ဆိုသည့် အကျဉ်းသားတစ်ဦးကိုလွှတ်မြဲ ထုံးစံရှိ၏။
၁၆။ ထိုအချိန်တွင်နာမည်ဆိုးဖြင့်ကျော်ကြားသော **ဘာရာ
ဘ** အမည်ရှိအကျဉ်းသား တစ်ယောက်ရှိ၏။
၁၇။ လူအများ စုရုံးလာကြသောအခါ ပီလာတု**မင်း**က
မည်သူ့ကို ငါလွှတ်ပေးစေရန် သင်တို့အလိုရှိ
ကြသနည်း၊**ဘာရာဘ**ကိုလော၊ခရစ်တော်ဟုခေါ်သော
၁၈။ **ယေရှူး**ကိုလောဟုမေးလေ၏။အကြောင်းမူကားသူတို့
သည်မနာလိုသောစိတ်ဖြင့်ကိုယ်တော်ကို အပ်နှံခဲ့ကြ
၁၉။ ကြောင်းသူသိ၏။ထို့အပြင်သူသည်တရားပလ္လင်တွင်
ထိုင်နေစဉ် သူ၏ဇနီးကသတင်းပို့သည်မှာထိုဖြောင့်
မတ်သောသူ၏အမှု၌မည်သို့မျှမပတ်သက်ပါစေနှင့်။
အဘယ့်ကြောင့်ဆိုသော် ယနေ့ ကျွန်မသည် ထိုသူ
ကြောင့်အိပ်မက်တွင်စိတ်ဒုက္ခများစွာခံစားခဲ့ရပြီဟုမှာ
၂၀။ ကြားခဲ့၏။ရဟန်းအကြီးအကဲတို့နှင့်သက်ကြီးဝါကြီး
တို့ကမူ**ဘာရာဘ**ကိုလွှတ်၍သခင်**ယေရှူး**ကိုသတ်စေ
မည့်အကြောင်း တောင်းဆိုရန်လူအစုအဝေးကိုသွေး
၂၁။ ဆောင်စည်းရုံးကြ၏။ဘုရင်ခံကဤသူနှစ်ယောက်တို့
တွင်မည်သူကို သင်တို့လွှတ်စေလိုကြသနည်းဟုမေး
သောအခါ သူတို့က **ဘာရာဘ**ဟု ပြန်ဖြေကြ၏။
၂၂။ **ပိလတ်မင်း**ကလည်း သို့ဖြစ်လျှင် ခရစ်တော်ဟုခေါ်
သော**ယေရှူး**ကို ငါမည်သို့ပြုရမည်နည်းဟုမေးသော်
သူတို့ အားလုံးက သူ့ကိုလက်ဝါးကပ်တိုင်တင်၍
၂၃။ သတ်ပါဟုဆိုကြ၏။ ထိုအခါ ဘုရင်ခံက အဘယ့်
ကြောင့်နည်း၊ သူသည် မည်သည့်အပြစ်ကို ပြုခဲ့မိ
သနည်းဟုမေးလျှင်သူတို့ကသူ့ကိုလက်ဝါးကပ်တိုင်
တင်၍သတ်ပါဟုသာ ပို၍ကျယ်လောင်စွာဟစ်အော်
၂၄။ ကြ၏။ **ပီတာတုမင်း**မူကားမိမိ၏စကားအကျိုးသက်
ရောက်မှု မရှိသည်သာမက ရုံးရင်းဆန်ခတ် စတင်
ဖြစ်လာသည်ကိုမြင်သောအခါ ရေကိုယူ၍လူအများ
ရှေ့တွင် မိမိလက်များကိုဆေးလျက် ဤသူ၏သွေး
နှင့် ငါအပြစ်ကင်းရှင်း၏။ သင်တို့ အမှုကိစ္စကို သင်
တို့သာလျှင် ကြည့်ရှင်းကြလော့ဟုဆို၏။
၂၅။ လူအပေါင်းတို့ကလည်းသူ၏သွေးသည်ငါတို့နှင့် ငါ
တို့သားသမီးများအပေါ် ကျရောက်ပါစေဟုပြန်ပြော
၂၆။ ကြ၏။ ထိုအခါသူသည် **ဘာရာဘ**ကိုလွှတ်လိုက်၍
**ယေရှူး**ကိုမူကား ကြိမ်နှင့်ရိုက်စေပြီးမှ လက်ဝါးကပ်
တိုင်တင်စေခြင်းငှာထိုသူတို့လက်သို့အပ်လိုက်လေ၏

## သခင်ယေရှူးကိုစစ်သူရဲများကပြောင်လှောင်ပျက်ရယ်ပြုခြင်း

(မာကု ၁၅း၁၆–၂၀။ ယော ၁၉း၂–၃။)

၂၇။ ထိုအခါစစ်သူရဲများသည်သခင်**ယေရှူး**ကို ဘုရင်ခံ၏
ရုံးတော်အတွင်းသို့ခေါ်ဆောင်သွားကြလျက်စစ်သူရဲ
၂၈။ တစ်တပ်လုံးကို အထံတော်၌စုရုံးစေ၏။ ထို့နောက်
ကိုယ်တော်၏အဝတ်တော်များကိုချွတ်၍[2]နီသောဝတ်
လုံကို ခြုံပေးကြ၏။
၂၉။ ဆူးခက်နှင့် ခွေသောဦးရစ်ကိုလည်း ကိုယ်တော်၏
ဦးခေါင်းပေါ်မှာတင်ကြ၏။ ကျူရိုး တစ်ချောင်းကို
လည်းကိုယ်တော်၏လက်ယာလက်တော်၌ကိုင်စေပြီး
လျှင်ရှေ့တော်၌ဒူးထောက်ကြလျက် **ဂျူး**လူမျိုးတို့၏
ဘုရင် သက်တော်ရာကျော်ရှည်ပါစေဟုပျက်ရယ်ပြု
၃၀။ ကြ၏။သူတို့သည်ကိုယ်တော်ကိုတံတွေးနှင့်ထွေးကြ
၍ကျူရိုးကိုယူပြီးလျှင်ဦးခေါင်းတော်ကိုရိုက်ကြ၏။
၃၁။ သူတို့သည် ထိုသို့ကိုယ်တော်ကို ပျက်ရယ်ပြုကြပြီး
နောက်နီသောဝတ်လုံကိုချွတ်၍ကိုယ်တော်၏အဝတ်
များကိုပြန် ဝတ်စေပြီးလျှင် လက်ဝါးကပ်တိုင်တင်
အံ့သောငှာ ခေါ်ဆောင်သွားကြ၏။

## သခင်ယေရှူးကိုလက်ဝါးကပ်တိုင်တင်၍သတ်ကြခြင်း

(မာကု ၁၅း၂၁–၃၂၊လု ၂၃း၂၆–၄၃၊ ယော ၁၉း၁၆–၂၇)

၃၂။ သူတို့သည်ရုံးတော်မှထွက်ခွာလာကြစဉ်**စီမုန်**အမည်
ရှိသော**စီရီနေ**မြို့သားတစ်ဦးကိုတွေ့ကြလျှင် ထိုသူကို
အနိုင်အထက်ပြု၍လက်ဝါးကပ်တိုင်ကိုထမ်းစေကြ၏
၃၃။ ဦးခေါင်းခွံ အရပ်ဟု အဓိပ္ပာယ်ရှိသော **ဂေါလ်ဂိုသ**
အရပ်သို့ရောက်ကြသောအခါ။
၃၄။ သူတို့သည် ကိုယ်တော်အားသည်းခြေနှင့်ရောသော
စပျစ်ရည်ကိုသောက်ရန်ပေးကြ၏။ကိုယ်တော်သည်

---

၃/၂၇း၂၈ နီသောဝတ်လုံ ရှေးကဘုရင်များ ဝတ်ဆင်သော ဝတ်လုံတော် ဤနေရာ၌ကိုယ်တော်ကိုရှင်ဘုရင်အမှတ်နှင့်ပြတ်ရယ်ပြုလို၍ဝတ်ဆင်ပေးကြ၏။

မြည်းစမ်းတော်မူပြီးလျှင်မသောက်ဘဲနေတော်မူ၏။
၃၅။ ထို့နောက် သူတို့သည်ကိုယ်တော်ကို လက်ဝါးကပ်
တိုင်တင်ကြပြီး ကိုယ်တော်၏အဝတ်များကိုမဲချ၍ ခွဲ
ဝေယူကြ၏။
၃၆။ သူတို့ သည် ထိုအရပ်မှာထိုင်၍ ကိုယ်တော်ကို
၃၇။ စောင့်ကြည့်နေကြ၏။ထို့ပြင်ဤသူသည် **ဂျူး**လူမျိုး
တို့၏ဘုရင်**ယေရှု**တည်းဟူသော ကိုယ်တော်အပေါ်
စွဲချက်တင်သည့် စာတမ်းကို ဦးခေါင်းတော်အထက်
၃၈။ လက်ဝါးကပ်တိုင်ပေါ်တွင်တပ်ထားကြ၏။ တစ်ချိန်
တည်းမှာပင်ဓားပြ နှစ်ယောက်တို့ကို ကိုယ်တော်
နှင့်အတူလက်ယာဘက် ၌တစ်ယောက်၊ လက်ဝဲ
ဘက်၌ တစ်ယောက်လက်ဝါး ကပ်တိုင်တင်ထား
၃၉။ ကြ၏။ လမ်းသွားလမ်းလာတို့သည် လည်းမိမိတို့
ဦးခေါင်းများကို ယမ်းကြလျှက်ကဲ့ရဲ့ပြော ဆိုကြ
၄၀။ သည်ကား။ဗိမာန်တော်ကိုဖြိုဖျက်၍ သုံးရက်အတွင်း
တည်ဆောက်မည့်သူ၊ သင့်ကိုယ်သင် ကယ်တင်ပါ
လော့။ သင်သည်ဘုရားသခင်၏သားတော်ဖြစ်လျှင်
လက်ဝါးကပ်တိုင်မှ ဆင်းလာပါလော့ဟု ဆိုကြ၏။
၄၁။ ထိုနည်းတူစွာပင်ရဟန်းအကြီးအကဲများသည်လည်း
ကျမ်းတတ်ဆရာ၊သက်ကြီးဝါကြီးတို့နှင့်အတူပြောင်
၄၂။ လှောင်ပြောဆိုကြသည်ကား။ ဤသူသည်အခြားသူ
တို့ကိုကယ်ဆယ်ခဲ့၏။ မိမိကိုယ်ကိုမူကား မကယ်
ဆယ်နိုင်၊သူသည်**အစ္စရေးလ်**လူမျိုးတို့၏ ဘုရင်ဖြစ်
လျှင် လက်ဝါးကပ်တိုင်ပေါ်မှ ယခုဆင်းလာပါစေ၊
ငါတို့ သည်လည်း သူ့ကို ယုံကြည်ပါတော့မည်။
၄၃။ သူသည်ဘုရားသခင်ကို ယုံကြည်အားထားသောသူ
ဖြစ်၏။ဘုရားသခင်သည်သူ့ကိုနှစ်သက်တော်မူလျှင်
ယခုပင် သူ့ကိုကယ်တင်တော်မူပါစေ၊ အကြောင်းမူ
ကားသူကငါသည်ဘုရားသခင်၏သားတော်ဖြစ်၏ဟု
၄၄။ ဆိုခဲ့သည်ဟူ၍ပြောင်လှောင်ပြောဆိုကြ၏။[၄] ကိုယ်
တော်နှင့်တကွလက် ဝါးကပ်တိုင် တင်ခံကြရသော
ဓားပြတို့သည်လည်း ကိုယ်တော်ကို ထိုနည်းတူ
ကဲ့ရဲ့ပြောဆိုကြ၏။

## သခင်ယေရှုအသက်စွန့်တော်မူခြင်း

(မာကု ၁၅း၄၂–၄၇၊ လု ၂၃း၅၀–၅၆၊ ယောဟ၁၉း၃၈–၄၂)

၄၅။ မွန်းတည့်အချိန်မှစ၍ မွန်းလွဲ သုံးနာရီ အချိန်တိုင်
အောင် မြေတပြင်လုံး၌မှောင်မိုက် အတိကျရောက်
၄၆။ လေ၏။ သုံးနာရီအချိန်ခန့်တွင်**ယေရှု**သည် ကျယ်
လောင်သောအသံနှင့်**ဧလီ၊ဧလီ၊လာမစာဘက္တာနီ**ဟု
အော်ဟစ်တမ်းတတော်မူ၏။ အဓိပ္ပာယ်မှာကျွန်ုပ်၏
ဘုရား၊ ကျွန်ုပ်၏ဘုရား အဘယ်ကြောင့် ကျွန်ုပ်ကို
စွန့်ပစ်ထားတော်မူပါသနည်းဟု ဆိုလိုသတည်း။
၄၇။ အနီးတွင်ရပ်နေသူတချို့တို့က ထိုစကားကိုကြားကြ
လျှင် ဤသူသည်**ဧလိယ**ကိုခေါ်သည်ဟု ဆိုကြ၏။
၄၈။ ထိုသူတို့တွင် တစ်ယောက်သည်ရေစုပ်နိုင်သောဖေါ့
တုံးကိုယူ၍ပုန်းရည်တွင်နှစ်ပြီးလျှင် ကျူရိုးတွင်တပ်
လျှက်ကိုယ်တော်အားသောက်စေခြင်းငှာပေးလေ၏။
၄၉။ သို့သော်အခြားသောသူတို့ကခဏစောင့်ကြပါဦး၊သူ့
အားကယ်တင်ရန် **ဧလိယ**လာမလာကိုကြည့်ကြပါစို့
ဟု ပြောဆိုကြ၏။
၅၀။ သခင် **ယေရှု**မူကား ကျယ်သောအသံဖြင့် တစ်ဖန်
ဟစ်အော်တော်မူ၍ အသက်တော်ကို စွန့်တော်မူ၏။
၅၁။ ထိုခဏချင်းပင်[၅]ဗိမာန်တော်၏ ကန့်လန့်ကာသည်
အထက်စွန်းမှအောက်စွန်းတိုင်အောင်စုတ်၍ နှစ်ပိုင်း
ဖြစ်သွားလေ၏။ မြေငလျှင်ကြီးစွာလှုပ်၍ ကျောက်
ဆောင်များလည်း ကွဲအက်လေ၏။
၅၂။ သင်္ချိုင်းဂူများပွင့်လှစ်သဖြင့်သေလွန်ပြီးသောသူတော်
ကောင်းတို့၏ အလောင်းများသည် ပြန်ရှင်ကြ၏။
၅၃။ ကိုယ်တော်ထမြောက်တော်မူပြီးသည့်နောက်ထိုသူတို့
သည်သင်္ချိုင်းဂူများမှ ထွက်လာကြ၍ သန့်ရှင်းသော
မြို့တွင်းသို့ဝင်ရောက်ကြကာ လူများစွာတို့အားထင်
၅၄။ ရှားပြကြ၏။သခင်**ယေရှု**ကိုစောင့်ကြည့်နေကြသော
လူတစ်ရာတပ်မှူးနှင့်တကွ သူ၏လူများသည်ငလျင်
လှုပ်ခြင်းနှင့်ဖြစ်ပျက်သမျှအချင်းအရာများကိုတွေ့မြင်
ကြသောအခါ လွန်စွာထိတ်လန့်အံ့သြကြ၍ ဤသူ
သည်ဘုရား၏သားတော်အမှန်စင်စစ်ဖြစ်သည်ဟုဆို
၅၅။ ကြ၏။သခင်**ယေရှု**၏နောက်တော်သို့လိုက်၍အလုပ်
အကျွေးပြုနေကြသည့်**ဂါလိလေ**နယ်မှအမျိုးသမီးများ
သည်ထိုနေရာတွင်ခပ်လှမ်းလှမ်းမှကြည့်ရှုနေကြ၏။
၅၆။ ထိုသူတို့ထဲတွင် **မာရိယမာဒလေနာ**၊ **ယာကုပ်**နှင့်
**ဂျိုးဇက်**တို့၏အမိဖြစ်သော**မာရိယ**နှင့် **ဇေဘေဒေဦး**
သားများ၏ မိခင်သည်လည်းပါရှိ၏။

## သခင်ယေရှုကိုသင်္ဂြိုဟ်ခြင်း

(မာကု ၁၅း၄၂–၄၇၊လု ၂၃း၅၀–၅၆၊ယော ၁၉း၃၈–၄၂)

၅၇။ ညနေခင်း အချိန်ရောက်သောအခါ သခင်**ယေရှု**၏
တပည့်ဖြစ်သည့် **အာရိမာတေအားမြို့**သား **ဂျိုးဇက်**
အမည်ရှိသောချမ်းသာကြွယ်ဝသူတစ်ဦးသည်ရောက်
၅၈။ လာ၏။ သူသည်**ပီလာတု**မင်းထံသို့ သွား၍သခင်
**ယေရှု**၏အလောင်းတော်ကိုတောင်းလေ၏။ထိုအခါ
**ပိလတ်မင်း**ကအလောင်းတော်ကို သူ့အား ပေးရန်
၅၉။ အမိန့်ချလိုက်လေ၏။**ဂျိုးဇက်**သည်လည်းအလောင်း

---

၄/ ၂၇း၂၈ အစဦးက ဓါးပြနှစ်ဦးစလုံးကဲ့ရဲ့ကြ၏။အဆုံး၌ကားတစ်ဦးသည် စိတ်ပြောင်းလဲ၍ နောင်တရသောကြောင့် တစ်ဦးသာကဲ့ရဲ့ခြင်းပြု၏။

၅/ ၂၇း၄၄ ဗိမာန်တော်မှကန့်လန့်ကာ။ ခရစ်ယာန် ဓလေ့ထုံးစံအရ ဗိမာန်တော်ကန့်လန့်ကာမှ နှစ်ပိုင်းကွဲသွားခြင်းသည် မိုးဇက်ပညတ်ကျင့်စဉ်အဆုံးသတ်သွားပြီး ခရစ်တော်က မက်ဆီးယ၏ ဗိမာန်တော်သို့လမ်းဖွင့်ပေးလိုက်သည်ဟု ယုံကြည်ကြ၏။

တော်ကိုယူဆောင်၍ဖြူစင်သော ပိတ်အဝတ်ဖြင့်ပတ်
၆၀။ ရစ်ပြီးလျှင်။ ကျောက်ဆောင်တွင်ထွင်းထားသောမိမိ
ကိုယ်ပိုင်[၆] သင်္ချိုင်းဂူအသစ်၌ကိုယ်တော်၏အလောင်း
တော်ကို သွင်းထားလေ၏။ သင်္ချိုင်းတွင်းဝ၌လည်း
ကျောက်တုံးကြီးတစ်တုံးကို လှိမ့်၍ ပိတ်ထားခဲ့ပြီးမှ
ထွက်ခွာသွားလေ၏။
၆၁။ **မာရိယမာဒလေးနာ**နှင့်အခြားသော**မာရိယ**တို့သည်
သင်္ချိုင်းတော်ကို မျက်နှာမူလျက် ထိုင်နေရစ်ကြ၏။

## သင်္ချိုင်းဂူတွင်အစောင့်များထားရှိခြင်း

၆၂။ ပွဲတော်အတွက် ပြင်ဆင်ရသော နေ့လွန်၍၊ နောက်
တစ်ရက်တွင် ရဟန်းအကြီးအကဲတို့နှင့် **ဖာရိရှဲဦး**
တို့သည် **ပီလာတု**မင်းရှေ့တွင် စုရုံးကြလျက်။
၆၃။ အရှင်မင်းကြီး၊ထိုလှည့်ဖြားတတ်သောသူကငါသည်
သုံးရက်မြောက်သောနေ့၌တစ်ဖန်ထမြောက်လိမ့်မည်
ဟုသူအသက်ရှင်စဉ်ကဆိုခဲ့ဖူးသည်ကိုကျွန်တော်တို့
မှတ်မိပါသည်။
၆၄။ ထို့ကြောင့် သူ၏တပည့်များသည် လာကြ၍သူ၏
အလောင်းကိုခိုးယူကြပြီး သူသည်သေခြင်းမှရှင်ပြန်
ထမြောက်လေပြီဟု လူတို့အားပြောဆိုကြပါလျှင်ရှေ့
အမှားထက်နောက်အမှားပို၍ ကြီးမည်ကိုစိုးရိမ်ရပါ
သည်။ သို့ဖြစ်၍ သင်္ချိုင်းဂူကိုသုံးရက်မြောက်သော
နေ့တိုင်အောင်လုံခြုံစွာစောင့်ကြပ်ပေးစေရန်အမိန့်ပေး
တော်မူပါဟု လျှောက်ကြလေ၏။
၆၅။ **ပီလာတုမင်း**က[၇] သင်တို့၌ အစောင့်တပ်ရှိ၏။သွား၍
သင်တို့တတ်နိုင်သမျှ လုံခြုံအောင်စောင့်ကြပ်စေကြ
၆၆။ လောဟု အမိန့်ပေးလေ၏။ ထို့ကြောင့် သူတို့သည်
လည်းသွားကြ၍ကျောက်တုံးကို တံဆိပ်ခတ်နှိပ်ကာ
သင်္ချိုင်းဂူကိုလုံခြုံစွာပိတ်လျက် အစောင့်များချထား
ကြ၏။

## အခန်းကြီး (၂၈)
## သခင်ယေရှုရှင်ပြန်ထမြောက်တော်မူခြင်း

(မာကု ၁၆း၁–၈၊ လု ၂၄း၁–၁၂၊ ယော ၂၀း၁–၁၃)

၁။ ဥပုသ်နေ့ ပြီးနောက် ရက်သတ္တပတ်၏ ပထမနေ့
အာရုံတက်ချိန်၌**မာရိယမာဒလေနာ**နှင့် အခြားသော
**မာရိယ**သည်သင်္ချိုင်းတော်ကိုကြည့်ရှုရန်လာကြ၏။
၂။ ထိုအခါမြေလျင်ပြင်းစွာလှုပ်လေ၏။ အကြောင်းမူ
ကားသခင်ဘုရား၏တမန်တော်တစ်ပါးသည်ကောင်း
ကင်မှဆင်းလာ၍သင်္ချိုင်းဂူဝရှိ ကျောက်တုံးကို လှိမ့်
ဖယ်ပြီး ထိုကျောက်ပေါ်မှာထိုင်နေလေ၏။
၃။ သူ၏အဆင်းဏ္ဍာန်သည်လျှပ်စီးလက်သကဲ့သို့ဖြစ်၍
သူ၏အဝတ်အစားများသည်ဆီးနှင်းကဲ့သို့ဖြူ၏။
၄။ အစောင့်တို့သည်ထိုတမန်တော်ကိုလွန်စွာကြောက်ရွံ့
သောကြောင့် လူသေကောင်များကဲ့သို့ဖြစ်နေကြ၏။
၅။ သို့သော် ကောင်းကင်တမန်တော်ကလည်းထိုအမျိုး
သမီးတို့အား မကြောက်ကြနှင့်။ လက်ဝါးကပ်တိုင်
ပေါ်တွင် အသတ်ခံရသော **ယေရှု**အားသင်တို့ရှာနေ
ကြသည်ကို ငါသိ၏။
၆။ ဤနေရာတွင် ကိုယ်တော်မရှိ။ အကြောင်းမူကား
ကိုယ်တော်သည်မိန့်တော်မူထားသည့်အတိုင်းရှင်ပြန်
ထမြောက်တော်မူပြီ။ကိုယ်တော်ကိုထားခဲ့သောနေရာ
၇။ ကိုလာ၍ကြည့်ကြလော့။သင်တို့သည် အလျင်အမြန်
သွားကြလျက် ကိုယ်တော်သည်သေခြင်းမှရှင်ပြန်ထ
မြောက်တော်မူကြောင်းကို တပည့်တော်တို့အားပြော
ကြလော့။ ကိုယ်တော်သည်**ဂါလိလေ**နယ်သို့သင်တို့
အလျင် ကြွတော်မူမည်ဖြစ်၍ ထိုနေရာတွင်သင်တို့
သည်ကိုယ်တော့်ကိုဖူးမြင်ကြလိမ့်မည်။ သင်တို့အား
ယခု ငါပြောထားနှင့်ပြီဟုပြန်ပြောလေ၏။
၈။ သူတို့သည် ထိတ်လန့် ကြောက်ရွံ့ခြင်းဖြင့်လည်း
ကောင်း၊ အလွန် ဝမ်းမြောက်ခြင်းဖြင့်လည်းကောင်း
သင်္ချိုင်းတော်မှ အလျင်အမြန်ထွက်သွားကြ၍ ကိုယ်
တော်၏ တပည့်တော်တို့အား ထိုသတင်းကိုပေးရန်
၉။ ပြေးသွားကြလေ၏။ထိုသို့ပြေးသွားကြစဉ်လမ်းတွင်
သခင်**ယေရှု**နှင့်တွေ့ဆုံသောအခါကိုယ်တော်ကသင်
တို့၌မင်္ဂလာရှိပါစေဟု သူတို့အားနှုတ်ဆက်လေ၏။
သူတို့သည်လည်းအထံတော်သို့ ချဉ်းကပ်ကြ၍ကိုယ်
တော်၏ခြေတော်ကိုဖက်ကိုင်ကြလျက်ပျပ်ဝပ်ရှိခိုးကြ
၁၀။ ၏။ ထိုအခါသခင်**ယေရှု**ကမကြောက်ကြနှင့်။သွား
ကြ၍ ငါ၏ညီအစ်ကိုများအား**ဂါလိလေ**နယ်သို့သွား
ရန်ပြောကြလော့၊ထိုအရပ်၌သူတို့သည်ငါ့ကိုမြင်ကြရ
လိမ့်မည်ဟု သူတို့အား မိန့်တော်မူ၏။

## အစောင့်များပေးပို့သောသတင်း

၁၁။ ထိုအမျိုးသမီးများ ထွက်သွားကြစဉ် အချို့သော
အစောင့်များသည်မြို့တွင်းသို့ဝင်၍ရဟန်းအကြီးအကဲ
တို့အားဖြစ်ပျက်သမျှအကြောင်းစုံကို သတင်းပေးပို့
၁၂။ ကြလေ၏။ ရဟန်းအကြီးအကဲတို့သည်လည်းသက်
ကြီးဝါကြီးများနှင့်အတူစည်းဝေးတိုင်ပင်ကြပြီးနောက်
စစ်သူရဲတို့အားငွေအမြောက်အများကိုပေးလျှက်ပြော

---

**၆/၂၇း၆၀** သင်္ချိုင်းတွင်းသစ်။ သင်္ချိုင်းတွင်းသစ် မဟုတ်ခဲ့ပါလျှင် ဂျူးလူမျိုးတို့ကရှင်ပြန်ထမြောက်သောသူသည်ခရစ်တော်မဟုတ်၊ထိုသင်္ချိုင်း၌ မြှုပ်ထားဖူးသော အခြားသူ ဖြစ်ကောင်းဖြစ်မည်ဟု ဆိုကောင်းဆိုလိမ့်မည်။ ထိုနည်းတူ ဂူသည်ကျောက်၌ထွင်း၍ ကျောက်တုံးကြီးနှင့်ပိတ်ဆို့ထားသော ကြောင့် သူခိုးခိုး သွားသည်ဟုလည်းမဆိုနိုင်။

**၇/၂၇း၆၅** သင်တို့၌ အစောင့်တပ်ရှိ၏။ ဂျူးလူမျိုးတို့၌ ရုံးရင်းဆန်ခတ်ပြုခြင်းအမှုများရှိခဲ့လျှင် နှိမ်နင်းရန်အတွက် ရောမမင်းတို့ကရောမလူပေါင်း (၆၀) ကိုအစောင့်တပ်အဖြစ်ခန့်ထား၏။

၁၃။ ကြသည်မှာ။ညဥ့်အချိန်၌[၁] ငါတို့အိပ်ပျော်နေကြစဉ်
ထိုသူ၏တပည့်တို့သည်လာကြ၍သူ၏အလောင်းကို
ခိုးယူသွားကြပါသည်ဟု သင်တို့ ပြောဆိုကြလော့။
၁၄။ ဤအကြောင်းကို ဘုရင်ခံကြားသိခဲ့လျှင်ငါတို့သည်
သူကျေနပ်သည့်တိုင်အောင် ဖျောင်းဖျပြောဆို၍[၂]သင်
တို့ပြစ်မှုဒါဏ်လွတ်စေရန် ဆောင်ရွက်ပေးမည်ဟုသူ
၁၅။ တို့အားမှာထားကြ၏။ စစ်သူရဲတို့သည်လည်းငွေကို
ယူ၍ ရဟန်းအကြီးအကဲတို့ညွှန်ကြားသည့် အတိုင်း
ဆောင်ရွက်ကြ၏။ ဤမုသားစကားသည်**ဂျူး**လူမျိုး
တို့အလယ်တွင်ယနေ့တိုင်အောင်ပျံ့နှံ့လျက်ရှိ၏။

## တမန်တော်များကိုစေလွှတ်တော်မူခြင်း

(မာကု ၁၆း၁၄–၁၈၊ လု ၂၄း၃၆–၄၉၊ ယော၂၀း၁၉–၂၃)

၁၆။ တပည့်တော်တစ်ဆယ့်တစ်ပါးတို့သည်သခင်**ယေရှု**
မှာကြားထားတော်မူသည့်အတိုင်း **ဂါလိလေ**နယ်ရှိ
၁၇။ တောင်ပေါ်သို့သွားကြ၏။ သူတို့သည်ကိုယ်တော့်ကို
တွေ့မြင်ကြသောအခါ ပျပ်ဝပ်ရှိခိုးကြ၏။ သို့သော်
အချို့မှုကား ယုံမှားသံသယရှိကြ၏။
၁၈။ သခင်**ယေရှု**သည် သူတို့အနီးသို့ ချဉ်းကပ်တော်မူ
လျက်[၃]ကောင်းကင်ဘုံ၌လည်းကောင်း၊ ကမ္ဘာပေါ်၌
လည်းကောင်းစီရင်ပိုင်ခွင့် အာဏာရှိသမျှကိုငါ့အား
၁၉။ ပေးအပ်ထားလျက်ရှိ၏။ ထို့ကြောင့် သင်တို့သည်
သွားကြ၍ လူမျိုးတကာတို့ကို ငါ၏တပည့်များဖြစ်
စေကြလျက် ခမည်းတော်၊သားတော်၊သန့်ရှင်းသော
ဝိညာဉ်တော်၏နာမတော်မြတ်၌ဆေးကြောကြလော့၊
၂၀။ သင်တို့အား ငါမိန့်မှာထားသမျှကိုလိုက်နာကျင့်ကြံ
စေခြင်းငှာ သူတို့ကိုသွန်သင်ကြလော့။ငါသည်ကား
ကမ္ဘာကုန်မည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်
မပြတ် ရှိမည်ဟု သူတို့အား မိန့်တော်မူသတည်း။

---

**၁/ ၂၈း၁၃** ငါတို့အိပ်ပျော်နေကြစဉ်တွင် သူတို့၏တပည့်များသည်းအိပ်ပျော်နေကြလျှင် သူ၏အလောင်းကို တပည့်တော်တို့ ခိုးယူသွားကြောင်းမည်သို့သက်သေခံနိုင်ကြမည်နည်း။

**၂/ ၂၈း၁၄** အပြစ်လွတ်စေရန်။ ကင်းစောင့်သော သူသည်မိမိကင်းလှည့်ကျနေစဉ် အိပ်ပျော်ခဲ့ပါက သေဒဏ်အပြစ်ခံရ၏။

**၃/ ၂၈း၁၈** ကိုယ်တော်သည်ကောင်းကင်၌လည်းကောင်း၊မြေကြီးပေါ်၌လည်းကောင်း၊ အခွင့်အာဏာရှိသမျှကို ခမည်းတော်ထံမှ ရရှိတော်မူ၏။ ထိုအခွင့်အာဏာကို ရရှိတော်မူသည့်အတိုင်း၊ ကိုယ်တော်သည် တပည့်တော်တို့ကိုစေလွှတ်တော်မူ၏။ ကိုယ်တော်သည် သူတို့ကိုဂျူးလူမျိုးတစ်မျိုးတည်းအတွက် သာမဟုတ်။လူမျိုးတကာတို့ကိုဟောပြောရန်စေလွှတ်တော်မူ၏။ ငါဟောပြောသမျှကို သင်တို့ဟောပြောသွန်သင်ရမည်ဟု မိန့်တော်မူသောကြောင့် သူတို့ ဟာပြောသမျှသည် ကိုယ်တော် သွန်သင်တော်မူသောသမ္မာတရားဖြစ်၏။ ထို့ကြောင့်မှားယွင်းခြင်းနှင့်လည်းကင်း၏။ သူတို့သည် ဤအခွင့်အာဏာတော် ကိုဆောင်ရွက်နိုင်မည့်အကြောင်း၊ ယေရှုက မိမိကိုယ်တော်တိုင်သူတို့နှင့်အတူ အစဉ်မပြတ်ကမ္ဘာကုန်မည့်တိုင်အောင်ရှိတော်မူမည်ဟု ကတိထားတော်မူခဲ့၏။ သို့ဖြစ်၍ ကိုယ်တော်နှင့်အစဉ်မပြတ်ရှိတော်မူသော အသင်းတော်သည် ဤကမ္ဘာပေါ်မှာ အရပ်ရပ်တိုင်း၌ ကာလအဆက်ဆက်ပျံ့နှံ့လျက်ရှိပေလိမ့်မည်။